www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိပြာအဂ္ဂ

# ငှက်ဂဠုန် မြွေနဂါး

**စီစဉ်သူ** ဦးအောင်ရိုး(ဇော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် – ၅၀၂၀၆၅၁၂၀၈

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၃၅၀၁၀၉

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ သြဘာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်း

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၀၉၊ ဖေဖော်ဝါရီလ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး-ခုနစ်စဉ်ကြယ်စာပေ

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်
ဖုန်း- ၃၈၉၄၄၀

အတွင်းဖလင်
Image Art Work Film Group

# စိပြာအဂ္ဂ

# ငှက်ဂဠုန် မြွေနဂါး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁


❋ သေမင်းသို့ကြွက်

❋ ထောင်ချောက်မိသူ

❋ နေလစကြာ

❋ ဓရုကာထိန်းမှပြေးမလွတ်သာ


## အခန်း ၁



## သေမင်းသို့ကြွက်

နွေဦးကာလ၏ နံနက်ခင်းတစ်ခုတွင် . . .

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးပြိုင်းမွေးများရော ဆံပင်တို့ပါ ဖွေးဖွေးဖြူနေသည့် ခါးကုန်းကုန်းနှင့်တရုတ်အဘိုးအို ကြီးသည် . . . လန်ချားတစ်စီးကိုစီးလျက် ကျောက်မြောင်းအရပ်၊ ဈေးကွက်သစ်လမ်းမကြီးအတိုင်း ဝင်လာခဲ့ရာမှ မလွှကုန်းဘုတ အနီးရှိလမ်းထောင့်ချိုးသို့အရောက်တွင် လန်ချားကုလားကို ရပ်ခိုင်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လန်ချားပေါ်မှဆင်းလိုက်ပြီး လန်ချားကုလားကို ခေတ္တစောင့်ဆိုင်းရန်ပြောကာ လမ်းတစ်ဖက်ရှိ ပျဉ်ထောင်အိမ်ကြီးတစ်ခုအတွင်းထဲသို့ လှမ်းဝင်သွားတော့၏။

ဘုတာရုံဘက်သို့ မျက်နှာမူထားသည့် ပျဉ်ထောင်အိမ်ကြီးအမျက်နှာစာသို့ အတော်အတန်မြင့်လာပြီဖြစ်သော သူရိန်နေဝင်းအရောင်ရှိန်တို့ ပူနွေးစွာကျရောက်လျက်ရှိကာ . . . ယင်းရောင်ခြည်တို့သည် ဖွင့်ဟထားသည့်အိမ်ရှေ့တံခါးဝမှ အိမ်ထဲသို့ တိုးဝင်လျက်ရှိလေ၏။

တရုတ်အဘိုးအိုသည် စေ့ရုံစေ့ထားသည့် ခြံတံခါးငယ်ကိုတွန်းဖွင့်ကာ မြက်ခြောက်ပင်များ၊ ချုံနွယ်များ တောထနေသော ခြံထဲဝင်လာပြီးနောက် အိမ်ရှေ့ဖိနပ်ချွတ်တွင်ရပ်လျက်မှ အိမ်ထဲသို့ အသာကဲကြည့်လိုက်လေသည်။

"ဗျို့ . . . ကိုမိုးမောင် . . . ကိုမိုးမောင်"

တရုတ်အဘိုးအိုမှ တရုတ်သံဝဲဝဲ၊ အသံခပ်အုပ်အုပ်ဖြင့် ခေါ်လိုက်သည်တွင် . . . အိမ်ရှေ့ဧည့်ခန်းထဲရှိ ကျွန်းဆက်တီခုံအဟောင်းတစ်လုံးပေါ်၌ ခန္ဓာကိုယ်ကို ခပ်လျှောလျှောထိုင်ကာ ကရဗင်အေစီးကရက်တစ်လိပ်ကို . . . ခပ်မှုန်းမှုန်းဖွာရှိုက်လျက် တစ်စုံတစ်ရာစဉ်းစားခန်းဝင်နေဟန်ရှိသော ခန္ဓာကိုယ်သွယ်လျလျ အရပ်ခပ်ပြတ်ပြတ်ရှိသည့်လူရွယ်သည် ကုလားထိုင်နောက်မှီကို ခေါင်းမှီတင်ထားရာမှ ခေါင်းထောင်ကြည့်လိုက်ပြီး . . .





"ဘယ်သူလဲ . . . ဝင်ခဲ့လေ"

ဟုပြောလိုက်ပြီးနောက် စီးကရက်ကို နှုတ်ခမ်းထောင့်စွန်းတွင်ခဲထားလျက်မှ အိမ်အပေါက်ဝဆီသို့ စိုက်ကြည့်နေလေ၏။

မိုးမောင်ဟူသော လူရွယ်သည် ရှပ်လက်တိုကို အပေါ်ကြယ်သီးများဖြုတ်ကာ ရင်ဖွင့်ဝတ်ထားပြီး ခါး၌ ရှမ်းဘောင်းဘီပင်နီရောင်ကိုဝတ်ဆင်ထားလျက် သူ၏ခြေနှစ်ချောင်းကို သူ့ရှေ့ရှိ စားပွဲပုလေးပေါ်သို့ ချိတ်တင်ထားလေ၏။

သူသည် စီးကရက်ကိုခဲရင်း မျက်မှောင်ကြုတ်ရင်းမှ သူ့ရှေ့သို့ရောက်လာပြီဖြစ်သည့် တရုတ်အဘိုးအိုကို စူးစူးရဲရဲ အကဲခတ်ကြည့်လိုက်ကာ . . .

"ခင်ဗျားဘယ်သူလဲ၊ ဘာကိစ္စနဲ့ကျုပ်ဆီလာတာလဲ"

ဟု မသက်ာသောလေသံဖြင့် မေးလိုက်လေ၏။

တရုတ်အဘိုးအိုမှ လွန်စွာကျိုးနွံသောအမူအရာဖြင့် ကုန်းနေသောခါးကို ပိုမိုကိုင်းညွတ်လိုက်ပြီး . . .

"ဝ . . . ကိုမိုးမောင်နဲ့ တွေ့ချင်လို့ပါ . . . လို . . ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးမှောင်နော်”

ဟု တရှုတ်သံဝဲဝဲနှင့်ပြောလိုက်လေ၏။

“ဟုတ်တယ် . . . ကြောင်တစ်ရာမိုးမှောင်ဆိုတာ ကျုပ်ပဲ ဒီမှာကြည့် . . .”

ဟုဆိုကာ မိုးမှောင်က သူ၏ရှမ်းဘောင်းဘီတိုကို ဒူးခေါင်းအထက်အထိ ခြေထောက်နှစ်ဖက်စလုံး ဆွဲလှန်ပြလိုက်သည်တွင် ပေါင်မှဒူးဆစ်အောက်ထိ ဆေးမင်ကြောင်ရုပ်များထိုးထားသည်ကိုတွေ့ရပြီး အတန်ငယ်အသားလတ်သော ခြေသလုံးနှင့်ပေါင်သားတို့ပေါ်မှ စိမ်းညို့နေသည့်ဆေးမင်ကြောင်ရုပ်များမှာ ကြောင်ရုပ်ကလေးများဖြစ်ကြောင်း ထင်ရှားစွာမြင်ရလေ၏။

ဆေးမင်ကြောင်မှာ ဘဲဥပုံ အကွင်းအကွင်းများ ရေးထိုးထားခြင်းဖြစ်ပြီး ယင်းအကွင်းတို့ထဲ၌ ကြောက်နက်ရုပ်လေးများကို ဆောင့်ကြောင့်ထိုင်လျက်သားပုံများအဖြစ် တွေ့ရလေ၏။

“ဟုတ်ပြီ . . . လုပ်ပါ ကြောင်တစ်ရာမိုးမှောင်ဆိုတာ သေချာသွားပြီ၊ ဝကို လတ္တာလမ်း (ယခု လသာလမ်း)က ချန်ကူး လွှတ်လိုက်တာပါ”

“ဘာလဲ . . . ချိုင်းထောက်ချန်ကူးလား”

“ဟုတ်ပါတယ် ကိုမိုးမှောင်”





ချန်ကူးမှာ တရုတ်တန်းမှ ဘိန်းစားသူခိုးတစ်ဦးဖြစ်ပြီး သူခိုးလောက၌ ထင်ရှားသူတစ်ဦးဖြစ်သော်လည်း ဘိန်းကိုစွဲလမ်းရာမှ ဘိန်းကျွန်ဖြစ်ခဲ့ရသော သူခိုးဖြစ်လေ၏။ ချန်ကူးသည် ဘိန်းကိုမည်မျှစွဲလမ်းနှစ်သက်သနည်းဆိုလျှင် ညဘက် သူတစ်ပါးအိမ်သို့ အသက်စွန့်ပြီးခိုးဝှက်ရန်သွားသည့်အချိန်၌ပင် အင်္ကျီအိတ်ထောင်ထဲတွင် ဘိန်းအမည်းလုံးလေးများကိုထည့်ကာ ဆောင်သွားလေ့ရှိသူဖြစ်၏။

သူ တက်ရောက်ခိုးဝှက်မည့်အိမ်အနီးသို့ရောက်ပါက မှောင်ရိပ်တစ်ခုခုကိုခိုကာ သူ၏ပစ်မှတ်အိမ်ကို လေ့လာစူးစမ်းရင်း အိတ်ထောင်ထဲမှဘိန်းလုံးလေးများကို တစ်လုံးပြီးတစ်လုံး ထုတ်ယူမျိုလေ့ရှိသူဖြစ်၏။

သူ၏အဆိုအရ ယင်းသို့ဘိန်းမျိုပြီးခိုးမှ ပိုမိုရဲရင့်ကာ အောင်မြင်စွာခိုးနိုင်သည်ဟု ဆို၏။

ထိုထူးခြားသည့်အကျင့်ကြောင့် ချန်ကူးမှာ ဘောက် ဘော်ဘက်မှအိမ်ကြီးရခိုင်တစ်လုံးထဲ ဝင်ရောက်ခိုးရန်ကြိုးစားဖူးက . . . ညဥ့်နက်သည်အထိ မအိပ်နိုင်သည့်အိမ်သူအိမ်သားတို့ အိပ်ရာဝင်ချိန်ကိုစောင့်စားရင်း ယင်းအိမ်ခြံဝင်းထဲရှိ ရေနံပင်ကြီး၏မှောင်ရိပ်ကိုခိုလျက် ဘိန်းလုံးတို့ကို တစ်လုံးပြီးတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



[illegible]

အိမ်သူအိမ်သားတို့ အိပ်ရာဝင်ရန် ညဉ့်နက်လေ သူ့ခြေရာမှာ ဘိန်းလုံးလေးများမျိုမိသည့်အရေအတွက် များလေဖြစ်ရာ တကယ်တမ်းတစ်အိမ်လုံးအိပ်မောကျချိန်၌ အိမ်ပေါ်သို့ ဆင်ဝင်တိုင်မှတစ်ဆင့် ဖက်တွယ်တက်ရသည့်အခါ ဘိန်းတန်နိုးပြီး တက်ရင်းမှငိုက်မြည်းလာတော့၏။

သို့ဖြင့် ချန်ကူးသည် . . . ငိုက်မြည်းရင်းကြိုးစားတက် ကြိုးစားတက်ရင်းငိုက်မြည်းလာကာ ဆင်ဝင်တိုင်ကိုဖက်တွယ်ထားသည့်လက်များ တဖြည်းဖြည်းပြေလျော့လာတော့၏။

သူသည် ရုတ်တရက် အိပ်မက်မက်သလိုဖြစ်သွားပြီး ငိုက်မြည်းကာ သတိလစ်ခနဲဖြစ်သွားရာမှ . . . ဆင်ဝင်တိုင်၏ အောက်ခြေသို့ ခြေပစ်လက်ပစ် ပစ်ကျတော့ရာ တိုင်အောက်ရှိ အုတ်ခုံမှပဲ့ထွက်နေသည့် အုတ်ခဲစွန်းအပေါ် ခြေဖဝါးတစ်ဖက် ထောက်ကျသွားတော့၏။

ထိုသို့ ကျောက်အုတ်ခဲစွန်းအပေါ် အရှိန်ဖြင့်ပြင်းစွာပစ်ကျလေသော ခြေဖဝါးအလယ်နှင့် ကျောက်စွန်းရှူးမိပြီး ဒဏ်ရာရသွားသလို အင်္ဂတေကြမ်းခင်းပေါ် ပစ်ကျသည့်အရှိန်ကြောင့် သူ၏ဝဲဘက်ခြေမွဲရိုးနှင့် ဝဲဘက်ပေါင်ရိုးတို့ သွင်သွင်ကျိုးသွားခဲ့လေ၏။

ပေါ်တီကိုအောက် အင်္ဂတေကျောက်ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲပစ်ကျပြီး တအင်းအင်းညည်းညူနေမိသည့် ချန်ကူးထံမှ အသံဗလံများကြောင့် အိမ်သူအိမ်သားတို့နိုးလာရာ ချန်ကူးမှာ ဖမ်းဆီးခြင်းခံရတော့၏။

သူတစ်ပါး၏အိမ်ခြံမြေပရိဝုဏ်အတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ခိုးရန်ကြံစည်မှုဖြင့် ချန်ကူးမှာ ထောင်ခြောက်လ ကျခံလိုက်ရပြီးလျှင် သူ၏ဘယ်ခြေဖဝါးမှ ကျောက်စွန်းရှူးဒဏ်ရာကြီးမှာ ရင်းသည်ထက်ရင်းလာလေ၏။

ထောင်မှလွတ်လာသည့်တိုင် ယင်းဒဏ်ရာကြီးမှာ ပျောက်ကင်းခြင်းမရှိဘဲ တရုတ်ဆေး၊ အင်္ဂလိပ်ဆေးအမျိုးမျိုးဖြင့် ကြိုးစားကုသည့်တိုင် ရိုးတွင်းခြင်ဆီလိုက်ကာ ရှေးဦးစွာ ခြေကျင်းဝတ်မှဖြတ်ရလေ၏။ သို့တိုင် ရိုးတွင်းခြင်ဆီဆက်လိုက်လာရာ ဒူးခေါင်းအထက်မှ ထပ်မံဖြတ်ရပြီး ချိုင်းထောက်ဖြင့်သွားလာရကာ ဒုက္ခိတဘဝသို့ ရောက်ရှိခဲ့ရတော့၏။

သို့တိုင် ချန်ကူးမှာ အဓိပတိတစ်ကိုယ်တော် သူခိုးတစ်ဦးဖြစ်ခဲ့သည့်အတိုင်း သူခိုးလောကသားတို့နှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်ရကား . . . သူကိုယ်တိုင် မခိုးနိုင်တော့သည့်တိုင် သူခိုးတို့၏



www.burmeseclassic.com


ခ နှစ် စဉ် ကြယ် ရာ ပေ

www.burmeseclassic.com



အကြွေးအဖြစ် ဆက်လက်ရပ်တည်ခဲ့သူဖြစ်၏။

ချန်ကူးသည် တရုတ်တန်းရှိ ဘိန်းခန်းတစ်ခု၌ စတည်းချပြီးလျှင် သူခိုးသတင်းပေးလေးများမွေးမြူထားကာ ရန်ကုန်မြို့အနှံ့မှ ခိုးကွင်းခိုးကွက်များကို လေ့လာစေ၏။

သူ၏အထောက်တော် သူခိုးသတင်းပေးများထံမှ ရရှိသော ခိုးကွင်းခိုးကွက်သတင်းတို့ကို ကျကျနနစုဆောင်း၍ သူတေသနပြုပြီးလျှင် သူ၏သူခိုးဉာဏ်ဖြင့် ပေါင်းစပ်ကာ မည်သည့်အိမ်ကို မည်သို့ခိုးရမည်ဟု မဟာဗျူဟာရေးဆွဲပြီး သူ၏တပည့်သူခိုးလေးတို့ကို ခိုးခိုင်းလေ့ရှိလေ၏။

သူက သူ၏လက်သင်တပည့်သူခိုးလေးများကို အောက်ဖော်ပြပါအတိုင်း ဩဝါဒလက်ချာပေးသေး၏။

"မင်းတို့သိထားဖို့က ကိုယ်ခိုးမယ့်အိမ်ကို ရွေးတဲ့နေရာမှာ ညဘက်မီးထွန်းပြီးအိပ်တဲ့ အိမ်တွေ,တိုက်တွေကို ရွေးပြီးခိုးရတယ်ကွ ... များသောအားဖြင့် အိမ်ရှင်တွေက သူတို့အိမ်မှာ ညဘက် (Dimlight) လို့ခေါ်တဲ့ ညအိပ်မီးလေးပဲဖြစ်ဖြစ် ထွန်းပြီးအိပ်ရင် သူခိုးရန်ကကာကွယ်နိုင်တယ်လို့ ထင်ကြတယ်ကွ၊ ဒါကြောင့် တချို့အိမ်ကြီးရှိုင်တွေ, တိုက်တွေဆို အိမ်ထဲမှာရော, ခြံထဲမှာပါ မီးတစ်ပွင့်တလေ အနည်းဆုံးထွန်းပြီး အိပ်ကြတယ်၊

ခု နစ် စဉ် ကြယ် စာ ပေ



သူတို့က မီးထွန်းထားရင် တော်ရုံနဲ့သူခိုးမကာစ်ရဲဘူးလို့ယူဆပြီး စိတ်ချလက်ချ ကုလားသေကုလားမှော အိပ်ကြရောကွ ...။

တကယ်တော့ ... ငါတို့သူခိုးတွေဟာ မီးလုံးဝမထွန်းဘဲ အမှောင်ကျနေတဲ့အိမ်ထက် မီးတစ်ပွင့်နှစ်ပွင့်ထွန်းထားတဲ့အိမ်ကို ပိုသဘောကျတယ်ဆိုတာ အိမ်ရှင်တွေမသိကြဘူးလေ ... ဟဲ ဟဲ ဟဲ ...။

ငါတို့သူခိုးတွေအနေနဲ့ မီးမှောင်နေတဲ့အိမ်ထဲ ဝင်ခိုးရမှာ ပိုပြီးစိုးရိမ်ရတယ်ဆိုတာကို အိမ်ရှင်အတော်များများက မသိကြဘူး။ မှောင်နေတဲ့အိမ်ထဲဝင်တဲ့အခါ အိမ်ရှင်တွေ, အိမ်သူအိမ်သားတွေ ဘယ်နေရာမှာအိပ်နေသလဲဆိုတာ တော်ရုံနဲ့သိဖို့မလွယ်ဘူး၊ အိပ်ခန်းတွေထဲမှာပဲ အိပ်နေကြသလား ... ဧည့်ခန်းထဲမှာ, ဘုရားခန်းနားမှာပဲ အိပ်နေကြသလားဆိုတာ မသိနိုင်ဘူး၊ ပြီးတော့ အိမ်ရှင်တွေအိပ်ပျော်နေပြီလား၊ ဒါမှမဟုတ် အိပ်မပျော်သေးဘဲ အိပ်ရာထဲကနေ ငါတို့ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်နေသလားလို့ ခန့်မှန်းရအခင်မတန်ခက်တယ်ကွ၊ လက်နှိပ်ဓာတ်မီးသုံးပြီးဝင်ရရင် ပိုလို့တောင် ငါတို့အတွက် အန္တရာယ်များသေးတယ် ...။

ဘုရားမီးဖြစ်ဖြစ်, (Dimlignt) လို့ခေါ်တဲ့ ညအိပ်မီးပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ထွန်းထားတဲ့အိမ်ကျတော့ အိမ်ရှင်တွေ, အိမ်သူအိမ်သား တွေ ဘယ်နေရာမှာအိပ်နေသလဲဆိုတာ အလွယ်တကူတွေ့မြင် နိုင်သလို သူတို့တကယ်အိပ်ပျော်နေပြီလား … အိပ်မပျော်သေး လို့ ခြင်ထောင်တလှုပ်လှုပ်ဖြစ်နေသလားဆိုတာကို အကဲခတ်လို့ ရတယ်ကွ …။

ပြီးတော့ … ခြံဝင်းထဲမှာရော, ခြံဝင်းကြီးတွေရဲ့ရှေ့မှာ ပါ မီးထိန်ထိန်ထွန်းထားတဲ့ အဆောက်အအုံတွေဆို ငါတို့လို ဓါးရင့်သမားတွေကပိုပြီးကြိုက်သေးတယ် … ဟေး ဟေး ဟေး …။

တစ်ခါတုန်းကဆိုရင် ငါ ပုဇွန်တောင်ဘက်က တိုက်အိမ် ကြီးတစ်လုံးထဲဝင်ခိုးပြီး ခိုးရာပါပစ္စည်းတွေကို သားရေဘက်အိတ် ကြီးထဲထည့်လွယ်လို့ ခြံတံခါးသော့ကိုဖျက်အထွက် အဲဒီရပ်ကွက် ထဲကို ပတ္တရောင်အဖွဲ့ကင်းလှည့်လာတာနဲ့ တိုးပါလေရော၊ ဒါနဲ့ ငါလည်း ခြံတံခါးကိုအသာတွန်းဖွင့်လိုက်ပြီး တံခါးရွက်ရဲ့နောက် မှာ ဘက်အိတ်ကြီးကို ဝှက်ထားလိုက်တယ်၊ ငါကိုယ်တိုင်ကတော့ တံခါးဝမှာ ခပ်တည်တည်နဲ့ခါးထောက်ရပ်နေလိုက်တယ် …။

ပတ္တရောင်ရဲတွေ အနားရောက်လာတော့ မီးတွေထိန်ပြီး ခြံတံခါးနှစ်ချပ်စလုံး ဟင်းလင်းပွင့်နေတဲ့တံခါးဝမှာ ခပ်တည်တည်





ခါးထောက်ရပ်နေတဲ့ ငါ့ကို တွေ့ပါလေရော … အဲဒီမှာ သူတို့က ငါ့ကို သူခိုးလို့လုံးဝမထင်ဘဲ အဲဒီအိမ်ကြီးထဲက အိမ်သားတစ်ဦး ဦးလို့ထင်သွားပြီး "နောင်ကြီး … မအိပ်သေးဘူးလား" လို့ တောင် ပုလိပ်တစ်ဦးက လှမ်းမေးသွားသေးတယ်၊ ငါကလည်း ဘက်ဝါးတစ်ဖက်နဲ့ ခြင်ယပ်ဟန်ပြုလိုက်ရင်း 'အေးဗျာ … ပူ တော့ တော်ရုံနဲ့အိပ်လို့မရပါဘူး ဆရာတို့ရေ' လို့ အိပ်ချင်မူးတူး အသံနဲ့ ပြန်ပြောလိုက်တယ်၊ သူတို့ရဲ့စက်ဘီးတွေ ဝေးဝေးရောက် သွားမှ သံပြားခြံတံခါးချပ်တွေကို ပြန်စေ့ပြီး ဘက်အိတ်ကြီးလွယ် ပြီး ရဲတွေနဲ့ဆန့်ကျင်ရာအရပ်ကို သုတ်ခြေတင်ခဲ့ရတယ်ကွ … ဆိုင်လားကွာ … ဟား ဟား ဟား"

ချန်ကူးကား သို့နှယ် သူခိုးပေါက်စတို့ကို လက်သပ်မွေး ထား စောရလက်ချာပေးတတ်သူဖြစ်၏။ ပြီးတော့ သူက ပြော တတ်သေးသည် …

"ငါတို့လို သူခိုးတွေဟာ ဒုစရိုက်လောကသားတွေထဲ မှာတော့ အရိုးသားဆုံး, အပြစ်အကင်းဆုံးလူတွေပဲကွ …"

"ဗျာ … ဆရာချန်ကူး … ခိုးတဲ့အလုပ်ဟာ ရိုးသားပြီး အပြစ်ကင်းတဲ့အလုပ် … ဟုတ်လား"

"အေး … ဟုတ်တယ်လေကွာ … ဒုစရိုက်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာတော့ သူခိုးဟာ အရိုးသားဆုံး၊ အပြစ်အကင်းဆုံးပဲကွ ဓားပြတို့ လုယက်တဲ့သူတို့က ပစ္စည်းပိုင်ရှင်ကို ခြိမ်းခြောက်အနိုင်ကျင့်၊ စော်ကားမော်ကားပြုလုပ်ပြောဆိုပြီး ရာဇဝတ်မှု ကျူးလွန်တာကွ၊ အဲဒီကောင်တွေက သူတစ်ပါးပစ္စည်းလည်း အဓမ္မယူသေး၊ သူတစ်ပါးကိုလည်း ရန်ရှာသေး၊ တချို့ သိပ်ဆိုးတဲ့ကောင်တွေဆို လူသတ်ပြီးပစ္စည်းယူတာကွ ...။

ငါတို့သူခိုးတွေက အဲဒီလိုမဟုတ်ဘူး၊ ပစ္စည်းရှင်မသိအောင် တိတ်တိတ်လေးယူတာကွ၊ ခိုးတာကိုလူမိသွားတဲ့အခါ မလွဲမရှောင်သာမှသာ ပြန်ခုခံရင်ခုခံမယ် ... နို့မို့လို့ကတော့ လူမိတော့မယ်ဆိုတာနဲ့ သုတ်ခြေတင်ပြေးတတ်ကြတာ၊ ပစ္စည်းရှင်ကို ရန်မရှာဘူး၊ ဒါကြောင့် ငါတို့သူခိုးတွေဟာ ဒုစရိုက်သမားတွေထဲမှာတော့ အပြစ်အကင်းဆုံး၊ အရိုးသားဆုံးလို့ ပြောတာကွ ... ဟဲ ဟဲ ဟဲ”

ချန်ကူးကား သို့နှယ် သူခိုးသိဒ္ဓိတင်တတ်သူလည်း ဖြစ်၏။

မည်သို့ဆိုစေ ... နာမည်ကျော် တစ်ကိုယ်တော်စောရဘဝမှ ချိုင်းထောက်ချန်ကူးဘဝသို့ ရောက်ရှိသွားချိန်တွင် ကိုယ်တိုင်ခိုးမှုကို ကိုယ်တိုင်ရောက်မကျူးလွန်နိုင်တော့သည့်တိုင်





အခြေမဲ့အနေမဲ့သူခိုးပေါက်စလေးများကို လက်သပ်မွေးမြူကာ ... သူခိုးစာရသင်တန်းပေးပြီး ရရှိသည့်သတင်းအချက်အလက်တို့အပေါ် အခြေခံလျက် သူခိုးလမ်းပြလုပ်နေသူဖြစ်ချေ၏။ သူ၏ဘယည့် သူခိုးပေါက်စလေးတို့က ခိုးဝှက်ရသမျှကို ထုခွဲပြီးနောက် သူတို့၏ဆရာကြီး ချန်ကူး စားဖို့သောက်ဖို့ ဘိန်းရှူဖို့ ခွဲဝေပေးရ၏။

သို့သော် ချန်ကူးသည် ခွင်ကြီးများဆိုပါက စောရပညာကို မြေစမ်းခရမ်းပျိုးသင်ယူစသာဖြစ်ကြသည့် သူ့တပည့် သူခိုးပေါက်စလေးတို့အား မကိုင်ခိုင်းဘဲ ... ငါရင့်သူခိုးစောရဝိဇ္ဇာများအတွက် သီးသန့်ဖယ်ထားလေ့ရှိလေ၏။

ခွင်ကြီးဆိုသည်မှာ ဗြိတိသျှမျက်နှာဖြူနှင့် မြန်မာအရာရှိကြီးများ၏အိမ်၊ တရုတ်သူဌေး၊ ကုလားသူဌေး၊ မြန်မာသူဌေးများ၏အိမ်ဂေဟာကြီးတို့ကိုဆိုလိုသည်။

ယင်းအိမ်ဂေဟာကြီးများသည်ကား ခြံကျယ်ဝန်းကျယ် ... နန်းတော်တမျှ ရဲတိုက်တမျှ ခမ်းနားကြီးကျယ်သလောက် ... ခံမြင့်မြင့်ကြီးများ၊ ... တံခါးထုထုခုံခုံကြီးများနှင့် လွန်စွာလုံခြုံလှသည်ဖြစ်ရာ၊ တော်ရုံစောရပညာတတ်ကျွမ်းသော သူခိုးပေါက်သစ်တို့ အောင်မြင်စွာဖောက်ထွင်းခိုးရန် မလွယ်ကူလှသော



www.burmeseclassic.com

www.burmeseclassic.com



အနေအထားရှိလေ၏။

ယင်းအိမ်ခြံကြီးများတွင် အင်းခွေးကဲ့သို့သော ခြံစောင့်ခွေးများမွေးထားတတ်သလို ညစောင့်ဒရမ်ဝမ်များလည်း ခန့်ထားတတ်ရာ လုံခြုံရေးအစီအစဉ်ကောင်းနေတတ်ချေ၏။

ထိုသို့ လုံခြုံရေးတင်းကျပ်သည့် အိမ်ဂေဟာကြီးမျိုးထဲ ဝင်ရောက်ကျူးကျော်ခိုးယူရန်မှာ ဝါရင့်သမ္မာရင့် သူခိုးကျော်များသာ တတ်နိုင်မည့်အရေးမို့ ယင်းသို့ခွင်ကြီးများကို စောရလက်သစ်များအား ချန်ကူးက ဘယ်သောအခါမျှမကိုင်ခိုင်းချေ။

ယင်းသို့သော ခွင်ကြီးများတွေ့လျှင် သူက အထောက်တော်များစေလွှတ်ကာ အိမ်ရှိလူဦးရေစာရင်းအတိအကျ၊ အိမ်ရှင်တို့၏အသက်မွေးမှုလုပ်ငန်းနှင့် သွားမှုလာမှု၊ နေမှုခလေ့စရိုက် အိမ်၏အနေအထား စသည်တို့ကို သေချာစွာထောက်လှမ်းခိုင်းလေ၏။ ထောက်လှမ်းရရှိသော သတင်းများကိုအခြေခံပြီး ... အနီးစပ်ဆုံးအိမ်ပုံစံကိုရေးဆွဲကာ လုံခြုံရေးဆိုင်ရာ ပျော့ကွက် ဟာကွက်များကို ရှာလေ၏။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ချန်ကူးက ဤသို့ပြောတတ်သေးသည်။

"ဘယ်လောက်ခမ်းနားကြီးကျယ်ခိုင်ခံ့လုံခြုံပါတယ်ဆိုတဲ့ အဆောက်အအုံဖြစ်ပါစေ ... လုံခြုံရေးနဲ့ပတ်သက်ပြီး အားနည်းချက်ရှိစမြဲပဲကွ၊ အဲဒီအားနည်းချက်ကိုရှာနိုင်ရင် အောင်ပြီသာ မှတ်ပေရော့"

သို့နှယ် သူက အားနည်းချက်တို့ကိုရှာဖွေပြီးနောက် ယင်းအိမ်ဂေဟာ၏ ဆိုင်ရာအချက်အလက်များနှင့်တကွ ဝင်လမ်းထွက်လမ်း စသည်တို့ကိုရေးဆွဲကာ သတင်းအချက်အလက်ပြည့်စုံပြီဆိုပါက စောရအကျော်အမော်တို့အား ဆက်သွယ်ကာမ်းလှမ်းခြင်းပြုတတ်လေ၏။

စောရအကျော်အမော်တို့အား အိမ်မိသားစု၏ ချမ်းသာကြွယ်ဝမှု၊ အချိကြီးပွစရာလမ်းရှိမှုတို့ကို ရှင်းပြပြီး ... ဝင်ရောက်အောက်တွင်းခိုးယူရန် သတင်းပေးလမ်းပြခြင်းပြုလေ၏။ စောရအကျော်အမော်တို့ကလည်း ချန်ကူး၏အကြံပေးလမ်းညွှန်မှုနှင့်ရေးဆွဲထားသောစောရမဟာဗျူဟာအခင်းအကျင်းတို့ကို သဘောကျပါက ချန်ကူးသတင်းပေးညွှန်ပြရာအိမ်ဂေဟာသို့ ဝင်ရောက်ခိုးယူခြင်းပြုကြသည်သာ ဖြစ်၏။

အောင်မြင်စွာဝင်ရောက်ခိုးယူပြီးနောက် ရရှိသည့်အကျိုးအမြတ်၏ ငါးပုံတစ်ပုံကို ချန်ကူးအား ပေးရလေ၏။

ချန်ကူးကား ဤသို့လုပ်စားလာသည်မှာ ချိုင်းထောက်ဘဝသို့ရောက်ရှိခဲ့သည့် လွန်ခဲ့သောသုံးနှစ်ကတည်းက







www.burmeseclassic.com

www.burmeseclassic.com



**[illegible]**

**ယခုလည်း** ရန်ကုန်အရှေ့ပိုင်းတွင် ကြောင်တစ်ရာ **မိုးမှောင်တွင်၌** နာမည်တစ်လုံးနှင့် အကျော်ဒေးယျစောရတစ်ဦး **ဖြစ်သူထံ** ချိုင်းထောက်ချန်ကူး၏တမန်တော် တရုတ်အဘိုးအို တစ်ဦး ရောက်ရှိလာခဲ့ပြီတည်း။

"ဆိုပါဦး ပေါက်ဖော်ကြီး ...ချန်ကူးက ဘာမှာလိုက်လို့လဲ"

"လုဆီ ...စာပေးခိုင်းလိုက်ပါတယ်"

တရုတ်အဘိုးအိုက ပြောပြောဆိုဆိုဖြင့် အင်္ကျီရင်ဘတ်ကြားထဲမှ စာရွက်ခေါက်တစ်ခုကို ထုတ်ပေးလေ၏။

ကြောင်တစ်ရာမိုးမှောင်က ...

စာရွက်ခေါက်ကို လှမ်းယူရင်း သူ့ရှေ့မှထိုင်ခုံတစ်လုံးတွင်ထိုင်ရန် အဘိုးအိုကို လက်တစ်ဖက်ဖြင့် ညွှန်ပြလိုက်လေ၏။

ထို့နောက် ကုလားထိုင်နောက်မှီဝယ် ခေါင်းမှီကာ စီးကရက်ခဲရင်းမှ ချိုင်းထောက်ချန်ကူး၏စာကို ဖတ်လေ၏။

ရောင်းရင်းပေါက်ဖော်ကြီး
ကြောင်တစ်ရာမိုးမှောင် ...





ရန်ကုန်ရေယာအတွင်းမှာပဲ ခွင်ကြီးတစ်ခွင် တွေ့ထားတယ်၊ အိမ်ပိုင်ရှင်က အိမ်ကိုဝယ်ထားတာ လပိုင်းပဲရှိသေးတယ်၊ **အဲဒီအိမ်** မွမ်းမံတဲ့ လက်သမား၊ ပန်းရံသမားတွေထဲမှာ ကျုပ်လူတွေပါတယ်၊ သူတို့ကတစ်ဆင့် အဲဒီအိမ်ရဲ့လုံခြုံရေး အားနည်းချက်၊ အဝင်အထွက်လမ်းတွေကို ကျုပ် အားလုံး သိပြီးဖြစ်တယ်။

အိမ်ပိုင်ရှင်ဟာ တစ်ဦးတည်းဖြစ်ပြီး သူ့မှာ ထမင်းချက် အဖော်တပည့်ကောင်လေးတစ်ဦးပဲ ရှိတယ်၊ အဲဒီအိမ်ရှင်ဟာ တစ်မြန်နေ့ကမှ လေယာဉ်နဲ့ ဘီလပ်ကပြန်လာသူ သူဌေးတစ်ဦးပဲ၊ သူနဲ့အတူ ငွေ အတော်များများပါလာပြီး အဲဒီငွေတွေကို မနက်ဖြန်နဲ့သန်ဘက်ခါ ရုံးပိတ်ရက်နှစ်ရက်အပြီး တနင်္လာနေ့ (မန်းဒေး) ကျရင် မက္ကဆင့်ဘဏ်မှာ သွားသွင်းမှာ ဖြစ်တယ်၊ ဒါကြောင့် ဒီညနဲ့ နောက်နှစ်ညလုံးလုံးမှာ ငွေတွေဟာ သူ့အိမ်ထဲမှာပဲ ရှိနေမှာဖြစ်တယ်။

အဲဒီသုံးညတာအတွင်းမှာ မိတ်ဆွေကြီး



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင် ကြိုးပမ်းနိုင်ရင်တော့ အချိုကြီးပွပေါက်ပဲ။

အလုပ်ဖြစ်ပြီးအောင်မြင်ရင် ကျုပ်ကို ရလာတဲ့ ငွေရဲ့ ငါးပုံတစ်ပုံပေးရမယ်၊ ဒါဟာ ကျုပ်ရဲ့ထုံးစံပဲ။ သဘောတူ,မတူ အခုလွှတ်လိုက်တဲ့ ဘိုးပိုးဖြူကို ချက်ချင်းအကြောင်းပြန်ပါ။

သင့်ရဲ့
ချန်ကူး

စာကိုအစအဆုံးဖတ်ပြီးနောက် …

ကြောင်တစ်ရာမိုးမှောင်က နှုတ်ခမ်းထောင့်စွန်း ကွေးရုံလေး ပြုံးလိုက်ကာ ပါးစပ်၌ခဲထားသည့် စီးကရက်ကို စားပွဲပုလေးပေါ်ရှိ ဆေးလိပ်ခွက်ထဲ ထိုးထည့်ချေမွလိုက်လေ၏။

"ပေါက်ဖော်ကြီး … ခင်ဗျားရဲ့အာစရိကို ပြောလိုက် … ကျုပ်က သဘောတူတယ်လို့"

တရုတ်အဘိုးအို ဘိုးပိုးဖြူက ပြုံးလျက်ဦးညွတ်လိုက်ပြီးနောက် အင်္ကျီရင်ဘတ်ကြားထဲမှ ဒုတိယစာတစ်စောင်ကို ထုတ်ယူလိုက်ကာ …

"လု သဘောတူတယ်ဆိုရင် … ဝ အာစရိရဲ့ ဟောဒီ





ဒုတိယစာကို ယူထားလိုက်ပါ၊ စာဖတ်ပြီးရင်တော့ စာနှစ်စောင်စလုံးကို မီးရှို့ဖျက်ဆီးဖို့မှာလိုက်ပါတယ်၊ ကဲ … ဝရဲ့တာဝန်ထည်း ကျေပြီ၊ … ပြန်မယ်"

ဟုပြောရင်း ထိုင်ရာမှထလျက် ခါးညွတ်ကာ နှုတ်ဆက်ခြင်းပြုလေ၏။ ထို့နောက် တရုတ်အဘိုးအိုသည် ကိုင်းကိုင်းကိုင်းကိုင်းနှင့် အိမ်ထဲမှထွက်သွားပြီး အိမ်ရှေ့ခြံအပြင်၌ ရပ်စောင့်နေသည့် လန်ချားပေါ်တက်ကာ ကျားကွက်သစ်လမ်းကြီးအတိုင်း ထွက်ခွာသွားပါတော့သတည်း။

□□□



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ခွင်ကောင်းမတွေ့လို့ . . . စိတ်ညစ်နေတု
ချန်ကူးဆီက အကွက်အကွင်းကောင်းကောင်းရပြီထင်ပါရဲ့ . . .
နိုပ်ဟ"

ချန်ကူးလိုလူမျိုးက အချိုးကြီးရနိုင်သည့်ခွင်မျိုးမှ သူ့
စာရအမိပတိတစ်ဦးထံ ဆက်သွယ်ကမ်းလှမ်းတတ်မှန်းသိထာ
သဖြင့် ကြောင်တစ်ရာမိုးမှောင်မှာ . . စိတ်အားထက်သန်စွာ
ချန်ကူး၏ဒုတိယစာကိုဖွင့်ဖတ်လိုက်တော့၏။





ယင်း ဒုတိယစာထဲတွင် ပစ်မှတ်၏နေအိမ်ပုံစံကို ရေး
ဆွဲဖော်ပြထားပြီး ဝင်လမ်း၊ ထွက်လမ်းစသည်တို့ကိုပါ ခန့်မှန်း
ပြထားကာ ဆိုင်ရာအချက်အလက်တို့ကိုရေးသားထားလေ၏။

ယင်းသည်ကား ချန်ကူး၏ စာရလမ်းပြမြေပုံပင်တည်း။

"အင်း . . . အိမ်ရှင်ရဲ့အမည်က မင်းခဆိုပဲ၊ သူက
နှစ်ထပ်တိုက်ကြီးရဲ့အပေါ်ထပ်မှာ တစ်ဦးတည်းအိပ်ပြီး . . .
အောက်ထပ် မီးဖိုခန်းနားကအခန်းမှာ သူ့တပည့် ထမင်းချက်
ကောင်လေး မောင်တိုးကအိပ်တယ်တဲ့ . . . ငွေသားတွေဟာ
မင်းခရဲ့အိပ်ခန်းထဲမှာ ရှိနိုင်ပြီး အိမ်တံခါးမကြီးတွေက သစ်သား
တံခါး တစ်ထပ်, သံဘာဂျာတံခါးတစ်ထပ်နဲ့ အတော်လုံခြုံတာပဲ၊
ပြတင်းပေါက်တွေမှာလည်း ငါးမူးလုံးသံတိုင်တွေ ကာထားသတဲ့၊
ဟုတ်ပြီ . . . ဒီတိုက်ကြီးရဲ့ လုံခြုံရေးဆိုင်ရာအားနည်းချက်က
ခေါင်မိုးဖြစ်တယ်လို့ ချန်ကူးကဆိုထားတယ် . . .။

ခေါင်မိုးက ကျောက်ပြားအမိုးဖြစ်ပြီး . . . အိမ်နောက်
ဘက်ရေတိုင်ကီတင်ထားတဲ့နေရာနားက ကျောက်ပြားတစ်ချပ်
တာ သံချိတ်နဲ့ကုပ်မထားတဲ့အတွက် ခွာလို့လွယ်တယ်တဲ့။ အဲဒီနေ
ရာကနေ အိမ်ထဲဝင်ဖို့အသင့်လျော်ဆုံးပဲလို့ ချန်ကူးက လမ်းညွှန်
ထားတာပဲ။ ရွှေ . . . နိမ့်ဟ။ ငါ့အတွက်တော့ ငှက်ပျောသီးအခွံ



www.burmeseclassic.com

www.burmeseclassic.com



နွားစားတာထက်လွယ်မှာ သေချာတယ် ...''

ကြောင်တစ်ရာမိုးမှောင်သည် ချွန်ကူးရေးဆွဲပေးသည့် အိမ်ပုံစံကိုအထပ်ထပ်အခါခါကြည့်ပြီး သူ၏သူခိုးဉာဏ်နှင့်ပေါင်းစပ်ကာ ဘီလပ်ပြန်မင်းခဆိုသူ၏ တိုက်အိမ်ကြီးထဲဝင်ရောက်ခိုးယူနိုင်ရေးအတွက် တွက်ချက်စဉ်းစားရင်း ပီတိဖြာလျက်ရှိလေ၏။ ထို့နောက် သူသည် ရွှန်ဆန်မီးခြစ်ကို ဖြောက်ခနဲခြစ်ကာ စာနှစ်စောင်လုံးကို မီးရှို့ဖျက်ဆီးလိုက်တော့၏ ...။

''မင်းခဆိုတဲ့လူမှာ ... ငွေအတော်များများပါလာတယ်တဲ့၊ သူကဘိလပ်မှာအလုပ်လုပ်ပြီး အတော်စုဆောင်းမိမှပြန်လာပုံပဲ၊ ဘာပဲဖြစ်ဖြစ် ဒီတစ်ချီတော့ တကယ့်ရတနာသိုက်တိုးပြီထင်တယ်၊ သိန်းဂဏန်းများရလို့ကတော့ သူခိုးအလုပ်ကို စွန့်လွှတ်ပြီးစီးပွားရေးလုပ်ငန်းတစ်ခုခု တည်ထောင်ရမယ်၊ သူဌေးဘွဲ့ခံရမယ် ... ဟီး ဟီး''

◻◻◻



# ထောင်ချောက်မိသူ

ကုက္ကိုင်း ပတ်ကလိန်းလမ်းမကြီး (ယခု ကမ္ဘာအေး ဘုရားလမ်း) ၏နံဘေးရှိ ကျယ်ဝန်းသောခြံကြီးထဲမှ နှစ်ထပ်တိုက်ကြီးမှာ ညဉ့်အမှောင်ထုတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိချေ၏။

ခြံ၏အရှေ့ပိုင်းမှာ ပေငါးဆယ်ခန့်ကျယ်ဝန်းပြီး ... တိုက်အိမ်ကြီး၏ဘေးတစ်ဖက်တစ်ချက်မှာလည်း ပေသုံးလေးဆယ်နီးပါးကျယ်ဝန်းကာ ... ခြံနောက်ဘက် ခြံစည်းရိုးအုတ်တံ





www.burmeseclassic.com

www.burmeseclassic.com



တိုင်းအလွန်မှာမူ ကြာခတ်ဝါးရုံတောများ ထူထပ်စွာပေါ ရောက်လျက်ရှိလေ၏။

ခြံကြီးထဲ၌ စားပင်သီးပင် ကြီးကြီးမားမားမရှိဘဲ မကြ မီကမှပြုပြင်ထားပုံရသည့် ပန်းရုံများ၊ ပန်းချုံများသာရှိလေ လရောင်အောက်မှ နှစ်ထပ်တိုက်ကြီးမှာ ဖွေးဖွေးထင်းထ ဖြစ်လျက်ရှိတော့၏။

တိုက်အိမ်ကြီးထဲမှာမူ မည်သည့်မီးရောင်မျှမမြင်ရ ဖြင့် တစ်အိမ်လုံး အမှောင်ချထားပုံရကာ အိမ်ရှေ့အောက်ထ ဆင်ဝင်မှာသာ မီးလုံးတစ်လုံးထွန်းထားလေ၏။

ခြံဝင်းရှေ့ဘက်ရှိ ခြောက်ပေကျော်မြင့်သည့် အုတ် တိုင်းပေါ်၌ တိတ်ဆိတ်စွာရောက်ရှိနေသော ကြောင်တစ် မိုးမှောင်မှာ . . . လမ်းနံဘေးကုက္ကိုပင်ကြီးတို့၏ အရိပ်စွန်းထ ကျရောက်လျက်ရှိသည့် အုတ်တံတိုင်းပေါ်တွင် ဒူးတစ်ဖ ထောက်ထိုင်ရင်း . . . ခြံဝင်းကြီးထဲနှင့် နှစ်ထပ်တိုက်ဖြူဖြူကြီး စူးစိုက် ကြည့်ကာ လေ့လာစူးစမ်းလျက်ရှိလေ၏။

ကုက္ကိုင်းလမ်းဆုံဘက်ဆီမှ စန္ဒရီကုလား၏ သံချော ခေါက်သံဆယ့်နှစ်ချက်ထွက်ပေါ်လာပြီးနောက်မှတော့ . . . ကြောင်တစ်ရာမိုးမှောင်သည် ခြံဝင်းကြီးထဲ ပေါ့ပါးစွာခုန်ချလို





း အုတ်တံတိုင်းနှင့်အနီးဆုံးရှိ ပန်းရုံတစ်ရုံ၏မှောင်ရိပ်ထဲ ပြေးဝင် သိုက်လေ၏။

ညဉ့်နက်လေ လက ထိန်ထိန်သာလေဖြစ်ကာ ခြံဝင်းထဲ ၌လည်း စားပင်သီးပင် ကြီးကြီးမားမားမရှိသဖြင့် မှောင်ရိပ် နည်းပါးလျက်ရှိရာ . . . ကြောင်တစ်ရာမိုးမှောင်မှာ ပန်းရုံ ပန်းချုံ လေးတို့၏မှောင်ရိပ်ကိုသာအားပြုလျက် ပန်းချုံတစ်ခုမှတစ်ခုသို့ ခုတ်ခုန်၊ ဖျတ်ခုန်ကူးရင်း တိုက်အိမ်ကြီး၏မှောင်ရိပ်သို့ ခိုဝင် သိုက်ရပါတော့၏။

ကြောင်တစ်ရာမိုးမှောင်မှာ . . . သူ့အလုပ်လုပ်သည့်အခါ ဝင်ဆင်လေ့ရှိသည့်အတိုင်း ချည်သားဘောင်းဘီအနက်၊ အင်္ကျီ အနက်တို့ဝတ်ဆင်ထားကာ မျက်လုံးပေါက်နှစ်ပေါက်သာ ဖောက် ထားသည့် ခေါင်းစွပ်နက်ကိုစွပ်ထားပြီး ခြေထောက်ဝယ် ပတ္တူ ဖိနပ်အနက်ရောင်ကို စီးထားလေ၏။

သူသည် အိတ်အနက်တစ်လုံးကိုလည်း စလွယ်သိုင်း ထားပြီး ခါးမှခါးပတ်တွင်မူ သားရေအိတ်အနက်နှင့်ဓားမြှောင် တစ်လက်ကို ချိတ်ဆွဲထားလေ၏။

သူသည် . . . မှောင်ရိပ်ထဲမှာ ခဏရပ်နေပြီး အိမ်ကြီး အထဲမှလှုပ်ရှားသံများကို အတန်ကြာနားစွင့်နေသေး၏။ အချိန်



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည်အထိ မည်သည့်အသံဗလံမှ မကြားရမှ ... သူ့ခါးစိတ်ထဲမှ သံချိတ်ကောက်နှင့်ကြိုးတို့ကိုထုတ်ယူကာ သံချိတ် ကောက်ကို ဆင်ဝင်အပေါ်ရှိ ဝရန်တာလက်ရန်းဆီသို့ သေသေ ချာချာလွှဲပစ်တင်လိုက်တော့၏။

ကြိုးစချည်နှောင်ထားသည့် သံချိတ်ကောက်က ဝရန် တာလက်ရန်းအား ချိတ်မိသွားသည်တွင် ကြောင်တစ်ရာမိုးမှောင် သည် ကြိုးစကိုတင်းအောင်ဆွဲကာ သံချိတ်မိ,မမိ စမ်းသပ် ကြည့်သေး၏။ လက်ရန်းတန်း၌သံချိတ်ကောင်းစွာ ချိတ်မိကြောင်း သေချာမှ ကြိုးကိုဆွဲကာခိုတက်တော့သည်။

သူသည် ကြိုးကိုလက်နှစ်ဖက်ဖြင့် ဆွဲရင်းခြေထောက် တို့ကဆင်ဝင်တိုင်လုံးကိုကန်ကာ တစ်လှမ်းချင်းတက်ရာခဏ အတွင်းမှာပင် ဆင်ဝင်ပေါ်မှ ဝရန်တာဆီသို့ရောက်ရှိသွားတော့ ၏။

သူက ဝရန်တာပေါ်တွင်ခေတ္တအမောဖြေရင်း ရပ်နေရာ မှ အိမ်ကြီး၏မှန်ပြတင်းပေါက်များဆီကြည့်လိုက်ရာ လရောင်ထိ ခတ်လျက်ရှိသော မှန်ပြတင်းတို့၏အတွင်းမှ သံတိုင်များကို တွေ့နေရပြီး ယင်းသံတိုင်တို့၏နောက်တွင် လိုက်ကာသားကို ပါတွေ့ရရာ မှန်ပြတင်းပေါက်အားလုံးမှာ အတွင်းမှ လိုက်ကာဖြင့်





ကာထားကြောင်းသတိပြုမိလေ၏။

ကြောင်တစ်ရာမိုးမှောင်သည် အိမ်ကြီး၏အပေါ်ထပ်တွင် မည်သည့်အသံဗလံမှမကြားရမှ ဝရန်တာမှတစ်ဆင့် ရေတံ ခေါက်ချိတ်ကိုခိုကာ အိမ်ခေါင်မိုးအစွန်းပေါ်သို့ ကြောင်တစ် ကောင်နှယ် ကျွမ်းကျင်စွာတက်ခဲ့တော့သည်။

ထို့နောက် မိုးမှောင်သည် လရောင်ထိန်ထိန်လင်းနေ သည့် အိမ်ခေါင်မိုးကျောက်ပြားများပေါ်မှ ကိုယ်ဖော့နင်းကာ ကျောက်ပြားတို့အားအောက်ခံသစ်သားတန်းတို့နှင့် တွဲထားသော သံမှိုတို့ကိုကြည့်လျက် ကုန်းကုန်းကွကွလျှောက်လာခဲ့ရာ ခဏ အကြာတွင် အိမ်နောက်ဘက်အဆောင်သို့ ရောက်ရှိသွားတော့ ၏။

အိမ်နောက်ဘက်အဆောင်အမိုးပေါ်တွင် ရေတိုင်ကီကို တင်ထားရာ သစ်သားတန်းများအခိုင်အခံ့ခံလျက်တင်ထားသော ထီးထောင့်သံရေတိုင်ကီ၏ အောက်နံဘေးဘက်ရှိ သံမှိုချက် မရှိသည့်ကျောက်ပြားချပ်ကို လ၏အလင်းရောင်ဖြင့် ရှာဖွေ ကြည့်ရှုလိုက်လေ၏။

"သံချက်လွတ်ထားတာ ဒီကျောက်ပြားပဲ"

ရေတိုင်ကီအား သန့်ရှင်းရေးပြုလုပ်လိုသည့်အခါ၌ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible]ဖြင့်လိုသည့်အခါတွင်ဖြစ်စေ ... ခေါင်းမိုးပေါ်သို့ [illegible]တက်နိုင်စေရန် သံချက်လွှတ်ထားသည့် ကျောက်ပြားကို ကြောင်တစ်ရာမိုးမှောင်က 'မ'ခွာလိုက်လေ၏။

သူသည် ကျောက်ပြားချပ်ကို သတိကြီးစွာထားလျက် အသံဗလံမမြည်အောင် 'မ'ခွာလိုက်ပြီးနောက် နံဘေးနား၌ အသာချထားလိုက်လေ၏။

အိမ်အမိုးမှာ အပေါက်ဖြစ်သွားပြီဖြစ်သော်လည်း ယင်းအပေါက်၏အောက်နှစ်ပေခန့်အကွာတွင် မျက်နှာကြက်ကိုတွေ့ရလေ၏။ သို့သော် ... ယင်းမျက်နှာကြက်တွင်လည်း ... ပတ္တာတပ်တံခါးတစ်ချပ်ရှိပြီး အတွင်းဘက်မှ ချက်ထိုးပိတ်ထားကြောင်း သတိပြုမိလေ၏။

သို့သော် ... ဖောက်ထွင်းဝိဇ္ဇာဖြစ်သော ကြောင်တစ်ရာမိုးမှောင်က နှစ်ပေပတ်လည်ခန့်ရှိ အံဖုံးမျက်နှာကြက်တံခါးချပ်ကို ဖောက်ထွင်းရေးကိရိယာများအသုံးပြုပြီး ဆယ်မိနစ်မျှအတွင်းမှာပင် အသံဗလံမထွက်ဘဲဖွင့်လိုက်နိုင်ပါ၏။

အံဖုံးမျက်နှာကြက်တံခါးပွင့်သွားသည်နှင့် မျက်နှာကြက်အပေါက်အစွန်းကို လက်နှစ်ဖက်ဖြင့်ခိုတွဲကာ ...ဦးစွာ ခြေကိုဆန့်လျက် တွဲလောင်းချဆင်းလိုက်ရာ သူ၏ခြေဖဝါးတို့မှာ





အောက်ခြေကြမ်းပြင်နှင့် နှစ်ပေခန့်အကွာတွင်ရှိနေတော့၏။

ယင်းသို့ မျက်နှာကြက်မှ အပေါက်အစွန်းကိုတွဲလောင်းခိုရင်း မိမိရောက်ရှိနေသောအနေအထားကို လေ့လာစေ့ငကြည့်ရာ ... မိမိသည် အိမ်အပေါ်ထပ်ရှိ ရေချိုးခန်းတစ်ခု၏ရှေ့မှ ကျက်လပ်တစ်ခုအတွင်းရောက်ရှိနေကြောင်းကို အမိုးပေါ်မှဝင်လာသော လရောင်၏အလင်းဟပ်မှုကြောင့် တွေ့မြင်ရလေ၏။ အိမ်အတွင်းမှအသံဗလံတို့ကို နားစွင့်မိတော့လည်း အိမ်မြှောင်စုတ်ထိုးသံမှအပ မည်သည့်အသံမျှ မကြားရချေ။

သူသည် ... အတန်ကြာနားစွင့်နေပြီးနောက် လက်တို့ကို လွှတ်ချလိုက်ရာ ကြမ်းပြင်ပေါ်သို့ကြောင်ကျကျသွားတော့၏။ သူ၏ ခြေဖဝါးနှစ်ဖက်ကြမ်းပြင်ပေါ်သို့ ကျသံမှာသစ်ရွက်ဟောင်းတစ်ရွက်မြေပြင်ပေါ်ကြွေကျသံမျှသာရှိမည်ထင်ပါ၏။ ယင်းသို့ပေါ့ပါးလျှတ်လတ်လွန်းသဖြင့်လည်း သူ့ကို ... စောရလောကဝယ်ကြောင် တစ်ရာမိုးမှောင်ဟုခေါ်တွင်နေခြင်းဖြစ်ပေ၏။

ကြောင်တစ်ရာမိုးမှောင်က သူရောက်ရှိနေသော နေရာအနေအကျင်ကိုသေချာစွာလေ့လာစေ့ငုနိုင်စေရန် စလွယ်သိုင်းထားသည့်အိတ်ထဲမှဖောင်တိန်အရွယ်လက်နှိပ်ဓာတ်မီးလေးကိုထုတ်ပြီး ... ဟိုသည်ထိုးကြည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူသည် ရေချိုးခန်းတစ်ခန်းနှင့် အိမ်သာခန်းတစ်ခန်း၏ရှေ့၌ ရောက်ရှိနေခြင်းဖြစ်ပြီး . . . အိမ်အတွင်းရေ့ဘက်ဆီသို့ဝင်ရန်မှာ တံခါးရွက်ကြီးတစ်ချပ် ပိတ်ဆီးနေသည်ကို တွေ့ရလေ၏။

ထိုမတ်တတ်တံခါးရွက်ကို လက်ဖြင့်အသာတွန်းဖွင့်ကြည့်တော့ အတွင်းမှ အပေါ်ချက်၊ အောက်ချက်ထိုးထားကြောင်း သတိပြုမိလေ၏။ သို့သော် . . . ကြောင်တစ်ရာမိုးမှောင်အတွက် ထိုသို့သောသစ်သားတံခါးရွက်ကို ဖောက်ထွင်းဝင်ရန်ကိစ္စမှာ ငှက်ပျောသီးအခွံနွှာစားသည်ထက် လွယ်သည်သာ . . .။

သူက အမှောင်ထဲမှာပင် ဖောက်ထွင်းရေးကိရိယာများသုံးပြီး တံခါးချပ်ကိုဖွင့်လိုက်ရာ ငါးမိနစ်ခန့်အတွင်းမှာပင် ပွင့်သွားတော့၏။

ထို့နောက် သူက တံခါးရွက်ကြီးကို အသံမမြည်အောင် တွန်းဖွင့်ပြီး တံခါးပေါက်မှ ခြေဖွလှမ်းဝင်လိုက်လေတော့သည်။

သူ၏ရှေ့ဝယ် ငါးပေခန့်ကျယ်သော စကြံလမ်းကို တွေ့ရပြီး အတန်ငယ်ရှည်လျားသည့် စကြံလမ်း၏အလယ်ခန့်တွင် နံရံဘေးတစ်ဖက်အပေါ်၌ (Dimlight) ခေါ် မီးမှိန်မှိန်လေး ထွန်းထားလေသဖြင့် စကြံလမ်းမှာ မှောင်ပိန်းမနေဘဲ အလင်း





မှုန်မှုန် လင်းလျက်ရှိချေ၏။

စကြံလမ်းတစ်ခုလုံးကို ကော်ဇောအစိမ်းနုရောင် ခင်းထားသည်ဖြစ်ရာ ကြောင်တစ်ရာမိုးမှောင်မှာ ကော်ဇောလမ်းအတိုင်း တစ်လှမ်းချင်း သတိကြီးစွာထားလျက်ရှေ့သို့လှမ်းလာတော့၏။

ယင်းသို့ စကြံလမ်းအတိုင်းလှမ်းလာရင်းမှ လျှပ်စစ်မီးခပ်မှိန်မှိန်လင်းနေသော အခန်းတစ်ခု၏တံခါးဝသို့ ရောက်လာတော့၏။ ကြောင်တစ်ရာမိုးမှောင်က ခပ်ဟဟာဖွင့်ထားသည့် တံခါးဝမှ အခန်းအတွင်းသို့ အသာကဲကြည့်လိုက်ရာ . . . အခန်းမှာ အလျား ပေနှစ်ဆယ်၊ အနံ ဆယ့်ငါးပေခန့်ကျယ်သည့် အခန်းကျယ်တစ်ခုဖြစ်ကာ အခန်းနံရံသုံးဘက်သုံးတန်တို့၌ စာအုပ်ဗီရိုများကိုတွေ့ရပြီး ပြတင်းပေါက်ရှိသည့်နံရံအနီးဝယ် စာကြည့်စားပွဲတစ်လုံးရှိရာ ယင်းအခန်းမှာ စာကြည့်ခန်းဖြစ်ကြောင်း သင်ရှားလှပေ၏။

အဆိုပါ စာကြည့်ခန်းအတွင်းမှ စာကြည့်စားပွဲပေါ်၌ စားပွဲတင်မီးအုပ်ဆောင်းတစ်ခုထွန်းထားပြီး ယင်းမီးအုပ်ဆောင်း၏အလင်းဖြင့် အသားဖြူဖြူသန့်သန့်လူရွယ်တစ်ဦးမှာ ညအိပ်ဝတ်စုံဝတ်ထားလျက်မှ ကုလားထိုင်တစ်လုံးပေါ်ထိုင်ကာ စာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်တစ်အုပ်ကိုင်၍ဖတ်လျက်ရှိလေ၏။

"ဟာ ... ဒါဟာ ဒီအိမ်ရှင် မင်းခပဲဖြစ်ရမယ်၊ သူ့ရုပ်ရည်နဲ့ စတိုင်လ်က အတော်သပ်ရပ်သားနားတာပဲ၊ ခုအချိန်အထိ မအိပ်သေးဘဲ စာဖတ်နေတုန်းပါလား"

ကြောင်တစ်ရာမိုးမှောင်မှာ မှန်းထားသလိုဖြစ်မလာသဖြင့် အတော်မချင့်မရဲဖြစ်သွားရသလို စိတ်လည်းတိုသွားလေ၏။ သူက ညဥ့်သန်းခေါင်ယံကျော်ပြီဖြစ်သဖြင့် အိမ်ရှင်မင်းခမှာ အိပ်မောကျလျက်ရှိပြီဟု မျှော်လင့်ထားခဲ့ပါ၏။ ယခုတော့ သကောင့်သားအိမ်ရှင်က မအိပ်သေးဘဲ ညဥ့်ကြီးသန်းခေါင်အထိ စာဖတ်နေသည်မှာ မည်သည့်အချိန်တွင်မှအိပ်မည်ကိုပင် မှန်းမရနိုင်တော့ပေ။

"တောက် ... သင်းကမအိပ်သေးဘူး၊ ဘယ်လိုလုပ်ရပါ့မလဲ"

ယင်းအခိုက်မှာပင် သူ့စိတ်ထဲသို့အတွေးရိုင်းတစ်ခု ဝင်လာတော့၏။ သူသည်ကား ငါးမရလျှင် ရေချိုးပြန်ရုံရှိတာပေါ့ဟူသော လက်လျှော့လွယ်သည့်လူစားမျိုးမဟုတ်၊ မျှော်လင့်ထားလျှင် မျှော်လင့်ထားသည့်အတိုင်း ရအောင်လုပ်လိုသူသာဖြစ်၏။

အဘက်ဘက်မှလုံခြုံလှသည့် ဤတိုက်အိမ်ကြီးထဲသို့





အခက်အခဲများကို ကျော်ဖြတ်ဝင်ရောက်လာပြီးမှတော့ အိမ်ရှင်မအိပ်သေးသဖြင့် လက်လျှော့ပြန်ရသည့်အဖြစ်မျိုး မရောက်ချင်။ စကြံလမ်းအတိုင်းလျှောက်လာစဉ်က မကြာမီနာရီပိုင်းအတွင်း မိမိ၏လက်အတွင်းသို့ အင်္ဂလိပ်ငွေစက္ကူများ အထပ်လိုက်ရောက်ရှိလာတော့မည်ဟူသော ယုံကြည်မှုဖြင့် ရင်ခုန်ပူနွေးခဲ့မှုများမှာ ယခု တော့ ကြက်ပျောက်ငှက်ပျောက်ပျောက်ခဲ့ရပြီ။

"ငွေပုံကြီးနားရောက်မှတော့ ဒီညအဖို့ လက်လွှတ်မခံနိုင်ဘူး၊ အိမ်ရှင်ကလည်း မင်းခတစ်ယောက်တည်းရယ်၊ ဒီအိမ်အပေါ်ထပ်မှာ သူတစ်ယောက်တည်း ရှိတယ်၊ သူ့ကို မအော်နိုင်အောင် ထိန်းချုပ်, ကြိုးနဲ့တုပ်ပြီး ငွေတွေစိတ်ကြိုက်ယူပြေးရင် ကောင်းမယ် ... ခုခံရင်တော့ ကိစ္စတုံးလုပ်ပစ်ရမှာပဲ"

သူက ယင်းသို့သောအတွေးရိုင်းဖြင့် ဓားမြှောင်ကို ဓားအိမ်မှချွတ်လျက် လက်ယာလက်ထဲတွင် ခပ်တင်းတင်းဆုပ်ကိုင်ထားရင်း အခန်းထဲသို့ တစ်လှမ်းချင်းလှမ်းဝင်လာတော့၏။

အိမ်ကြီးရှင်မင်းခကတော့ ... စာကြည့်ခန်းထဲသို့ တစ္ဆေသဘက်ကောင်လို တစ်လှမ်းချင်းဝင်လာသည့် ညဥ့်စောရကို စိုးစဉ်းမျှ သတိပြုမိပုံမရ ...။ စားပွဲပေါ်သို့ခါးကိုကိုင်းကာ သက်ဦးကျော်တံတောင်ကို စာကြည့်စားပွဲပေါ် ထောက်ထား၍

www.burmeseclassic.com



[illegible]ဖြင့်ပင် ဦးခေါင်း၏ဝဲဘက်အခြမ်းကို ထောက်မ[illegible] လက်ယာလက်က စာအုပ်ထူထူကြီးကို စားပွဲပေါ်မှာဖွင့်[illegible] ဓိကိုင်ထားပြီး စာကိုသာ သဲကြီးမဲကြီးဖတ်လျက်ရှိတော့၏။

"ဘိလပ်ပြန်ကြီးက စာသူရဲပါလား၊ ငါဝင်လာတာကို လုံးဝသိပုံမရဘူး။ ခုနေ သူ့ကျောပြင်ထဲ ဓားနဲ့စိုက်ချလိုက်ရင်တော့ ကိစ္စပြတ်ပြီ၊ အို … ကျောပြင်ပေါ်စိုက်ချတာထက် သူ့ရဲ့ လက်ယာဘက်နံတောင်းထဲ ဓားမြှောင်ကိုတစ်ဆုံးထိုးသွင်းလိုက်တာက ပိုကောင်းမယ်"

သူက ဆုံးဖြတ်ချက်ကို ပြတ်သားစွာချကာ ရှေ့သို့ ဖျတ်ခနဲတိုးလိုက်ပြီး လက်ထဲမှဓားမြှောင်ဖြင့် မင်းခ၏နံတောင်းအား အားကုန်ဆောင့်ထိုးထည့်လိုက်တော့၏။

'စွပ်'

"ဟာ"

ကြောင်တစ်ရာမိုးမှောင်၏ တစ်ကိုယ်လုံးဆတ်ခနဲ တ[illegible] သွားတော့၏။ သူကြုံတွေ့နေရသည့်အဖြစ်အပျက်ကိုမယုံနိုင်အောက်ဖြစ်သွားတော့သည်။

ဓားမြှောင်တစ်ဆုံးဝင်သွားသည့်တိုင် … မင်းခကတ[illegible]





တစ်ရာညည်းညူခြင်းမပြု ခန္ဓာကိုယ်ကတစ်ချက်မျှပင်တွန့် လှုပ်ခြင်းမရှိ …

"ဘုရားရေ … ဒါ … အရုပ် … အရုပ်ကြီးပါလား"

ကြောင်တစ်ရာမိုးမှောင်မှာ သူ့မျက်စိကို သူမယုံနိုင်အောင်ဖြစ်သွားရသည်။ သူက လူစင်စစ်ဟုထင်ထားသူမှာ အရုပ်တစ်ရုပ်ဖြစ်နေပါလား … သူ့ဘဝတစ်သက်တာဝယ် ဤမျှ လူနှင့်ချွတ်စွပ်တူသောအရုပ်မျိုးကို လုံးဝမမြင်ဖူးခဲ့။

အရွယ်အစား၊ အသားအရောင်၊ မျက်လုံးမျက်ခုံး မျက်တောင်လေးများမှစပြီး လူသားတစ်ဦးနှင့် ချွတ်စွပ်တူနေသည်မှာ မီးရောင်အောက်၌ တစ်ပေနှစ်ပေအကွာအဝေးမှကြည့်လျှင်ပင် အရုပ်တစ်ရုပ်ဟု ထင်မှတ်စရာမရှိပေ။

"ဒါ … ဒါဟာ အရုပ်ဆိုရင် မင်း … မင်းခက ဘယ်မှာလဲ"

သူ အံ့ဩတုန်လှုပ်စွာတွေးလိုက်မိစဉ် …

"ဟား .. ဟား .. ဟား .. ဟား .."

သူ့နောက်ကျောဘက်မှ ရယ်သံတစ်ခုကြားလိုက်ရပြီး စာကြည့်ခန်း၏မျက်နှာကြက်မီးက ချောက်ခနဲမြည်သံနှင့်အတူ ငြိမ်းသွားတော့ရာ သူလန့်ဖျပ်လျက် နောက်သို့ ချာခနဲလှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့၏။

"ဟိုက် ..."

ရှပ်အင်္ကျီလက်တိုနှင့် သက္ကလတ်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည့် ချောချောသန့်သန့်လူရွယ်တစ်ဦးက လက်ယာလက်ထဲ၌ ပစ္စတိုဒန်ရောင်လေးကိုကိုင်ထားရင်း သေနတ်ပြောင်းအား သူ့ရင်ဘက်ဆီသို့ တည့်တည့်ချိန်ထားလေ၏။

"ဟာ ... မပစ် ... မပစ်လိုက်ပါနဲ့ဗျာ"

သူ ကပျာကယာတောင်းပန်လိုက်ရင်း လက်ထဲမှ ဓားမြှောင်ကိုလွှတ်ချလိုက်ကာ လက်တို့ကို ကမန်းကတန်း မြှောက်လိုက်လျက် ပြတ်သားရဲရင့်ဟန်ရှိသည့် လူရွယ်၏မျက်နှာကို အထိတ်တလန့်ကြည့်လိုက်မိသည်။

ထိန်လင်းသော မီးရောင်အောက်ဝယ် ဖြူဝင်းသော အသားအရေ၊ စူးလက်သောမျက်ဝန်းများရှိသည့်လူရွယ်က နှုတ်ခမ်းထောင့်စွန်းတစ်ဖက် တွန့်ရှုံ့လေးပြုံးလျက်မှ သူ့ကို စူးစူးရဲရဲစိုက်ကြည့်လို့ပါလား။

"ကို ... ကိုမင်းခ ... မပစ် ... မပစ်လိုက်ပါနဲ့ဗျာ၊ ကျွန် ... ကျွန်တော်တောင်းပန်ပါတယ်"

သူ့အသံက ပို၍တုန်ခါသွားစဉ် သေနတ်မောင်းခလုတ်





ပေါ်တင်ထားသည့် လူရွယ်၏လက်ယာလက်ညှိုးလေး လှုပ်ခနဲ ကွေးသွားသည်ဟု ထင်လိုက်မိရာ ကြက်သီးဖြန်းခနဲထသွားသွားတော့၏။ သို့သော် ... သူ့စိတ်မှ ကယောင်ချောက်ချားတွေးထင်လိုက်မိခြင်းသာဖြစ်ပြီး သူ့ရှေ့မှလူရွယ်မှာ တုတ်တုတ်မျှပင် မလှုပ် ...။

စာအုပ်ဗီရိုနှစ်လုံးအကြား မီးရောင်အောက်မှလူရွယ်ကိုငေးကြည့်ရင်း သူ့စိတ်ဝယ် သံသယဝင်လာတော့၏။ ထို့ကြောင့် သူက မျက်မှောင်ကြုတ်ကာ လူရွယ်ကို သေသေချာချာအတဲခတ်ကြည့်သည်။

"ဟုတ်ပါတယ် ... ဒါ လူမှ လူအစစ်ပါ၊ သူ့ရဲ့ရုပ်သွင်က အတော်ပြတ်သားရက်စက်မယ့်ပုံပဲ ... သွေးအေးပြီး စကားနည်းပုံတော့ ရတယ်၊ သွေးအေးပြီးစကားနည်းသူတွေဟာ ကြောက်ဖို့ကောင်းတယ်၊ သူ ... သူ ငါ့ကိုခွင့်မလွှတ်ဘဲ ပစ်သတ်တော့မယ်ထင်တယ်"

ကြောင်တစ်ရာမိုးမှောင်မှာ ချောက်ချားစွာတွေးရင်း မြှောက်ထားသောလက်နှစ်ဖက်ကို မချရဲဖြစ်သွားသော်လည်း လှုပ်ရှားမှုမရှိသည့် လူရွယ်ကို အတန်ကြာကြောင်စီစီကြည့်နေရင်းဝယ် သံသယပွားလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး ...သူဟာ လူမဟုတ်ပါဘူး အရုပ်ပါ ဟိုစာကြည့်စားပွဲကလူလိုပဲ အရုပ်ပါ၊ ဒါ ...ဒါ သူကနံရံက မီးခလုတ်ကိုဘယ်လိုဖွင့်မှာလဲ ...ပြီးတော့သူ စောစောကပဲ တဟားဟားရယ်လိုက်သေးတယ်"

ကြောင်တစ်ရာမိုးမှောင်မှာ ဝေခွဲမရဖြစ်လာရာမှ သံ ယမိုးရွာလာကာ နံဘေးသို့ ဘေးတိုက်ခြေတစ်လှမ်း အရဲစွန့် ရွေ့လိုက်၏။ သို့သော် ...သူ့ကို သေနတ်ဖြင့်တည့်တည့်ချိန် ထားခဲ့သည့်လူရွှယ်က ပစ်မှတ်၏ရွေ့လျားမှုနောက်သို့ လှည့်ပ လိုက်ပါလာခြင်းမရှိ ပကတိ မလှုပ်မယှက်။

"ဟိုက် ...ဒါလည်းအရုပ်ပါပဲလား ...သေလိုက် တော့ကွာ"

သေနတ်ဖြင့်ချိန်ထားသူမှာ အရုပ်မှန်းသိမှ ကြော တစ်ရာမိုးမှောင်က သူ၏လက်နှစ်ဖက်ကိုမြှောက်ထားရာမှ လိုက်ကာ သက်ပြင်းကြီးကိုမှုတ်ထုတ်လိုက်၏။

သို့တိုင် သူ့ရင်ထဲက မအေးသေး။

ဗိုလ်ပင် သောကအပူကြီးကာ ချောက်ချား သွားရ သည်။

"ငါ ...ငါ့ကို ဒီအိမ်ကြီးထဲမှာ တစ်ယောက်ယောက်





အရုပ်တွေနဲ့ထောင်ချောက်ဆင်ပြီး ခြောက်လှန့်နေသလိုပဲ၊ ဒီ ...ဒီအိမ်ကြီးထဲမှာ ငါ့အတွက်အန္တရာယ်ရှိတယ်၊ ငါ ...ငါ ဒီအိမ်ကြီးထဲက မြန်မြန်ထွက်မှဖြစ်မယ်၊ တုတ်တယ် ...မြန်မြန် ထွက်မှဖြစ်မယ်"

ကြောင်တစ်ရာမိုးမှောင်မှာ ချောက်ချားတုန်လှုပ်ခြင်း ကြီးစွာဖြင့် စာကြည့်ခန်းထဲမှ ဒရောသောပါးပြေးထွက်ခဲ့လိုက် သည်တွင် အခန်းအပြင်ဘက်ရှိ စင်္ကြံတစ်လျှောက်မှာ စောစောက သို့ (Dimlight) မီးလေးတစ်ပွင့်တည်းဖြင့် မှိန်ဖျော့ဖျော့လင်းနေ ခြင်းမျိုးမဟုတ်တော့ဘဲ စင်္ကြံတစ်လျှောက်လုံးရှိ နံရံမှမီးပွင့်တို့အား ထုံး လင်းလျက်ရှိတော့၏။

ကြောင်တစ်ရာမိုးမှောင်သည် မျက်နှာကြက်အပေါ်က ရှိရာ နောက်ဘက်ဆုံးအဆောင်ဆီသို့ဦးတည်ပြေးထွက်ခဲ့သော် သည်း အခန်းအပြင်သို့ရောက်သည်တွင် စင်္ကြံ၏အလယ်ခန့် ဆောက်၌ ငှက်ကြီးတောင်ဓားရှည်တစ်လက်ကိုင်လျက်သား ရပ် နေသည့်လူရွယ်တစ်ဦးကိုတွေ့ရရာ သူ၏ခြေလှမ်းတို့တုံ့ခနဲ ရပ်ဆိုင်းသွားရတော့၏။

"ဟာ ...သူကရော ...လူလား ...အရုပ်လား"

သူနှင့်နှစ်လံခန့်သာကွာဝေးတော့သော ငှက်ကြီးတောင်



www.burmeseclassic.com

www.burmeseclassic.com



ဓားနှင့်လူရွှယ်ကို လူလား၊ အရုပ်လားဟု မဝေခွဲတတ်တော့ ထိုလူရွှယ်၏သန့်ပြန့်ချောမောသောရုပ်သွင်မှာ စကြံခန်းထဲမှ လူရွှယ်နှစ်ယောက်နှင့် လုံးတူ၊ ရုပ်တူ၊ ရုပ်ချင်းချွတ်စွပ်တူလျက်ရှိရာ သူသည်လည်း မင်းခကိုယ်တိုင်သော်လည်းကောင်း၊ မင်းခ၏ပုံတူအရုပ်သော်လည်းကောင်း ဖြစ်ပေလိမ့်မည်။

မည်သို့ဖြစ်စေ ငှက်ကြီးတောင်ဓားကိုင်စွဲထားသော လူရွှယ်မှာ သူသွားမည့်လမ်းကို ပိတ်ဆီးလျက်ရှိရာ ... ကြောင်တစ်ရာမိုးမှောင်မှာ ရှေ့တိုးရခက်နေတော့၏။

အရုပ်မဟုတ်ဘဲ လူအစစ်ဖြစ်ခဲ့သော် ခက်ရချည့်ဟုတွေးရင်း ချီတုံချတုံဖြစ်နေရာမှ ရှေ့သို့ဆက်မတိုးဝံ့တော့ရာ နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်ပြီး စကြံ၏ထိပ်မှညှော်ခန်းမကျယ်ထဲ ပြေးထွက်လိုက်လေ၏။

ထိုအခန်းကျယ်ကြီးသို့အရောက်တွင် အောက်ထပ်သို့ ဆင်းသည့်ကျွန်းလှေကားကြီးကိုတွေ့ရာ လှေကားအတိုင်း ဒရောသောပါးပြေးဆင်းတော့၏။

'ဒုံး ..ဒုံး ..ဒုံး'

သို့သော် လှေကားတစ်ဆစ်ချိုးသို့အရောက်၌ အောက်ထပ်မှ လှေကားအတိုင်းတက်လာနေသည့် ရဲတပ်ဖွဲ့ဝင် သုံးဦးကို





တွေ့လိုက်ရသည်တွင် လိပ်ပြာလွင့်မတတ် ချောက်ချားသွားတော့သည် ...

"ဟိုက်"

ချက်ချင်းချာခနဲလှည့်ကာ လှေကားအတိုင်း အိမ်ပေါ်ထပ်သို့ပြန်ပြေးတက်ခဲ့တော့၏။

'ဒုံး ..ဒုံး ..ဒုံး'

ကြောင်တစ်ရာမိုးမှောင်ကား ထောက်ချောက်တစ်ခုထဲသို့ ချောင်ပိတ်မိနေသောသားကောင်သဖွယ် ယောက်ယက်ခတ်နေတော့သည်။

သူ လှေကား၏အပေါ်ဆုံးအထပ်သို့ လှမ်းတက်ပြီးသည်နှင့် အိမ်ပေါ်ထပ်သီးသန့်ညှော်ခန်းမကျယ်ကြီးထဲဝယ် မျက်နှာချင်းဆိုင်ဆုံလိုက်ရသည်က ငှက်ကြီးတောင်ဓားရှည်ကို ကိုင်စွဲထားသော မင်းခကိုပဲဖြစ်ပါ၏။

"ဟာ ... သူက စကြံထဲကနေ ဒီ ... ဒီနေရာရောက်နေပါလား ... ဒါ ... ဒါဆို"

"ဟုတ်တယ် ကြောင်တစ်ရာမိုးမှောင် ... ကျုပ်ဟာ ...ဘဲ ... အရုပ်မဟုတ်ဘူး"

မင်းခက လက်ထဲမှဓားကိုဝင့်ကာ ပြောလိုက်မှ ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com





တော့တ်ကြောင်း သေချာသွားတော့၏။ ကြောင်တစ်ရာမိုးမှောင်မှာ သတ်ပြင်းရိုက်လိုက်ပြီး ...

"မင်းခ ... မင်း ... ငါ့ကိုဘာသဘောနဲ့ မင်းရဲ့ရုပ်တုတွေကို အသုံးပြုပြီးခြိမ်းခြောက်ရတာလဲ"

ဟုခပ်ဆတ်ဆတ်မေးလိုက်ရာ ... ဆွယ်တာအညိုရောင်လက်ရှည်နှင့် ကာကီရောင်သက္ကလတ်ဘောင်းဘီရှည်ဝတ်ထားသည့် မင်းခက နှုတ်ခမ်းထောင့်စွန်းတစ်ဖက် တွန့်ရုံလေးပြုံးလိုက်ပြီး မခိုးမခန့်ပြန်ပြောလေသည်။

"သူခိုးက လူမဟုတ်ပါနဲ့ ကိုမိုးမှောင် ... ခင်ဗျားကဘာသဘောနဲ့ ကျုပ်ရဲ့ပိုင်နက်, ကျုပ်ရဲ့အိမ်ထဲကျူးကျော်ဝင်ရောက်လာရတာလဲ၊ ခင်ဗျားကသူခိုးဆိုတော့ ခိုးဖို့လာတာပေါ့ ... ဟုတ်လား"

"ဟုတ်တယ်ကွာ ... မင်း အခုသူခိုးကိုမိနေပြီပဲ၊ မကြာခင် ဂါတ်တိုင်လိုက်မေ့ါကွ ... ဒါကို ဘာဖြစ်လို့ ရုပ်တုတွေနဲ့ ခြိမ်းခြောက်ရတာလဲ၊ ပြီးတော့ မင်းက ငါ့ကိုသတ်ဦးမယ်ပေါ့ ... ဟုတ်လား"

မင်းခက ခါးကိုဝင့်ကာမခိုးမခန့်ပြုံးလိုက်ပြန်သည်။

"ရုပ်တုတွေနဲ့ ခင်ဗျားကိုလှည့်ဖြားရတာကတော့ ကျုပ် အင်္ဂလန်မှာနေခဲ့တဲ့ သုံးနှစ်လုံးလုံး ကမ္ဘာကျော်မဒမ်တူးဆော့ဒ်ရဲ့ မြေးရဲ့မြေး (တွတ်)ဖြစ်တဲ့ ဘားနဒ်တူးဆော့ဒ်ဆီကနေ ဖယောင်းရုပ်တုပြုလုပ်တဲ့ပညာကို သင်ကြားခဲ့သမျှ ကျုပ်ရဲ့ အတတ်ပညာကို စမ်းကြည့်တဲ့သဘောပါပဲ၊ ဒါကတော့ တစ်ပိုင်းပေါ့လေ"

"ခင်ဗျားကိုသတ်ဖို့ ... မသတ်ဖို့ဆိုတာက တစ်ပိုင်း"

ထို့နောက် မင်းခသည် ငှက်ကြီးတောင်ဓားကိုဝင့်လိုက်ပြီး ...

"ကဲ ... ကိုမိုးမှောင် ... ခင်ဗျား ကျုပ်မေးတဲ့မေးခွန်းတွေကို မှန်မှန်ဖြေပေတော့ ... မှန်မှန်မဖြေရင်တော့ ကျုပ်ရဲ့ဓားဟာ ခင်ဗျားရဲ့ဇက်ပေါ် အချိန်မရွေးကျရောက်သွားမယ်နော်"

ဟုပြောလိုက်ကာ ငှက်ကြီးတောင်ဓားကို လေထဲဝယ် တစ်ပိုင်းသဏ္ဌာန်ဝှေ့ရမ်းရင်း ဓားရေးပြလိုက်ရာ ဓားသံ တစီစီ ထွက်သွားကြားရပြီး ဓားသွားရာလမ်းကြောင်းကိုမမြင်ရဘဲ အဖြူရောင်စက်ဝိုင်းသဏ္ဌာန်တို့ကိုသာ တွေ့ရတော့၏။

ကြောင်တစ်ရာမိုးမှောင်မှာ ... မင်းခ၏ဓားရေးကိုကြည့်လိုက်ရုံဖြင့် မင်းခ ဓားရေးမည်မျှထက်ကြောင်းကို အကဲခတ်မိရင်း ခြေဖျားလက်ဖျားများအေးလောက်အောင် ထိတ်လန့်တုန်လှုပ်





www.burmeseclassic.com

www.burmeseclassic.com



သွားရတော့မယ်

ထို့နောက် မင်းခက သူ၏ခါးကို မောင်းကပ်ခါးကိုင် နည်းဖြင့် ပြန်သိမ်းလိုက်ပြီး ...

“ဟဲ ... ကျုပ်ရဲ့အိမ်, ကျုပ်ရဲ့ပိုင်နက်ထဲကျူးကျော်လာတဲ့ ခင်ဗျားဟာ အဘက်ဘက်ကရှုံးနေပြီ၊ ခင်ဗျားကို ပုလိပ်လက်အပ်လို့လည်း ရတယ်၊ သတ်ပစ်လို့လည်း ရတယ်၊ ကျုပ်မေးတာကို မှန်အောင်ဖြေရင်တော့ ခင်ဗျားသက်သာမယ်၊ လိမ်ညာဖြေလို့ကတော့ ခင်ဗျားဇက်ပြုတ်ပြီသာမှတ်”

ဟု လွန်စွာတင်းမာပြတ်သားသောလေသံဖြင့် ပြောလိုက်ရာ ... စာကြည့်ခန်းထဲဝယ် ခါးမြှောင်ကျန်ရစ်ခဲ့သဖြင့် လက်နက်မဲ့လျက်ရှိရသည့်အပြင် သူ့ထံတွင် ခါးမြှောင်သာမက ဂုဏ်ကြီးတောင်ပင်ရှိစေဦး ... ခါးရေးလွန်စွာကျွမ်းကျင်ပုံရသော မင်းခကို မယှဉ်ဝံ့သဖြင့် ကြောင်တစ်ရာမိုးမှောင်မှာ တုန်ယင်သောအသံဖြင့် ပြန်ဖြေရှာသည်။

“ကျုပ် ... ကျုပ်သိသမျှပြောပါ့မယ်၊ ဘာမေးမှာလဲ မေးပါ”

“ကောင်းပြီ ... ခင်ဗျားလိမ်ဖို့တော့ မကြိုးစားနဲ့နော်”

“မ ... မလိမ်ပါဘူး ... မေးပါ”





“လွန်ခဲ့တဲ့ ငါးနှစ်နီးပါးလောက်က မန္တလေးမြို့ ဘုရားကြီးအောက်ကျောင်းရပ်က နဂါးစံအိမ်ကြီးထဲ ခင်ဗျား ဝင်ပြီးခိုးဖူးတယ်မဟုတ်လား”

မင်းခ၏မေးခွန်းကြောင့် ကြောင်တစ်ရာမိုးမှောင်မှာ ဖဝေဖဝါဖြစ်သွားသည်။

“နဂါးစံအိမ် ... ဟုတ်လား”

“ဟုတ်တယ် ... နှစ်ဆောင်ပြိုင် ... ရှေးပုံစံပျဉ်ထောင်အိမ်ကြီးပဲ၊ အိမ်အမိုးမှာ စုလစ်မွန်းချွန်ပြာသာဒ်တွေပါတဲ့ အိမ်ကြီးလေ”

“သြော် ... ဟုတ်ပြီ ... မှတ်မိပြီ ... အိမ်အမိုးစွန်းက ဘီလူးပန်းဆွဲနေရာတွေမှာ နဂါးရုပ်တွေ ထွင်းထုထားတယ်၊ မိန်တောင်တွေရဲ့အလယ်မှာတောင် နဂါးရစ်ခွေပြီး အမောက်ဆောင်နေတဲ့ပုံတွေ ထွင်းထုတပ်ဆင်တဲ့ ရှေးပုံစံစံအိမ်ကြီး”

“ဟုတ်ပြီ ... အဲဒီအိမ်ထဲကနေ ဘုရားခန်းကြီးထဲက ကြွေညည်သုတ်ပန်းအိုးလေးတစ်လုံးကို ခင်ဗျားခိုးယူသွားခဲ့တယ် မဟုတ်လား”

“အဲ ... ဟုတ် ... ဟုတ်ပါတယ်”

“အဲဒီပန်းအိုးကိုမှ ရွေးပြီး ဘာဖြစ်လို့ခိုးရတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ခိုးခိုင်းတာလဲ ... ပန်းအိုးကိုခိုးပြီး ဘယ်သူ့လက်ထဲ အပ်ရသလဲ''

ကြောင်တစ်ရာမိုးမှောင်မှာ ခေါင်းကိုကုတ်စဉ်းစားလိုက်ပြီးမှ သက်ပြင်းကြီးချကာ ...

''အဲ ... အဲဒီပန်းအိုးကိုခိုးဖို့ မန္တလေးဘုတာကြီးနားက လူဝကြီးထမင်းဆိုင်မှာတွေ့ပြီး ရင်းနှီးသွားတဲ့ခရီးသွားမိန်းမနှစ်ယောက်ကခိုင်းလို့ ခိုးရတာပါ၊ သူတို့က အဲဒီပန်းအိုးလေးကို ခိုးယူပေးရင် ငွေငါးထောင်ပေးမယ်ဆိုတော့ ငါးထောင်ဆိုတဲ့ ပိုက်ဆံဟာ ကျုပ်ရဲ့တစ်သက် မြင်တောင်မမြင်ဖူးတဲ့ပိုက်ဆံမို့ ခိုးပေးဖို့တာဝန်ယူခဲ့ပါတယ်၊ သူတို့က စရန်အဖြစ် ငွေနှစ်ထောင်ပေးတယ်၊ အဲဒီတုန်းက ကျုပ်ကလည်း မန္တလေးဈေးချိုထဲမှာ မိန်းမတွေရဲ့ပိုက်ဆံအိတ်ကိုအလစ်သုတ်တဲ့ သူခိုးပါမွှားအဆင့်လောက်ပဲရှိသေးတာကိုး၊ ဒီတော့ ငွေငါးထောင်မက်ပြီး အဲဒီစဥ္စ ရည်သုတ်ပန်းအိုးလေးကိုခိုးပေးလိုက်တယ် ...။

'တစ်မူးလောက်တောင်မတန်တဲ့ စဥ္စရည်သုတ်ပန်းအိုး လေးကို ငါးထောင်တောင်ပေးတာဆိုတော့ ... ကျုပ်က 'က' ပြီး ခိုးပေးလိုက်တာပေါ့၊ ပြောရရင် အဲဒီတုန်းက ကျုပ်ကို ဂိုဏ်းဆရာတစ်ဦးက သူ့ဆေးစမ်းတဲ့အနေနဲ့ ကျုပ်ရဲ့ခါးကနေ





ခေါင်နှစ်ဖက်စလုံး ဒူးဆစ်ကျတဲ့အထိ ကြောင်နက်ရုပ်တွေကို ဆေးရနက္ခတ်နဲ့ယှဉ်ပြီး ထိုးပေးပြီးစအချိန်ပေါ့ ...။

ဆရာကလည်း သူ့ဆေးအစွမ်းကို စမ်းတဲ့အချိန်, ကျုပ် ကလည်း ကျုပ်ရဲ့အစွမ်း ကျုပ်စမ်းသပ်တဲ့အချိန် ... ဘာပြော ကောင်းမလဲ၊ အဲဒီနဂါးစံအိမ်ကြီးထဲကြောင်တစ်ကောင်လို လွှား နဲ့လွှားခနဲဝင်ပြီး အိမ်ပေါ်ထပ်ဘုရားခန်းထဲက စဥ္စရည်သုတ် အဲဒီပန်းအိုးလေးကို အောင်အောင်မြင်မြင်ကြီးခိုးနိုင်ခဲ့တာပေါ့၊ ဒါပေမဲ့တောင် ... အိမ်သားအဘိုးကြီးတစ်ယောက်နဲ့တိုးလို့ သူ့ရဲ့ ခေါင်းကိုဒူးပျံနဲ့ပစ်တိုက်ပြီး အမြန်ဆုံးထွက်ပြေးခဲ့ရတယ် ...။

ပန်းအိုးလေးကိုရပြီး နောက်နေ့မနက်စောစောမှာပဲ၊ ကျုပ်ကိုခိုးခိုင်းတဲ့မိန်းမနှစ်ယောက်နဲ့ချိန်းထားရာ မန္တလေးတောင် ခြေရင်းကိုလာ... တက်ခဲ့ပြီး အိုးလေးကို သူတို့ရဲ့လက်ထဲ အပ်ခဲ့တယ်၊ သူတို့ ကလည်း ကျုပ်ကိုပေးစရာရှိတဲ့ ကျန်ငွေသုံးထောင်ကိုပေးခဲ့ တယ်''

''ဟုတ်ပြီ ... အဲဒီမိန်းကလေးနှစ်ယောက်ရဲ့ ပုံသဏ္ဌာန် ဘယ်လိုလဲ''

''တစ်ယောက်က အသက်ဆုံးဆယ်လောက်၊ အသား ညို၊ ကိုယ်လုံးတောင့်တောင့်၊ သူ့ရဲ့ညာဘက်နှာခေါင်းဝရဲ့



www.burmeseclassic.com

www.burmeseclassic.com



အောက်နားမှာ မှဲ့တစ်လုံးရှိတယ်၊ နောက်တစ်ယောက်က ... 
သက်နှစ်ဆယ်လောက်ပဲရှိပြီး ... အသားဖြူဖြူ၊ ကိုယ်လုံးသွ
သွယ် သူကပိုလှတယ်၊ သူတို့ကိုကြည့်ရတာ ခရီးသွားတွေ
တူတယ်၊ နာမည်တော့မပြောကြဘူး၊ ဘယ်ကလာလို့ဘယ်သွာ
မယ်ဆိုတာကိုလည်း မပြောကြဘူး"

"သူတို့အချင်းချင်းခေါ်တာ၊ပြောတာရော ခင်ဗျားမကြ
မိဘူးလား"

"အဲ ... တစ်ယောက်က မမလေးလို့ခေါ်ပြီး ... တ
ယောက်က ညီမလို့ပဲခေါ်တယ်"

"သူတို့နဲ့ ခင်ဗျားတွေ့တဲ့အချိန်မှာ သူတို့အချင်းချ
အခြားထူးထူးခြားခြား ဘာစကားပြောတာမှ မကြားမိဘူးလား

ကြောင်တစ်ရာမိုးမှောင်က အတန်ကြာခေါင်းကုတ်လို
ပြီးနောက် သက်ပြင်းချလိုက်ပြန်သည်။

"အင်း ... ကြာပြီဆိုတော့ မေ့တော့တော့ပဲ၊ အဲ ...
တစ်ခုမှတ်မိတာကတော့ ... နဂါးတော့ပြီးပြီ ဂဠုန်အလှည့်
ဆိုလား ... သူတို့ပြောတာ ကြားမိတယ်"

"ဟုတ်ပြီ ... ခင်ဗျား သူတို့နဲ့စကားပြော၊ ပစ္စည်းနဲ့
ဖလှယ်ပြီး သူတို့ဘယ်ကိုထွက်သွားကြသလဲ၊ သူတို့နဲ့ ပြန်





တွေ့သေးလား"

"ဘယ်ထွက်သွားသလဲ မသိဘူး၊ အမှန်တော့ အဲဒီတုန်း
က သူတို့က တောင်ပေါ်မှာနေရစ်ခဲ့ကြတာ၊ သူတို့က ကျုပ်ကို
တောင်ပေါ်က အရင်ပြန်ဆင်းနိုင်းလို့ ကျုပ်ပြန်ဆင်းခဲ့ရတာ၊ အဲ
နောက်ပိုင်း သူတို့နဲ့လုံးဝပြန်မတွေ့ရတော့တာ ဒီနေ့အထိပါပဲ"

ထို့နောက် မင်းခသည် ထိုမိန်းမနှစ်ယောက်၏ရုပ်သွင်ကို
ချာပြောနိုင်းပြီး ပန်းချီပုံကြမ်းရေးဆွဲယူလိုက်ပြီးမှ ...

"ခင်ဗျား အခုပြောတာတွေအမှန်ပဲနော်၊ ထိမ်ညာပြော
ဟုတ်ပါဘူးလို့ သစ္စာရေသောက်ရဲသလား"

"အ ... အမှန်တွေပြောတာပါ၊ တစ်ခုမှ ညာတာမပါ
သစ္စာရေလည်း သောက်ရဲပါတယ်"

"ကောင်းပြီ ... ဒါဆို ဟောဒီရေကို သစ္စာဆိုပြီး
သောက်ပေတော့"

မင်းခက ညှော်ခန်းမကြီး၏နံရံများရှိ ဗီရိုပုလေးပေါ်တင်
ထားသော ဖန်ရေတကောင်းထဲမှရေကို အဖုံးဖန်ခွက်ထဲ တစ်
ကျော်ကျော်ခန့်လောင်းထည့်ပြီး ဖန်ခွက်ကို ကြောင်တစ်ရာ
မှောင်၏လက်သို့ ကမ်းပေးလိုက်လေ၏။

"ကဲ ... သစ္စာဆို ... ကျွန်ုပ် ယခုဖြေကြားသမျှသည်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအမှန်သစ္စာချည်းဖြစ်ပါသည်၊ သစ္စာပျက်ယွင်းကာ လိ ညာထွက်ဆိုမိပါက သစ္စာရေရှူးပြီး ဒုက္ခကြီးစွာရောက်ရပါစေသာ လို့ ...ဆိုပေဟော့''

ကြောင်တစ်ရာမိုးမှောင်ကား မင်းခညွှန်ကြားသည့်အ တိုင်း ...သစ္စာကို သုံးကြိမ်သုံးလီဆိုပြီးနောက် ဖန်ခွက်ထဲ ရေကို ကုန်အောင်သောက်လိုက်လေတော့၏။

''ကောင်းပြီ ...ခင်ဗျားဟာ မေးသမျှ မှန်မှန်ကန်က ဖြေတဲ့အတွက် ဟောဒီအိတ်နဲ့ အိတ်ထဲကပစ္စည်းတွေကို လာဘ်အဖြစ်ပေးလိုက်မယ်၊ ခင်ဗျား အောက်ထပ်ကအိမ်ေ တံခါးချက်တွေကိုဖြုတ်ပြီး ထွက်သွားပေတော့၊ ဒီအိတ်ထဲ ငွေသားနှစ်ထောင်နဲ့ အဝတ်အစားအသစ် သုံးစုံပါတယ်''

ဟုပြောကာ ဆက်တီခုံတစ်လုံးပေါ်တင်ထားသည့် ဆောင်အိတ်တစ်လုံးကို လက်ညှိုးညွှန်ပြလိုက်လေ၏။

''ဟာ ...ဝမ်းသာလိုက်တာ ...ကျေးဇူးတင်လို တာ''

ကြောင်တစ်ရာမိုးမှောင်သည် မင်းခက သူ့ကိုသ လည်းမှသတ်၊ ဂါတ်တဲပို့ပြီး အမှုဖွင့်ခြင်းလည်းမပြုသဖြင့် လွ ဝမ်းသာသွားရှာတော့၏။





''ကဲ ...ခင်ဗျားသွားတော့၊ သွားရင်ကုက္ကိုင်းလမ်းဆုံ ဘက်က သွားနော်''

''ကောင်းပါပြီ''

ကြောင်တစ်ရာမိုးမှောင်မှာ အသတ်ခံရမည့်ဘေး၊ မား နှုတ်ခံရမည့်ဘေး၊ ထောင်ကျရမည့်ဘေးတို့မှ လွတ်မြောက်သွား သဖြင့် အတိုင်းထက်အလွန် ဝမ်းသာလျက်ရှိကာ ...မင်းခပေး သည့် ခရီးဆောင်အိတ်ကို ...ဝမ်းသာအယ်လဲကောက်လွယ်ပြီး အောက်ထပ်သို့ဆင်းရန် လှေကားဆီသို့ ခပ်သွက်သွက်လျှောက် သွားတော့၏။

ကြောင်တစ်ရာမိုးမှောင် ပထမဆုံးလှေကားထစ်အပေါ် နင်းလိုက်ချိန်၌ မင်းခက လှမ်းပြောလိုက်သည်။

''ဒီမှာ ကိုမိုးမှောင် ...ခင်ဗျားကို ကျုပ်အသိပေးဖို့ မေ့သွားတာတစ်ခုရှိတယ်၊ အဲဒါကတော့ ခင်ဗျား နဂါးစံအိမ်ထဲ ခင်နိုးပြီးပြန်အထွက်မှာ ခင်ဗျားဒူးနဲ့ပစ်တိုက်တာခံခဲ့ရတဲ့ အဘိုး အိုဟာ ပက်လက်လန်ပစ်လဲကျသတိလစ်သွားရာက သတိပြန် လည်မလာဘဲ အသက်ပါ ပါသွားခဲ့တယ်''

''ဟင်''

''အဲဒီအတွက် ထိုက်တန်တဲ့ပြစ်ဒဏ်ခတ်မှုတော့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ခံရလိမ့်မယ်''

မင်းခအား လည်ပြန်လှည့်ကြည့်နေသည့် ကြောင်တစ်ရာမိုးမှောင်မှာ မင်းခ၏အေးစက်စက်အကြည့်နှင့် ပြတ်သားသောစကားသံတို့ကြောင် ကျောရိုးထဲစိမ့်ခနဲဖြစ်သွားပြီးနောက် ဘာမှပြန်မပြောဘဲ လှေကားအတိုင်း ခပ်သုတ်သုတ်ဆင်းသွားတော့၏။

မင်းခက လှေကားအတိုင်းလိုက်ဆင်းလာပြီး ... အိမ်ရှေ့တံခါးမကြီး၏ချက်များကိုဖြုတ်ကာ ကြောင်တစ်ရာမိုးမှောင် အိမ်ထဲမှထွက်သွားသည်နှင့် ဧည့်ခန်းရှိ တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်ကာ နံပါတ်တစ်ခုကိုလှည့်လိုက်တော့၏။

''ဟဲလို ဗဟန်းဂိတ်ကလား''

''သတင်းတစ်ခုပေးချင်လို့ပါ ... ပတ်ကလိန်းလမ်း (ယခု ကမ္ဘာအေးဘုရားလမ်း) ဘက်ကနေ ကုက္ကိုင်းလမ်းဆုံကို ဦးတည်ပြီး သူခိုးတစ်ဦးလာနေပါတယ်၊ ခိုးရာပါပစ္စည်းတွေနဲ့အတူပါ၊ သူဟာ နာမည်ကျော်သူခိုး ကြောင်တစ်ရာမိုးမှောင် ဖြစ်ပါတယ်''

❒❒❒





ကြောင်တစ်ရာမိုးမှောင်မှာ ခရီးဆောင်အိတ်ကို လွယ်...း ပတ်ကလိန်းလမ်းအတိုင်း ကုက္ကိုင်းဘက်သို့ခပ်သုတ်သုတ်...ျှောက်လာနေသည်။

လမ်းမီးတိုင်များ၏အလင်းနှင့် ပြည့်ရှန်းစပြုသော...င်း၏အလင်းတို့ကြောင့် ကုက္ကိုင်းလမ်းဆုံသို့ရောက်လုလုဝယ်...ခပ်ဝေးဝေးမှလာနေသော ပုလိပ်တပ်ဖွဲ့ဝင်တို့၏ စက်ဘီး...ကို လှမ်းမြင်လိုက်ရာ လမ်းနံဘေးရှိကုက္ကိုပင်ကြီးတစ်ပင်၏



www.burmeseclassic.com

www.burmeseclassic.com



ထ်ရည်နောက်သို့ ခြေဝင်ပုန်းရန် ခြေလှမ်းလိုက်စဉ်မှာပင် ခေါင်း
တ မိုက်ခနဲဖြစ်သွားပြီး ခြေလှမ်းယိုင်သွား၏။

"ဟာ ... ငါ ... ငါ ... ဘာဖြစ်ပါလိမ့်"

ထိုစဉ် ပုလိပ်တစ်ဖွဲ့ဝင်များထံမှ စူးရှသောလက်နှိ
ခတ်မီးရောင်က သူ့ကိုယ်ပေါ်သို့ ဖွေးထင်းစွာကျရောက်လို့လာ
ပြီး ...

"ဟော့ ... မိုးမှောင် ... မပြေးနဲ့"

"ဟိုက် ... ငါမှန်း ပတ္တရောင်ပုလိပ်တွေ သိနေပ
လား"

သူ အံ့သြစိတ်နှင့်အတူချောက်ချားသွားပြီး ... ကုဏ္
ပင်ကြီးအောက်မှ ချုံတစ်ခုထဲတိုးရန် နောက်ထပ်ခြေလှမ်းတ
လှမ်းထပ်လှမ်းလိုက်စဉ် တစ်ကိုယ်လုံးလေးလံလာပြီး ခေါင်းက
ချာချာလည်မူးသွားလျက် ရင်ဘတ်ထဲမှ မခံမရပ်နိုင်အောင် ရှ
အောင့်နာကျင်လာတော့၏။

"အ ... အာ ... ငါ ... ငါ ... ဘယ်လိုဖြစ်ပါလိမ့်"

ပုလိပ်တစ်ဖွဲ့ဝင်များ သူ့အနီးသို့ရောက်လာချိန်မှာတော့
နဖူးမှချွေးတို့ စို့လာကာ ဒူးများညွှတ်ကျလျက် မြက်ခြောက်ပ
များပေါ်သို့ ပစ်လဲကျသွားပါတော့၏။





ပုလိပ်စာသင်တစ်ဦးက စက်ဘီးပေါ်မှဆင်းပြီး စက်ဘီး
ကိုလမ်းနံဘေးတွင် ဒေါက်ထောက်ရပ်လိုက်ကာ လဲကျနေသူ
ထံပြေးလာလျက် အသေအချာစစ်ဆေးကြည့်လိုက်၏။

"အိုး ... အိုး ... နဂါး ... နဂါး"

ကြောင်တစ်ရာမိုးမှောင်မှာ ကယောင်ကတမ်း ရေရွတ်
ပြီးနောက် ငြိမ်ကျသွားတော့၏။

ထို့နောက် ပုလိပ်စာသင်မှာ မျက်လုံးပြူးသွားပြီး ပုလိပ်
အရာရှိဝန်ထောက်ဘက်သို့ လှည့်ပြောလိုက်၏။

"အိုင်ပီ ... ဒီကောင် အသက်မရှိတော့ဘူး"

□□□



www.burmeseclassic.com

www.burmeseclassic.com




# နေလစကြာ

လွန်စွာလူသူစည်ကားလျက်ရှိသော ကြည့်မြင်တိုင်ဈေးကြီးအတွင်းရှိ ရွှေဆိုင်တန်းဘက်မှ 'သြဘာနိမိတ်'ရွှေဆိုင်၌ ရွက်ကြမ်းရေကျိုရုပ်ရည်၊ အသားလတ်လတ်၊ ပုပျပ်ပျပ်၊ အသက်အားဖြင့်သုံးဆယ်ကျော်ခန့်ရှိသည့် မလှမြိုင်ဟူသော အမျိုးသမီးသည် ... အတွင်းခံအင်္ကျီအိတ်ထဲမှ စက္ကူဖြင့်လုံးထုပ်ထားသော အထုပ်ငယ်ကို ထုတ်ကာ ဆိုင်ရှင်ဖြစ်သည့် ဝဝခဲ့ခဲ့ အသားညိုချောလုံးကြီးပေါက်လှ မစိမ်းညို့၏လက်ထဲသို့ ထည့်လိုက်လေ၏။





မစိမ်းညို့ကလည်း စက္ကူထုပ်ကိုဖြည်ကြည့်ရာ ရွှေကြယ်သီးတစ်စုံကို တွေ့လေ၏။

မစိမ်းညို့က ပြုံးလိုက်ကာ ...

“ဒါလည်း မမြိုင်ရဲ့အဘွား အမွေပေးခဲ့တာပဲလား”

ဟုမေးလိုက်ပြီးလျှင် ဆိုင်မှအကူကောင်မလေးအား မလှမြိုင်အတွက် လက်ဖက်ရည်နှင့်မုန့်သွားယူရန် စေခိုင်းလိုက်လေ၏။

မလှမြိုင်သည်ကား လွန်ခဲ့သောတစ်လခန့်မှစ၍ သူ့ဆိုင်သို့သာ ရွှေတိုရွှေစလေးများ လာရောင်းလေ့ရှိခဲ့ရာ ဖောက်သည်ဖြစ်လာပြီး ယခု ရစ်ကြိမ်မြောက်လာရောင်းခြင်းဖြစ်လေ၏။ အရောင်းသမျှရွှေတိုရွှေစတို့မှာ ရှေးပန်းထိမ်လက်ရာ ရွှေကြယ်သီး၊ ရွှေလက်စွပ်၊ ရွှေလက်ကောက်၊ ရွှေဘီးစသည်တို့သာ ဖြစ်လေ၏။

မလှမြိုင်မှာ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ အေးရွာအနေသူဖြစ်ပြီး အေးရွာရှိဆန်စက်တွင် စပါးသယ်သူလေးဖြစ်၏။ ကလေးနှစ်ယောက်အမေ တစ်ခုလပ်မလေးဖြစ်ကာ ဖခင်ကြီးကိုရော ကလေးနှစ်ယောက်ကိုပါ ရှာဖွေလုပ်ကိုင်ကျွေးမွေးရသူလေး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရော့မြိုင်၏ဘိုးဘွားတို့မှာ လယ်ပိုင်ရှင်များဖြစ်ခဲ့ပြီး မလှ
မြိုင်အတွက် ရွှေတိုရွှေစအချို့ကို အမွေအဖြစ်ထားရစ်ခဲ့လေ
၏။ ဘိုးဘွားတို့ကွယ်လွန်ပြီးနောက် ကျန်ရစ်သူမလှမြိုင်၏ အမွေ
မောင်နှစ်ဦးသုံးဖြုန်းမှုကြောင့် လယ်မဲ့ယာမဲ့ဖြစ်ကာ မလှမြိုင်တို့
မှာ ဆင်းရဲခဲ့ရခြင်းဖြစ်သည်။

ယခုတော့ အရက်ချိုး, ဖဲချိုး ဦးလေးနှစ်ဦးရော၊ မိခင်
ကြီးပါဆုံးပါးသွားသည့်အပြင် လင်ဖြစ်သူကပါ ပစ်သွားသဖြင့်
မလှမြိုင်မှာ ဘဝကို ဖြစ်သလိုရုန်းကန်ရင်းရပ်တည်ခဲ့ရာမှ ...
ဘခင်အိုကြီး မမာမကျန်းဖြစ်လာသည်တွင် ဆေးကုသရန်စရိတ်
အဖြစ် ဘိုးဘွားအမွေအနှစ် ရွှေတိုရွှေစလေးများကို ထုတ်ရောင်း
နေရခြင်းဖြစ်လေ၏။

မစိမ်းညို့မှာ မလှမြိုင်ပြောပြထားသဖြင့် မလှမြိုင်၏
ဘဝကိုသိထားရသော်လည်း သူမကမူ အရောင်းအဝယ်သမား
လောဘသားပီပီ မလှမြိုင်၏ဘဝကို စိတ်မဝင်စားဘဲ မလှမြိုင်
လာရောင်းလေ့ရှိသော ရွှေတိုရွှေစများကိုသာ စိတ်ဝင်စားလေ၏
ရွှေအကြောင်း လုံးဝနားမလည်သော ထုံထုံအအမလှ
မြိုင်ထံမှ ရွှေဝယ်ရသည်ကို မစိမ်းညို့ လွန်စွာသဘောကျလေ၏
ရွှေကို မစိမ်းညို့ကြိုက်သလို ချိန်၊ အလျော့တွက်ကို ကြိုက်သလို





တ်မှတ်၊ ဈေးကိုကြိုက်သလိုဖြတ် ... မလှမြိုင်က စောဒက
မတက်ဘဲ ရောရှုစွာလက်ခံသည်ချည်းဖြစ်ရာ မစိမ်းညို့မှာ
ကြိုင်းတုတ်ဖြစ်လျက်ရှိတော့၏။

"လက်ဖက်ရည်သောက်လိုက်ဦး မမြိုင် ... ကျွန်မ
ချိန်လိုက်မယ်နော်"

"ဟုတ်ကဲ့ပါအစ်မစိမ်းညို့ရဲ့"

ဆိုင်အကူကောင်မလေးလှလှသွယ် ဈေးထဲရှိ ကာကာ
မှဝယ်ယူလာသည့် လက်ဖက်ရည်ကို တစ်ကျိုက်ချင်းမော့
မှ ရွှေချိန်နေသောမစိမ်းညို့ကို ရှင်လန်းနေသည့်မျက်နှာ
မလှမြိုင်က မော့ကြည့်လိုက်ကာ ...

"ဩော် ... အစ်မစိမ်းညို့ကို ပြောရဦးမယ်သိလား
ဒီတစ်ခါရောင်းပြီးရင် ကျွန်မတော့ အဘွားရဲ့လက်ငုတ်လက်
လေးတွေကို နောက်တစ်ခါလာရောင်းဖို့ မလိုတော့ဘူး အစ်မ
ညို့ရေ"

ဟု ပြုံးစိစိမျက်နှာဖြင့် ပြောလိုက်ရာ မစိမ်းညို့မှာ
သင့်သွားတော့၏။

"ဘယ်လို ... ဘယ်လို ... ဘာဖြစ်လို့များလဲ မမြိုင်



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... လာမယ့်တနင်္ဂနွေနေ့ကျရင် ကျွန် အလုပ်လုပ်တဲ့ဆန်စက်က တာလီစာရေးကိုသိန်းဆောင်နဲ့ ကျွန် လက်ထပ်တော့မှာမို့ အစ်မစိမ်းညို့ရဲ့"

"ဟင် ... တယ်ဟုတ်ပါလား"

"ဟင်း ဟင်း ... ဟုတ်တာတော့ပြောမနေနဲ့၊ ဆရာ လေးနေလစကြာရဲ့အစွမ်းကြောင့် ကျွန်မတော့ စိုင်ကော်လို့ချော် ရောက်ရတော့မှာ အစ်မစိမ်းညို့ရဲ့၊ အစ်ကိုသိန်းဆောင်က အသောက်အစားမရှိတဲ့ လူပျိုကြီး၊ ရိုးတာလည်း လွန်ရော ဒါပေမဲ့ သူက အညာသား ... တစ်နယ်တစ်ကျေးကနေ တ ယောက်တည်းလာအလုပ်လုပ်တာဆိုတော့ ဆန်စက်နဲ့နီး ကျွန်မတို့အိမ်မှာပဲ ထမင်းလပေးစားတယ်လေ"

"ဪ"

"အစ်ကိုသိန်းဆောင်က စုမိဆောင်းမိတဲ့ လူပျိုကြီး တော့ ရွာရဲ့ကာလသမီးတွေက ချိတ်တိတ်တိတ်ဖြစ်နေကြ ပေါ့၊ ဟင်း ဟင်း ... ကျွန်မကတော့ ကလေးနှစ်ယောက်အ တစ်ခုလပ်ဆိုတော့ သူ့ကိုမမှန်းရဲပါဘူး၊ ဒါပေမဲ့ ကျွန်မတို့ရွာ လွန်ခဲ့တဲ့နှစ်ပတ်လောက်က ဆရာလေးနေလစကြာ ရောက် တော့ ကျွန်မက အိမ်ကိုပင့်ပြီးဗေဒင်မေးမိတယ် အစ်မစိမ်း





ရဲ့"

"ဪ ... သူက ဗေဒင်ဆရာလား"

ဗေဒင်ဆိုသဖြင့် မစိမ်းညို့စိတ်ဝင်စားသွားပြီး ရှေ့ချိန်ခြင်းကိုရပ်ကာ မလှမြိုင်ကိုကြည့်သည်။

"ဟုတ်တယ် အစ်မစိမ်းညို့ရဲ့၊ ဗေဒင်ဆရာမှ အင်မတန် မှန်တဲ့ဗေဒင်ဆရာ ... သိလား၊ ဆရာလေးနေလစကြာက ကျွန်မကိုဘယ်လိုဟောသလဲဆိုတော့ ဇာတာရှင်ဟာတဲ့ အိမ်ထောင်ဖက်မှားပြီး စနေသားနဲ့ယှဉ်မိလို့ စနေဟာမိတ်ပျက်ဂြိုဟ်ဖြစ်နေတာနဲ့ အိမ်ထောင်ကွဲရတာတဲ့ ...။

ဒါပေမဲ့ ... ကျွန်မဟာ ခုတော့ မွေးလလွန်ခဲ့ပြီမို့ ဘာတဲ့ အဲ ... လာဘ်ကြီးခွင်မှာရောက်နေလို့ ဇာတာစန်းလက်တွေထက်မှာတဲ့ဆိုပြီး ယတြာလုပ်ခိုင်းတာပဲအစ်မစိမ်းညို့ရေ ...။

ယတြာကလည်း ဘာမှမခက်ဘူး၊ ပိုက်ဆံလည်း မကုန်ဘူး၊ သပြေခက်သက်စေ့ အိမ်ကဘုရားမှာလှူပြီး သူပေးတဲ့ အင်းချပ်လေးကို ကိုယ်နဲ့မကွာဆောင်ထားလိုက်ရုံပဲ ...။

ခုနှစ်ရက်အတွင်း ထူးခြားမယ်တဲ့ ... ဆရာလေးပြောတဲ့အတိုင်းပဲ ခုနှစ်ရက်မပြည့်ခင်မှာပဲ အစ်ကိုသိန်းဆောင်က ကျွန်မကိုလက်ထပ်ယူပါရစေဆိုပြီး ပြောတော့တာပဲ ... ဟင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်း''

မစိမ်းညို့မှာ စိတ်ဝင်စားလွန်းသဖြင့် မျက်လုံးပြူးလျက်ရှိသည်။

''သူက ကျွန်မရဲ့ဘဝကို သနားသလို ... ကျွန်မရဲ့ကလေးနှစ်ယောက်ကိုလည်း သံယောဇဉ်ဖြစ်နေမိလို့ပါတဲ့၊ ဒါနဲ့ အဖေ့ကိုပါ စက်ရုံကမန်နေဂျာကြီးကတစ်ဆင့် နားဖောက်ခိုင်းပြီး လာမယ့်တနင်္ဂနွေကျရင် ရွာလူကြီးတွေရှေ့မှာ လက်ထပ်ဖို့စီစဉ်ပြီးပြီအစ်မစိမ်းညို့ရဲ့ ...။

ဟင်း ဟင်း ... ဒါကြောင့် အစ်ကိုသိန်းဆောင်နဲ့ လက်ထပ်ပြီးရင် ငွေရေးကြေးရေးလည်းအဆင်ပြေတော့မှာမို့ နောက်ဆို အဘွားရဲ့အမွေအနှစ်ရွှေထည်ပစ္စည်းလေးတွေ လာရောင်းဖို့ လိုတော့မှာမဟုတ်ဘူးလို့ပြောရတာ အစ်မစိမ်းညို့ရဲ့''

''ဝမ်းသာပါတယ်မမြိုင်ရယ်၊ မမြိုင်တို့ကံဇာတာတက်တာက အံ့စရာပဲနော်''

''အို ... ကျွန်မရဲ့ကံဇာတာက အံ့စရာမဟုတ်ဘူး ... ဆရာလေးရဲ့ပညာကသာ အံ့ဩစရာအစ်မစိမ်းညို့ရဲ့၊ သူ့ရဲ့ဟောချက်တွေက တအားမှန်သလို သံ့ပေးတဲ့ယတြာတွေကလည်း ကောင်းမှကောင်း၊ ထိမှထိပဲ၊ အထူးသဖြင့် ဇာတာရှင်ရဲ့





ဆက်ရောက်မဟာဘုတ်တိုင်ထူပြီး သူချပေးတဲ့အင်းတွေက သိပ်စွမ်းတာ အစ်မစိမ်းညို့ရဲ့၊ ဘာတဲ့ ... ဆရာလေးရဲ့အင်းတွေက ဆံနီးအင်းဆိုလားပဲ''

''ကံနိုးအင်း ... ဟုတ်လား''

''ဟုတ်တယ် အစ်မစိမ်းညို့ရဲ့၊ ငုပ်နေတဲ့ တစ်ခုခုအမှောင့်ပယောဂက ဖုံးကွယ်ထားတဲ့ကံကို နှိုးဆွဖော်ထုတ်ပေးတဲ့အင်းဆိုလားပဲ ... အစွမ်းကတော့ ထက်မှထက်ပဲ၊ ရွာမှာဆိုအဲဒီဆရာလေးနေလစကြာဟာ အရမ်းကိုနာမည်ကြီးနေတာအစ်မစိမ်းညို့ရဲ့ ...။

ရွာတောင်ပိုင်းက မှဆိုးမဒေါ်ဝါနုဆို သူ့ရဲ့ယောက်ျားကြီးဦးဘရီမသေခင်က မြှုပ်သွားတဲ့ရွှေသေတ္တာလေးကို ဘယ်နေရာမှန်းမသိဘူးဖြစ်နေတာ၊ ဆရာလေးနေလစကြာကို အိမ်ခေါ်ပြီးလည်းမေးလိုက်ရော ဆရာလေးကတွက်ချက်ပြီး ... အဲဒီရွှေသေတ္တာလေး ဘယ်အရပ်ထောင့်,ဘယ်နေရာမှာရှိတယ်ဆိုတာ တန်းပြောတာပဲ၊ ဆရာလေးပြောတဲ့အတိုင်း အိမ်နောက်ဘက် မြစ်အစပ်နားကခနိုပင်တွေကြားမှာ သွားတူးတော့ ... ရွှေသေတ္တာရသွားတယ်လေ''

''ဟယ် ... ဟုတ်လှချည်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာတော့ ပြောမနေနဲ့ အစ်မစိမ်းညို့ရေ ... ဟုတ် ဟုတ် ... ဟုတ် ဟုတ်နဲ့နေသေး ... ဟင်း ဟင်း"

"အင်း ... မမြိုင်အညွှန်းကောင်းတာနဲ့ ကျွန်မတော် ရှင့်ဆရာလေးကို စိတ်ဝင်စားလာပြီ"

"စိတ်ဝင်စားရင်လည်း မြန်မြန်ဝင်စား အစ်မစိမ်းညို့ရေ ... ဆရာလေးက လာမယ့်လပြည့်ကျော်ရင် ကျွန်မတို့ရွာမှာ အမိဌာန်ပြည့်ပြီမို့ တွဲတေးတောကြီးတန်းဘက်ကို ကြွတော့မှာ တဲ့"

"ဟယ် ... ဟုတ်လား၊ ဒါဆို အဲဒီဆရာလေး တခြား မကြွခင် ကျွန်မမေးချင်တယ်မမြိုင်ရယ် ... ဆရာလေးကို ရှင်တို့ ရွာမှာ လိုက်တွေ့ရမလား"

မလှမြိုင်မှာ ခေတ္တစဉ်းစားလိုက်ပြီး ...

"ရွာမှာဆို ဆရာလေးနားမှာ လူတွေတရုန်းရုန်းနဲ့ အစ် စိမ်းညို့ရဲ့ အေးအေးဆေးဆေးမေးရဖို့ မလွယ်ဘူး၊ ဒီ လုပ်ပါလား ... အစ်မစိမ်းညို့ရဲ့ အိမ်လိပ်စာပေးလိုက် ... လာမယ့်လပြည့် ဈေးပိတ်တဲ့နေ့မှာ ဆရာလေးကို ကျွန်မ ပင့် မယ်"

ဟုပြောလိုက်ရာ မစိမ်းညို့မှာ လွန်စွာသဘောကျ





တော့၏။

"အင်း ... ကောင်းသားပဲ ... အိမ်မှာဆိုတော့ အေး အေးဆေးဆေးမေးလို့ရတာပေါ့၊ နေဦး ... လိပ်စာရေးပေး လိုက်မယ်နော်၊ မနက်ပိုင်းလာခဲ့ရင် ပိုကောင်းတယ်၊ မွန်းလွဲပိုင်း ဆို အပုပ်ချိန်ဖြစ်သွားမှာ ကျွန်မတော့ ဗေဒင်မေးတိုင်း အပုပ်ချိန် ကို ရှောင်တယ်"

"စိတ်ချပါ အစ်မစိမ်းညို့ရဲ့ ... ဆရာလေးကလည်း အပုပ်ချိန်ဆို ဗေဒင်ဘယ်တော့မှမဟောဘူး၊ ပြီးတော့ ဆရာ လေးရဲ့ပညာအစွမ်းထက်ပုံများ ပြောရဦးမယ်"

"အင်း ... ဆိုပါဦး"

သို့ဖြင့် ဗေဒင်ဆိုလျှင်ဝါသနာကြီးတတ်သော မိန်းမ သားများပီပီ ရွှေအရောင်းအဝယ်အကြောင်းကို ရှေ့တန်းမတင် ဘဲ ဗေဒင်အကြောင်းသာ ရေပက်မဝင်စတမ်း ပြောဆိုနေကြ ပါတော့သတည်း ...။

□□□



www.burmeseclassic.com

www.burmeseclassic.com



## မရဏာကိန်းမှာ ပြုံးမလွှတ်သာ

နေခြည်ဖြာလျက်ရှိသော နံနက်ခင်းဝယ် . . . မြင်းလှည်း တစ်စီးသည် ကြည့်မြင်တိုင် နတ်စင်လမ်းထဲသို့ မြင်းခွာချက် မှန်မှန်ဖြင့် ဝင်လာရာမှ ခြံဝင်းကျယ်တစ်ခု၏ရှေ့၌ ရပ်တန့် သွားလေ၏။

အုတ်တံတိုင်းပတ်လည်ကာရံထားသည့် ခြံကြီး၏ခြံရှေ့ တံခါးမှာ စေ့ရုံစေ့ထားသဖြင့် မြင်းလှည်းပေါ်မှ ဦးဆုံးဆင်းလာ သောမလှမြိုင်က ခြံအတွင်းမှ အုတ်ခံနှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ကို လှမ်းမျှော်ကြည့်လိုက်ပြီးနောက် ခြံတံခါးကိုတွန်းဖွင့်ဝင်လာခဲ့





လေ၏။

မြင်းလှည်းပေါ်မှ နောက်ထပ်ဆင်းလာသူက အသက် သုံးဆယ်ခန့်၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် ခပ်တောင့် တောင့်၊ အသားအရေဖြူဖြူဝင်းဝင်းနှင့် မြန်မာဆန်ဆန် ချောင်ဟာစောင်းထုံးထားသူဖြစ်၏။ ထိုသူက ယောဂီရောင်အင်္ကျီ လက်ရှည်၊ ယောဂီရောင်ညိုညိုမှိုင်းမှိုင်းပုဆိုးနှင့် ရှမ်းလွယ်အိတ် တစ်လုံးကို လွယ်ထားလေ၏။

"အစ်မစိမ်းညို့ . . . အစ်မစိမ်းညို့"

အိမ်ရှေ့မှမလှမြိုင်၏ခေါ်သံကြောင့် မစိမ်းညို့နှင့် လှလှ သွယ်တို့က အိမ်အတွင်းဘက်ပိုင်းမှ အပြေးအလွှား ထွက်လာ ကြ၏။

"ဟော . . . မမြိုင် . . . ဆရာရောပါလား"

"ပါတယ် အစ်မစိမ်းညို့ရေ . . . ဆရာလေးကို ပင့်လာ ခဲ့ပြီ"

ဆရာလေးနေလစကြာ၏ သန့်ပြန့်သားနားကာ ကျက်ခြေ နေသည့် ကြည်ညိုလေးစားဖွယ်ရုပ်သွင်ကို အကဲခတ်လေ့လာ ကြည့်လိုက်ရင်းမှ မစိမ်းညို့က ပျာပျာသလဲဆီးကြိုသည်။

"ဆရာလေး . . . ကြွပါ . . . ကြွပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



မစိမ်းညို့က မလှမြိုင်နှင့် ဆရာလေးနေလစကြာတို့ကို ဦးစွာ ဧည့်ခန်းထဲရှိ ကျွန်းဆက်တီခုံများ၌ နေရာထိုင်ခင်းပေးလေ၏။

"ဆရာလေး ... ထိုင်ပါ၊ မမြိုင် ... ထိုင်၊ အိမ်ကို တော်တော်ရှာရသေးသလား"

"မရှာရပါဘူး အစ်မစိမ်းညို့ရယ်၊ မြင်းလှည်းသမားက အစ်မစိမ်းညို့ကို ကောင်းကောင်းသိနေတာပဲ၊ ဈေးထဲမှာ အစ်မရဲ့ ရွှေဆိုင်က နာမည်ကြီးမဟုတ်လား ... ဟင်း ဟင်း"

ဆရာလေးနေလစကြာက ကျွန်းဆက်တီခုံပေါ်မှာ ခြေနှစ်ချောင်းကိုချိတ်ကာ ဣန္ဒြေကြီးစွာထိုင်လိုက်ရင်းမှ မစိမ်းညို့ကို စူးလက်သောမျက်ဝန်းများဖြင့် စိုက်ကြည့်လိုက်ပြီးနောက် ...

"မစိမ်းညို့နော်"

ဟု သြဇာသံပြည့်ဝသောအသံဖြင့် မေးလိုက်လေ၏။

"ဟုတ်ပါတယ်ရှင့်"

"ဒီနာမည်ဟာ မူလနာမမဟုတ်ဘူး ... ဒီအရပ်က ပြောင်းရွှေ့အခြေချလာမှ ပြောင်းထားတဲ့နာမည်ဖြစ်ရမယ် ... ခင်ဗျားဟာ ငယ်ငယ်လေးကတည်းက ခြေမွေးမီးမလောင်၊ လက်





မွေးမီးမလောင် ကြီးပြင်းခဲ့ရသူဖြစ်ရမယ်'

ဆရာလေးနေလစကြာ၏ စတွေ့တွေ့ချင်းဟောကွက် ဝင် မစိမ်းညို့ကိုမျက်လုံးပြူးသွားစေ၏။

"ဟုတ် ... ဟုတ်ပါတယ် ဆရာလေး"

"ဟင်းဟင်း ... ကျွန်မတို့ဆရာလေးကဟောလိုက်ရင် ခနဲ ဒေါက်ခနဲပဲနော် ... မှတ်တိုင်းမလွဲဘဲ ... ဟင်း ဟင်း"

"အင်း ... မမြိုင်ညွှန်းသလောက် ဆရာလေးက တော်ပါပေရဲ့ရှင် ... ဆက်ဟောပါဦး ဆရာလေး"

ဆရာလေးနေလစကြာက နှုတ်ခမ်းထောင့်တစ်ဖက် ရွဲ့ရုံလေးပြုံးလိုက်ပြီး လက်ဝါးတစ်ဖက်ဖြင့်ကာပြလိုက်ကာ

"အခုဟာက ဟောတာမဟုတ်ဘူး ... ဇာတာခွင်ရဲ့ ဟောဘုတ်၊ သက်ရောက်မဟာဘုတ်တိုင်တွေထူပြီးမှ ကျ ဟောတာဖြစ်တယ် ... အဲဒီလို တကယ်တမ်းဟောတဲ့ ဘုရားခန်းကဘုရားစင်ရှေ့မှာ ဘုရားရှင်ကို ကျွန်တော် ဆိုပြီးမှ ဟောလေ့ရှိပါတယ်"

ဟု ပြောလိုက်ရာ ...

"အို ... ဟုတ်လား ... မမြိုင်က ပြောမထားဘူး၊ လိုက်တာဆရာလေးရယ်၊ ဘုရားခန်းက အိမ်ပေါ်ထပ်

ခ နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



မှာပါ ... အိမ်အပေါ်ထပ်ကို ကြွပါရှင်"

ဟု မစိမ်းညို့က ဖျာဖျာသလဲပြောကာ ဆက်တီခုံပေါ်မ ဦးစွာထလေ၏။ မလှမြိုင်လည်း ထိုင်ရာမှထပြီး ...

"ကဲ အစ်မစိမ်းညို့ရေ ... ဆရာလေးကိုအိမ်တိုင်ရာ ရောက် လိုက်ပို့ပြီးပြီနော် ... ကျွန်မကိုတော့ ပြန်ခွင့်ပြုဦး ကျွန်မရဲ့လက်ထပ်ပွဲအတွက် စမ်းချောင်းဘက်မှာနေတဲ့ ဘကြီး တစ်ယောက်ကို သွားဖိတ်ရဦးမယ်"

ဟု ခွင့်တောင်းလိုက်လေ၏။

"ဩော် ... မမြိုင်က ပြန်မှာလား ... အေး ... အေး ကျေးဇူးပါပဲ မမြိုင်ရယ်"

မလှမြိုင်ပြန်သွားပြီးနောက် ... မစိမ်းညို့က ဆရာ လေးနေလစကြာကို အိမ်ပေါ်ထပ်သို့ ပင့်သွားတော့၏။

မစိမ်းညို့မှာ ဤပျဉ်ထောင်နှစ်ထပ်စံအိမ်ကြီးဝယ် ... ဆိုင်အကူကောင်မလေးလှလှသွယ်နှင့် နှစ်ဦးတည်းနေသူဖြစ်၏ လှလှသွယ်မှာ ရွှေဆိုင်၌ကူညီလုပ်ကိုင်သလို အိမ်၌ပါ ကူညီ လုပ်ကိုင်ရပြီး လစာကောင်းကောင်းပေးထားချေ၏။ မစိမ်းညို့ က ဘုရားခန်းရှေ့မှ သံဘာဂျာတံခါးကိုသော့ဖွင့်ကာ ...

"လှသွယ် ... ဘုရားစင်ရှေ့မှာ ဖျာခင်းလိုက်"





ဟု လှလှသွယ်ကို အမိန့်ပေးလိုက်လေ၏။

"ဟုတ်ကဲ့ မမလေး"

ဆရာလေးနေလစကြာက ဘုရားခန်းထဲ လှမ်းဝင်လိုက် ပြီး လွယ်အိတ်ထဲမှ ဝါဆိုဖယောင်းတိုင်ကိုထုတ်လိုက်ပြီး သစ် သားမီးခြစ်ဖြင့်ခြစ်ကာ ဖယောင်းတိုင်ကိုထွန်းလိုက်၏။

သူက ဝါဆိုဖယောင်းတိုင်ကို ဘုရားကျောင်းဆောင်ရှေ့ ရှင် စိုက်ထူလိုက်ကာ ပါးစပ်မှ တစ်စုံတစ်ရာပွစ်ပွစ်ရွတ်ရင်း ဘုရားစင်ကြီးအား အကဲခတ်ကြည့်လိုက်ရာ လေးပေအကျယ် လေးပေအမြင့်ခန့်ရှိသော ဘုရားစင်ကြီး၏အလယ်တွင် မှန် ကျောင်းဆောင်နှင့်ကြေးဆင်းတုတော်ကို ဖူးတွေ့ရပြီး ... ကျောင်းဆောင်ရှေ့ရှိ ဘုရားပန်းများဝေဆာစွာထိုးထားသည့် ကြွပန်းအိုးသုံးလုံး၏အကြား၌ စဥ္စည်သုတ်ပန်းအိုးလေးတစ်လုံး တွေ့ရရာ မျက်ခုံးတို့ပင့်သွားမိတော့၏။

သို့သော် သူသည် ထိုစဥ္စည်သုတ်ပန်းအိုးလေးထံမှ ကြည့်လွှဲလိုက်ကာ ဘုရားစင်ရှေ့၌ထိုင်လိုက်ပြီး ဘုရားကန် တော့ခြင်းပြုလေ၏။

ဘုရားကို အတန်ကြာကန်တော့ပြီးမှ ဘုရားစင်၏ အောက်ခြေ ... တင်ပျဉ်ခွေထိုင်လိုက်လေ၏။ ထို့နောက် သူ၏



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်လှသယ်အိတ်ထဲမှ ကော်ပီစာအုပ်တစ်အုပ်နှင့်ခဲတံတစ်ချောင်း ဆိုထုတ်ကာ မစိမ်းညို့၏မွေးနေ့သက္ကရာဇ်ကိုမေးပြီး စတင် တွက်ချက်တော့သည်။

မစိမ်းညို့မှာ ဆရာလေးနေလစကြာ၏ရှေ့ဝယ် ပုဆိ တုပ်ထိုင်နေရင်းမှ ချောမောခံ့ညားသည့်ဆရာလေး၏မျက်နှာ ငေးကြည့်လိုက်ပြီး ...

"တွေ့တာဟောပါ ဆရာလေး"

ဟုပြောလိုက်ရာ ... ဆရာလေးနေလစကြာက သူမ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ပြတ်သားတည်ငြိမ်သည့် အသံဖြင့်ပြောလေသည်။

"ဒီဇာတာရှင်ဟာ အတော့်ကိုထူးခြားသူဖြစ်တယ်၊ အ တိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက် ဟောကွင်းဟောကွက် ဟောစရာတွေအများကြီးတွေ့ရတယ်၊ ကျူပ်ကလည်း တွေ့မြင် သမျှ ဟောလိုသူဖြစ်တယ်"

"ဟောပါ ဆရာလေး ...ဟောပါရှင်"

ဆရာလေးနေလစကြာက ကော်ပီစာအုပ်၏ စာမျက်နှာ ပေါ်ဝယ် အတန်ကြာတွက်ချက်နေလိုက်ပြီးမှ ဦးခေါင်းကိုမော့ မစိမ်းညို့၏မျက်နှာပေါ်မှ လက်ယာဘက်နှာခေါင်းဝအောက် မဲ့နက်ကို ခပ်စူးစူးစိုက်ကြည့်လိုက်လျက် ...

"ဒီဇာတာရှင်ဟာ ငယ်စဉ်ကတည်းက ချမ်းသာပြည့် စုံစွာ နေခဲ့ရပြီး အရွယ်ရောက်လာချိန်ကစလို့ စန်းအလွန်ပွင့် သူဖြစ်တယ်၊ ဆန့်ကျင်ဘက်လိင်အမျိုးသားများရဲ့ ချစ်ခင်စွဲလမ်း မှုခံရသူ ဖြစ်တယ်"

ဟု အမျိုးသမီးချောချောတို့၏ သည်းခြေကြိုက်ဟော ကွက်ကိုဟောလိုက်ရာ မစိမ်းညို့မှာ လွန်စွာသဘောကျသွား ပြီး မျက်နှာဝင်းပကာ ပြုံးယောင်သန်းသွားလေ၏။

"ဒါပေမဲ့ ဒီဇာတာရှင်ဟာ အပျော်အပါးမက်ပြီး ငွေ ကြေးအသုံးအစွဲ လက်ဖွာသူဖြစ်တယ်"

"ဟုတ်ပါတယ်ဆရာလေးရယ် ... မှန်ပါတယ်၊ ကျွန်မ က ပွဲလမ်းသဘင်များပြားတဲ့ မန္တလေးလိုမြို့မျိုးရောက်ရင် အငြိမ့်ပွဲတွေ မလွတ်တမ်းကြည့်တာ၊ ငွေအသုံးလည်း များလွန်းလို့ နည်းဘရိတ်အုပ်ထားရတယ် ...ဟင်း ဟင်း"

အမှန်တော့ ဆရာလေးနေလစကြာမှာ မစိမ်းညို့၏ မျက်နှာပေါ်မှ တစ်လုံးတည်းသောမဲ့ကိုကြည့်ကာ ဟောကွက် ထုတ်နေခြင်းသာ ဖြစ်သည်။ ဟိန္ဒူမဲ့သျှတ္တကျမ်းတို့၏အလိုအရ လက်ယာဘက်နှာခေါင်းဝအောက်၌ မဲ့ရှိသူ အမျိုးသမီးတို့သည်







www.burmeseclassic.com

www.burmeseclassic.com



စန်းအလွန်ပွင့်ပြီး ဆန့်ကျင်ဘက်လိင်အမျိုးသားများ၏ ချစ်ခ
နွဲလမ်းမှုခံရခြင်း၊ ငွေအသုံးအဖြုန်းကြီးသလို အပျော်အပါး မ
မောလွန်းကာ၊ ရမ္မက်ကြီးတတ်ခြင်း စသည့်စိတ်နေစရိုက်မျ
သဘောလက္ခဏာများရှိသည့်အပြင် ငယ်စဉ်ကတည်းက ချ
သာကြွယ်ဝစွာနေလာခဲ့ရသည့်တိုင် ... တစ်ချိန်ချိန်တွင် အသေ
ဆိုးဖြင့်သေရတတ်သည်ဟု အဟောရှိရာ ဆရာလေးနေ
စကြာမှာ ယင်းမှဲ့သျှုတ္တရကျမ်းတို့၏အလိုအရ အင်္ဂဝိဇ္ဇာနည်
ဖြင့်ဟောလိုက်ခြင်းသာဖြစ်ချေ၏။

ဆရာလေး နေလစကြာက ချောင်းဟန့်လိုက်ပြီး ...

"အဟမ်း ... မူလမဟာဘုတ်နဲ့ သက်ရောက်မဟာ
ဘုတ်အရ ဟောကွက်ဆက်ထုတ်မယ်"

ဟု တည်ငြိမ်စွာပြောကာ မစိမ်းညို့၏မျက်နှာကို တ
ချက်မော့ကြည့်လိုက်ပြီးနောက် ကော်ပီစာရွက်ပေါ်၌ဂဏန်းမျာ
ရေးခြစ်လိုက်ကာ ခပ်ဖြည်းဖြည်း တစ်ခွန်းချင်းဟောလေတေ
၏။

"အင်း ... သက်ရောက်မဟာဘုတ်အပေါ် အခြေခံပြီ
ဇာတာရှင်ရဲ့ကံကြမ္မာလမ်းကြောင်းကို စစ်ဆေးလိုက်တဲ့အခ
အကောင်းထက်အဆိုးကို မြင်နေရတယ်"





"ရှင်"

မစိမ်းညို့ မျက်နှာညိုသွားသည်။

"စီးပွားရေးအရ အောင်မြင်နေတဲ့အချိန်ဆိုပေမယ့် ငြိုဟ
စနေက မူလမဟာဘုတ်နဲ့သက်ရောက်မဟာဘုတ်မှာ မရ
အကွက်ရောက်နေတယ်၊ သက်ရောက်ကြာသပတေးက ပုတိ
မှာခိုနေပြီး စနေနဲ့ကြာသပတေး မဿောကခေါတ်ဟာ
ကြိုး ရန်ကြိုးအဖြစ် ငြိနေတယ် ...။

မူလသက်ရောက်မဟာဘုတ်တွေမှာ ... ရန်ခေါတ်
သောချင်း တူနေတဲ့အတွက် ဒီနှစ်ဒီကာလမှာတော့ အထူး
ပြင့် ရန်များ၊ ပြဿနာကြီးကြီးမားမားကြုံရမယ့်နှစ် အခါ
လပေပဲ"

"ရှင် ... ဒါဆို ဆရာလေးရယ် ... ယတြာ ... ယ
လေးများ ချေလို့မရဘူးလား"

"အင်း ... ယတြာဆိုတာ မိုးကြိုးပစ်ရာ ထန်းလက်
ဆိုသလို ... အတိတ်ကံ၊ ပစ္စုပ္ပန်ကံတွေအရ မလွဲမသွေ
ရောက်လာမယ့်ကံတွေကို လုံးဝတားဆီးချေဖျက်လို့မရ
င် သက်သာအောင်တော့ လုပ်လို့ရတတ်ပါတယ် ...

အခု မစိမ်းညို့မှာ ... ကံဇာတာအညံ့ပိုင်းထဲ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အတွက် ကျစ်ကပဲ တစ်ထိုင်တည်းယတြာချေပေးပါ့မယ်

"အို ...လုပ်ပါ ဆရာလေးရယ် ...ကယ်ပါဦး"

"ဟုတ်ပြီ ...ဒါဆို ထီးဖြူထီးနီ ခုနစ်လက်စီလိုတယ် သပြေခက်ဆယ့်နှစ်ခက်နဲ့ သာသနာ့အလံငယ်သုံးလက် ...တယ်"

"အို ...ဟုတ်လား ...အင်း ...သပြေခက်ကတော့ ကြည့်မြင်တိုင်ဈေးထဲမှာလည်း ရနိုင်တယ်၊ ထီးဖြူ၊ထီးနီတွေ တော့ ကိုးထပ်ကြီးဘုရားမှာ ရနိုင်တယ်၊ အဲ ...သာသနာ့အ... ကတော့ ရွှေဂုံတိုင်ဘက်မှာ ရမယ်ထင်တယ်၊ လုသွယ်ရေ ... ဆရာလေးပြောတာတွေ သေချာမှတ်ပြီး မြင်းလှည်းနဲ့ပြေးဝယ်... ပါ၊ ရော့ ...ရော့ ...ပိုက်ဆံ"

"ဟုတ်ကဲ့ မမလေး"

လုလုသွယ်မှာ မစိမ်းညို့ပေးသောပိုက်ဆံကိုယူ... အိမ် အပေါ်ထပ်မှ ခပ်သွက်သွက်လှမ်းဆင်းသွားတော့၏။

လုလုသွယ်၏ခြေသံပျောက်သွားပြီး အတန်ကြာမှ ... ပိစာရွက်ပေါ်မှ ဂဏန်းများကိုငုံ့ကြည့်နေရင်း ဆရာလေးနေ... စကြာက စကားတစ်လုံးချင်းပြောလိုက်လေ၏။

"မစိမ်းညို့ရဲ့ဘုရားစင်ကြီးက ခမ်းနားပြီး တ...





...လွှင်ကျောင်းဆောင်တို့နဲ့ ပြည့်စုံသလို ဘုရားဆင်းတုတော်ဟာ ...လည်း သပ္ပါယ်စရာပါပဲ ...ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ ဆရာလေး"

"အဲဒီဘုရားစင်ပေါ်မှာ သူတစ်ပါးဆီက မတော်မတ...ရားရယူထားတဲ့၊ တစ်နည်းအားဖြင့် အတုသိုလ်နဲ့ယှဉ်တွဲပြီးရယူ...ထားတဲ့ပစ္စည်းတစ်ခု ရှိနေတယ်"

"ရှင်"

မစိမ်းညို့မှာ လွန်စွာအံ့သြသွားပြီး မျက်လုံးအပြူးသား...ဖြင့် ဆရာလေးနေလစကြာကိုကြည့်သည်။

"ဟုတ်တယ်မဟုတ်လား မစိမ်းညို့"

"ဟို ...ဟို ...ပန်း ...ပန်းအိုးလေးကိုပြောတာ...လား ဆရာလေး"

"ဟုတ်တယ် ...မစိမ်းညို့ စဥ္စရည်သုတ်ပန်းအိုးလေး...ကိုပြောတာပါ"

"အို ...အဲ ...အဲဒါကို ဆရာလေးဘယ်လိုလုပ်...သိသလဲဟင်"

ဆရာလေးနေလစကြာက နှုတ်ခမ်းထောင့်ကွေးရုံလေး...ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လူတစ်ယောက်ရဲ့ဇာတာခွင်ကို တွက်ကြည့်လိုက်တာနဲ့ အဲဒီလူရဲ့အမူအကျင့်စရိုက်တွေကို သိသူပဲမစိမ်းညို ဒီလိုသိထားတဲ့ဆရာဖြစ်သူကို အမှန်အတိုင်းပြောပြမှပဲ မစိမ်းညိုကို ကူညီနိုင်မှာပေါ့ ...။

ရှင်းရှင်းပြောရရင် မစိမ်းညိုရဲ့ကံဇာတာဟာ အင်းတန်ညံ့ပြီး မရဏာကိန်းမြင်နေတယ်၊ ဒါကြောင့် မစိမ်းညိုက သေမင်းရဲ့လက်ထဲကကယ်တင်နိုင်ဖို့ ကျုပ်ကို အမှန်အတိုင်း ဝန်ခံပြောကြားဖို့လိုတယ်"

"ရှင်"

"ဟုတ်တယ် မစိမ်းညို ... ခင်ဗျားဟာ အဲဒီစဥ္စရည် သုတ်အိုးလေးကို သူတစ်ပါးဆီက မလျော်ကန်တဲ့နည်းနဲ့ရယူ တယ်၊ အဲဒီလို ဘာဖြစ်လို့ရယူခဲ့ရတာလဲ၊ အဲဒီအိုးလေးဟာ ဘယ်လောက်တန်လို့လဲဆိုတာ ပြောပြနိုင်မလား"

မစိမ်းညိုက ဆရာလေးနေလစကြာအား မျက်မှော ကြုတ်ကာ စိုက်ကြည့်လိုက်ပြီး ခေါင်းကိုယမ်းလိုက်သည်။

"အဲဒါတော့ မပြောနိုင်ဘူး ဆရာလေး ... အဲဒီကိစ္စ က ကျွန်မတို့ရဲ့မျိုးရိုးစဉ်ဆက် လျှို့ဝှက်ထားတဲ့ကိစ္စပါ"

"ဟင်း ဟင်း ... လျှို့ဝှက်တယ်ဆိုတာ ဖော်နိုင်သူ





တုန်းသာ လျှို့ဝှက်လို့ရတာပါမစိမ်းညို၊ လျှို့ဝှက်ချက်ဖော်နိုင် သူကိုတွေ့ရင် ဘယ်လောက်ပဲ ဖုံးဖိထားထား ... ပေါ်တာပါပဲ"

"အို အဲဒီကိစ္စဟာ ဆရာလေးနဲ့မဆိုင်ဘူးထင်တယ်"

"ဆိုင်ပါသော်ကော မစိမ်းညို ... အဲဒီစဥ္စရည်သုတ် ဝန်းအိုးလေး ခင်ဗျားရဲ့လက်ထဲမှာရှိ မရှိ တိတိကျကျသိချင်လို့ ခုလို ဒီအိမ်ပေါ်အထိရောက်အောင် ကျုပ်လာခဲ့တာပါပဲ"

ဆရာလေးနေလစကြာ၏စကားအဆုံးတွင် မစိမ်းညို က ထိုင်နေရာမှ ဝုန်းခနဲ မတ်တတ်ရပ်လိုက်လေတော့၏၊ ဆရာ လေးနေလစကြာကလည်း တင်ပျဉ်ခွေထိုင်နေရာမှ မတ်တတ် ထရပ်လိုက်ပြီးနောက် သူတို့နှစ်ဦးသည် တစ်ဦး၏မျက်နှာကို တစ်ဦး စူးစူးရဲရဲစိုက်ကြည့်လျက်ရှိတော့၏။

"ရှင် ... ရှင် ... ဘယ်သူလဲ"

"နေလစကြာလေ"

"အို ... မဟုတ်ဘူး ... ရှင် ... ရှင် လူလိမ်၊ ဗေဒင် ဆရာယောင်ဆောင်ပြီးရောက်လာတဲ့သူ"

ဆရာလေးနေလစကြာက နှုတ်ခမ်းထောင့်လေးတစ် ဖက် ကွေးရုံပြုံးလိုက်ပြီး ...

"ခြေဘ် ... ကျောချမှ ဓားပြမှန်းသိပြီပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ထား မစိမ်းညို့လို့ခေါ်တဲ့ မကျော့ကျော့မေ"

"ရှင် ... ရှင် ..."

မစိမ်းညို့မှာ သူမ၏အန္တရာယ်ကို သိလိုက်ပြီဖြစ်သဖြင့် လွန်စွာတုန်လှုပ်ချောက်ချားသွားသလို ဒေါသလည်း ထောင်းခနဲ ဖြစ်သွားကာ နောက်သို့ခုန်ဆုတ်လိုက်လျက် ဘုရားခန်းရှေ့မှ ပြေးထွက်သွားတော့၏။

ဆရာလေးနေလစကြာလည်း ဘုရားစင်ပေါ်မှ စဥ့်ရည်သုတ်အိုးလေးကိုယူကာ သူ၏ရှမ်းလွယ်အိတ်ကြီးထဲ ထည့်လိုက်ပြီး ဘုရားခန်းထဲမှလှမ်းထွက်ခဲ့တော့၏။

မစိမ်းညို့မှာ သူမ၏အိပ်ခန်းထဲပြေးဝင်သွားကာ အခန်းထဲမှပြန်ထွက်လာသည်တွင် လက်ထဲတွင် ငှက်ကြီးတောင်ဓား တစ်လက် ပါလာတော့၏။ သူမက ဆရာလေးနေလစကြာ၏ မျက်နှာအား လက်ညှိုးငေါက်ငေါက်ထိုးလိုက်ပြီး ...

"ရှင် ဘယ်သူလဲ ... ပြောစမ်း"

ဟု ဟိန်းဟောက်မေးလိုက်လေ၏။

ဆရာလေးနေလစကြာက သူ၏ရှမ်းလွယ်အိတ်ထဲမှ ဓား မြှောင်တစ်လက်အားထုတ်ကာ လက်ယာလက်ထဲဝယ် ဆုပ်ကိုင် လိုက်ပြီး ...





"ကျုပ်ဟာ မန္တလေးနဂါးစံအိမ်မိသားစုက မင်းခပဲ၊ ခင်ဗျားနဲ့ နောက်အမျိုးသမီးတစ်ယောက်တို့ရဲ့စနက်ကြောင့် ကျုပ် ရဲ့အဘိုးသေဆုံးခဲ့ရပြီး ကျုပ်ရဲ့အဘိုး . အမြတ်တနိုးသိမ်းဆည်း ထားတဲ့ စဥ့်ရည်သုတ်ပန်းအိုးလေး အခိုးခံခဲ့ရတယ်၊ အဲဒီတုန်းက ကျုပ်ဟာ မြန်မာပြည်မှာရှိမနေခဲ့ဘူး၊ မြန်မာပြည်ပြန်ရောက်မှ အဲဒီအကြောင်းတွေ ကျုပ်ကြားသိခဲ့ရတာ၊ ကျုပ်ရဲ့အဘိုးအတွက်, ပြီးတော့ အဘိုးရဲ့ပန်းအိုးလေးအတွက် ခင်ဗျားတို့ကိုသွေးကြွေး ဆပ်ဖို့ ခြေရာခံလိုက်နေသူပဲ၊ ခုတော့ ... ဟောဒီလွယ်အိတ်ထဲ မှာ စဥ့်ရည်သုတ်အိုးလေးကိုရခဲ့ပြီ ... ခင်ဗျားကို သွေးကြွေးဆပ် ဖို့ပဲ လိုတော့တယ်"

ဟု ပြတ်သားစွာပြောလိုက်ရာ ...

"တောက် ... လူပါးဝလို့ ... သေစမ်း"

ဟု ကျယ်လောင်စွာကြုံးဝါးပြီးနောက် မစိမ်းညို့က ငှက် ကြီးတောင်ဓားဖြင့် အဟုန်ပြင်းစွာခုတ်တော့၏။

မစိမ်းညို့၏ ဓားချက်များကမိန်းမသားတစ်ဦး၏ ဓား ခုတ်ချက်များဟု ထင်စရာမရှိဘဲ အားပါကာပြင်းထန်လှသည်နှင့် အမျှ ဓားရေးကျွမ်းကျင်သူ၏ဓားချက်များဖြစ်ကြောင်း သိသာ ထင်ရှားလှချေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဝှစ် ..ဝှစ် ..ချွင်'

မစိမ်းညို့၏ ပြင်းထန်သောဓားချက်ကို မင်းခက ဓားမြှောင်ဖြင့် ဗိုင်းနိုင်စွာ ခုခံခတ်ထုတ်လိုက်ပြီးနောက် နောက်ထပ်စလွယ် သိုင်းခုတ်ချက်ဝင်လာသည့်တွင် ...

"ကျား"

လေထဲဝယ် ကျွမ်းပစ်ရှောင်ထွက်လိုက်ရင်းမှ ဓားမြှောင်ဖြင့် လှစ်ခနဲပစ်ပေါက်ထည့်လိုက်ရာ မင်းခက၏လှုပ်ရှားမှုမှာ လျှပ်ပြက်သည့်ထက်ပင်မြန်လှသောကြောင့် မစိမ်းညို့မှာ မရှောင်နိုင်တော့ဘဲ ဓားမြှောင်က သူမ၏ရင်ဝထဲသို့ အရိုးထိအောင်စိုက်ဝင်သွားပါတော့၏။

'စွပ်'

"အား

သွေးအိုင်ထဲဝယ် လဲကျအသက်ပျောက်သွားပြီဖြစ်သော မစိမ်းညို့အား တစ်ချက်ငုံ့ကြည့်ပြီးနောက် ပြုံးလိုက်ကာ ...

မင်းခသည် ပျဉ်ထောင်အိမ်ကြီး၏အိမ်ပေါ်ထပ်မှ 'တစ်လုမ်းချင်းဆင်းသွားပါတော့သတည်း။

□□□

ခု နစ် စဉ် ကြယ် တ ပေ

# အခန်း ၂

* ညတ်ချင်းယှဉ်လိုသူ
* ရမ္မက်ဘီလူး
* ဝဋ္ဋန့်အိုး နဝါးအိုး
* ဆောင့်ကြည့်သူ
* အန္တရာယ်အိမ်သို့
* မြေအောက်ခန်းတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂

## ညာထဲချင်းယှဉ်လိုသူ

ကျောက်မြောင်းရပ်ကွက် မအူကုန်းဘူတာအနီးနေ ... ကြောင်တစ်ရာမိုးမှောင်အသတ်ခံရခြင်းကိစ္စနှင့် ကြည့်မြင်တိုင် နတ်စင်လမ်းနေ 'သြဘာနိမိတ်'ရွှေဆိုင်ပိုင်ရှင် ဒေါ်စိမ်းညို အသတ်ခံရမှုသတင်းများမှာ နာမည်ကြီးသတင်းစာများဖြစ် သော. မြန်မာ့အလင်း၊ သံတော်ဆင့်၊ သူကြီးဂေဇက်၊ သူရိယ စသည့် သတင်းစာကြီးများတွင် တခမ်းတနားဖြင့်ပါလာခဲ့လေ တော့၏။





အဆိုပါလူသတ်မှုနှစ်မှုနှင့်ပတ်သက်ပြီး သတင်းထောက် များက အကွန့်အညွန့်လေးများဖြင့် ရေးသားကြရာ လူအများမှာ တ်ဝင်စားပြီး အင်းစိန်၊ စီအိုင်ဒီရုံးကြီးအတွင်း၌ပါ ဂယက်ရိုက် တ်လျက်ရှိတော့၏။

စုံထောက်မင်းကြီး မစ္စတာရုပ်တဲလ်မှာ သူ၏ရုံးခန်းထဲ ယ် အကြီးအကျယ်ဒေါပွလျက်ရှိလေ၏။

"အိုးမိုင်ဂေါ့ဒ်ဒမ်မစ် ... ဟို သူခိုးအသတ်ခံရတဲ့ကိစ္စ ဖော်ထုတ်နိုင်သေးခင်မှာပဲ ရွှေဆိုင်ပိုင်ရှင်မိန်းမကြီးအသတ်ခံရ တဲ့ကိစ္စကပေါ်လာပြန်ပြီ ... ဒီရန်ကုန်လိုမြို့ကြီးမှာ လူသတ်မှု ဖြစ်ပြီး ပုလိပ်အဖွဲ့ကြီးကရော ... စီအိုင်ဒီကပါ တရားခံ ကိုမဖော်ထုတ်နိုင်ဘူးဆိုတော့ ညံ့လွန်းရာရောက်နေပြီ၊ နိုပ်ကိုလည်း ... ဘုရင်ခံကရော၊ ပုလိပ်မင်းကြီးကပါ ဖုန်း ဂွမ်ဂွမ်ဆက်ပြီးကြိမ်းလှပြီ၊ ကျွန်ုပ်တော့ ... မကြာခင် ဘိ ပြန်အပို့ခံရတော့မယ်ထင်ပါရဲ့၊ ကဲ ... မြည်းလိုအသုံးမ တဲ့ ကျွန်ုပ်ရဲ့လူကလေးတို့ မောင်မင်းတို့ ... အဲဒီလူသတ်မှု ကို ကျူးလွန်တဲ့လူသတ်သမားတွေကို မဖော်ထုတ်နိုင်တော့ သား ... ဒစ်ရှစ်တောလ်"

စုံထောက်မင်းကြီး၏ ငေါက်ငမ်းမေးမြန်းချက်ကို စီအိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒိဂါရုံစုံထောက်ကြီးများဖြစ်ကြသော အင်စပတက်တော်ဦးပြည့်စုံ၊ ဦးအုံ့မောင်၊ ဦးဘသာနှင့်ဆားပုလင်းမင်းမောင်၊ မြဟန်၊ သိုးထိန်းတို့မှာ ပြန်လည်မဖြေကြားနိုင်သဖြင့် ရုံးခန်းကြီး၏ နံရံတစ်ဖက်အနီးဝယ် အသာဦးခေါင်းလျှိုးလျက် ငြိမ်ငြိမ်ကုပ်ကုပ်လေး ကုပ်ချောင်းချောင်းရပ်နေကြရတော့၏။

"မောင်မင်းတို့စဉ်းစားကြည့်စမ်း ... လွန်ခဲ့တဲ့ နှစ်လလောက်က သူခိုးကြောင်တစ်ရာမိုးမှောင်ကို ခိုးထုပ်ခိုးထည်နဲ့ အတူ ကုက္ကိုင်းလမ်းဆုံနားမှာ ပုလပ်အဖွဲ့ကဖမ်းမိတယ်၊ တစ်ယောက်ယောက်က ဗဟန်းဂါတ်ကိုဖုန်းဆက်ပြီးသတင်းပေးလို့ သွားဖမ်းကြရာမှာ ဖမ်းမိခါနီးမှာပဲ သူခိုးမိုးမှောင်ဟာ သူ့ဘာသာလဲကျပြီးသေသွားခဲ့တယ် ...။

ဒါနဲ့ပဲ ... အဲဒီသူခိုးရဲ့အလောင်းကို ရန်ကုန်ဆေးရုံကြီးဆီပို့ပြီး မှုခင်းဆရာဝန်ကြီးကရင်ခွဲစစ်ဆေးတော့ နှလုံးကို ရုတ်တရက်ပြင်းပြင်းထန်ထန်ထိခိုက်ပျက်စီးစေတဲ့ အဆိပ်ဆေးတစ်မျိုးကို အဲဒီသူခိုးရဲ့အစာအိမ်ထဲမှာတွေ့တယ်လို့ ဆေးစစ်ချက်မှတ်တမ်းမှာဖော်ပြခဲ့တယ်၊ အိုးဂေါ့ဒ် ... အဲဒီမှာတင် အဲဒီသူခိုးရဲ့သေဆုံးရခြင်းဟာ သာမန်သေမှုသေခင်းကနေ လူသတ်မှု မသင်္ကာဖြစ်သွားတော့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ...ပု





အဖွဲ့ကိုဖုန်းဆက်သတင်းပို့သူဟာ လူသတ်သမားဖြစ်နိုင် သတင်းစာတွေကလည်း ကြောင်တစ်ရာမိုးမှောင်သေရတာ လူသတ်မှုဖြစ်နိုင်တယ်လို့ ဝိုင်းဝေဖန်ရေးသားကြတယ် ...။

အဲဒီနောက် နှစ်လနီးပါးအကြာ ကြည့်မြင်တိုင်နတ်စင်မှာ လူသတ်မှုဖြစ်ပြန်ရော ... အဲဒီနှစ်မှုလုံးကို ဗဟန်း ကြည့်မြင်တိုင်ဂါတ်က ကိုင်တွယ်ထောက်လှမ်းနိုင်ခြင်းမ ပုလိပ်မင်းကြီးက လူသတ်တရားခံတွေ ဖော်ထုတ်ပေးဖို့ တို့စီအိုင်ဒီအဖွဲ့ဆီ တာဝန်ပေးခဲ့တာ မောင်မင်းတို့အသိ ...။

ကဲ မောင်မင်းတို့ရော ... စီအိုင်ဒီစုံထောက်ကြီးတွေ ပြီး အဲဒီလူသတ်မှုတွေရဲ့ တရားခံတွေကိုမဖော်ထုတ် က်လှမ်းနိုင်ကြတော့ဘူးလား ... ဆေးမီ အဲနီးသင်း ...။

အိုး ... ဘလက်ဒီဖူးလ် ... လုံးဝအသုံးမကျတဲ့ ရဲ မြည်းလေးတို့ ... အဲဒီလူသတ်မှုနှစ်မှုကို မဖော်ထုတ် နောက်ထပ်လူသတ်မှုသာ ထပ်တိုးလာလို့ကတော့ လူ တို့လည်း အလုပ်ပြုတ်ပြီး ကျွန်ုပ်လည်း ဘိလပ်ပြန်အပို့ခံ သေချာနေပြီ ... အိုး ... ဂိုးတူဟဲလ်"

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါအတိုင်း စုံထောက်မင်းကြီး အကြီးအ
ကျယ် ညည်းတွားလျက်ရှိသည်မှာပင် စုံထောက်မင်းကြီး၏ရုံး
ခန်းထဲသို့ အိုင်အိုချစ်သွေးဝင်ရောက်လာတော့၏။

အိုင်အိုချစ်သွေးက စုံထောက်မင်းကြီးကို စလုတ်ရိုက်
အရိုအသေပြုလိုက်ပြီးနောက် စုံထောက်မင်းကြီး၏ စားပွဲရှေ့
မှ ကုလားထိုင်ဝယ်ခပ်တည်တည်ဝင်ထိုင်လိုက်တော့ရာ ကျန်
စုံထောက်အရာရှိတို့မှာ မျက်လုံးပြူးသွားကြတော့၏။

စုံထောက်မင်းကြီး မစ္စတာရှုပ်တဲလ်၏ ခွင့်ပြုချက်မ
ဘဲ ယင်းကုလားထိုင်တွင် မည်သည့်စုံထောက်အရာရှိမျှ မထိုင်
ရဲရာ ... ယခုလို စုံထောက်မင်းကြီးဒေါ်ပွစိတ်ရှုပ်နေချိန်ဝယ်
ပို၍ အနားပင်မသီဝံ့ကြချေ။ ထို့ကြောင့် ထိုကုလားထိုင်တွင်
ကိုယ့်အိမ်ကိုယ့်ရာပြန်လာသူလို အေးအေးဆေးဆေးဝင်ထိုင်
လိုက်သည့် အိုင်အိုချစ်သွေး၏အပြုအမူအတွက် ကျန် ဝါရင့်
စုံထောက်တို့မှာ အံ့အားသင့်ခြင်းနှင့်အတူ စိတ်ဝယ် မရှုစိမ့်လည်း
ဖြစ်သွားတော့၏။

"ဟွန်း ... ငါတို့စီအိုင်ဒီကို မနေ့တစ်နေ့ကမှ ရောက်
လာတဲ့ မနူးမနပ်စုံထောက်ပေါက်စတော့ မင်းကြီးရဲ့အဒေါ
အငေါက်ခံရမှာ မြင်ယောင်သေး"





ဟူ၍လည်း တွေးနေမိကြလေ၏။

စုံထောက်မင်းကြီး မစ္စတာရှုပ်တဲလ်သည် အိုင်အိုချစ်
သွေး၏ မျက်နှာကိုစူးစူးစိုက်စိုက်ကြည့်လိုက်ပြီး မေးခွန်းထုတ်
လိုက်သည်။

"ဟဲလို အိုင်အိုချစ်သွေး ... မောင်မင်းဟာ ပြည်မြို့
ဘက်မှာဖြစ်ပွားခဲ့တဲ့ သဇင်မြိုင်မောင်နှမရဲ့လူသတ်မှုနှစ်မှုမှာ
လူသတ်တရားခံကိုဖော်ထုတ်နိုင်ခဲ့သလို အခု ဇဟာန်းနဲ့ကြည့်မြင်
တိုင်ဘက်မှာဖြစ်ပေါ်ခဲ့တဲ့ လူသတ်မှုတွေမှာရော ... လူသတ်
တရားခံတွေကိုဖော်ထုတ်နိုင်မလားကွယ့် ... ဆေးမီရှုးဝါး"

*ပြည်မြို့ဘက်တွင်ဖြစ်ပွားခဲ့သော လူသတ်မှုနှစ်မှု
အကြောင်းကို 'သဇင်မြိုင်မောင်နှမ' ဝတ္ထုတွင်
ဖော်ပြပြီးဖြစ်ပါသည်။*

စာရေးသူ

"မင်းကြီးခင်ဗျား ... ဇဟာန်းနဲ့ကြည့်မြင်တိုင်ဘက်မှာ
ဖြစ်ပွားခဲ့တဲ့ လူသတ်မှုနှစ်မှုအတွက် တရားခံကို ကျွန်တော်
ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေပါတယ်၊ အဲဒီလူသတ်မှုနှစ်မှုဟာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်မှုရှိနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူသ နှစ်ခုစလုံးကို ကျူးလွန်တဲ့တရားခံဟာ တစ်ဦးတည်းဖြစ်နိုင် ပါပဲ''

''အိုးဂေါ့ဒ် ... ပလိစ်မင်(န်) လူသတ်တရားခံ တစ်ဦးတည်းလား ... ရှင်းပြစမ်းလူကလေး၊ အဲဒီလူသတ်မှု ဟာ ဘယ်လိုဆက်စပ်နေပြီး ဘယ်လိုလူက သတ်တာတဲ့ ... ဆေးမီရှူးဝါး''

''ဘယ်သူသတ်တာလဲဆိုတာတော့ စုံစမ်းထောက် ဆဲပါပဲ မင်းကြီး၊ အဲဒီလူသတ်သမားဟာ စဉ့်ရှည်သုတ်အိုး တစ်လုံးကိုရယူလိုမှုအတွက် အဲဒီလူသတ်မှုနှစ်ခုစလုံးကို လွန်ခဲ့တာ ဖြစ်နိုင်ပါတယ် ...။

ဘာဖြစ်လို့ ဒီလိုပြောနိုင်သလဲဆိုရင် ကုက္ကိုင်း သတ်မှုမှာ သေဆုံးသူ ကြောင်တစ်ရာမိုးမှောင်ဟာ အသက်ထွ ခါနီးမှာ အိုး ... အိုး ... နဂါး ... နဂါးလို့ ကယောင်ကတ ပြောပြီးအသက်ထွက်သွားတယ်လို့ မိုးမှောင်ရဲ့အနီးကို ပထ ဆုံးရောက်သွားတဲ့ ပုလိပ်စာသင်ကိုကြွက်ဖြူက ပြောပါတ ကျွန်တော်ဗဟန်းဂါတ်တဲကို ခုပဲလိုက်သွားပြီး ကိုကြွက်ဖြ သေသေချာချာမေးပြီးပါပြီ ... အဲဒီမိုးမှောင်အသက်ခံရတဲ့အ





ကိုင်တွယ်တဲ့ ပထမအိုင်အိုကိုတော့ စာသင်ကိုကြွက်ဖြူက အဲဒီအကြောင်းမပြောဖြစ်ခဲ့ပါဘူး၊ ကိုကြွက်ဖြူက မိုးမှောင်ဟာ သေအံ့မူးမူးဝေဒနာခံစားနေချိန် ကယောင်ကတမ်း ညည်းတွား ဘာဖြစ်လို့ အရေးမကြီးဘူးထင်ပြီး မပြောဖြစ်ခဲ့တာတဲ့ ခင်ဗျ ...။

''ကျွန်တော်တောင် ကိုကြွက်ဖြူကို အသေးစိတ်မေး ကြည့်မှ သိခဲ့ရတာပါ၊ မိုးမှောင်တာ သေအံ့မူးမူးမှာ ဘာတွေ ခြားခြားလုပ်ခဲ့သလဲ, ပါးစပ်က ဘယ်လိုအသံထွက်ခဲ့သလဲ သို့ သေသေချာချာမေးမှ ကိုကြွက်ဖြူကပြောပြခဲ့တာပါ ...။

ကြည့်မြင်တိုင်က ရွှေဆိုင်ပိုင်ရှင် ဒေါ်စိမ်းညို့အသတ် မှုမှာတော့ နေလစကြာဆိုတဲ့ဗေဒင်ဆရာက သတ်သွားခဲ့တာ ဒါပေမဲ့ ကျွန်တော်စုံစမ်းကြည့်သလောက်တော့ အဲဒီလူလို ပ်ရှည်အသွင်သဏ္ဍာန်မျိုးနဲ့ နေလစကြာဆိုတဲ့ ဗေဒင်ဆရာဟာ ဒင်ဆရာလောကမှာ မရှိဘူးလို့သိရပါတယ်၊ ဖြစ်နိုင်တာ တော့ လူသတ်သမားဟာ ဗေဒင်ဆရာအယောင်ဆောင်ပြီး တ်သွားခဲ့ပုံရပါတယ်ခင်ဗျ ... ဗေဒင်ဆရာရဲ့ရုပ်သွင်လက္ခ ကိုတော့ ဒေါ်စိမ်းညို့ရဲ့တပည့်မလေး လှလှသွယ်ပြောပြ ခဲ့ရတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"လှလှသွယ်ကို အပြင် 'ပ'ထုတ်ပြီး လူသတ်သမား တာ ဒေါ်စိမ်းညို့ကိုသတ်ဖြတ်တဲ့အခါ အိမ်ထဲမှာ ဒေါ်စိမ်းညို့နဲ့ နှစ်ဦးတည်းရှိနေလျက်နဲ့ ဒေါ်စိမ်းညို့ရဲ့အိမ်မှာ သိမ်းဆည်းထား တဲ့ ရွှေငွေလက်ဝတ်ရတနာတစ်ခုတစ်လေကိုမှ ယူသွားခြင်းမ တာကိုကြည့်ရင် ပစ္စည်းလိုချင်လို့ အကွက်ဆင်ပြီးလူသတ်တာ မဟုတ်ကြောင်း ထင်ရှားပါတယ်၊ လူသတ်သမားဟာ ဒေါ်စိမ်း ညို့ရဲ့ကိုယ်ပေါ်မှာဝတ်ထားတဲ့ မြလည်ဆွဲ၊ မြလက်ကောက် မြလက်စွပ်တို့ကိုတောင် ချွတ်ယူမသွားပါဘူး ...။

သူယူသွားတဲ့ တစ်ခုတည်းသောပစ္စည်းကတော့ ဘုရား စင်မှာတင်ထားတဲ့ စဥ့်ရည်သုတ်အိုးလေးတစ်လုံးပါပဲ၊ လှလှ သွယ် အပြင်ကနေပြန်ရောက်တော့ မားမြှောင်တန်းလန်းနဲ့ သေ ဆုံးနေတဲ့ ဒေါ်စိမ်းညို့ကိုတွေ့ရပြီး အိမ်ထဲမှာ ဘာပစ္စည်းပေ ပျောက်သေးသလဲလို့ စစ်ဆေးကြည့်တော့ ဘုရားခန်းထဲ ဘုရားစင်ပေါ်မှာ ပန်းအိုးတွေအကြားထားတဲ့ စဥ့်ရည်သုတ် လေး ပျောက်နေတာကို သတိထားမိတယ်တဲ့ ...။

နောက်ပြီး ဒေါ်စိမ်းညို့ရဲ့ဇိဝိန်ကိုခြွေသွားတဲ့ ရင် မားမြှောင်လက်ကိုင်ရိုးရဲ့ဘေးနှစ်ဖက်မှာ နဂါးပုံတစ်ဖက်၊ ဂဠု တစ်ဖက် ထွင်းထုထားတာတွေ့ရပါတယ်၊ ဒါကြောင့် ပထ





သတ်မှုမှာ အသတ်ခံခဲ့ရတဲ့ ကြောင်တစ်ရှူးမီးခိုမှောင်ရွှေသအုံးမှုနှ ညည်းတွားခဲ့တဲ့ အိုး ... အိုး ... နဂါး ... နဂါးဆိုတဲ့စကားလုံး တွေဟာ အဓိပ္ပါယ်မဲ့ ညည်းတွားယောင်ယမ်းပြောဆိုသွားတဲ့ စကားလုံးတွေ မဖြစ်နိုင်ပါဘူး၊ သူ့ကို ထောင်ချောက်အဆင်ခံ ရပြီလို့ သိလိုက်ရတဲ့အချိန်မှာ နာကြည်းမှုဖြစ်လို့ပဲဖြစ်ဖြစ် ထိတ် လန့်မှု၊ နောင်တရမှုတစ်ခုခုဖြစ်လို့ပဲဖြစ်ဖြစ် ညည်းတွားမိခဲ့ခြင်း ဖြစ်နိုင်ပါတယ် ...။

ဒါကြောင့် အဲဒီလူသတ်မှုနှစ်မှုဟာ ဆက်စပ်မှုရှိနေပြီး လူသတ်သမားဟာလည်း တစ်ဦးတည်းဖြစ်နိုင်တယ်လို့ ကျွန်တော် ယူဆမိတာပါ ခင်ဗျာ ...။

ပြီးတော့ အဲဒီလူသတ်ကောင်ဟာ အတော်ဉာဏ်များ ဉာဏ်သွားတဲ့သူဖြစ်တာ ထင်ရှားပါတယ်"

"အိုးမိုင်ဂေါ့(ဒ်) ဒမ်မစ် ... ဒီအတိုင်းဆို အဲဒီလူသတ် သမားကို ဖော်ထုတ်ဖမ်းဆီးနိုင်ပါ့မလား"

စုံထောက်မင်းကြီး မစ္စတာရုပ်တဲ (လ်)က မျက်လုံးကြီး အား စိုးရိမ်ပူပန်စွာ မေးလိုက်သည်တွင် ကုလားထိုင်ပေါ်၌ နှစ်ချောင်းကို ချိတ်ထိုင်လျက်မှ ကရဗင်အေစီးကရက်ကို ခန်မီးခြစ်ခြစ်ကာ မီးညှိဖွာရှိုက်လိုက်ရင်း အိုင်အိုချယ်သေးက



www.burmeseclassic.com

www.burmeseclassic.com



သော ပြန်ပြောလိုက်လေ၏။


"စိတ်မပူပါနဲ့ မင်းကြီး၊ လူသတ်သမားရဲ့သဲလွန်စကို တွေ့ကြောင် ကောက်မိနေပါပြီ၊ ရှုပ်ထွေးတဲ့အမှုတွေကို ခြေရာကောက်ဖော်ထုတ်ရတာဟာ ပျော်စရာကောင်းသလို ကျွန်တော်က ညာဏ်သွားတဲ့ ရာဇဝတ်သားနဲ့မှ ညာဏ်ချင်းယှဉ်ပြိုင်လိုသူပါ"

အိုင်အိုချစ်သွေး၏စကားကို ကြားရလေလျှင် စုံထောက်မင်းကြီး မစ္စတာရှပ်တဲ(လ်)မှာ လွန်စွာ အားတက်သွားပြီးအောက်ဖော်ပြပါအတိုင်း အားရပါးရကြီး ပြောလိုက်ပါတော့သတည်း။

"အိုးဂေါ့(ဒ်) စပလင်းဒိုးရှဲ့(စ်) ... အားကြီးနေရာကျပါလား၊ ဆက်လုပ် လူကလေး ... ဆက်လုပ်၊ ဒူးအစ်(တ်) အက်(စ်) ယူလိုက်(ခ်) ရီးယဲလီး ... ဂွဒ်ဘွိုင်"

□□□





ရှမ္မက်ဘီလူး

အိုင်အိုချစ်သွေးသည် သူ၏ ဟီး(လ်)မင်း(န်) ကားအနက်အား ဘိုးလိန်းလမ်း (ယခုဗညားဒလလမ်း) ထဲသို့ မောင်းလာပြီးလျှင် နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရှေ့အရောက်ဝယ်ကို ရပ်လိုက်လျက် ကားပေါ်မှဆင်းကာ အိမ်ပေါ်တက်သွားသည်တွင် ဖြူဖြူချော‌ချော အသက်နှစ်ဆယ်ခန့်ရှိ အမျိုးသမီးတစ် ဝမ်းသာအားရအပြုံးလေးဖြင့် ဆီးကြိုနှုတ်ခွန်းဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တော ... အစ်ကိုချစ်သွေးလာပြီ၊ လဆန်းရက်တစ်ခါလာပြီးကတည်းက ပျောက်သွားလိုက်တာ အစ်ကိုရယ် ခုမှပဲ ပေါ်လာတော့တယ်နော်၊ အတော်အလုပ်ရှုပ်နေလို့လား"

ချစ်သွေးက ကျွန်းဆက်တီခုံတစ်လုံးပေါ်တွင် ထိုင်လိုက်ကာ ကုတ်အင်္ကျီအောက်အိတ်ထဲမှ ကရဗင်အေစီးကရက်ဘူးကို ထုတ်လိုက်ပြီး စီးကရက်တစ်လိပ်ထုတ်ယူလျက် ရွှန်ဆန်မီးခြစ်ဖြင့် ခြစ်ကာ မီးညှိဖွာရှိုက်လိုက်လေ၏။ စီးကရက်ကို နှစ်ဖွာသုံးဖွာဖွာပြီးမှ အမျိုးသမီး၏မျက်နှာကို လှည့်ကြည့်လိုက်ကာ စကားပြ သည်။

"ဟုတ်တယ် ခင်ပြုံးရီ၊ အတော်လေးရှုပ်ထွေးတဲ့ လူ သတ်မှုနှစ်မှုအတွက် အစ်ကိုတို့စီအိုင်ဒီတစ်ဖွဲ့လုံး အလုပ်ရှုပ်နေ တာနဲ့ ခင်ပြုံးရီတို့ဘက် မရောက်ဖြစ်တာ၊ နေရထိုင်ရတာ အဆင် ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... အဆင်ပြေပါတယ် အစ်ကိုချစ်သွေး"

"ဒေါ်လေးတို့ရော"

"ဒေါ်လေးက ဈေးသွားဝယ်တယ် အစ်ကိုချစ်သွေး ထွေးထွေးနဲ့အေးအေးတို့ကတော့ ကျောင်းသွားကြပြီလေ"

"ဩော် ဒါဆို အိမ်မှာ ခင်ပြုံးရီတစ်ယောက်တည်းပေါ့"





"ဟုတ်ပါတယ် အစ်ကိုချစ်သွေး"

"နေရာကျလိုက်ပါပေ့၊ ဒါဆိုလည်း ပြောစရာရှိတာကို ဒီမှာပဲ ပြောလိုက်တော့မယ်၊ ဒေါ်လေးတို့ရှေ့မှာတော့ ပြောလို့ မဖြစ်ဘူး၊ လျှို့ဝှက်ရမယ့်အရေးကြီးကိစ္စမို့လို့ပါ"

ချစ်သွေး၏အမူအရာက လွန်စွာအလေးအနက်ထားနေ သည့်အမူအရာမျိုးမို့ ခင်ပြုံးရီကလည်း ဂရုတစိုက် နားစွင့်လိုက် သျှက် ...

"ပြောပါ အစ်ကိုချစ်သွေး၊ ဘယ်လိုအရေးကြီးတဲ့ကိစ္စ မို့လဲ၊ ခင်ပြုံးရီရဲ့အကူအညီလိုလို့လား ... လိုရင်ပြောပါ အစ်ကို ချစ်သွေး၊ ခင်ပြုံးရီရဲ့အပေါ်မှာ အစ်ကိုချစ်သွေးရဲ့ကျေးဇူး အများ ကြီးရှိပါတယ်၊ အစ်ကိုချစ်သွေးအတွက်ဆိုရင် အသက်ပေးရင် ပေးရပါစေ ... ကူညီဖို့အသင့်ပါ"

ဟု လှိုက်လှိုက်လှဲလှဲအသံလေးဖြင့် ပြောလိုက်ရာ ချစ်သွေးက ပြုံးကာ ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ခင်ပြုံးရီ၊ အခုအခါမှာတော့ ခင်ပြုံးရီရဲ့ အကူအညီလိုအပ်လာလို့ အစ်ကိုလာခဲ့တယ်၊ ဒီကိစ္စမှာ ခင်ပြုံးရီ့ ကူညီမှုဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီဓာတ်ပုံကိုကြည့် လိုက်စမ်း ခင်ပြုံးရီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြောဆိုဆိုဖြင့် ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်သည်တွင် ခင်ပြုံးရီက သွက်လက်စွာ လှမ်းယူပြီး ကြည့်လိုက်သည့်အခါ ဓာတ်ပုံထဲမှ အမျိုးသမီးမှာ သူမနှင့် အတော်တူနေသဖြင့် အံ့အားသင့်သွားတော့၏။

"အို ...သူ ဘယ်သူလဲ အစ်ကိုချစ်သွေး"

ဟု မြန်မြန်လောလောလေး မေးလိုက်မိရာ ချစ်သွေးက စီးကရက်ကို ဖွာရှိုက်လိုက်ပြီးမှ တစ်လုံးချင်းဖြေသည်။

"သူ့ရဲ့နာမည်က မော်လီအောင်လို့ခေါ်တယ် ခင်ပြုံးရီ၊ သူဟာ အစ်ကို အခုတာဝန်ယူထောက်လှမ်းစုံစမ်းနေတဲ့ လူသတ်မှုတွေနဲ့ ဆက်စပ်နေတယ် ...။

သူဟာ တိုက်တိုက်ဆိုင်ဆိုင် ခင်ပြုံးရီနဲ့ ဆင်ဆင်တူနေတယ်၊ သူက ဆံပင်ပုံစံနဲ့ ဝတ်စားဆင်ယင်မှုအပိုင်းမှာ ပိုပြီး ခေတ်ဆန်တယ်၊ ခင်ပြုံးရီကို သူ့လိုပဲ ဆံပင်ရှေ့အဖျားလေးတွေ ကောက်ပြီး ခေတ်ဆန်ဆန်လေးအဝတ်အစားဆင်ပေးလိုက်ရင် သူ့နဲ့ အတော်လေးတူသွားနိုင်တယ်၊ ဒါကြောင့် သူ့ရဲ့နေရာမှာ အစားထိုးပြီး သရုပ်ဆောင်ရအောင် ခင်ပြုံးရီကို အကူအညီ တောင်းလိုတာပါပဲ"

ခင်ပြုံးရီသည် ချစ်သွေး၏စကားအဆုံးတွင် အတန်ကြာ





တွေဝေလျက် ဓာတ်ပုံကိုစိုက်ကြည့်နေရာမှ ချစ်သွေးကို ခပ်ဖြည်းဖြည်းခေါင်းမော့ကြည့်လိုက်ပြီး ...

"ရပါတယ် အစ်ကိုချစ်သွေး၊ အစ်ကိုချစ်သွေးက ခင်ပြုံးရီရဲ့အရှက်, ဘဝနဲ့ အသက်ကိုပါ ကယ်ခဲ့သူပါ၊ အစ်ကိုချစ်သွေးအတွက်ဆို ဘာမဆိုလိုက်လျောကူညီဖို့ အသင့်ပါ"

ဟု လေးနက်သောအသံလေးဖြင့် ပြောလိုက်ရာ ချစ်သွေးက သဘောကျသွားသလို ပြုံးလိုက်ရင်း ထိုင်ရာမှထလိုက်လေ၏။

"ကောင်းပြီ ခင်ပြုံးရီ၊ အမှန်တရားတစ်ခုကို ရှာဖွေရာမှာ အစ်ကို့ကို ကူညီပါနော် ...ဟုတ်လား၊ ခင်ပြုံးရီအတွက် ဘေးဒုက္ခမကျရောက်ရအောင် အစ်ကို တာဝန်ယူကာကွယ်ပေးပါ့မယ် ...အဲဒီအတွက်တော့ ဘာမှမပူပါနဲ့၊ ကဲ ...ဒါဆို မနက်ဖြန်ကျရင် အစ်ကိုလာခေါ်မယ်၊ ခင်ပြုံးရီ အစ်ကိုနဲ့လိုက်ပြီး ဘရိ (ဗိုလ်မြတ်ထွန်း) လမ်းက တိုက်ခန်းတစ်ခုမှာ ရက်သတ္တတစ်ပတ်နှစ်ပတ်လောက် လိုက်နေရမယ်"

"ရှင် ...အစ်ကိုချစ်သွေးနဲ့ လိုက်နေရမယ် ...ဟုတ်လား"

"ဟုတ်တယ် ခင်ပြုံးရီ၊ လုပ်ငန်းလိုအပ်ချက်အရ လိုက်



www.burmeseclassic.com

www.burmeseclassic.com



နေ့ရှုကလေးတို့ နှစ်ပွဲမှ အစ်ကိုအတွက်ကြောင့် ခင်ပြုံးရီမှာ မဲ့ တစ်ပေါက်မစွန်းစေရပါဘူး၊ အစ်ကို့ကို ယုံကြည်စိတ်ချထားပါ"

"...ခင်ပြုံးရီ ... အစ်ကိုချစ်သွေးကို မယုံလို့မဟုတ်ပါဘူးရှင်"

"... ဒါဆို အဲဒီတိုက်ခန်းတစ်လလောက် ငှားဖို့ ကိစ္စအတွက် စီစဉ်စရာရှိလို့ သွားလိုက်ဦးမယ်၊ ဒေါ်လေးကိုတော့ အစ်ကိုနဲ့ အပြင်ထွက်ပုဂံဘက် ဘုရားဖူးလိုက်သွားမယ်လို့ ပြောထား ... တော့လား၊ မနက်ဖြန်မနက် အစ်ကို လာခေါ်မယ်၊ အဝတ် အစားသေတ္တာသာ အသင့်ပြင်ထားပေတော့"

"ဟုတ်ကဲ့ အစ်ကိုချစ်သွေး"

ချစ်သွေးက ခင်ပြုံးရီကို နှုတ်ဆက်ပြီး အိမ်ပေါ်မှဆင်း ကာ ဟီး(လ်)မင်း(န်) ကားလေးကို မောင်းထွက်သွားရာ ခင်ပြုံးရီ မှာ အိမ်ပေါက်ဝ၌ ရပ်လျက်သား ငေးကြည့်ကျန်ရစ်ရာမှ သူနဲ့ ချစ်သွေးတို့ စတင်ဆုံစည်းခဲ့ရပုံကို ပြန်လည်မြင်ယောင်လျက် ရှိလေတော့၏။

□□□





လွန်ခဲ့သောတစ်နှစ်ခန့်က ...

မြန်မာပြည်အလယ်ပိုင်း ပွင့်ဖြူမြို့နယ်မှ ရွာတစ်ရွာ ...သော ဆင်ပေါက်ကန်ရွာသူလေး ခင်ပြုံးရီမှာ မိဘများက ...ရေးနှင့်ပတ်သက်ပြီး အားပေးသည်ဖြစ်ခြင်းကြောင့် မကွေး ...ရှင် ကျောင်းအိပ်ကျောင်းစားဖြင့် မက်ထရစ်ကျောင်းကို တက် ...ရှိလေ၏။

ခင်ပြုံးရီသည် မက်ထရစ်စာမေးပွဲကို ဖြေသည့်တွင်



www.burmeseclassic.com

www.burmeseclassic.com



ခက်ထရစ်မအောင်ဘဲ ဟိုက်စကူးဖိုင်နယ်သာအောင်သဖြ
ကျောင်းဆက်မတက်တော့ဘဲ ရွာသို့ပြန်လာချိန်မှာပင် မိခင်
သူ့အော်လုရှိမှာ ချောင်းဆိုးသွေးပါရောဂါဖြင့် ကွယ်လွန်ခဲ့ရလေ
မိခင်ကြီးကွယ်လွန်ပြီး လေးလအကြာမှာပင် ဖခင်ကြီးဦးသ
မှာ လေငန်းရောဂါဖြင့် ကွယ်လွန်သွားပြန်ရာ ခင်ပြုံးရီမှာ
တွင် ဆွေမဲ့မျိုးမဲ့ မိဘမဲ့ဘဝဖြင့် ဘဝရှေ့ရေးကို မည်သို့ဆ
ရမှန်းမသိဖြစ်နေတော့၏။

ခင်ပြုံးရီ၏အဘိုး ဦးလူကျော်မှာ ဆင်ပေါက်ကန်
ဖာတိမဟုတ်ဘဲ မည်သည့်ရွာဖာတိမှန်းလည်း သေချာ
ခင်ပြုံးရီ မသိချေ။

အဘိုးဦးလူကျော်မှာ လေ့သူကြီးတစ်ဦးဖြစ်ပြီး ပိန်း
လှေကြီးတစ်စင်းကိုဦးစီးကာ အထက်အညာဒေသနှင့် အော
ပြည်အောက်ရွာ ကုန်ကူးသန်းရင်းမှ ဆင်ပေါက်ကန်ရွာတွင်
နား၍ ခင်ပြုံးရီ၏အဘွားဖြစ်သူ ဒေါ်မယ်လုနှင့် အိမ်ထောင်
ခဲ့ခြင်း ဖြစ်လေ၏။

အဘိုးဦးလူကျော်တွင် ဦးသူတော်ဟူသော ညီတ
သော်လည်း ဦးသူတော်မှာ မည်သည့်အရပ်ဒေသမှာမှ အ
တကျနေသူမဟုတ်ဘဲ စပါးပွဲစား၊ သစ်တောစာရေး၊ သစ်





သည်၊ ဖာတ်ကန်ထရိုက်၊ ဆေးဆရာ ... စသည်ဖြင့် အလုပ်
စုံလုပ်ကာ မြန်မာပြည်အနှံ့ လျှောက်သွားနေသူဖြစ်ကာ မည်
သည့်အရပ်ဒေသမှာမှ အတည်တကျမနေသလို မည်သည့်
အလုပ်မှမမြဲချေ။ အစ်ကိုဖြစ်သူ ဦးလူကျော်ထံလာလည်သည့်
အခါ ဦးလူကျော်က အလုပ်တစ်ခုခုကို ဖောက်ချလုပ်ရန်ပြော
သည့် ...

"ဟေ့ အစ်ကိုလူကျော် ... ကျုပ်က ပေါင်မှာစာနက်၊
တော်မှာစာဖြူ မလုပ်ဘဲနဲ့ ကြွယ်မယ့်သူဆိုတဲ့ ဆိုစကားအတိုင်း
ဘယ်အလုပ်ကိုမှ အတည်တကျမလုပ်လည်း ထမင်းမငတ်တဲ့
အောင်မျိုးပါကွ၊ ကျုပ်အတွက် မပူလေနဲ့၊ သူတော်တို့ကတော့
ကွေ့ရောက်ရင် ဟိုတက်နဲ့လှော်၊ ဒီကွေ့ရောက်ရင် ဒီတက်နဲ့
လှော် ... ပျော်ပျော်ပဲ ... ဟဲဟဲ"

သို့နှယ် ခင်ပြုံးရီ၏အဘိုးလေး ဦးသူတော်က အိမ်ဦး
ခန်းမှာထိုင်ကာ ဒူးနှန့်ရင်း ပြောလေ့ရှိသည်ကို ခင်ပြုံးရီ ဆယ်နှစ်
သားအထိ မကြာခဏကြားရလေ့ရှိလေ၏။

သို့နှယ် ...

တစ်ကိုယ်ရေတစ်ကာယသမား အဘိုးလေးဦးသူတော်
ခင်ပြုံးရီတို့ရွာသို့ လာလည်လိုက်၊ နှစ်နှစ်သုံးနှစ်ခန့် ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားဆိုက်ဖြစ်နေရာမှ မှတ်မှတ်ရရ အဘိုးဦးလူကျော်ဆုံးမည့်နှစ်တွင် ရွာသို့ရောက်လာခဲ့သေး၏။ အဘိုးဆုံးတော့ အဘိုးလေးဦးသူတော်၏လက်ထဲမှာ ဆုံးခြင်းဖြစ်၏။

အဘိုးဖြစ်သူဦးလူကျော်ဆုံးပါးစဉ်က ခင်ပြုံးရီမှာ မကွေးမြို့ဝယ် ကျောင်းအိပ်ကျောင်းစားဖြင့် ကျောင်းသွားတက်နေရ ဖြစ်၏။ အဘိုးလေးမှာ အစ်ကိုဖြစ်သူ၏အလောင်းကို ဂူသွင်း သင်္ဂြိုဟ်ပေးပြီးနောက် ပျောက်သွားလိုက်သည်မှာ ခင်ပြုံးရီ ဟိုက်စကူးဖိုင်နယ်အောင်ပြီး နောက်ပိုင်းအထိ လုံးဝပေါ်မလာတော့ ပေ။

ခင်ပြုံးရီလည်း ရွာဝယ် အဘိုးအဘွား မိခင်ဖခင်များ ဆုံးပါးသွားပြီးနောက် ဘဝရှေ့ခရီးကို မည်သို့ဆက်ရမှန်းမသိဖြ နေစဉ် ရန်ကုန်မြို့၌ရောက်ရှိနေသော အစ်မဝမ်းကွဲ မမြနှစ် သတိရသဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး သင့်လျော် အလုပ်တစ်ခုခု လုပ်လိုကြောင်း စာရေးခဲ့ရာ မမြနှစ်မှာလည် ဟိုက်စကူးဖိုင်နယ်အောင်ပြီးသော ခင်ပြုံးရီအနေဖြင့် ရန်ကုန်မြို ကုန်တိုက်ကြီးတစ်ခုခုတွင် အရောင်းစာရေးမသော်လည်းကော ကုမ္ပဏီလုပ်ငန်းတစ်ခုခုတွင် စာရေးမသော်လည်းကော အလုပ်ရရှိနိုင်ကြောင်း၊ ထို့ကြောင့် ရန်ကုန်သို့လာလိုက လာ





သွားဖနေပုဒ်ဝယ် ခင်ပြုံးရီ၏ပညာနှင့် ထိုက်တန်သောအလုပ် ရှိကြောင်း စာပြန်လေ၏။

အစ်မဖြစ်သူ၏ပြန်စာကို ရရှိပြီးနောက် ခင်ပြုံးရီသည် ဝမ်းသာအားရဖြင့် ရန်ကုန်ရွှေမြို့တော်ကြီးသို့ လိုက်လာတော့၏။

ရွာမှ မိဘလက်ငုတ်လက်ရင်း လယ်ယာမြေများနှင့် များတို့ကိုရောင်းချခဲ့ကာ ငွေသားတစ်ထောင်ကျော်ကိုမိုက်ပြီး အစ်မဖြစ်သူ၏အိမ်သို့လာခဲ့ရာ အစ်မဝမ်းကွဲဖြစ်သူ မမြနှစ်ကရော ခဲအိုဖြစ်သူ ကိုဗဒင်ကပါ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေး ည်ဆိုသဖြင့် ထိုင်စောင့်ရင်း ပါလာသောငွေတို့မှာ တတိတိကုန် တော့သည်။

အစ်မဝမ်းကွဲဖြစ်သူ မမြနှစ်အား စားစရိတ်၊ နေစရိတ် ပေးရာ လကြာလာသည်နှင့်အမျှ ခင်ပြုံးရီဝယ် ငွေရေးကြေးရေး ရှားလာတော့၏။

"အစ်ကိုဗဒင် ... အလုပ်အဆက်အသွယ် ခုအထိ ရသေးဘူးလား"

"အေး အဆက်အသွယ်ရခါနီးပါပြီဟ၊ ငါ့အသိတစ်ဦး တစ်ဆင့် ကုမ္ပဏီတစ်ခုနဲ့ ဆက်သွယ်ထားတယ်၊ မကြာခင် ခင် အလုပ်ရမှာပါ၊ သည်းခံလက်စနဲ့ ဆက်ပြီးသည်းခံပါဦးဟ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် တစ်နေ့တွင် ကိုဖဒင်သည် မြို့ထဲပိုင်းမှပြန်လာ သည်၌ . . .

"ကဲ ခင်ပြုံးရီ . . . နင် အလုပ်ရတော့မယ်၊ ကုမ္ပဏီ ပိုင်ရှင်သူဌေးက နင့်ကို လူတွေ့စစ်ဆေးပြီးလို့ သဘောကျရင် အတွင်းရေးမှူးစာရေးမအဖြစ် ခန့်မယ်တဲ့ဟ၊ လစာက တစ်လ ငါးဆယ်တောင်ပေးမှာတဲ့ဟ"

ဟု ဝမ်းသာအားရအမူအရာဖြင့်ပြောရာ ခင်ပြုံးရီလည်း လွန်စွာဝမ်းသာသွားပြီး ကပျာကသီ ပြန်မေးလိုက်လေ၏။

"အို . . . လစာက ကောင်းလှချည်လား၊ သူဌေးက ဘယ်တော့လူတွေ့စစ်ဆေးချင်တာတဲ့လဲ အစ်ကိုဖဒင်"

"မနက်ဖြန်တဲ့ဟ"

"အို . . . မနက်ဖြန်က ရုံးပိတ်ရက်ပဲဟာ အစ်ကိုဖဒင် ကလဲ"

"အေး . . . ကုမ္ပဏီပိတ်ရက်မှာမှ စိတ်အေးလက်အေး စစ်ဆေးမေးမြန်းချင်လို့တဲ့ဟ၊ အလုပ်လိုချင်တဲ့သူက စနေ အဂ ရွေးမနေနဲ့လေဟာ"

"ဟုတ်ပါတယ် အစ်ကိုဖဒင်ရယ်၊ ခင်ပြုံးရီက အလုပ် လိုချင်သူပဲ၊ သူဌေးချိန်းဆိုတဲ့နေ့ သွားရမှာပေါ့"

---





"အေး . . . ဒီလိုမှပေါ့၊ မနက်ဖြန် (၉) နာရီလောက် သာ နင် လှလှပပဖြီးလိမ်းဝတ်စားပြီး အသင့်ပြင်ထား"

"ဟုတ်ကဲ့ပါ အစ်ကိုဖဒင်"

□□□

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ...

ခဲအိုဝမ်းကွဲဖြစ်သူ ကိုဗဒင်ခေါ်ရာနောက်သို့ ခင်ပြုံး[ရီ] လိုက်ခဲ့ရသည်။ ကျီးကြည့်ကြောင်ကြည့်ဖြင့်သာ ကိုဗဒင်ဦးဆော[င်] ခေါ်သွားရာနောက်သို့ လိုက်ပါခဲ့ရ၏။ ဘယ်ရောက်၍ ဘယ်ပေါ[က်]မှန်းမသိ။ ခဲအိုဖြစ်သူကို မေးလည်းမမေးရဲချေ။

ငါးထပ်တိုက်အဆောက်အအုံတစ်လုံးရှေ့သို့အရောက်တွ[င်] ကိုဗဒင်က တိုက်ခန်းနှစ်ခန်းအကြားရှိ လှေကားမှတက်သွား[သ]





ခင်ပြုံးရီပါ နောက်မှလိုက်တက်ခဲ့ရ၏။

ကိုဗဒင်ဦးတည်သွားသည်က ထိုတိုက်၏ပထမထပ် လက်ယာဘက်အစွန်ဆုံးအခန်းသို့ ဖြစ်၏။ ယင်းတိုက်ခန်းအဝဝယ် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် ဝဝတောင့်တောင့် ကုလားတစ်ဦးရပ်နေရာ ထိုကုလား၏လက်ထဲသို့ ကိုဗဒင်က တစ်စုံတစ်ရာထည့်လိုက်သည်ကို ခင်ပြုံးရီ အမှတ်မထင် တွေ့လိုက်ရလေ၏။ ထို့နောက် ကိုဗဒင်က ထိုကုလားကို ကုလားလို တစ်ခွန်းနှစ်ခွန်းပြောလိုက်ရာ ကုလားက ခင်ပြုံးရီကို ပြုံးဖြဲဖြဲဖြင့် လှမ်းကြည့်ရင်း သူ့ခါးကြားဝယ် တွဲလောင်းချိတ်ထားသည့် ကြီးသော့တွဲကို ဖြုတ်ယူကာ ပိတ်ထားသောတံခါးချပ်တို့၏ သော့ခလောက်တို့ကို ဖွင့်ပေးလိုက်လေ၏။

ရွှေကောက်နှံ

သွင်းကုန်/ထုတ်ကုန်ကုမ္ပဏီလီမိတက်

ဟူသော ဆိုင်းဘုတ်ချိတ်ထားသည့်တံခါးဝမှ အထဲသို့ ဝင်လိုက်သည်တွင် ဆိုဖာခုံ၊ စားပွဲ၊ ကုလားထိုင်၊ ပန်ကာတို့ဖြင့် ခမ်းနားသိုက်မြိုက်စွာ ပြင်ဆင်ထားသော ကုမ္ပဏီရုံးခန်းတစ်ခုအတွင်းသို့ ခင်ပြုံးရီ ရောက်ရှိသွားတော့၏။

နှစ်ဦးစလုံး ကုမ္ပဏီရုံးခန်းထဲရောက်သည်နှင့် ကိုဗဒင်



www.burmeseclassic.com

www.burmeseclassic.com



သည် တံခါးမကြီးအား ပြန်စေကာ ချက်ထိုးပိတ်လိုက်လေ၏။

"အစ်ကိုဗဒင် သူဌေးနဲ့တွေ့ရမယ်ဆို ‥ သူဌေးမရောက်သေးဘူးလား"

"ဟ ‥‥ သူက သူဌေးပဲ၊ အေးအေးဆေးဆေးမှလာမှာပေါ့၊ ငါတို့မှာသာ ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသလို ဒီရုံးခန်းက နေလာပြီး ကြိုစောင့်နေရတာ ခင်ပြုံးရီရဲ့၊ အဲဒီခုံမှာထိုင်"

ကိုဗဒင်က ယင်းသို့ပြောပြီးနောက် အင်္ကျီအိတ်ထဲမှ ဆင်တံဆိပ်စီးကရက်တစ်လိပ်ကိုထုတ်ယူလိုက်ကာ ကြေးမီးခြစ်ငယ်ဖြင့် ခြစ်လိုက်လျက် မီးညှိဖွာရှိုက်ရင်းမှ ဆိုဖာဆက်တီ တစ်လုံးပေါ်တွင်ထိုင်ကာ ခင်ပြုံးရီကို စိတ်ပြေနပြေမျက်လုံးမှေး စင်းကြည့်နေလေ၏။

ပဒုမ္မာအင်္ကျီ အပြာပွင့်ရိုက်လေးကို ငွေနားကွပ်စုရုံး ထဘီအပြာရင့်လေးနှင့် တွဲဝတ်ထားပြီး လည်တိုင်ကျော့ကျော့ ဝယ် ပိုးပဝါအပြာနုလည်စည်းလေး စည်းထားသော မိမိ ကြော့ရှင်းလှပသည့်အလှကို အနုလုံပဋိလုံကြည့်လျက်ရှိသော ခဲအိုဝမ်းကွဲဖြစ်သူ၏အကြည့်ရှိုင်းထဲတွင် ရမ္မက်ခိုးများ ဝေ သည်ကို သတိပြုမိလိုက်သည့် ခင်ပြုံးရီမှာ ယခုမှ တံခါးပိတ် ထားသော ဤရုံးခန်းကြီးထဲ၌ မိမိနှင့်ကိုဗဒင် နှစ်ဦးတည်းရှိနေ





သည့်အဖြစ်ကို ထိတ်လန့်စွာတွေးမိပြီး အခန်းပတ်လည်အနှံ့သို့ ကြိုးကန်းတောင်းမျှော်ကြည့်လိုက်ပြန်တော့လည်း မှန်ပြတင်း ပေါက်များအားလုံးမှာ ပိတ်ထားလျက် အလင်းရောင်က ပြတင်း မှန်များကို ထိုးဖောက်ဝင်လာနေခြင်းဖြစ်ကြောင်း သတိပြုမိလေ ၏။

မည်သို့ဖြစ်စေ မိမိသည် ပြတင်းတံခါးပေါက်များရော တံခါးမကြီးပါ ပိတ်ထားသည့် အလုံပိတ်ရုံးခန်းကြီးထဲတွင် သူစိမ်း ဆန်ရုံသ ယောက်ျားတစ်ဦးနှင့် အတူရှိနေခြင်းမှာ အန္တရာယ်ရှိ ကြောင်း ရိပ်စားမိလာကာ ထိုင်ရာမှ ဆတ်ခနဲထပြီး လမ်းမ ဘက်မှ ပြတင်းတံခါးကို ချက်ဖြုတ်ဖွင့်ရန် ဟန်ပြင်လိုက်လေ၏။

"အရမ်းအိုက်တာပဲ ပြတင်းတံခါးတော့ဖွင့်မှ"

ပြတင်းတံခါးကို ထဖွင့်နေသည့် ခင်ပြုံးရီ၏တင်းရစ်ဖွံ့ လှပသော ခန္ဓာကိုယ်နောက်ပိုင်းအလှကို တွေ့လိုက်သည်နှင့် တဏှာ အကြွသမားဖြစ်သော ဗဒင်မှာ ရင်ထဲမှ ရမ္မက်သွေးတို့ ဆူခနဲ ရုတ်တရက်ဆူကြွလာကာ ဆိုဖာဆက်တီခုံပေါ်မှ ဝေါက် ခနဲထိုင်လျက် ခင်ပြုံးရီ၏နောက်နားဆီသို့ ချဉ်းကပ်သွားလေ ၏။

ခင်ပြုံးရီသည် ပြတင်းတံခါး၏အောက်ချက်ကိုဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် အပေါ်ချက်ကို ခြေဖျားလေးများထောက်ကာ ဖွင့်လိုက် သည့်အခါ သူမ၏ဆံထုံးပုံ့ပုံ့လေးအောက်မှ လည်တိုင်ဖြူဖြူလေး မှာ ကြော့ရှင်းသွားပြီး ကျောလေးက ကော့သွားလျက် ခါးကျဉ် ကျဉ်လေးအောက်ဘက်မှ စွင့်ကားသောတင်သားတို့မှာ ရုရတ် ထဘီအသားလေး တင်းခနဲဖြစ်သွားသည်နှင့်အမျှ လုံးကြွတင်း ရင်းလာသည်ကို မြင်ကွင်းရှင်းရှင်းကြီး အနီးကပ်မြင်နေရသည့် ဗဒင်မှာ သူ၏မနောစိတ်ဆင်ရိုင်းကို ချွန်းအုပ်မနိုင်တော့ဘဲ ရုတ် တရက် ခြေနှစ်လှမ်းခန့် တိုးလိုက်ကာ ခင်ပြုံးရီ၏ခါးကျဉ်ကျဉ် လေးကို တအားကြုံးဖက်လိုက်တော့၏။

"အို"

ခင်ပြုံးရီမှာ ရုတ်တရက်ထိတ်လန့်သွားပြီး ကိုယ်ကို လှည့်ကာ အတင်းရုန်းဖို့ ကြိုးစားတော့၏။

"လွှတ် ... လွှတ် ... အစ်ကိုဗဒင် ဒါဘာလုပ်တာ လဲရှင့်"

ခင်ပြုံးရီ၏ထွေးအိနေသော အပျိုစင်ခန္ဓာကိုယ်လေးကို ခပ်တင်းတင်းကြီး ထွေးဖက်ထားရာမှ ဗဒင်သည် နွားပြာကြီး အောက်သွားမရှိသလို တဟင်းဟင်းရယ်လိုက်ရင်း . . .

"ဟင်း ဟင်း ဟင်း ... ဒါ ဘာလုပ်တာလဲဆိုတော့





ချစ်ဖို့လေ ... ချစ်ဖို့"

ဟု အံကြိတ်သံကြီးနှင့်ပြောကာ ခင်ပြုံးရီ၏ပါးမို့မို့လေး နှစ်ဖက်ကို အတင်းနမ်းဖို့ ကြိုးစားတော့၏။ ခင်ပြုံးရီမှာ ရွံရှာ စက်ဆုပ်လှစွာဖြင့် သူမ၏မျက်နှာလေးကို အတင်းလွှဲဖယ်ရင်း သွေးရူးသွေးတန်း အော်လိုက်လေ၏။

"ကယ်ကြပါ ... ကယ်ကြပါရှင်"

သူမသည် ရုန်းကန်လျက်မှ ယင်းသို့အော်ဟစ်ကာ ပြတင်းဝဆီ အတင်းဆောင့်တိုးရင်း တိုက်ရှေ့အောက်ဘက်ရှိ လူသွားစင်္ကြံပေါ်မှ လမ်းသွားလမ်းလာတို့ကို အားကိုးတကြီး အကူအညီတောင်းရန် ကြိုးစားလေရာ သူမ၏လက်ကလေးတစ် ဖက်သာ ပြတင်းဝမှ တိုးထွက်နိုင်ရှာလေ၏။

"လာစမ်း ကောင်မ ... ဘာရုန်းပြီး ဘာအော်တာလဲ၊ နင့်ကို ဒီလိုချစ်ချင်လို့ ငါက ဒီလိုကြံခဲ့တာ သိရဲ့လား"

ဗဒင်က ခင်ပြုံးရီ၏ငါးရံ့ကိုယ်လုံးလေးကို ဆွဲယူလိုက် ပြီး ဆိုဖာဆက်တီများရှိရာသို့ အတင်းဖက်ရမ်းဆွဲခေါ်ရာ ခင်ပြုံးရီ မှာလည်း ခွန်အားရှိသမျှ အားတင်းရုန်းကန်တော့သည်တွင် ဧည့်ခန်းကြီးအတွင်း၌ နှစ်ယောက်သားဗလုံးဗထွေး ဗရုန်း သုန်းကား ဖြစ်လျက်ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အို ... လွှတ် ... လွှတ် ... လူယုတ်မာကြီး ... လူယုတ်မာကြီး ... လွှတ် ... လွှတ်"

□□□



ဘုရားကျောင်းလမ်း (ယခုဘိုကလေးဈေးလမ်း) အတိုင်း လျှောက်လာလျက်ရှိသည့် အိုင်အိုချစ်သွေးမှာ လမ်းနံ့ဘေးရှိ ဈေးဆိုင်တို့ကိုငေးကြည့်နေရာမှ 'ကယ်ကြပါရှင်' ဟူသော မိန်းကလေးအော်သံတစ်ခုကို ခပ်သဲ့သဲ့ကြားလိုက်ရသဖြင့် တိုက်ခန်းများပေါ်သို့ မော့ကြည့်လိုက်မိသည်တွင် တစ်ခုသောပထမထပ်တိုက်ခန်း၏ပြတင်းဝတစ်ခုမှ တိုးထွက်လျက်ရှိသည့် ဖြူဖြူနုနုလက်ကလေးတစ်ဖက်ကို သတိပြုမိလိုက်လေ၏။

---



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ဦး၏ခြေအော်သံမှာ ယင်းပြတင်းဝ
ထွက်ပေါ်လာဟန်ရှိသလို ပြတင်းဝမှ တိုးထွက်လျက်ရှိသော
လက်ဖြူဖြူနုနုလေးမှာလည်း တစ်စုံတစ်ရာအကူအညီတောင်း
ဟန်ဖြင့် လက်ကလေးကို ခါယမ်းလျက်ရှိရာမှ ထိုလက်ကလေး
မှာ အတွင်းသို့ ရုတ်ခနဲပြန်ဝင်သွားသည်ကိုတွေ့လိုက်ရသည်တွင်
ယင်းအထပ်၌ မိန်းကလေးတစ်ဦး ဘေးအန္တရာယ်တစ်စုံတစ်ရာ
ကြုံနေပြီဟု ယူဆလိုက်မိတော့၏။

သို့ကြောင့် အိုင်အိုချစ်သွေးသည် ယင်းအထပ်သို့ တက်
သည့် လှေကားမှပြေးတက်ခဲ့ရာ လမ်းခုလပ်၌ ကုလားတစ်ဦးနှင့်
ပက်ပင်းဆုံတော့၏။

ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်း ဗိုက်
ရွဲရွဲနှင့် ကုလားသည် လှေကားထစ်တစ်ဝက်ခန့်၌ ခါးထောက်ရပ်
ကာ အိုင်အိုချစ်သွေးကို မျက်မှောင်ကြုတ်ကြည့်လျက်ရှိလေ၏။

"ဟေ့ အနဲ ... လမ်းဖယ်ပါ"

"ခင်ဗျား ဘယ်သွားမလို့လဲ"

"ဒီအပေါ်ထပ် ညာဘက်က အခန်းထဲမှာ မိန်းကလေး
တစ်ယောက် တစ်ခုခုဖြစ်နေပုံရတယ်၊ သူက အကူအညီလှမ်း
တောင်းလို့ အဲဒီသွားမလို့"





"အဲဒီအခန်းမှာ ဘရားဆပ်တစ်ယောက်ရှိတယ်၊ သူက
ဒုန်တော့်ကို ဘယ်သူမှ အခန်းထဲဝင်မလာအောင် တားရမယ်လို့
မှာထားတယ်၊ သူဌေးလာရင်တော့ တံခါးခေါက်ပြီး ကြိုပြောလို့
မှာထားတယ်၊ ဒါကြောင့် ခင်ဗျားကို သွားခွင့်မပြုနိုင်ဘူး"

လူရည်လည်သောကုလားက ခပ်တင်းတင်းပြောကာ
လှေကားကို ပိတ်ဆီးရပ်မြဲရပ်လျက်ရှိလေ၏၊ အိုင်အိုချစ်သွေး
သည်း အခြေအနေအရပ်ရပ်ကို ရိပ်စားမိသွားပြီး ...

"ဟေ့ အနဲ ... အဲဒီအခန်းထဲက လူယုတ်မာနဲ့ မင်းနဲ့
အကြံတူတည်း တစ်ဉာဏ်တည်းပေါ့ ဟုတ်လား ... ရှေ့က
ဖယ်ဆို ဖယ်စမ်းဟေ့"

ဟု ဟိန်းဟောက်လိုက်သော်လည်း ချစ်သွေးထက် ဗလ
ကောင်းသော ကုလားအစောင့်က ထီမထင်ဟန်ဖြင့် နှုတ်ခမ်း
ကို မဲ့ပြုံးပြုံးလိုက်ကာ ...

"ဘာဖြစ်လို့ ဖယ်ရမှာလဲ၊ မဖယ်နိုင်ဘူး၊ လက်သီး
ချည်းချင်လို့လား၊ သတ္တိရှိရင်တက်ခဲ့လေ"

ဟု စိန်ခေါ်လိုက်သည်တွင် အိုင်အိုချစ်သွေးက နောက်
သို့လှေကားနှစ်ထစ်ကို ဆုတ်ခနဲ တက်လိုက်သည်၌ ကုလား
အစောင့်က တုတ်ခိုင်သန်မာသော ညာခြေထောက်ဖြင့် လွှဲကန်



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်တော့၏။

'ဗိုး'

အိုင်အိုချစ်သွေးသည် ခြေကန်ချက်အား ကိုယ်ကိုရှိက လွှက်အောင်ရှောင်လိုက်ပြီး ...

သူ့မျက်နှာနံဘေးမှ ဝီခနဲဖြတ်သွားသည့် ဘောင်း ရှည်ဝတ်ထားသော ကုလားအစောင့်၏ညာခြေထောက်ကို လ ဖြင့် ပင့်ရိုက်လိုက်ရာ ...

'ဖောင်း'

ကုလားအစောင့်၏ညာခြေထောက်မှာ လိုသည်ထက် ပိုမိုပင့်မြောက်သွားပြီး ဟန်ချက်ပျက်သွားလျက် အပေါ်လေကား ထစ်မှ ခန္ဓာကိုယ်ကြီးပါ ရှေ့သို့ အရှိန်ဖြင့် ဗိုက်ပါလာစဉ် အိုင်အို ချစ်သွေးက ကုလားအစောင့်၏ဗိုက်ပူပူကို ဘယ်ညာပင့်လက်သီး စုံပစ်သွင်းလိုက်တော့၏။

'ဖောင်း' 'ဖောင်း'

'အူး' 'အားလားလား'

ကုလားအစောင့်မှာ သူ့ကိုယ်သူ မည်သို့ဖြစ်သွားမှန်း မသိလိုက်ချိန်မှာပင် လေကားမှ ဒူးထောက်ကျွမ်းပြန်ကျတော့၏

'ဒိုး ..ဒိုး ..ဒိုး'





အိုင်အိုချစ်သွေးသည် လေကားအရင်းအထိ တလိမ့် ခေါက်ကွေးကျသွားသည့် ကုလားအစောင့်အား လှည့်၍မျှမကြည့် တော့ဘဲ လေကားထစ်များအတိုင်း ပြေးတက်သွားပြီး 'ရွှေ ဘောက်နှံ့ သွင်းကုန်/ထုတ်ကုန်ကုမ္ပဏီလီမိတက်' ဟု ကမ္ပည်း ထိုးဆိုင်းဘုတ်ချိတ်ဆွဲထားသည့် အခန်းဝမှ တံခါးရွက်ကို တဒုံး ဒုံး ထုလိုက်တော့၏။

'ဒုံး ..ဒုံး ..ဒုံး'

"ဟေ့ ချန္ဒရာ ... ဘာဖြစ်လို့ တံခါးကို ထုရတာလဲကွ"

အခန်းအတွင်းမှ ယောကျ်ားတစ်ယောက်၏ ခပ်ဆတ် ဆတ်မေးသံကြားရသည်တွင် အိုင်အိုချစ်သွေးသည် အသံဖျက် ကာ ကုလားသံဖြင့် ပြန်ပြောလိုက်လေ၏။

"ဘရားဆပ် ... သူ ... သူဌေးလာနေပြီ တံခါးဖွင့် ... တံခါးဖွင့်"

ခဏအကြာတွင် တံခါးချက်ဖြုတ်သံကြားရပြီးနောက် တံခါးရွက်တို့ ပွင့်သွားရာ အိုင်အိုချစ်သွေးက အခန်းထဲသို့ ဖျတ် ခနဲ ဝင်လိုက်တော့၏။

ဗဒင်သည် အခန်းထဲသို့ ရုတ်တရက်ဝင်လာသည့် အသားဖြူဖြူအရပ်မြင့်မြင့် ရုပ်ချောချောခန့်ခန့်နှင့်လူရွယ်ကို ပါး



www.burmeseclassic.com

www.burmeseclassic.com



စပ်အဟောင်းသားဖြင့် ကြည့်လိုက်ရာမှ ဒေါသထောင်းခနဲ ဖြစ်သွားတော့၏။

"ဟော့ . . . မင်း မင်းဘယ်သူလဲ . . . ချွန်ရာရော"

ချစ်သွေးက ဗဒင်၏အမေးကို မဖြေသေးဘဲ သူ၏ပခုံးပေါ်မှကျော်ကာ အခန်းအတွင်းကြည့်လိုက်ရာ ဆိုဖာခုံတစ်ခုအော်၌ မတ်တတ်ရပ်နေသော ဆံထုံးပြေလျက်ရှိသလို အဝတ်အစားများပါ ဖရိုဖရဲဖြစ်နေရှာသည့် အမျိုးသမီးငယ်ချောချောကို မြင်လိုက်ရာ မျက်ခုံးပင့်လိုက်ပြီး . . .

"စောစောက ပြတင်းပေါက်ကနေ လှမ်းအော်အကူအညီတောင်းတာ မင်းလား"

ဟု အမျိုးသမီးငယ်ကို လက်ညှိုးထိုးကာ မေးလိုက်လေ၏။

"ဟုတ် . . . ဟုတ်ပါတယ်ရှင် . . . သူ . . . သူ ခင်ပြုံးကို အဓမ္မကျင့်ဖို့ ကြိုးစားနေလို့ပါ"

"ခင်ပြုံးရီကို ဒီကုမ္ပဏီက သူဌေးနဲ့ အလုပ်ရဖို့ ဆက်သွယ်ပေးမယ်ဆိုပြီး ညခေါ်လာတာပါ၊ ဒီရောက်မှ ဟင့် . . . ဟင့်"

ခင်ပြုံးရီမှာ မျက်နှာကိုလက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ရင်း





ဆိုဖာတစ်လုံးထက်ဝယ် ထိုင်ငိုတော့၏။

"ဟော့ . . . ဟော့ကောင် ဒီကိစ္စဟာ မင်းနဲ့မဆိုင်ဘူး၊ ထွက်သွား . . . အခုထွက်သွားစမ်း ဟိုကောင်ချွန်ရာကလည်း သေသေချာချာစောင့်ထားဖို့ ပိုက်ဆံပေးခိုင်းထားလျက်နဲ့ . . . ခွေးကောင်"

တပ်မက်လှသည့် အစားအစာကို ပါးစပ်နားရောက်မှ လက်အချခံရသည့် ဗဒင်မှာ ရှူးရှူးရှဲရှဲဖြစ်ကာ ဒေါသအမွန်ကြီးထွက်လျက်ရှိတော့၏။

"ခင်ဗျားနဲ့ တစ်ကြိတ်တည်း တစ်ဉာဏ်တည်းသမားလူသားစုတ် လေကားခြေရင်းမှာ ခွေမျိုးမေ့နေအောင် ကျွန်တော်ချထားပြီးပြီ၊ အခုတစ်ခါတော့ ခင်ဗျားရဲ့အလှည့်ပဲ၊ ခင်ဗျားက အမျိုးကောင်းသမီးပျိုတစ်ဦးကို အလုပ်သွင်းပေးမယ်ဆိုပြီး ဖြားယောင်းခေါ်ဆောင်ဖျက်ဆီးဖို့ ကြိုးစားတာမဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်ရှင်၊ သူဟာ ခင်ပြုံးရီရဲ့ အဒေါ်ဝမ်းကွဲတော်ပါတယ်၊ ဒါကြောင့် သူခေါ်ရာနောက် ယုံကြည်ပြီး လိုက်လာမိတာပါ၊ သူ ဒီလိုယုတ်မာမယ်လို့ မထင်မိလို့ပါ"

ဗဒင်သည် မထူးတော့ခင်းရန် ရည်ရွယ်လိုက်ပြီး စားပွဲတစ်လုံးပေါ်တင်ထားသည့် မှဉ်းလုံးကို ကောက်ကိုင်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



. . .

"ဟုတ်တယ်ကွ ယုတ်မာတယ်ကွာ၊ ယုတ်မာတယ် ယုတ်မာတော့ ဘာဖြစ်လဲ . . . ကဲကွာ ကိုယ်မဆိုင်တဲ့ကိစ္စ ဝင်ရှုပ် ဦး"

ဟု ဒေါသတကြီး ကြိမ်းဝါးရင်း အိုင်အိုချစ်သွေးအား မျှဉ်းလုံးဖြင့် လွှဲရိုက်ထည့်လိုက်တော့၏။

'ဝိုး'

အိုင်အိုချစ်သွေးသည် ဘယ်ဒူးညွှတ်ကာ ခေါင်းကို ငုံ့ပြီး မျှဉ်းလုံးရိုက်ချက်ကို လွတ်ရုံလေးရှောင်လိုက်ပြီး ညာ ဖြင့် ဗဒင်ဆရာရင်ဝကို ဆတ်ခနဲ ကန်ထည့်လိုက်သည်တွင် သူ ရှူးဖိနပ်အချွန်က ဗဒင်ဆရာရင်ဝအရိုက်ကို တိုက်ရိုက်ပင် ထိသွား ရာ ဗဒင်မှာ အင့်ခနဲဖြစ်သွားပြီး အသက်ရှူရပ်သလို ဖြစ်လျ ရင်ဝအား လက်နှစ်ဖက်နှင့် ဖိရင်း ခါးကြီးကုန်းကာ ဒူးညွှ ခွေကျသွားတော့၏။

ခင်ပြုံးရီမှာ ကြမ်းပြင်ထက်၌ တအင်းအင်းဖြင့် မျ ဖြူလန်လျက်ရှိသော ခဲအိုဖြစ်သူဗဒင်ကို တစ်လှည့်၊ ကုတ်အင် အညိုဖျော့ဖျော့ သက္ကလတ်ဘောင်းဘီရှည်ဆီးရောင်တို့ကို သ ရပ်စွာဝတ်စားထားပြီး သက္ကလတ်ဦးထုပ်အပျော့ကို ဆောင်းထာ





သည့် အိုင်အိုချစ်သွေးကိုတစ်လှည့် အံ့သြမှင်တက်မိစွာ ငေး ကြောင်ကြောင်ကြည့်နေရှာတော့၏။

"ကဲ . . . ခင်ပြုံးရီ ဒီလိုယုတ်မာတဲ့ခဲအိုကို နောက်တစ် ထပ်ပြီး မယုံစားမိအောင် ကြိုးစားပေတော့၊ ခုလည်း အိမ်ကို ပြန်ပေတော့၊ ကျုပ်လည်း သွားမယ်"

ခပ်ပြတ်ပြတ်ပြောပြီး အိုင်အိုချစ်သွေးမှာ ကုမ္ပဏီရုံးခန်း ထဲမှ ထွက်ခဲ့ရာ ခင်ပြုံးရီမှာ ထိုင်ရာမှကပျာကသီထပြီး ထဘီ ကို ပြင်ဝတ်၊ အင်္ကျီကိုဆွဲဆန့်ကာ ဆံထုံးကိုပြန်ထုံးလျက် နောက် မှ အရောသော်ပါး ထွက်လိုက်လာတော့၏။

ချစ်သွေးသည် လှေကားအရင်း၌ ခွေခွေလေးမှေ့လဲနေ သည့် ကုလားအစောင့်ကို ခွကျော်ကာ ဘရုကင်းလမ်း (ယခု တာလေးဈေးလမ်း) ၏ ပလက်ဖောင်းလူသွားစင်္ကြံလမ်းအ တိုင်း လျှောက်လာရာ ခင်ပြုံးရီမှာ သူ့နောက်မှ အပြေးကလေး လိုက်လာပြီးလျှင် . . .

"အစ်ကို နေပါဦးရှင့် . . . ခင်ပြုံးရီရဲ့အရှက်နဲ့ဘဝကို ကယ်တင်ခဲ့လို့ ကျေးဇူးတင်စကားပြောခွင့်ပြုပါဦးရှင့်"

ဟု တောင်းပန်သလိုပြောလိုက်ရာ အိုင်အိုချစ်သွေးက လှည့်ကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“ကျေးဇူးအထူးတင်ဖို့ မလိုပါဘူးလေ၊ ကျုပ်လည်း ဒီ
လမ်းအတိုင်း လျှောက်လာရာက အမိရဲ့အော်သံကိုကြားလိုက်ရ
တော့ မော့ကြည့်လိုက်ရာမှာ ပြတင်းဝက လက်ကလေးတစ်ဖ
ပြနေတာ တွေ့လိုက်ရလို့ ဘေးဒုက္ခတစ်ခုခုကြုံနေရပြီလို့ ယူဆ
ပြီး ကူညီခဲ့တာပါ၊ ကျုပ်တို့မြန်မာလူမျိုးအချင်းချင်း ကူညီစော
ရှောက်ရမယ့်တာဝန်ရှိပါတယ်၊ ကျေးဇူးအထူးတင်ဖို့ မလိုပါဘူး”

ဟု ပြုံးကာ ပြောလိုက်လေ၏။

“အို ... မဟုတ်တာဘဲ အစ်ကိုရယ်၊ အစ်ကိုရဲ့ ကယ
တင်ကူညီမှုကြောင့် ခင်ပြုံးရီရဲ့ ဘဝမပျက်ရတာ ကျေးဇူးတင်
မှာပေါ့၊ တကယ်လို့သာ အဲဒီလူယုတ်မာရဲ့ ဖျက်ဆီးတာခံရရင်
လေ ခင်ပြုံးရီ ကိုယ့်ကိုယ်ကို သတ်သေဖို့ ဆုံးဖြတ်ထားတာ
သိလား၊ ဒါကြောင့် အစ်ကိုဟာ ခင်ပြုံးရီရဲ့ အရှက်၊ ဘဝတင်
မက *အသက်ကိုပါ ကယ်တင်ခဲ့သူပါရှင်”

“ဒါထက် အဲဒီလူနဲ့ တစ်အိမ်တည်းနေတာလား
ဒီလောက်ပဲယုံစားပြီး မိန်းကလေးအဖော်မခေါ်ဘဲ လိုက်လာ
သလား”

ဤတွင် ခင်ပြုံးရီက သူမ၏ဘဝဖြစ်ရပ်အစုံကို ချစ်သူ
အား ပြောပြလိုက်တော့၏။





“သြော် ... ဒါဆို ခင်ပြုံးရီက သူတို့လင်မယားအပေါ်
ခိုနေရဦးမှာပေါ့”

“ဟုတ်တယ် အစ်ကို၊ ခင်ပြုံးရီ အဲဒါစိတ်ညစ်နေတာ၊
အစ်မရဲ့အိမ်ပြန်ရင်လည်း အဲဒီလူယုတ်မာရဲ့ လက်ခုပ်ထဲပြန်
ရောက်မှာ၊ ရွာကလည်း အခြေဖျက်ပြီး ထွက်လာတာဆိုတော့
ရွာပြန်လို့လည်း မဖြစ်ဘူး၊ ခုမှ သောင်ပြင်လွှတ်ခံရတဲ့ခွေးဖြစ်ပြီ”

ညည်းညူညူလေးပြောရင် ငိုမဲ့မဲ့ဖြစ်နေရှာသည့် မိန်းမ
ချောလေးကို ကရုဏာသက်စွာငေးကြည့်ရင်းမှ အတန်ကြာစဉ်း
စားတွေးတောနေပြီးနောက် အိုင်အိုချစ်သွေးသည် ဆုံးဖြတ်ချက်
တစ်ခုချလိုက်ပြီး ...

“ကဲ ... ခင်ပြုံးရီ မင်း တို့ကိုယုံကြည်မယ်ဆိုရင်တော့
မင်းကို ကူညီပေးမယ်၊ တို့ရဲ့အဒေါ်တစ်ဦးနဲ့ သမီးလေးနှစ်ယောက်
တို့ အိမ်ငှားပေးထားတာရှိတယ်၊ မင်း ... အဲဒီအဒေါ်အိမ်မှာ
နေလိုတယ်ဆိုရင်လိုက်ခဲ့၊ မင်းကို အဲဒီမှာထားပြီး မင်းနဲ့သင့်
လျော်မယ့် အလုပ်တစ်ခုခုကို ရှာပေးမယ်၊ အလုပ်အကိုင်တစ်ခုခု
ရပြီး မင်းရဲ့ဘဝခရီးလမ်း မင်းလျှောက်နိုင်ပြီဆိုရင်တော့ မင်း
သဘောသာ နှစ်သက်တဲ့နေရာပြောင်းရွှေ့နေလိုကနေပေါ့”

ဟု ပြောလိုက်ရာ အားငယ်ညှိုးချုံးနေရှာသော ခင်ပြုံးရီ



www.burmeseclassic.com

ခံချက်နာလေးမှာ ဝင်းလက်သွားပြီး ...

"အို ... ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ 'ခင်ပြုးနီ' အဲဒီလို ခဏပဲဖြစ်ဖြစ် မှီခိုလို့ရမယ်ဆိုရင် သိပ်ကိုဝမ်းသာစရာပါပဲရှင် ... အစ်ကိုရဲ့ကျေးဇူးကို ခင်ပြုးရီ မမေ့ပါဘူးရှင်"

ဟု လှိုက်လှဲဝမ်းသာစွာ ပြောလိုက်ပါတော့၏။

□□□



ခင်ပြုးရီမှာ သူနှင့် အိုင်အိုချစ်သွေးတို့ စတင်ဆုံစည်းခဲ့ရပုံကို ပြန်လည်သတိတရ တွေးနေမိရာမှ သက်ပြင်းလေး ချလိုက်ပြီး ...

"အင်း ... အစ်ကိုချစ်သွေးရဲ့ ကျေးဇူးက ကြီးမားလှပါတယ်လေ၊ ဒါကြောင့် သူ့ကို ကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ သူ့အတွက်လိုအပ်တဲ့အကူအညီဟူသမျှ ငါ တတ်နိုင်သလောက် ပေးရမှာပဲလေ"

www.burmeseclassic.com



တုတွေးကာ မိမိလုပ်ဆောင်စရာရှိသည်တို့ကို ပြုလုပ်ထားတော့၏။

၀၀၀



## ဂျွန်အိုး နှင့်ပါးအိုး

နောက်နှစ်ရက်ခန့်အကြာတွင် သူရိယ မြန်မာ့အလင်းသူကြီးဂေဇက် စသည့်သတင်းစာအသီးသီး၌ အောက်ဖော်ပြပါ ကြော်ငြာပါလာတော့၏။

ဂျွန်အိုးရောင်းရန်ရှိသည်

- ဂျွန်ရုပ်တုပါရှိထားသည့် စဉ့်ရည်သုတ်အိုးငယ်တစ်လုံး ရောင်းရန်ရှိသည်။

---

ခု နှစ် စဉ့် ကြွယ် တ ဝေ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းရန် (၁) သိန်းကျပ်တိတိ။

- ဝယ်ယူလိုသူများ အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ပါ။

မှတ်ချက်။ အမှန်တကယ်ဝယ်လိုသူသာ လာပါရန်။

ယင်းကြော်ငြာ၏အောက်ခြေတွင် အိုင်အိုချစ်သွေး ငှားရမ်းထားသော ကရိလမ်း (ယခုဗိုလ်မြတ်ထွန်းလမ်း) တိုက်ခန်းလိပ်စာကို ဖော်ပြထားသော်လည်း တယ်လီဖုန်းနံပါတ်ကိုမူ မဖော်ပြထားပေ။

အိုင်အိုချစ်သွေးသည် သတင်းစာထဲမှ ကြော်ငြာအား အထပ်ထပ်ဖတ်ပြီးနောက် ခင်ပြုံးရီဘက်သို့ လှည့်ကြည့်ကာ ...

"အစ်ကိုထည့်ထားတဲ့ ကြော်ငြာတွေ သတင်းစာထဲမှာ ပါလာပြီဆိုတော့ အဲဒီဂဠုန်ရုပ်ပါတဲ့အိုးလေးကို လိုချင်သူတွေဟာ မကြာခင် ဒီကိုရောက်လာတော့မယ်၊ ခင်ပြုံးရီ အဲဒီအခါ ခင်ပြုံးရီက မော်လီအောင်အဖြစ် သူတို့ကို မိတ်ဆက်ပြီး ဆက်ဆံရမယ်"

ဟု ပြောလိုက်ရာ နဖူးပြေပြေလေးအထက်သို့ ဝဲကျနေသော ဆံစလေးများကို ကောက်ထားပြီး ပါးထက်ဝယ်မိတ်ကပ်တို့လိမ်းကာ နှုတ်ခမ်းကိုရဲနေအောင် ဆိုးလျက် ခေတ်ဆန်ဆန်ဖွင့်ဆင်ထားသည့် ခင်ပြုံးရီက မပြုံးချင့်ပြုံးချင်ပြုံးလိုက်ပြီးလျှင် ...

"အစ်ကိုချစ်သွေးရယ် ... အစ်ကိုချစ်သွေးရဲ့ကျေးဇူး ခင်ပြုံးရီရဲ့အပေါ်မှာရှိလေတော့ အဲဒီကျေးဇူးကို တုံ့ပြန်လိုတဲ့အတွက် အစ်ကိုချစ်သွေးကို တုံ့ပြန်ကူညီဖို့ ဆုံးဖြတ်ထားပေမယ့် အခု မော်လီအောင်အဖြစ် သရုပ်ဆောင်ရတဲ့အဖြစ်မှာ ဘာဖြစ်လို့ အဲဒီလို မော်လီအောင်အဖြစ်သရုပ်ဆောင်ရသလဲ၊ အစ်ကိုချစ်သွေးပြောတဲ့ လူသတ်မှုတွေနဲ့ မော်လီအောင် ဘယ်လိုပတ်သက်နေသလဲ၊ မော်လီအောင်နဲ့ အခုသတင်းစာမှာပါတဲ့ ဂဠုန်အိုးကြော်ငြာဟာ ဘယ်လိုဆက်စပ်နေသလဲဆိုတာ ခင်ပြုံးရီက အတိပပ မသိရဘူးဖြစ်နေတယ်၊ ဒီတော့ ခင်ပြုံးရီရဲ့အဖြစ်က ရှေးလူပြက်တွေပြောသလို ထွက် ... ထွက်ဆိုလို့သာ ထွက်ရတယ်၊ ကိုယ့်ရဲ့ဇာတ်ရုပ်က ပုဏ္ဏားလား၊ မင်းကြီးလား ရသေ့လားမသိ ဆိုတာလိုဖြစ်နေတယ်"

ဟု ညည်းညည်းညူညူလေးပြောလိုက်ရာ အိုင်အိုချစ်သွေးသည် ကျွန်းဆက်တီခုံပေါ်ထိုင်ရင် ကရဗင်အေစီးကရက်ကို







www.burmeseclassic.com

www.burmeseclassic.com



ခပ်မှုန်မှုန်ဖွာရှိုက်နေရာမှ ပြုံးလျက် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ် ခင်ပြုံးရီ၊ အစ်ကို့အနေနဲ့ ကိုယ့်ကို ကူညီတဲ့ ခင်ပြုံးရီကို လုံးစေ့ပတ်စေ့ရှင်းပြထားသင့်မှန်း သိပါ တယ်၊ အခု ဒီတိုက်ခန်းကိုပြောင်းပြီးတာနဲ့ ရှင်းပြမယ်လို့ ရည် ရွယ်ထားပြီးသားပါ၊ အခု ဒီတိုက်ခန်းကို ကိုယ်တို့နှစ်ယောက် လည်း ပြောင်းပြီးပြီ သတင်းစာမှာ ဂျူနီအိုးနဲ့ပတ်သက်ပြီး ကြော်ငြာလည်း ထည့်ပြီးပြီဆိုတော့ ခင်ပြုံးရီကို သိထားသ လောက် ပြောပြရတော့မှာပေါ့"

ဟု ပြောလိုက်ပြီးနောက် စီးကရက်ကို အတန်ကြာဖွာ ရှိုက်နေလိုက်သေး၏။ ထို့နောက်မှ ရှေ့ရှိ ကွန်းစားပွဲပုလေးပေါ်မှ ဆေးလိပ်ခွက်ထဲ စီးကရက်ကို ထိုးချေလိုက်ကာ ဖြည်းဖြည်းချင်း ရှင်းပြပြောဆိုတော့၏။

"ဒီလို ခင်ပြုံးရီရဲ့ ပထမဆုံးကုက္ကိုင်းလမ်းဆုံနားမှာ နာမည်ကျော် သူခိုးကြောင်တစ်ရာမိုးမှောင်ကို ဗဟန်းဂါတ်အဖွဲ့ က ဖမ်းမိခဲ့တယ်၊ တယ်လီဖုန်းနဲ့ သတင်းပေးသူတစ်ယောက် ကြောင့် ဖမ်းမိခဲ့တယ်၊ ဒါပေမဲ့ ကြောင်တစ်ရာမိုးမှောင်ဟာ အဖမ်းခံရတဲ့အချိန်မှာပဲ လဲကျပြီးသေအံ့မူးမူးဖြစ်သွားတယ်၊





အဲဒီမှာ ပုလိပ်စာသင်ကိုကြွက်ဖြူက ရှေ့ဆုံးကနေပြေးသွားပြီး ကြောင်တစ်ရာမိုးမှောင်ကို စစ်ဆေးကြည့်တော့ ကြောင်တစ်ရာ မိုးမှောင်ဟာ အသက်ထွက်လုဆဲဆဲမှာပဲ 'အိုး ... အိုး ... နဂါး ... နဂါး' လို့ ကယောင်ကတမ်းပြောပြီး သေဆုံးသွားခဲ့တယ်၊ သူ့ရဲ့အလောင်းကို ဆေးရုံကြီးပို့ပြီး မှုခင်းဆရာဝန်က ရင်ခွဲစစ် ဆေးကြည့်တော့ အစာအိမ်ထဲမှာ နှလုံးကိုထိခိုက်စေတဲ့ အဆိပ် ပြင်းတစ်မျိုးကို တွေ့ရတယ်၊ ဒါကြောင့် ကြောင်တစ်ရာမိုးမှောင် ဟာ သွေးရိုးသားရိုးသေဆုံးတာမဟုတ်ဘဲ အဆိပ်ခပ်ခံရတာလို့ ယူဆနိုင်ခဲ့ကြတယ်၊ သူ့ကို ဘယ်သူသတ်သလဲဆိုတော့ ဗဟန်း ဂါတ်ကို ဖုန်းဆက်သတင်းပေးတဲ့ယောက်ျားတစ်ဦးက သတ်တယ် လို့ပဲ ယူဆလို့ရတယ်၊ အဲဒီလူ ဘယ်သူလဲ ဘယ်ကဖုန်းဆက် သလဲဆိုတာ မသိခဲ့ကြဘူး"

"အဲဒီလို သူခိုးကြောင်တစ်ရာမိုးမှောင်အသတ်ခံရပြီး နှစ်လအကြာလောက်မှာပဲ ကြည့်မြင်တိုင်နတ်စင်လမ်းမှာနေတဲ့ ရွှေဆိုင်ပိုင်ရှင် ဒေါ်စိမ်းညို့ကို လူသတ်သမားတစ်ဦးက ဗေဒင် ဆရာဟန်ဆောင် အိမ်ထဲဝင်ပြီး သတ်သွားခဲ့ပြန်တယ်၊ အဲဒီအိမ် မှာ ဒေါ်စိမ်းညို့နဲ့ သူ့ရဲ့အတူ တပည့်ကောင်မလေးလှလှဆိုသူ တို့ပဲ နေထိုင်ကြတယ်၊ ဒေါ်စိမ်းညို့ အသတ်ခံရချိန်မှာ လှလှ



www.burmeseclassic.com

www.burmeseclassic.com



သွယ်က အိမ်မှာမရှိဘူး၊ မေဒင်ဆရာသွားဝယ်နိုင်းလို့ ယကြ[illegible] ချော့ ဖျည်းတွေ ရွှေဂုံတိုင်အဝိုင်းဘက်မှာ သွားဝယ်နေတယ်"

"ဒေါ်စိမ်းညို့ အသတ်ခံရမှုမှာ ထူးခြားတာက ရွှေ[illegible] လက်ဘက်လက်စား ဘာတစ်ခုကိုမှ လူသတ်သမားက ယူမသွ[illegible] ဘဲ ဘုရားခန်းထဲက ရုပ်ရှုရှားပန်းအိုးတွေကြားမှာထားတဲ့ စဉ့်ရည်[illegible] သုတ်အိုးလေးတစ်လုံးကိုပဲ ယူသွားခဲ့တယ်၊ အဲဒီအိုးလေးရဲ့ ပုံသဏ္ဍာန် ဘယ်လိုရှိမလဲဆိုတာ လုလှသွယ်ကိုမေးပြီး အစ်[illegible] ရေးဆွဲထားတဲ့ပုံကို ကြည့်ပါဦး"

ချစ်သွေးက ပြောပြောဆိုဆိုဖြင့် စားပွဲအံဆွဲထဲမှ စာရွက်[illegible] ဖြူတစ်ရွက်ကို ထုတ်ယူပြီး စားပွဲပေါ် ချပြလိုက်လေ၏။ စာရွက်[illegible] ဖြူပေါ်၌ ခဲခြစ်ပန်းချီနည်းဖြင့် ရေးဆွဲထားသော ပန်းအိုးငယ်[illegible] ကိုတွေ့ရ၏။ ပန်းအိုး၏အနားမှာ အတွန့်လေးများရှိပြီး လည်[illegible] ပင်းက သိမ်ကာ အောက်သို့ လုံးဝန်းကားသွားပြီးမှ အောက်ခြေသို့[illegible] အချိုးအဆစ်ကျစွာ ရှူးသွားသည့် ပန်းအိုးငယ်လေးဖြစ်ကာ ပန်း[illegible] အိုး၏ကိုယ်ထည်ပေါ်၌ နဂါးတစ်ကောင်ပတ်ခွေလျက် အမောက်[illegible] ထောင်နေသောသဏ္ဍာန် ထုဆစ်ပုံဖော်ထားလေ၏။

"အတော်လှတဲ့ ပန်းအိုးလေးပဲ အစ်ကိုချစ်သွေး"

"ဟုတ်လိမ့်မယ် ခင်ပြုံးရီ ဒါက လုလှသွယ်ပြောသမှု[illegible]





[illegible]နဲ့ပြီး ရေးဆွဲထားတာပါ၊ လုလှသွယ်ကတော့ မူလအိုးပုံနဲ့ [illegible]အတော်တူတယ်လို့ ပြောတာပဲ၊ အဲဒီတော့ ခင်ပြုံးရီစဉ်းစား [illegible]ကြည့်စမ်း၊ သူခိုးကြောင်တစ်ရာမိုးမှောင် သေခါနီး ကယောင် [illegible]ကတမ်းပြောသွားတဲ့ ... "အိုး ... အိုး ... နဂါး ... နဂါး" [illegible]ဆိုတာနဲ့ ဒေါ်စိမ်းညို့အိမ်က ပျောက်သွားတဲ့ နဂါးရုပ်ပါ အိုးလေး [illegible] ဆက်စပ်မှုရှိမနေဘူးလား"

"အင်း ... ဆက်စပ်မယ်ဆိုရင်တော့ ဆက်စပ်မှုရှိသလို [illegible] ဒါပေမဲ့ နည်းနည်းတော့ တစ်ခုနဲ့တစ်ခု အလှမ်းဝေးနေ [illegible]သလိုပဲ"

ခင်ပြုံးရီက တွေးတွေးဆဆဟန်လေးဖြင့် ပြောလိုက်ရာ [illegible]ဆိုချစ်သွေးက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ခင်ပြုံးရီပြောတာမှန်တယ်၊ ကုက္ကိုင်းမှာ [illegible]သတ်ခံရတဲ့သူခိုးနဲ့ ကြည့်မြင်တိုင်က အိုးပျောက်တာ အလှမ်း [illegible]ဝေးနေသလိုပဲ၊ ဒါပေမဲ့ အဲဒီကွာဟချက်ကို ကျော်နိုင်ဖို့ အစ်ကိုဟာ [illegible]လှသွယ်ကို အမျိုးမျိုးမေးခွန်းတွေထုတ်ပြီး မေးတော့မှ အချို့ [illegible]ချက်တွေကို သိလာရတယ်၊ အစကတော့ အမှုအခင်းကို [illegible]ကြောက်ပြီး သူသိသမျှမြင်သမျှကို [illegible]မပြောဝံ့ဘူးဖြစ်နေတယ်၊ သူ့အစ်မလိုခင်တဲ့ ဒေါ်စိမ်းညို့



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် အသတ်ခံရတာကို မျက်ဝါးထင်ထင်မြင်ခဲ့ရတော့ သူ့ခမျာ အရိုးခံလေးမို့ သိပ်ကြောက်နေရှာတယ်။ ဒါကြောင့် အစ်ကိုက လှလှသွယ်ရဲ့ လုံခြုံရေးကို လုံးဝတာဝန်ယူတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး တွေ့ခဲ့သမျှ ဖြစ်ခဲ့သမျှကို ကျွန်တော့်ကို ပါလို့ မနည်းပြောမှ သူက တစ်ခုချင်း ဖွင့်ပြောပြခဲ့တယ် ခင်ပြုံးရီ''

ဟုပြောပြီးနောက် စီးကရက်ဘူးထဲမှ နောက်ထပ် ... ကရက်တစ်လိပ်ကို ထုတ်ယူမီးညှိဖွာရှိုက်လျက်ရှိရာ ခင်ပြုံးရီမှ အမှုအကြောင်းကို အတော်စိတ်ဝင်စားလာသဖြင့် ကျွန်းဆက်... ခုံပေါ်ဝယ် နေရာပြင်ထိုင်လိုက်ရင်း စကားဆက်ရန် တောင်း... လိုက်လေ၏။

"လှလှသွယ်က ဘာတွေထပ်ပြီး ဖွင့်ပြောသလဲ ... ပါဦး အစ်ကိုချစ်သွေးရဲ့၊ ခင်ပြုံးရီတောင် အဲဒီကိစ္စကို အ... စိတ်ဝင်စားလာပြီရှင့်''

"လှလှသွယ်ပြောတာကတော့ လူသတ်သမားယူ... တဲ့ နဂါးအိုးလေးကို သူလည်း စိတ်ဝင်စားခဲ့တယ်တဲ့၊ ဒေါ်စိမ်း... ဟာ နဂါးအိုးလေးကို မကြာခဏ ကိုင်ကြည့်လေ့ရှိပြီး ထား... လည်း ဘုရားစင်ပေါ်က အခြားပန်းအိုးတွေကြားမှာထား...





...ဘုရားခန်းကို သံဘာဂျာတံခါးနဲ့ ပိတ်သော့ခတ်ထားလေ့ရှိတယ် ...တဲ့ ...။

လှလှသွယ်က တစ်ခါတော့ အဲဒီနဂါးပန်းအိုးလေးကို ...တ်ဝင်စားလို့ မမစိမ်း အဲဒီအိုးထဲမှာရော ပန်းမထိုးဘူးလားလို့ ...ခဲ့တယ်၊ အဲဒီအခါ ဒေါ်စိမ်းညို့က အဲဒါ ဘုရားပန်းအိုး ...တ်ဘူးလို့ ပြန်ပြောခဲ့တယ်တဲ့၊ အဲဒီမှာပဲ လှလှသွယ်က ...ဒီအိုးလေးက လှတယ်နော်၊ အိုးကို နဂါးပတ်ထားပုံထွင်းထု ...ထားတာ သိပ်လက်ရာမြောက်တယ်၊ ပြီးတော့ အိုးအဝက အနား ...နှုန်းလေးတွေအောက်မှာ ဘာစာလုံးတွေရေးထားမှန်းမသိဘူးလို့ ...သိမသာမေးကြည့်တော့ ဒေါ်စိမ်းညို့က ဘာမှပြန်မပြောဘဲ ...ရားပန်းလဲနေတာကိုလက်စသတ် ဘုရားခန်းရဲ့ သံဘာဂျာ ...ခါးကို ပြန်ပိတ်ပြီး 'ညီမလှလှသွယ် အဲဒီနဂါးရုပ်နဲ့ ပန်းအိုး ...ဟာ ရှေးဟောင်းပစ္စည်းတစ်ခုမို့ ရှေးဟောင်းပစ္စည်းလိုချင်တဲ့ ...တွေက အဲဒီအိုးလေး ဒီအိမ်မှာရှိတယ်ဆိုတာသိရင် လိုချင် ...မှာ၊ ဒီတော့ အဲဒီအိုးလေး မမစိမ်းရဲ့အိမ်မှာ ရှိနေတာကို ...ယ်သူမှမသိစေချင်ဘူး၊ ညီမလည်း နှုတ်လုံပါ၊ ဘယ်သူ့မှ ...ပြောပါနဲ့၊ တော်ကြာ ရှေးဟောင်းပစ္စည်း ရှာဖွေသူတွေအိမ် ...လိုက်လာပြီး အတင်းဝယ်နေမှခက်မယ်၊ မမစိမ်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘွားအမွေအနှစ်မို့ အဲဒီအိုးလေးကို ရောင်းမပစ်ချင်ဘူး’
အဲဒီနဂါးအိုးလေးဟာ အရေးမကြီးသလိုလို အရေးကြီးသလို
မတင်မကျပြောခဲ့တယ်တဲ့ ...။

ဒါပေမဲ့ ဒေါ်စိမ်းညို့ အသက်ခံရခါနီး သုံးလေး
လောက်အလိုမှာ မော်လီအောင်ဆိုတဲ့ အမျိုးသမီးရောက်လာ
ပြီး အိမ်ပေါ်ထပ်ကို တန်းတက်လာခဲ့တယ်၊ အဲဒီအချိန်မှာ လု
သွယ်ကလည်း ဘုရားခန်းရဲ့ဘေးက စာကြည့်ခန်းထဲမှာ သန့်
ရေးလုပ်နေတယ်တဲ့ ...။

ဒေါ်စိမ်းညို့နဲ့ မော်လီအောင်တို့ဟာ ဘုရားခန်းတံ
ကိုဖွင့်ပြီး မော်လီအောင်က ဘုရားစင်ပေါ်မှာရှိတဲ့ နဂါးအိုးလေး
ယူလို့ သေသေချာချာ စစ်ဆေးသလိုကြည့်တာကို လှျာထိုး
ထောင်နံရံပျဉ်ကြားအပေါက်ကနေ လုလုသွယ် ချောင်းကြည့်
တွေ့ရတယ်တဲ့ ...။

ဒေါ်စိမ်းညို့က “မမလေး အရာမယွင်းရအောင် န
အိုးလေးကို ထိန်းသိမ်းထားလျက်ပါကွယ်၊ ညီမ မော်လီအော
ဘက်ကသာ ဂျွန်အိုးရဲ့သတင်း ဘယ်လောက်အထိ စုံစမ်း
ရပြီလဲ၊ နဂါးရော, ဂျွန်ရော စုံရင်တော့ တို့ညီအစ်မနှစ်ယော
သူဌေး ကောန်ဖြစ်ပြီ’ လို့ ပြောလိုက်တယ်တဲ့ ...။

---





အဲဒီအခါ မော်လီအောင်က ‘ညီမလည်း စုံစမ်းနေ
တာပဲ မမလေး၊ ခုအထိ ဂျွန်အိုး ဘယ်မှာရှိသလဲ၊ ဘယ်သူ့
ဆီမှာရှိသလဲဆိုတာ စုံစမ်းလို့မရသေးဘူး။ ပြီးတော့ ဒီနဂါးအိုး
ခါက လျှို့ဝှက်စာတွေရဲ့ အဓိပ္ပာယ်ကိုရော မမလေး ဖော်လို့
ပြီလား” လို့ မေးတယ်တဲ့၊ ဒေါ်စိမ်းညို့က ‘အခုအထိတော့
ဖော်လို့မရသေးဘူး ညီမရယ်၊ မမလေးထင်တာတော့ ဂျွန်အိုး
ရော နဂါးအိုးပါ ဆုံမှ အိုးနှစ်လုံးတိုက်ပြီး လျှို့ဝှက်စာကို ဖော်
နိုင်မယ်ထင်တယ်လို့ ပြန်ပြောခဲ့တယ် ...။

အဲဒီမှာ မော်လီအောင်က ဘာထပ်ပြောသလဲဆိုတော့
ထက် မမလေးရေ ... ပြောရဦးမယ် ... ဟို ညီမတို့ ...
အင်မှာကြောင်ရုပ်ထိုးထားတဲ့ သူခိုးကို ပိုက်ဆံငါးထောင်ပေးပြီး
ခိုးအိုးခိုးခိုင်းခဲ့တဲ့ မန္တလေးနဂါးစံအိမ်မိသားစု အခု မန္တလေးမှာ
မရှိတော့ဘူး’ လို့ ပြောလိုက်တယ်၊ ဒေါ်စိမ်းညို့က ‘သူတို့
ဘယ်ရောက်သွားလို့လဲ’ လို့ မေးတော့ ‘အဲဒီနဂါးစံအိမ်ပိုင်ရှင်
အဖိုးကြီးသေသွားလို့ အိမ်ကိုရောင်းပြီး ပြောင်းသွားပြီတဲ့၊ ညီမ
စုံစမ်းလို့ရသလောက်တော့ သူတို့အိမ်ရှင်ညီအစ်မဟာ စစ်ကိုင်း
ကိုပြောင်းပြီး ယောဂီဝတ်သွားကြတယ်ဆိုလားပဲ’ လို့ မော်လီ
အောင်က ပြန်ပြောခဲ့တယ် ...။

---



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဒေါ်စိမ်းညို့နဲ့ မော်လီအောင်တို့ဟာ ဘု[illegible] ခန်းတံခါးကို ပိတ်ပြီး အောက်ထပ်ပြန်ဆင်းသွားကြတယ်[illegible] မော်လီအောင်ဟာ အဲဒီတစ်ခေါက်လာပြီးကတည်းက ပျော[illegible] သွားလိုက်တာ ဒေါ်စိမ်းညို့အသတ်ခံရပြီးတဲ့အထိ လုံးဝပေါ်မ[illegible] ခဲ့ဘူးလို့ လုလုသွယ်က ပြောတယ် ခင်ပြုံးရီ၊ မော်လီအော[illegible] ဒီဓာတ်ပုံကိုတောင် ဒေါ်စိမ်းညို့ရဲ့ ဗီရိုအံဆွဲတစ်ခုထဲက ရှာ[illegible] ပါပဲ''

''အခု လုလုသွယ်ရော ဘယ်ရောက်သွားသလဲ အ[illegible] ချစ်သွေး၊ ဒေါ်စိမ်းညို့ရဲ့အိမ်မှာပဲ ဆက်နေသလား''

''မနေတော့ပါဘူး ခင်ပြုံးရီ၊ သူ့ရဲ့မူလရပ်ရွာကို [illegible] သွားပါပြီ၊ ဒေါ်စိမ်းညို့ရဲ့အိမ်ကိုတော့ လောလောဆယ် အ[illegible] ဆက်ခံမယ့်သူ မပေါ်လာသေးလို့ သော့ခတ်ပြီး ပုလိပ်တပ်ဖွဲ့[illegible] တာဝန်ယူထိန်းသိမ်းထားတယ်၊ အမှုနဲ့ပတ်သက်ပြီး လို[illegible] ရှိရင်တော့ လုလုသွယ်ကို သက်သေအဖြစ်နဲ့ ခေါ်ရမှာပေါ့[illegible]

အဲဒီတော့ လုလုသွယ်ဆီက သိရတဲ့အချက်အ[illegible] တွေအရ သူခိုးမိုးမှောင်နဲ့ ဆက်စပ်မှုရှိနေပြီး နဂါးအိုးကိုရှ[illegible] သူအတွက် ဂျုန်အိုးဟာ မရမဖြစ်လိုအပ်နေမှာ အမှန်ပဲ[illegible] ဂျုန်အိုးအစစ် ဘယ်မှာရှိနေသလဲဆိုတာလည်း အစ်ကိုယ[illegible]





[illegible]အဲဒီဂျုန်နဲ့ နဂါးအိုးတို့ရဲ့ ဖစ်မြစ်အနေအထားတွေကိုလည်း [illegible]သိဘူး။ အဲဒီကိစ္စတွေကိုသိသူက ဒေါ်စိမ်းညို့ရယ်, မော်လီ [illegible]အောင်ရယ်, ဒေါ်စိမ်းညို့ကိုသတ်ပြီး နဂါးအိုးယူသွားတဲ့ လူသတ် [illegible]သမားရယ် သူတို့သုံးဦးပဲရှိတယ်၊ ဒေါ်စိမ်းညို့က သေသွားပြီဆို [illegible]တော့ အဲဒီကိစ္စသိသူဟာ မော်လီအောင်နဲ့ လူသတ်သမားပဲ [illegible]တော့တယ်၊ သူတို့နှစ်ဦးကို ထောင်ဖမ်းဖို့ ဂျုန်အိုးရောင်းရန် [illegible]သည်ဆိုတဲ့ ကြော်ငြာကို သတင်းစာတွေထဲ အစ်ကိုထည့်လိုက် [illegible]တယ်''

''အင်း ... အစ်ကိုချစ်သွေးရဲ့လုပ်ရပ်က ငါးမျှားချိတ် [illegible]တစ်ခုတည်းနဲ့ ငါးနှစ်ကောင်ကို တစ်ပြိုင်တည်း ဖမ်းမိစေဖို့ [illegible]ပ်တာပေါ့၊ ဒါပေမဲ့ ခင်ပြုံးရီကို မော်လီအောင်ရဲ့အယောင် [illegible]ောင်နိုင်းတာကရော ဘာသဘောလဲဆိုတာ ရှင်းပြပါလား''

''အင်း ... ဒါကတော့ လိုရမယ်ရ ကာစမ်းတဲ့သဘော [illegible] လုပ်တာပါပဲ ခင်ပြုံးရီ၊ အစ်ကိုရဲ့စိတ်ထင်တော့ သတင်းစာ [illegible]ကြော်ငြာကို ဖတ်ပြီးတာနဲ့ ရှေးဦးစွာရောက်လာမယ့်သူဟာ နဂါး [illegible]ရသွားတဲ့လူသတ်သမားပဲဖြစ်နိုင်တယ်၊ အဲဒီလူသတ်သမား [illegible]ယ်တိုင် ဒါမှမဟုတ် သူ့ရဲ့ကိုယ်စားလှယ်တစ်ဦးဦး အရင် [illegible]ောက်လာမယ်လို့ ယူဆတယ်၊ သူတို့ဘက်မှာလည်း အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်း ရှိနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စိမ်းညို့ရဲ သတ်ပြီး နဂါးအိုးယူနိုင်ဖို့ကိစ္စမှာ ဒေါ်စိမ်းညို့နဲ့ ရင်းနှီးအော ဦးစွာပေါင်းခဲ့သူ မလှမြိုင်ဟာ နဂါးအိုးယူသွားတဲ့ လူသတ်သမား လူပဲ ခင်ပြုံးရီရဲ့ ...။

အစ်ကိုက လှလှသွယ်ရဲ့ပြောကြားချက်အရ ဗေ ဆရာဟန်ဆောင်ထားတဲ့ လူသတ်သမားကို ခေါ်လာသူ မလှမြိုင် ဟာ ကြည့်မြင်တိုင်တစ်ဖက်ကမ်းက အေးရွာမှာ နေတယ်ဆို သိရလို့ အေးရွာကိုလိုက်သွားပြီး စုံစမ်းသေးတယ်၊ ဒါပေမဲ့ အ အေးရွာမှာ မလှမြိုင်ဆိုတဲ့နာမည်နဲ့ မိန်းမတစ်ဦးတစ်ယောက် မရှိဘူး။ ဒေါ်လှမြိုင်ဆိုတဲ့ အသက်ခုနစ်ဆယ်ကျော် အဘွားကြီး တစ်ယောက်ရှိခဲ့တာလည်း သေသွားခဲ့ပြီလို့ဆိုတယ်၊ နော မလှမြိုင်ရဲ့ ရုပ်ရည်ပုံပန်းသဏ္ဌာန်မျိုးလည်း အဲဒီအေးရွာမှာ ဘူး။ တကယ်တော့ အဲဒီမိန်းမဟာ သူ့ကိုယ်သူ အေးရွာ မလှမြိုင်ပါလို့ ဒေါ်စိမ်းညို့ကို မိတ်ဆက်ခဲ့တာဟာ လိမ်ပြော ပါပဲ ...။

"ဒီတော့ အဲဒီလူသတ်သမားဘက်မှာအဖွဲ့အစည်း နိုင်ပြီး သူတို့ဟာ မစိမ်းညို့နဲ့ပတ်သက်တဲ့ မော်လီအောင် သိနေနိုင်တယ်၊ ဒါကြောင့် သူတို့သတင်းစာကြော်ငြာကြေ





ရောက်လာခဲ့ရင် မော်လီအောင်ပါ ဒီမှာရှိနေတယ်လို့ ထင်သွား အောင် ခင်ပြုံးရီကို ဟန်ဆောင်ခိုင်းထားတာပဲ၊ ဆိုလိုတာက မော်လီအောင်ရဲ့လက်ထဲမှာ ဂဠုန်အိုးရှိနေပြီး အဲဒါကိုရောင်းမှာ ဖြစ်တယ်လို့ဆိုရင် သူတို့အနေနဲ့ ပိုလို့ယုံကြည်သွားမှာပဲလေ၊ ဂဠုန်အိုးအတုတစ်လုံးကိုလည်း အစ်ကိုကိုယ်တိုင် ရွှေဘိုဒီစတြိတ် ဆိုင် နွယ်ငြိမ်းရွာက စဉ့်အိုးပညာရှင်တစ်ဦးကို ပုံစံနမူနာပြပြီး သွားလုပ်ခိုင်းထားခဲ့ပြီးပါပြီ ခင်ပြုံးရီ"

အိုင်အိုချစ်သွေး၏ရှင်းပြချက်ကို လုံးစေ့ပတ်စေ့နား ထောင်ပြီးနောက် ခင်ပြုံးရီက သက်ပြင်းချကာ ...

"အင်း ... အစ်ကိုချစ်သွေးကတော့ ဘက်စုံထောင့်စုံ အောင် စီမံပြီး အရာရာအသင့်ပြင်ထားတာပဲလေ၊ အစ်ကိုချစ် သွေးပြောသလိုဆို ဂဠုန်အိုးကို လိုချင်နေသူတွေဟာ ညာဏ်များ ပြီး သတ်ဖို့ဖြတ်ဖို့ လုံးဝဝန်မလေးတဲ့ လက်မရွံ့လူသတ်သမား တွေပဲဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲ အန္တရာယ်များများ ခင်ပြုံးရီကတော့ အစ်ကိုချစ်သွေးကို ကူညီမှာပါပဲလေ"

ဟု ခပ်တိုးတိုးပြောလိုက်ရာ ချစ်သွေးက ကော့ညွတ် သောမျက်တောင်၊ ဖြောင့်စင်းသောနှာတံ၊ ဖူးနုံ့သော နှုတ်ခမ်း ထွေးထွေးလေးတို့ဖြင့် လှချင်တိုင်းလှနေသည့် ခင်ပြုံးရီ၏



www.burmeseclassic.com

မျက်နှာချောချောလေးအား ကရုဏာသက်စွာငေးကြည့်ရင်း ...

"ခင်ပြုံးရီရယ် ညီမကို အခုလို အရှုပ်တော်ပုံထဲ ထည့်သဖို့ လုပ်ရတာ အစ်ကို့ဘက်က မတရားသလိုဖြစ်နေ နော်"

ဟု နောင်တရသံဖြင့် ပြောလိုက်ရာ ခင်ပြုံးရီက မျ တောင်ကော့ကော့လေးများကိုပင့်ကာ တွေတွေလေးပြန်ကြ လိုက်လျက် ...

"အဲလိုလည်း မဟုတ်ပါဘူး အစ်ကိုချစ်သွေးရယ် အစ်ကိုချစ်သွေးပြောသလို အမှန်တရားတစ်ခုကို ဖော်ထုတ် ကြိုးစားကြတာပဲလေ၊ ခင်ပြုံးရီကိုယ်တိုင်က အစ်ကိုချစ်သွေး အမှန်တရားဖော်ထုတ်မှုလုပ်ငန်းမှာ ပူးပေါင်းပါဝင်လိုတဲ့ဆန္ဒ ပြီးသားမို့ ... တက်တက်ကြွကြွပါဝင်လှုပ်ရှားနေတာပါရှင် ... ခင်ပြုံးရီရဲ့စွမ်းဆောင်နိုင်မှုတစ်ခုခုကြောင့် အစ်ကိုချစ်သွေး လုပ်ငန်းမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရမယ်ဆို ပဲ ... ခင်ပြုံးရီ ပါဝင်လှုပ်ရှားလုပ်ဆောင်ရကျိုး နပ်ပါပြီရှင်"

ဟု အပြုံးမြမြလေးဖြင့် ပြောလိုက်မှ စိတ်မကောင်းဖ ဖြင့် အတန်ငယ်ညှိုးသွားသော ချစ်သွေး၏မျက်နှာပြန်လည် ရွှ





သန်းလာကာ ခင်ပြုံးရီ၏အလှမျက်နှာလေးကို ရွှန်းရွှန်းစားစား ကြည့်လိုက်လေ၏။

"ကျေးဇူးပဲ ခင်ပြုံးရီ၊ အစ်ကိုနဲ့ခင်ပြုံးရီတို့နှစ်ယောက် သက်ညီလက်ညီလက်တွဲပြီး ဂျွန်အိုးနဲ့နဂါးအိုးပြဿနာရယ်၊ သူသတ်မှုကျူးလွန်ခဲ့တဲ့ ထရားခံတွေရယ်ကို ဖော်ထုတ်ကြတာ ပေါ့ ဟုတ်လား"

ဟု ခပ်ပြုံးပြုံးမျက်နှာဖြင့် ပြောလိုက်ရာ ခင်ပြုံးရီက သည်း ချစ်စဖွယ်ပြုံးရင်း ခေါင်းလေးကို ညိတ်လိုက်ပါတော့ သတည်း။

□□□

www.burmeseclassic.com



## ဆောင်ကြည့်သူ

ဂျွန်အိုးရောင်းရန်ရှိသည်ဟူသော ကြော်ငြာသတင်းစာ
ကြီးများတွင် ပါလာသည့်နေ့က တစ်နေ့လုံး ထူးခြားမှုမရှိသော်
လည်း ယင်းနေ့၏ညနေပိုင်း၌ ခင်ပြုံးရီမှာ သူမတို့နေထိုင်ရာ
တိုက်ခန်း၏ရှေ့ဝရန်တာသို့ ထွက်ရပ်ကာ ကရိလမ်း (ယခုဗိုလ်
မြတ်ထွန်းလမ်း) ၏လမ်းဘေးပလက်ဖောင်းလူသွားစင်္ကြံပေါ်မှာ
ဖြတ်သွားဖြတ်လာနေသူများကို ငုံ့ကြည့်လျက်ရှိစဉ် လမ်းနံဘေး
ဓာတ်မီးတိုင်တစ်တိုင်အောက်၌ ဓာတ်မီးတိုင်ကိုမှီကာ လက်ပိုက်





ရပ်နေသူတစ်ဦးသည် ပထမထပ်၏ဝရန်တာပေါ်မှ သူမကို တစေ့
တစောင်းလှမ်းကြည့်လျက်ရှိသည်ကို သတိထားလိုက်မိလေ၏။

"ဟိုလူဟာ ငါ့ကိုကြည့်နေသလားဝါလား"

သက္ကလပ်ဦးထုပ်အဟောင်းဆောင်းထားပြီး ဘောင်းဘီ
ရှည်၊ ကုတ်အင်္ကျီလက်ရှည်နွမ်းနွမ်းတို့ ဝတ်ဆင်ထားသည့်
နေကာမျက်မှန်တပ်ထားသူလူရွယ်တစ်ဦးက စီးကရက်တစ်လိပ်
ကို ပါးစပ်တွင်ခဲရင်းမှ ဓာတ်မီးတိုင်အား ပခုံးမှီကာ လက်ပိုက်ရပ်
လျက် သူမရှိရာ ဝရန်တာသို့ လှမ်းမော့ကြည့်လျက်ရှိလေ၏။
ထိုသူသည် ဆံပင်ရှည်ရှည်နှင့် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး
ဗရိုဖရဲပေါက်နေကာ ညှဉ်းသိုးသိုးအသွင်ရှိရာ အောက်တန်းစား
သူမိုက်တစ်ဦး၏ပုံသဏ္ဌာန်ပေါ်နေရာ ခင်ပြုံးရီမှာ ထိုသူ့အား
မသိမသာလှမ်းကြည့်ရင်းမှ ကြက်သီးဖြန်းခနဲ ထသွားရတော့၏။

ခင်ပြုံးရီသည် တိုက်ခန်းအတွင်းဘက်သို့ မသိမသာ
လှည့်ကာ ...

"အစ်ကိုချစ်သွေး ... အစ်ကိုချစ်သွေး ... ဒီမှာလာ
ကြည့်ပါဦး၊ လူ ... လူတစ်ယောက် ခင်ပြုံးရီကို မယောင်မလည်
ကြည့်နေတယ် ... မသင်္ကာစရာပဲ ... လာကြည့်ပါဦး"

ဟု မတိုးမကျယ်လှမ်းခေါ်လိုက်ရာ ... သတင်းစာတစ်



www.burmeseclassic.com

www.burmeseclassic.com



စောင်ကို ဖတ်နေသည့် ချစ်သွေးမှာ ညနေခင်းဆိုဖာခုံပေါ် ထ
နေရာမှ မျက်ခနဲ ထပြီး ဝရန်တာသို့ ထွက်လာတော့၏။

"ဘယ်သူလဲ ... ဘယ်သူလဲ"

"ဟိုမှာ"

ခင်ပြုံးရီက ခြံတံခါးဆီ လက်ညှိုးညွှန်ပြလိုက်သ
အခါမှာမူ ခြံတံခါးအောက်၌ ညှဉ်းသိုးသိုးနှင့်လူ ရှိမနေတော
ချေ။

"ဟောတော့ ... ဘယ်ရောက်သွားလဲ မသိတော့ဘူး"

လမ်းသွားလမ်းလာများထဲ လှမ်းမျှော်ကြည့်သော်လည်း
ထိုလူ၏အရိပ်အရောင်ကိုမျှ မတွေ့ရတော့ချေ။

"ပျောက်သွားတာ မြန်လိုက်တာ"

ခင်ပြုံးရီက မချင့်မရဲပြောလိုက်ပြီးနောက် ထိုလူ
သွင်ဝတ်စားဆင်ယင်ပုံနှင့် သူမကို တစေ့တစောင်းကြည့်နေပုံ
အား ပြောပြလိုက်ရာ ချစ်သွေးက မျက်မှောင်ကြုတ်လိုက်ပြီး
"အင်း ... သတင်းစာကြော်ငြာရဲ့အကျိုးသက်ရော
မှုကတော့ စပြီ ခင်ပြုံးရီရေ၊ အခုအချိန်ကစပြီး သတိဝီ
ထားပေတော့"

ဟု သတိပေးစကားပြောပြီးမှ ...





"ခင်ပြုံးရီကို တစ်ခုမှာထားရဦးမယ်၊ အကြောင်းကိစ္စ
တစ်ခုခုကြောင့် အစ်ကိုအပြင်သွားရင် ဘယ်လိုလူမျိုးလာလာ
အခန်းတံခါးမဖွင့်ပေးနဲ့နော်၊ အစ်ကိုပြန်ရောက်မယ့်အချိန်ကို
န်းပြီး ပြန်ချိန်းလိုက် ဟုတ်လား"

ဟု သတိပေးစကားထပ်ပြောလိုက်လေ၏။

"ဟုတ်ကဲ့ပါ အစ်ကိုချစ်သွေး"

အမှန်တော့ ခင်ပြုံးရီမှာ ချစ်သွေးအပေါ် ကျေးဇူးရှိသူမို့
ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကူညီကျေးဇူးဆပ်သည်ထက်
ချစ်သွေးအပေါ်တွင် မသိမသာတွယ်ငြိလာသည့် သံယောဇဉ်
ကြောင့် ယခုလို အရှုပ်အထွေးထဲတွင် စွန့်စွန့်စားစား ဝင်ရောက်
ကူညီမိနေခြင်းဖြစ်၏။

သို့တိုင် သူမမှာ ရာဇဝတ်မှုခင်းမျိုး သည်းထိတ်ရင်ဖို
မျိုးနှင့် မကြုံဖူးသူလေးမို့ တကယ့်တကယ်နဖူးတွေ့ ဒူးတွေ့
ဆိုင်စရာအခြေအနေမျိုး ကြုံလာသည့်အခါမှာမူ လက်ဖျား
ခြေဖျားလေးများ အေးကာ ရင်တုန်ပန်းတုန်ဖြစ်မိရသည်မှာ အမှန်
ပင်ဖြစ်ပေ၏။

မည်သို့ဖြစ်စေ သူမအနေဖြင့် ချစ်သွေးကို ကူညီမည်
ကတိကဝတ်ပြုပြီးပြီမို့ အဘယ်သို့သောအန္တရာယ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ရသည်ဖြစ်စေ ချစ်သွေးအပေါ်မှ လွှဲရှောင်ဖယ်ခွာသွားရန်
လုံးဝစဉ်းစားချေ။

□□□



# အန္တရာယ်အိမ်သို့

နောက်တစ်နေ့ နံနက် (၉) နာရီကျော်ခန့်တွင် အိုင်
ချစ်သွေးမှာ စီအိုင်ဒီရုံးမှစုံထောက်မင်းကြီးဖုန်းဆက်ခေါ် သဖြင့်
င်းစိန်သို့ သူ၏ဟီး(လ်)မင်း(န်) ကားလေးဖြင့် ထွက် ခွာသွားရာ
က်ခန်း၌ ခင်ပြုံးရီတစ်ဦးတည်း ကျန်ရစ်ခဲ့လေ၏။

ချစ်သွေးထွက်သွားပြီး နာရီဝက်ခန့်အကြာတွင် တံခါး
က်သံထွက်ပေါ်လာရာ ခင်ပြုံးရီမှာ ရုတ်တရက်မို့ ရင်ထိတ်
နှင့်သွားပြီး ချောင်းကြည့်ပေါက်သို့ အသာထလာကာ ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေါက်မှ လေးလက်မပတ်လည်ခန့်ရှိ တံခါးအရှင်လေး… ဖွင့်တာ တံခါးခေါက်သူကိုကြည့်လိုက်ရာ စိတ်၌ဇဝေဇဝါဖြစ်သွား… တော့၏။

"အို… အဘိုးကြီးတစ်ယောက်ပါလား၊ နေပါဦး … အဘိုးအိုကို ငါတွေ့ဖူးသလိုလိုပါလား"

'ဒေါက် … ဒေါက် … ဒေါက်'

ဦးခေါင်းဝယ် သဘက်ဖြူတစ်ထည်ပေါင်းထားသည်… အဘိုးအိုက တံခါးရွက်ကို ထပ်ခေါက်လိုက်ပြန်သည်။ ချောင်… ကြည့်ပေါက်မှာ အခန်းတံခါးဝနှင့် ဘေးတိုက်လှေကားဘ… အခြမ်း၌ရှိသဖြင့် ခင်ပြုံးရီမှာ အဘိုးအိုကိုဘေးတိုက်မြင်နေ… ရာ သေသေချာချာကြည့်ရင်း ကြည့်ရင်းဖြင့် အဘိုးအိုကိုမည်… မှန်းမှတ်မိသွားတော့၏။

"အို … အဘိုးလေး အဘိုးလေးပါလား"

သူမ၏ လွန်ခဲ့သော ငါးနှစ်ခန့်က ကွယ်လွန်သွားပြီ… သော အဘိုးဦးလူကျော်၏ညီ ဦးသူတော်ဟူသည့် အဘိုးလေး… သူအား မှတ်မိသွားရာ ခင်ပြုံးရီမှာ ဝမ်းလည်းဝမ်းသာသွားသ… လွန်စွာမှလည်း အံ့ဩသွားတော့၏။

"အဘိုးလေးက ဘယ်လိုဖြစ်ပြီး ငါရှိနေတဲ့တိုက်ခ…

ခု နစ် စဉ် ကြယ် တာ ပေ



…တို့ သိနေပါလိမ့်"

သူမသည် ဇဝေဇဝါအတွေးနှင့် တတိယအကြိမ်တံခါး ခေါက်သံထွက်ပေါ်လာပြီး နောက်တွင်တံခါးချက်ကိုဖွင့်ပေးလိုက် တော့၏။

တံခါးပေါက်ဝတွင် လွယ်အိတ်တစ်လုံးလွယ်ကာ ရပ်နေ သည့် အဘိုးလေးဖြစ်သူဦးသူတော်ကမူ သူ့မြေးမကို ရှုတ်တရက် …တ်မိဟန်မတူဘဲ။

"ဒီ ဒီမှာကွယ့်ကလေးမ သတင်းစာထဲမှာ ဂျွန်အိုး …ချောင်းရန်ရှိသည်လို့ ကြော်ငြာပါတာနဲ့ အဲဒီဂျွန်အိုးကို ကျွစ် …ယ်ချင်လို့လာခဲ့တာပဲကွယ့်"

ဟု ပြောလိုက်ရာ ခင်ပြုံးရီမှာပိုလို့ အံ့ဩသွားရတော့ …၏။

ထို့ကြောင့် သူမ၏အဘိုးလေးဖြစ်သူမှာ ဤကိစ္စများနှင့် …ဘယ်သို့ ဆက်စပ်မှုရှိနေပါသနည်းဟု သိချင်စိတ်ပြင်းပြလာ …ည်ဖြစ်ရာ အိမ်ခန်းခဲသို့ ဦးစွာပင့်ဖိတ်လိုက်ပြီး …

"အဘိုး ဝင်ပါ ထိုင်ပါဦး"

အဘိုးလေးဖြစ်သူ အခန်းထဲဝင်လာပြီး ကျွန်းဆက်တီ …ထိုင်လိုက်မှ …

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုပြန်ပိတ်၊ ချက်ပြန်ထိုးလိုက်ကာ အဘိုးလေး...
မျက်နှာချင်းဆိုင်ရှိ ကျွန်းဆက်တီးခုံ၌ ခင်ပြုံးရီကဝင်ထိုင်လိုက်...
လေ... ပြီးမှ အဘိုးလေးဖြစ်သူ၏ မျက်နှာကိုရွှန်းရွှန်းစားစား...
ကြည့်လိုက်ကာ...

"အဘိုးလေး အဘိုးလေးက သမီးကိုမမှတ်မိဘူးလား... သမီးဟာ အဘိုးဦးလူကျော်ရဲ့မြေး ခင်ပြုံးရီလေ၊ အဘိုးလေး... ဆင်ပေါက်ကန်ရွာက ခင်ပြုံးရီလေ"

ဟုပြောလိုက်ရာ ရှစ်စပ်ကျင်ခြေလည်လာသည့် ဦး... သူတော်မှာ ခင်ပြုံးရီ၏မျက်နှာကို သေသေချာချာစိုက်ကြည့်... နောက်ခဏအကြာမှာပင် ငယ်ရုပ်ကိုဖမ်းမိသွားတော့၏။

"အို ဘုရားရေ ဟုတ်ပဗျား၊ ကျုပ်ရဲ့မြေးမလေး အ... ပါလား၊ ကြည့်စမ်းပါဦး ရွာမှာအဘိုးလေး နောက်ဆုံးတွေ့... တုန်းက ဆံတောက်လေးတဖားဖားနဲ့ တကယ့်ရွာသူလေး... ခုတော့ တသွေးတမွေးလှတပတလေးဖြစ်ပြီး ထွားလာလိုက်... ပါလားဟရို့... ကြည့်ပါဦး ဝတ်ပုံစားပုံနဲ့ နဖူးကဆံမိတ်... ကောက်ထားပုံက ဆိုရှယ်ကျပါတယ်ဆိုတဲ့ မင်းကတော်၊ ... ကတော်တွေတောင် အရှုံးပေးရမှာပါလား။ လှတဲ့ချောတဲ့... မှာလည်း ဗိုလ်ကြက်ချေးမတွေ ငေးမှိုင်လောက်ပါရဲ့ ဟေး ဟေး ဟေး ဟား ဟား"

အဘိုးလေးဦး သူတော်ကား ဟိုစဉ်ကအတိုင်း ပျော်ပျော်နေတတ်သူပီပီ တဟေးဟေးတဟားဟားရယ်နေသေးသည်။

အဘိုးလေးဦးသူတော် ရယ်နေသော်လည်း ခင်ပြုံးရီမှာ လိုက်မရယ်နိုင်ပေ။ ခင်ပြုံးရီမှာ အဘိုးလေးဖြစ်သူကို စိုက်ကြည့်ကာ ခပ်တိုးတိုးခပ်လောလောလေး မေးလိုက်ရှာ၏။

"အဘိုးလေး အဘိုးလေးက ဒီတိုက်ခန်းမှာ သမီးရှိမှန်း သိလို့လာတာမဟုတ်ဘူး မဟုတ်လား"

"သမီးရှိမှန်း ဘယ်ကသိရမှာလဲကွယ်၊ သိမှ ချက်ချင်း ပြေးလာတာပေါ့၊ အဘိုးလေးက ဒီရန်ကုန်ရောက်နေတာ တစ်... ကျော်ပြီကွယ့်၊ ရွှေတိဂုံဘုရား ဗဟန်းမုခ်ဘက်က အုတ်လမ်း... ရှိတဲ့ ပုဗ္ဗာရုံကျောင်းမှာ တည်းခိုနေတာကွယ့်၊ အဲဒီကျောင်း... က ဆရာတော်နဲ့ အဘိုးလေးက သူပဉ္စင်းမတက်ခင် လဟာ... ...ရွာမှာနေကတည်းက ရင်းနှီးနေခဲ့တာလေ၊ အဘိုးလေး နယ်... ...ည့်ဆေးကုရင်း လဟာရက်ရွာရောက်တော့ သူတို့အိမ်နဲ့ မောင်... ...ဆိုင်တို့အိမ်မှာပဲ တည်းခဲ့ရပါပကော"

အရေးထဲအဘိုးလေးက သူ့ဝသီအတိုင်း အဝဇ္ဇာန်း... ...နှင့် လေရှည်နေသေးသည်။

www.burmeseclassic.com



"ဟုတ်ပါပြီ အဘိုးလေးရယ်။ ခင်ပြုံးရီသိချင်တာ

အဘိုးလေးဒီတိုက်ခန်းကို ဘာလုပ်ဖို့ရောက်လာတာလဲ လို့

"ဩော် ပြောပြီးပါကောမြေးရဲ့။ ဂျွန်အိုးရောင်း

ရှိသည်ဆိုပြီး ဒီတိုက်ခန်းရဲ့လိပ်စာနဲ့ သတင်းစာတွေမှာ ကြေ

ငြာထားတာ မနေ့ကရော၊ ဒီနေ့ပါတွေ့ရတာနဲ့ စိတ်ဝင်စား

လာခဲ့တာပဲကွယ့်"

သူ့အဘိုးလေး၏ စပ်စပ်စုစုပါလေရာ ဝါသနာကို

သဖြင့် ခင်ပြုံးရီမှာ သက်ပြင်းချပြီးဆက်ပြောရသည်။

"ဒီမှာအဘိုးလေး အဘိုးလေးနဲ့ အဲဒီဂျွန်အိုးဟာ

ဆိုင်လို့လဲ။ ကိုယ်နဲ့မဆိုင်တာကို ဝင်မရှုပ်ချင်ပါနဲ့ အဘိုးရယ်

သည်တစ်ခါတော့ အဘိုးလေးဦးသုတော်၏ မျက်နှာ

မတည်စဖူး တည်ခနဲဖြစ်သွားပြီး မြေးမ၏ မျက်နှာကို

စိုက်ကြည့်လိုက်ကာ..

"ဟဲ့ ငါ့မြေးမအရီရဲ့ ... ညည်းက ကိုယ့်အဘိုးလေး

မဆီမဆိုင် စပ်စပ်, စပ်စပ်နဲ့ နေရာတကာ ပါလေရာငါးပိ

ပဲခူးဆားထင်နေလို့လား၊ အဘိုးလေးနဲ့ ဆိုင်ရုံမကဘူး ...

ဒီ အရီဆိုတဲ့ ငါ့မြေးနဲ့ပါ ဆိုင်တယ်ဟ သိရဲ့လား"

ဟု ခင်ပြုံးရီ၏ မျက်နှာကိုလက်ညှိုးငေါက်ငေါက်





ပြီး မျက်လုံးကြီးပြူးကာ ပြောလိုက်ရာ ခင်ပြုံးရီမှာ လွန်စွာ

အံ့အားသင့်သွားရတော့၏။

"ရှင် ... ဘယ်လို ... ဘယ်လို အဘိုးလေး ... အဲဒီ

ဂျွန်အိုးဟာ ခင်ပြုံးရီနဲ့ပါ သက်ဆိုင်တယ် ... ဟုတ်လား"

"ဟုတ်တယ် ငါ့မြေး ငါ့မြေးနဲ့ အဲဒီဂျွန်အိုး ဘယ်လို

သက်ဆိုင်နေသလဲဆိုတာ အဘိုးလေးရှင်းပြမယ်၊ ဒါထက် အခု

တိုက်ခန်းထဲမှာ ငါ့မြေးအပြင် ဘယ်သူရှိသေးသလဲကွယ့်၊ ငါ့

မြေးတစ်ယောက်တည်းလား"

"အခုတော့ သမီးတစ်ယောက်တည်းပဲ အဘိုးလေး

သမီးနဲ့အတူ နေသူကနောက်နာရီဝက်လောက်နဲ့ ပြန်လာဦးမယ်

ထင်ဘူး"

"ကောင်းပြီ၊ ဒါဆို ဂျွန်အိုးကိစ္စကို သမီးနဲ့အဘိုးလေး

အေးအေးဆေးဆေး ပြောကြရအောင်၊ ဦးဆုံး ငါ့မြေးက အရင်ပြော

ငါ့မြေးဟာ ဒီဂျွန်အိုးကိစ္စမှာ ဘယ်လိုပတ်သက်နေသလဲ,

အိုးရောင်းမယ်ဆိုတဲ့ အခန်းမှာ ဘယ်လိုဖြစ်ပြီးရောက်နေ

သလဲဆိုတာကို ပြောပြပေတော့၊ ပြီးမှ အဘိုးလေးသိထားတဲ့

အိုးအကြောင်းကို ပြောပြမယ်"

အဘိုးလေးဦးသုတော်၏ စကားသံကလွန်စွာ တည်

www.burmeseclassic.com



ကြည့်လေးနှတ်လျက်ရှိရာ ခင်ပြုံးရီကချောင်းတစ်ချက်ဟန့်က
သူမနှင့် အိုင်အိုချစ်သွေး စတင်ဆုံစည်းခဲ့ရပုံမှစပြီး ယနေ့
မော်လီအောင်အဖြစ် သူမ ဝင်ရောက်သရုပ်ဆောင်နေရသော
ဇာတ်ရှိအထိ ချစ်သွေးထံမှ သူမ,သိထားသမျှအားလုံးကို ပြော
ပြလိုက်ရတော့၏။

အဘိုးလေး ဦးသူတော်သည် ခင်ပြုံးရီပြောသမျှကို သေ
ချာစွာစူးစိုက်နားထောင်ပြီးနောက်. . .

"ဟုတ်ပြီ ဒီကိစ္စကြီးထဲမှာ ငါ့မြေးမလေး ပါဝင်ပ
သက်ရတဲ့အကြောင်းရင်းကို အဘိုးလေးသိပါပြီ၊ တစ်ခုရှိတာ
မောင်ချစ်သွေးနဲ့ ငါ့မြေးတို့သိထားတဲ့ ဂျုန်အိုးဟာ အဘိုးလေ
သိထားတဲ့ ဂျုန်အိုးဟုတ်မဟုတ် သေချာဖို့အရေးကြီးတယ်
ငါ့မြေးတို့ သိထားတဲ့အိုးရဲ့ ပုံစံက ဘယ်လိုလဲ"

ဟုမေးလိုက်ရာ ခင်ပြုံးရီက စားပွဲအံဆွဲထဲမှ ချစ်သွေ
ရေးဆွဲထားသော ခဲခြစ်ပန်းချီ နဂါးအိုးပုံကို ထုတ်ပြလိုက်လေ
တော့၏။

"နဂါးအိုးရဲ့ပုံကတော့ ဒီပုံအတိုင်းပဲလို့ ဆိုတယ်၊ အဘိုး
လေးရဲ့"

နဂါးအိုးပုံကို သေချာစွာကြည့်ပြီးနောက် ဦးသူတော်





မျက်နှာမှာ ဝင်းခနဲဖြစ်သွားလေ၏။

"ရွှေ . . . နေရာကျလိုက်ပါပေ့၊ ဟုတ်ပါ့ ငါ့မြေးရာ
. . . အဘိုးမြင်ဖူးသိဖူးထားတဲ့ အိုးက ဒီအိုးနဲ့ တစ်ထေရာတည်း
ပါပဲ၊ ဒီအတိုင်းဆိုရင်တော့–ဟုတ်ပါပြီ"

ဦးသူတော်သည် ခပ်ပြုံးပြုံးပြောလိုက်ပြီးနောက် ခေါင်း
မှတဘက်ကို ဖြည့်လိုက်ကာ ယင်းတဘက်ဖြင့် အဆီပြန်လာ
သောမျက်နှာကို သုတ်လျက်ရှိလေ၏။

"ကဲ . . . သမီးနဲ့ ဂျုန်အိုးဘယ်လိုသက်ဆိုင်နေသလဲ
ဆိုတာ သိချင်လှပြီ အဘိုးလေးရဲ့ပြောတော့လေ"

ခင်ပြုံးရီက ဘိုးအေဖြစ်သူ၏ ဒူးခေါင်းကိုကိုင်လှုပ်ကာ
ခပ်လောလောလေး တိုက်တွန်းလိုက်လေသည်။

"ပြောပြမှာပေါ့ မြေးရဲ့၊ ငါ့မြေးရဲ့ ပြောပြချက်အရ
ငါ့မြေးတို့ရဲ့ လက်ထဲမှာ ဂျုန်အိုးတကယ်မရှိဘဲ ရောင်းရန်ရှိ
သည်ဆိုပြီး သတင်းစာမှာ ကြော်ငြာထည့်ခဲ့တာမဟုတ်လား"

"ဟုတ်တယ်လေ၊ အဘိုးလေး ဒါတောင်အဲဒီကိစ္စကို
အစ်ကိုချစ်သွေးက လုံးဝလျှို့ဝှက်ခိုင်းထားတာ။ သမီးရဲ့ အဘိုး
သေးဖြစ်နေလို့ ပြီးတော့ အဘိုးလေးပြောတဲ့ အနေအထားက
သိပ်ကိုထူးဆန်းနေလို့ သမီးကမလွှဲမရှောင်သာ ဖွင့်ပြောရတာ"



www.burmeseclassic.com

www.burmeseclassic.com



"တုတ်ဝါပြီလေ ဒီမှာအဘိုးလေးပြောမယ်၊ အဲဒီဂျွန်အိုးအစစ်က ဘယ်မှာရှိသလဲသိလား"

"တင့်အင်း . . . ခင်ပြုံးရီ ဘယ်သိပါ့မလဲ အဘိုးလေးရဲ့"

"အဲဒီဂျွန်အိုး အစစ်က ငါ့မြေးရဲ့ဘိုးအေအရင်း ဦးလှကျော်ရဲ့ အုတ်ဂူထဲမှာ အရိုးကျနေလောက်ပြီဖြစ်တဲ့ အလောင်းနဲ့အတူရှိနေတယ် . . . သိရဲ့လား"

"ရှင်"

ခင်ပြုံးရီမှာ ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားသလား ထင်မှတ်လိုက်ရသည်။ အနောက်အရပ်မှ နေခုနစ်စင်းထွက်ပေါ်လာပါသည်ဟု ကြားရလျှင်ပင် ထိုမျှ အံ့အားတသင့်ဖြစ်မိလိမ့်မည်မဟုတ်ချေ။ ထူးခြားဆန်းကြယ်လှသော လောကကြီး၏ သဘာဝကို မယုံနိုင်ဖွယ်ကြုံတွေ့လိုက်ရသဖြင့် အံ့ဩခြင်းအခါခါဖြစ်သွားရရှာတော့၏။

ဦးသူတော်က ပြုံးလိုက်ပြီး

"ဟုတ်တယ်ငါ့မြေး၊ အဲဒီ ဂျွန်အိုးဟာ မြေးလေးတို့ရဲ့ ဆင်ပေါက်ကန်ရွာသချိုင်းက အဘိုးလေးရဲ့ အစ်ကိုဦးလှကျော်ရဲ့ အုတ်ဂူထဲမှာရှိလေရဲ့။ ဒါကြောင့် ဂျွန်အိုးကိစ္စမှာ ငါ့မြေးနဲ့ပါသက်ဆိုင်နေတယ်လို့ အဘိုးလေးပြောတာပေါ့"

ဟု ပြောလိုက်ရာ ခင်ပြုံးရီမှာ အဘိုးလေးဖြစ်သူ၏ မျက်နှာကို လွန်စွာအံ့အားသင့်နေသည့် မျက်ဝန်းများဖြင့်ငေးကြည့်လိုက်ကာ . .

"အို သမီးဖြင့် အံ့ဩလိုက်တာ အဘိုးလေးရယ်။ ဒီစာတ်ရှုပ်ကြီးထဲက ဂျွန်အိုးဟာ ဘယ်လိုကဘယ်လိုဖြစ်ပြီး ဘိုးဘိုးရဲ့ဂူထဲရောက်နေရတာလဲရှင်"

ဟု အသံတုန်တုန်လေးဖြင့် မေးလိုက်လေ၏။

"ဒီလို ငါ့မြေးရဲ့ မှန်တာပြောရရင် အစ်ကိုဦးလှကျော်နဲ့ အဲဒီဂျွန်ရုပ်ပုံပါတဲ့အိုးလေး ဘယ်လိုပတ်သက်သလဲဆိုတာ အဘိုးလေးလည်း သေချာမသိပါဘူးကွယ်၊ တစ်ခုရှိတာက အဘိုးလေးဟာ ကိုယ့်ဝါသနာအတိုင်း မြန်မာပြည်အနှံ့ ခြေသလုံးအိမ်တိုင်ပြုပြီး လျှောက်သွားနေရာက တစ်ခါတလေ တစ်ဦးတည်းသော အစ်ကိုအရင်းကို သတိရတဲ့အခါ ပွင့်ဖြူဒိစကြိတ်အိုင်ထဲက ဆင်ပေါက်ကန်ရွာကို ဝင်ပြီး အစ်ကိုရဲ့အိမ်မှာ ဆယ်ရက်တန်သည်။ ဆယ့်ငါးရက်တန်သည် တည်းခိုနေထိုင်လေ့ရှိတာ မြေးအသိပဲလေ၊ အဲဒီတုန်းက မြေးဟာငယ်သေးတယ်၊ ပြီးတော့ မြို့ကျောင်းမှာပဲ ကျောင်းသွားသွားတက်နေရတာ ရွာ


www.burmeseclassic.com

www.burmeseclassic.com



တိုင်းနေ့တော့ချောင်းပိတ်ရက်မှ ပြန်လာရတာမဟုတ်လား''

"ဒါနဲ့တစ်ခါမှာတော့ အစ်ကို့အိမ်မှာ အဘိုးလေးတည်းနေတုန်း အစ်ကိုဟာ ဘုရားစင်ပေါ်မှာ တင်ထားတဲ့ ကျွန်းသေတ္တာရှည်မျောမျောလေးကို ယူလိုက်ပြီး သေတ္တာရဲ့ မျောက်လက်မှာခတ်ထားတဲ့ သော့ခလောက်ကို ကြေးသော့လေးတစ်ချောင်းနဲ့ ဖွင့်နေတာတွေ့ရတယ်ကွယ့်''

''သေတ္တာလည်း ပွင့်သွားရော အထဲမှာထည့်ထားပြီး မိုင်းကိုင်စက္ကူနဲ့ သေချာပတ်ထုပ်ထားတဲ့ စဉ့်ရည်သုတ်အိုးလေးတစ်လုံးကို ထုတ်ကြည့်နေတာတွေ့ရတယ်၊ အဘိုးလေးက သူ့အနားသွားပြီး ဘာအိုးလေးလဲအစ်ကိုလို့ မေးတော့၊ ငါတော်လှန်ရေးလုပ်တုန်းက ငါနဲ့သေဖော်သေဖက်တစ်ယောက်က ခွဲခွာခါနီး အမှတ်တရလုပ်ပေးခဲ့တာပါကွာလို့ ပြောတယ်၊ အစ်ကိုဦးလူကျော်ဟာ အဘိုးလေးတို့ရဲ့ အရှင်နှစ်ပါးပါတော်မူသွားပြီးတဲ့နောက် မျက်နှာဖြူအစိုးရကို တော်လှန်ပုန်ကန်တိုက်ခိုက်တဲ့ မကွေးနယ်ဘက်က မျိုးချစ်တော်လှန်ရေးတပ်ဖွဲ့ထဲ ဝင်ရောက်ပြီး 'ထီးသုဥ်းနန်းသုဥ်း မြို့သုဥ်းသုည၊ သုဥ်းသုံးဝဠ် ဖြစ်လာရပေ၊ တို့တစ်တွေသည် သေသော်မှတည့် ခြေဉ် ကောင်း၏' လို့ ကျေးဖူးရှင်ဆီးဘန်နီဆရာတော်ဘုရားကြီး စပ်ဆိုခဲ့





တဲ့ တမ်းချင်းထဲကလို သူ့ကျွန်မခံလိုစိတ်နဲ့ အသက်စွန့်ချင်ဖွန့်ရပါစေဆိုပြီး တိုက်ပွဲဝင်ခဲ့တာ အဘိုးလေးအသိပဲလေ ...။

ဒါနဲ့ အဘိုးလေးလည်း သူ့လက်ထဲက အိုးလေးကိုယူ ကြည့်တော့ လက်ရာမြောက်ပြူလုပ်ထားတဲ့ စဉ့်ရေသုတ်အိုးလေးရဲ့ ကိုယ်ထည်မှာဖောင်းကြွပြုလုပ်ထားတဲ့ ဂဠုန်တောင်ပံဖြန့်နေတဲ့ပုံကို တွေ့ရသလို အိုးရဲ့နှုတ်ခမ်းအဝက နှုတ်ခမ်းသားအတွန့်လေးတွေရဲ့ အောက်မှာ အိုးကိုကရွတ်ခွေပတ်ပြီး ရေးထွင်းထားတဲ့ စာသားတွေကိုတွေ့ရတယ် မြေရဲ့ စာတန်းဟာတစ်တန်းတည်းဖြစ်ပြီး မြန်မာအက္ခရာနဲ့ ရေးထိုးထားတာဖြစ်ပေမယ့် အဓိပ္ပါယ်မဲ့တဲ့စာတွေပါပဲ မြေးရယ်။ အဘိုးလည်း သူတကာရဲ့ မျက်ခုံးမွေးပေါ်စကြေလျှောက်ခဲ့သူဖြစ်ပေမယ့် အဲဒီစာရဲ့ အဓိပ္ပါယ်ကိုတော့ ဘယ်လိုမှဖော်လို့မရဘူး၊ ဒါနဲ့အဘိုးလေးက ဘာစာတွေလဲ အစ်ကိုရလို့မေးတော့ မသိပါဘူးကွာ၊ ဟိုကောင်ကြီး ဘာတွေရေးထားမှန်းမသိဘူးလို့ ပြန်ပြောပြီး ဘာမှ အရေးကြီးသလိုအမူအရာနဲ့ သူ့အိုးလေးကို သူပြန်သိမ်းလိုက်တော့တယ်ကွယ်''

"ဒါပေမဲ့ အဘိုးလေး ဆင်ပေါက်ကန်ရွာကိုရောက်ခဲ့ပြီး အစ်ကိုဦးလူကျော်ဟာ အဲဒီအိုးလေးကိုပဲ မကြာခဏထုတ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာတွေ့ရတယ်၊ အဘိုးလေးလည်း ခြောက် သူဟာ သူ့ရဲ့သူငယ်ချင်း အမှတ်တရပေးထားတဲ့ အဲဒီအိုးလေးကို အတော်မြတ်နိုးရှာလို့ပဲ ဖြစ်ရမယ်လို့တွေးမိခဲ့တယ်''

''ဒါနဲ့ နောက်ဆုံးအခေါက် ဆင်ပေါက်ကန်ရွာကို ရောက်တော့ အစ်ကိုဦးလူကျော်ဟာ အကောင်းချည်းကနေ ရုတ်တရက် အပူရှပ်ပြီးဖျားရာက သုံးရက်လုံးလုံး အပြင်းဖျားပြီး အဘိုးလေးရဲ့လက်ပေါ်မှာပဲ ဆုံးပါးသွားခဲ့ရတယ်လေ''

''အဘိုးလေးလည်း အစ်ကိုဖြစ်သူအတွက် စိတ်သိမ်းထိခိုက်သွားပြီး အဘိုးလေးမှာပါတဲ့ ငွေနဲ့ပဲ ရွာသင်္ချိုင်းမှာ အုတ်ဂူလုပ် သင်္ဂြိုဟ်ပေးခဲ့တယ်၊ အဲဒီတုန်းက မြေးတောင် မကွေးကနေ ပြန်လာတော့ အုတ်ဂူသွင်းပြီးစ မီးရှံလေးမဟုတ်လားကွယ် အဲဒီလို အစ်ကိုဦးလူကျော်ရဲ့ အလောင်းကိုဂူသွင်းသင်္ဂြိုဟ်တော့ သူသိပ်မြတ်နိုးပုံရတဲ့ သူ့ရဲ့အိုးလေးကိုပါ သူ့ရဲ့ခေါင်းတလားထဲ အဘိုးလေးကိုယ်တိုင် ထည့်ပေးလိုက်တယ်ကွယ့်''

''ကဲ ... အဘိုးလေးသိထားတဲ့ ဂျုန်အိုးလေးရဲ့ အကြောင်းကတော့ အဲဒီအတိုင်းပဲမြေးရေ''

အဘိုးလေးဖြစ်သူ ဦးသူတော်၏ စကားအဆုံးတွင် ခင်ပြုံးရီမှာ တွေတွေလေးစဉ်းစားနေပြီးနောက် ...





''အဲဒီအကြောင်းတွေ အစ်ကိုချစ်သွေးကို ပြောပြလိုက်ရမလား အဘိုးလေး''

ဟုမေးလိုက်လေ၏။

''လောလောဆယ်မပြောနဲ့ဦး သမီး၊ ပြောသင့်ပြောထိုက်တဲ့အခါကျ ပြောပြတာပေါ့ကွယ်၊ သူချထားတဲ့ ဇာတ်ရုပ်အတိုင်းအသာ မျှောလိုက်နေလိုက်၊ ဒါမှ ဘယ်လိုတွေဖြစ်လာမလဲဆိုတာ သိရမှာ''

ယင်းသို့ပြောဆိုနေကြစဉ်မှာပင်

''ဒေါက် ဒေါက် ဒေါက် ... ခင်ပြုံးရီ ... ခင်ပြုံးရီ ... တံခါးဖွင့်ပါဦး''

ဟူသော တံခါးခေါက်သံနှင့်အတူ အိုင်အိုချစ်သွေး၏ ခေါ်သံကိုပါ ကြားရရာ ...

''ဟော ... ပြောရင်းဆိုရင်း အစ်ကိုချစ်သွေးတောင် ပြန်လာပြီ''

ဟု ခင်ပြုံးရီမှာ ပြုံးပြုံးပျာပျာလေးပြောကာ ထိုင်ခုံပေါ်မှ ကိုယ်ကိုကြွလိုက်ရင်း အဘိုးလေးဖြစ်သူကို တစ်လှည့် တံခါးပေါက်ကိုတစ်လှည့်ကြည့်နေရာ ဦးလူတော်က ဆံငွေဖြူများဖြင့် ဖွေးဖွေးလှုပ်နေသည့်ခေါင်းကို တဘက်ဖြင့်ပြန်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ခင်မြုံးရီကို ခပ်ပြုံးပြုံးကြည့်ကာ တံခါးဖွင့်ပေးလို ရန် မျက်စပစ်ပြလိုက်လေတော့၏။

သို့ဖြင့် ခင်ပြုံးရီလည်း တံခါးရွက်ကိုချက်ဖြုတ်ဖွင့်ပေ လိုက်တော့၏။

အိုင်အိုချစ်သွေးသည် တံခါးပွင့်သွားသည်နှင့် မီးပ တိုက်ခန်း၏ ညည့်ခန်းမှဆက်တီခုံတစ်လုံးပေါ်တွင် ထိုင်နေသေ အဘိုးအိုကိုတွေ့လိုက်ရာ မျက်မှောင်မသိမသာ ကြုတ်သွားလေ ၏။

"အစ်ကိုချစ်သွေး ဒီအဘက ဂျုန်အိုးဝယ်ချင်လို့လာ တာဆိုတာနဲ့ ခင်ပြုံးရီခေါ်ခဲ့ထားတာပါ"

ဟု ခင်ပြုံးရီက မျက်နှာချိုသွေးကာ ပြောလိုက်လေ အိုင်အိုချစ်သွေးမှာ ခေါင်းတွင်တဘက်အဖြူပေါင်းထားပြီး ဝင် တိုက်ပုံရုပ်အကျီလက်ရှည်အဖြူ တောင်ရှည်ပုဆိုးတို့နှင့် တော ကြီးပုံပေါက်နေသော်လည်း အသားအရေဖြူစင်ကာ ရုပ်ရည် အတော်သန့်သည့် အဘိုးအိုကို စူးစမ်းလေ့လာသောအကြည့် ဖြင့် ကြည့်ကာ အဘိုးအို၏ ရှေ့မှကျွန်းဆက်တီခုံ၌ ဝင်ထိုင် လိုက်လေ၏။

ဆံပင်ဖြူဖြူ နှုတ်ခမ်းမွေးဖြူဖြူများဖြင့် တင့်တယ်သည့်





ဆင်းအင်္ဂါရှိသော ပိန်ပိန်ပါးပါးအဘိုးအိုကို နှုတ်ခမ်းထောင့် ဖက် တွန့်ရှုံ့ပြုံးကြည့်လိုက်ရင်း

"အဘက ဘယ်သူလဲဗျ၊ သတင်းစာကြော်ငြာမှာ ကျွန် တော့်တို့ထည့်ထားတဲ့ ကြော်ငြာကိုဖတ်မိပြီးလာခဲ့တာပေါ့ ဟုတ် ား"

ဟု လေးတိုးစမ်းမေးလိုက်လေ၏။

အဘိုးအိုက ပြုံးလိုက်ပြီး ...

"အဘရဲ့ အမည်ကဦးသူတော်လို့ခေါ်တယ်ကွယ့်၊ လုပ်အကိုင်ကတော့ လမ်းလျှောက်ပွဲစားဆိုပါတော့ကွယ် ... ဲ ဟဲ ... ဂျုန်အိုးရောင်းဖို့ ကြော်ငြာဖတ်ရလို့ လာတာပါပဲ"

"ကျွန်တော်က ဈေးကိုတစ်သိန်းခေါ်ထားတာ အဘ ယ်နိုင်ပါ့မလား"

"ဝယ်နိုင်တာ မဝယ်နိုင်တာထက် မောင့်အိုးကရော ာအိုးမို့ ဒီလောက်ငွေတစ်သိန်းဈေး ခေါ်ထားရတာလဲဆိုတာ ို့ သိပါရစေကွယ်၊ တစ်သိန်းဆိုတာ အံ့ဩလောက်အောင် ားလွန်းမနေဘူးလား၊ တန်ရင်တော့ ထိုက်တန်ရာဈေးပေးပြီး ယ်နိုင်တဲ့ အင်အားအဘမှာ ရှိပါတယ်ကွယ့် ... ဟဲဟဲ ... ို့ အထင်မသေးပါနဲ့၊ လမ်းလျှောက်ပွဲစားဆိုပေမယ့် လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ငွေလည်း ထုန့်တည်နဲ့ရှိပါတယ်ကွယ် ...ဟဲဟဲ”

အိုင်အိုချစ်သွေးမှာ မိမိမျှော်မှန်းထားသလို လူ[...] သမား၏ ဘက်တော်သားသော်လည်းကောင်း၊ ဂျွန်[...] နဂါးအိုးကို့နှင့်ပတ်သက်သူထဲမှ သော်လည်းကောင်း ဖြစ်[...] သည့် အဘိုးအိုကို စိတ်ပျက်စွာကြည့်ရင်း ခေါင်းရမ်းလို[...] စဉ်မှာပင် ...

ဒေါက် ဒေါက် ဒေါက်’

ဟူသော တံခါးခေါက်သံကြားလိုက်ရာ ခေါင်းကို[...] ချက်ဆတ်ပြီး တံခါးထဖွင့်ပေးလိုက်လေ၏။

ထိုအခါ တံခါးဝတွင် တွေ့ရသည်ကနှုတ်ခမ်းမွေး[...] ကားကြီးနှင့် ထောင်ထောင်မောင်းမောင်း ဥဝမိရုပ်ကော[...] ကောင်း ခပ်ဝဝလူကုံထံ အသွင်သဏ္ဌာန်နှင့် အသက် [...] ကျော်ခန့် လူကြီးတစ်ဦးပင် ဖြစ်ချေ၏။

ငွေကွပ်တုတ်ကောက်ကြီးကို စတိုင်(လ်) ကျကျကိုင်[...] သည့် ထိုလူကြီးသည်ကား ဦးခေါင်း၌ ပိုးပဝါပတ်ထား[...] အုပ်ပေါင်းကို ပေါင်းကာ ငွေကိုင်းမျက်မှန်ဝိုင်းလေး တပ်ထာ[...] တာဖတာရင်ဖုံး အင်္ကျီပန်းနုရောင်ကိုဝတ်လျက် ကြက်သွေး[...] ရောင် ဘန်ကောက်လုံချည်ကို ခါးတွင်ဆင်ထားပြီး ပန်း[...]





[...]ကိုအကျအနစီးထားရာ တကယ့်လူကုံထံကြီးတစ်ဦးမှန်း [...]သာလှပေ၏။

“ဩော် ...ဦးမင်း ဘယ်လိုကိစ္စများရှိလို့ ကြွလာပါ [...]လဲ ခင်ဗျ”

အိုင်အိုချစ်သွေးက ထိုလူကြီးကို အတဲခတ်ရင်းပြုံးလျက် [...]လိုက်ရာ ထိုလူကြီးသည် ထောင်ကားနေသောနှုတ်ခမ်းမွေး [...]ကားကြီး မြင့်တက်သွားအောင်ပြုံးလိုက်လျက်မှ

“လာရတဲ့အကြောင်းရင်းကတော့ သတင်းစာထဲက [...]နဂါးအိုးရောင်းရန် ရှိသည်ဆိုတဲ့ ကြော်ငြာကြောင့်ပဲဆိုပါတော့ [...]ယ်၊ မောင်ရင်တို့ခေါ်ထားတဲ့ ဈေးကအင်မတန်မှများလွန်း [...]အတော့်ကို ရှေးကျတဲ့ အိုးဖြစ်မယ်လို့ထင်ပြီး လာခဲ့တာ [...]ကွယ်၊ ဦးရဲ့နာမည်က ဦးသိန်းကြွယ်ပါ၊ ကုက္ကိုင်းဘက်မှာ [...]ပါတယ်”

ဟု ဩဇာတိက္ကမရှိသော အသံဝါဝါကြီးဖြင့် ပြောလိုက် [...] ကုက္ကိုင်းဘက်မှဆိုသဖြင့် အိုင်အိုချစ်သွေးသည် စိတ်ဝင်စား [...]ပြီး

“ကြွပါ အန်ကယ်ကြွပါ”

ဟု ဖော်ရွေစွာဖိတ်မန္တက ပြုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းကြွယ်လည်း ငွေနားကွပ်တုတ်ကောက်ကို ဖ
ဝါဝါထောက်ကာ တိုက်ခန်းထဲသို့ဝင်လာပြီးလျှင် ကျွန်းဆက်
ခုံ၌ မိန့်မိန့်ကြီးထိုင်လိုက်လေ၏။

"ဟောဒီကအဘရဲ့အမည်က ဦးသူတော်ပါ အန်ကယ်
ဒီအဘကလည်းပဲ သတင်းစာထဲက ကြော်ငြာကိုဖတ်ပြီး စိတ်
စားလို့လာခဲ့တာပါတဲ့ခင်ဗျ၊ သူကတော့ ဂျွန်အိုးရဲ့ ပိုင်
မော်လီအောင်ပါပဲ၊ ကျွန်တော်ကတော့ ရှေးဟောင်းပစ္စည်း
ရောင်းဝယ်ပွဲစား မောင်ဝေလပါ"

ချစ်သွေးက အခန်းထဲရှိလူများနှင့် ဦးသိန်းကြွယ်
မိတ်ဆက်ပေးလိုက်သည်တွင် ဦးသိန်းကြွယ်က တစ်ဦးစီကို
ကြည့်ရာတွင် ခင်ပြုံးရီ၏မျက်နှာအား သေသေချာချာစိုက်ကြည့်
ကြောင်း ချစ်သွေးသတိပြုလိုက်မိလေ၏။

"ဟုတ်ပါပြီလေ ... ကဲ ကဲ ... ကျုပ်တို့အလုပ်စကား
ပြောကြရအောင်၊ ဦးစွာမောင်ရင်တို့ကြော်ငြာထားတဲ့ ဂျွန်အိုး
ကြည့်ပါရစေ"

ဦးသိန်းကြွယ်က သူ၏နှုတ်ခမ်းမွေးကားကားကြီး
လက်တစ်ဖက်နှင့် သပ်ကာတောင်းဆိုလိုက်ရာ ဦးသူတော်
လည်း ...

ခု နှစ် စဉ် ကြွယ် တ ပေ



"ဟုတ်ပါတယ် မောင်ရင်လေး၊ ကျုပ်လည်း မောင်ရင်
သားတို့ရောင်းမယ်ဆိုတဲ့ ဂျွန်အိုးကို စိတ်ဝင်စားလို့ပြီ၊ ကြည့်
မ်းပါရစေတော့"

ဟု ရောယောင်တောင်းဆိုလိုက်တော့၏။

ထိုအခါ အိုင်အိုချစ်သွေးသည် ထိုင်ရာမှထပြီး နံရံကပ်
ဗီရိုတစ်လုံး ရှေ့သို့လျှောက်သွားကာ ဗီရိုတံခါး၏ သော့ကိုဖွင့်
လိုက်လျက် ဗီရိုထဲမှ စက္ကူကတ်ထူဘူးရှည်တစ်ခုကို ထုတ်ယူ
လိုက်လေ၏။

ထို့နောက် သူသည် ဆက်တီခုံသို့ပြန်လာကာ ထိုင်လိုက်
ပြီး နောက်စက္ကူကတ်ထူဘူးကို စားပွဲပေါ်တင်လိုက်လျက်မှ ဘူး
ကိုဖွင့်လိုက်လေ၏။

ချစ်သွေးက ဘူးထဲမှ လှပသော်လည်း အနားသားလေး
များ ထိခိုက်ပဲ့ရွဲ့မှုအနည်းငယ်ရှိသည့် အိုးမောင်းလေးတစ်လုံး
ကို ထုတ်ယူလိုက်ကာ စားပွဲပေါ်သို့တင်လိုက်လေ၏။

ဂျွန်တစ်ကောင်၏ ရုပ်လုံးကြွပုံကိုယ်ထည်၌ ပါရှိသော
ငွေရည်သုတ်အိုးလေးအား ဦးသူတော်ဦးသိန်းကြွယ်နှင့် ခင်ပြုံးရီ
တို့ ဝိုင်းကြည့်လိုက်ကြလေ၏။

ဦးသိန်းကြွယ်က ယင်းဂျွန်အိုးလေးကို လွန်စွာစိတ်ဝင်

ခု နှစ် စဉ် ကြွယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



စားသည့်ဟန်ဖြင့် ရှုးရှုးစိုက်စိုက်ကြည့်ရှုသော်လည်း ဦးသူတော်တစ္ဆေ အိုးပေါ်မှဂျွန်ရှစ်ကိုကြည့်ပြီး ပြုံးချင်ချင်ဖြစ်သွားလေ၏။ ခင်ပြုံးရီမှာလည်း သူ၏အဘိုးလေး ဦးသူတော်ပြောထားသည့် ဂျွန်ရှစ်ပုံမှာ အတောင်ပံဖြန့်ထားသည့်ပုံ မဟုတ်ဘဲ သစ်ကိုင်းတစ်ခုခုဝယ်နားနေသည့်ပုံသာဖြစ်ရာ မျက်ခုံးလေးအနည်းငယ် ပင့်သွားမိလေ၏။

သို့သော် ချစ်သွေးသည် ဦးသိန်းကြွယ်၏မျက်နှာအနေအရာကိုသာ ဂရုထားကြည့်နေသဖြင့် ဦးသူတော်နှင့် ခင်ပြုံးရီတို့၏ မျက်နှာထားကို သတိမမူမိလိုက်ချေ။

ဦးသိန်းကြွယ်က ဂျွန်အိုးလေးကို သေသေချာချာကြည့်ပြီးလျှင် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်းမှ အိုး၏အဝနှုတ်ခမ်းတွန့်ဖျားအောက်မှ အက္ခရာစာလုံးတို့ကို လက်ညှိုးဖြင့် ထောက်ပြရင်း ခင်ပြုံးရီကိုလှည့်မေးလိုက်လေ၏။

"ဒီအိုးပေါ်မှာ ရေးထိုးထားတဲ့ စာတွေကဘာအဓိပ္ပာယ်လဲကွယ့် သူငယ်မရဲ့။ ပြီးတော့ ဒီအိုးကို သူငယ်မဘယ်ကရထားတာလဲ"

"အိုးပေါ်က စာလုံးတွေရဲ့ အဓိပ္ပာယ်တော့ မော်လီလည်းမသိပါဘူးရှင့်၊ အိုးကတော့ မော်လီရဲ့ သေသွားတဲ့မိတ်





ဆွေတစ်ယောက်ဆီက ရခဲ့တာပါ။ အဲဒီမိတ်တွေကတော့ ကြည့်မြင်တိုင်နတ်စင်လမ်းမှာနေတဲ့ မမစိမ်းလို့ခေါ်တဲ့ ဒေါ်စိမ်းညို့ပါပဲရှင့်"

အမှန်တော့ ယင်းသို့ပြောကြားရန် အိုင်အိုချစ်သွေးမှ သင်ကြားထားခြင်းမရှိချေ။ ခင်ပြုံးရီက တဒင်္ဂဖြစ်ပေါ်လာသော အခံဏုပ္ပတ္တိဉာဏ်ဖြင့် ဖြေကြားလိုက်ခြင်းသာဖြစ်လေ၏။

ဦးသိန်းကြွယ်၏ မျက်လုံးများမှာ အရောင်ပိုလက်တောက်ပသွားကြပြီး သူ၏နှုတ်ခမ်းမွေးကြီးကို လက်တစ်ဖက်ဖြင့် သပ်လိုက်ပြီးနောက်..

"အင်း ဒီအိုးလေးက စိတ်ဝင်စားစရာပါပဲ၊ ဒါထက်ကလေးမရဲ့ ဒီအိုးလေးဟာ ရှေးဟောင်းအိုးလေးဟုတ်ပါတယ်နော်၊ ဘယ်ခေတ်လောက်က လက်ရာဖြစ်မယ်ကွယ့်"

ဟု ဖြည်းဖြည်းဆေးဆေး လေသံဖြင့်မေးလိုက်ရာ ခင်ပြုံးရီက ချစ်သွေးအားတစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် သင့်သလိုဖြေလိုက်ရလေ၏။

"အင်း မမစိမ်းပြောခဲ့တာတော့ ရှေးပျူခေတ်ကအိုးလို့ပြောတာပါပဲ၊ အင်မတန် တန်ဖိုးရှိတယ်လို့လည်း ပြောခဲ့တယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းကြွယ်က ခပ်ပြုံးပြုံးမျက်နှာဖြင့် ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်ပြီးနောက်...

"ဒီအိုးလေးကို အန်ကယ်သဘောကျပါတယ် ကလေးမ။ ပျူခေတ်ကအိုးဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၆၀၀ ကျော်က အိုးပေါ့၊ တကယ်သာ အဲဒီလိုရှေးဟောင်းပစ္စည်း စစ်မှန်ရင် ကလေးမတို့ခေါ်တဲ့ ဈေးကများတယ်လို့ မဆိုသာပါဘူး၊ တကယ့်ပျူခေတ်က အိုးဆိုရင် အန်ကယ်ဝယ်မှာပါ၊ ဒါပေမဲ့ ရှေးဟောင်းပျူခေတ်ကအိုးဟုတ်,မဟုတ် စစ်ဆေးချင်သေးတယ်ကွယ့်၊ ကလေးမတို့ဘက်က အစစ်ဆေးခံနိုင်ပါ့မလား"

ဟု လွန်စွာအလေးအနက်ထားသော လေသံဖြင့်မေး လိုက်ရာ ခင်ပြုံးရီက ချစ်သွေး၏မျက်နှာကို လှမ်းကြည့်လိုက် ရလေ၏။ ချစ်သွေးကပြုံးလိုက်ပြီး

"အစစ်ဆေးခံနိုင်ပါတယ် အန်ကယ်။ အန်ကယ်က ဘယ်လို စစ်ဆေးချင်လို့လဲ"

ဟု ခင်ပြုံးရီအစားဝင် ပြောလိုက်သည်တွင် ဦးသိန်း ကြွယ်က သူ၏နှုတ်ခမ်းမွေးကို လက်ဖြင့်သပ်လိုက်ကာ...

"ဒီလိုကွယ့် မောင်ရင်လေးရဲ့ ... ကျုပ်ဟာ မကြာခင် လအနည်းငယ်ကမှ ဘိလပ်ကပြန်လာတာကွယ့်၊ ကျုပ်ဘိလပ်က





သဘော်နဲ့အပြန်မှာ ကျုပ်နဲ့အတူခေတ်မီစက်ကိရိယာပစ္စည်း အချို့ပါလာခဲ့တယ်ကွယ့်၊ အဲဒီစက် ကိရိယာတွေထဲမှာ ရှေး ဟောင်းပစ္စည်းဟုတ်,မဟုတ် ခွဲခြားပေးတဲ့စက်ကြီးလည်းပါလာ တယ်၊ ဒီတော့ မောင်ရင်လေးတို့ရဲ့ ဟောဒီအိုးလေးကိုယူသွား ပြီး ကျုပ်ရဲ့ဘိလပ်က စက်ကြီးနဲ့စစ်ဆေးချင်တယ်၊ မောင်ရင် လေးတို့ပါလိုက်ခဲ့ပေါ့၊ ကျုပ်ရဲ့ကားကကြီးတော့ ဒီလူလေး တောက်စလုံးအတွက် ချောင်ချောင်ကြီးဆန့်ပါတယ်ကွယ့် ... ဟဲ ဟဲ"

ဟုပြောလိုက်ရာ ကုက္ကိုင်းတွင်နေသည်ဆိုသော ဦး သိန်းကြွယ်၏အိမ်ကို လိုက်ကြည့်လေ့လာလိုသည့်အပြင် ဘိလပ် ကဝယ်လာသည်ဆိုသော ရှေးဟောင်းပစ္စည်းဟုတ်,မဟုတ် ခွဲခြားနိုင်သည့် စက်ကြီးကိုမြင်တွေ့ဖူးလိုသဖြင့် ချစ်သွေးမှာ သူ့ကို လှမ်းကြည့်နေသည့် ခင်ပြုံးရီကို မသိမသာခေါင်းညိတ်ပြလိုက် လေ၏။

"ကောင်းပြီလေ ... အန်ကယ်စမ်းသပ်လိုတယ်ဆိုရင် စမ်းသပ်နိုင်ပါတယ်၊ ကျွန်တော်တို့ ဒီအိုးကိုယူပြီး အန်ကယ့်အိမ် ကို လိုက်ခဲ့ပါမယ်"

ချစ်သွေးက လိုက်လျောစွာပြောဆိုရင်း ဂျွန်အိုးလေး



www.burmeseclassic.com

www.burmeseclassic.com



တို့ စက္ကူဘူးထဲသို့ပြန်ထည့်ကာ ထိုင်ရာမှထလိုက်လေလျှင် ခင်ပြုံးရီပါ ထရပ်လိုက်ပြီး. . .

"ဒီက အဘပါလိုက်ခဲ့လေ၊ ကျွန်မတို့ရဲ့ အိုးလေးဟာ ရှေးဟောင်းပစ္စည်း တကယ်ဟုတ်,မဟုတ် သိသွားရတာပေါ့"

ဟု သူမ၏အဘိုးလေးဖြစ်သူကို လှည့်ကြည့်ကာပြော လိုက်လေ၏။

"ကဲ ကဲ ဒါဆိုအားလုံး ဒီကအန်ကယ်ရဲ့ ကားဆီသွားနှင့်ကြပါ။ ကျွန်တော် အခန်းတံခါးပိတ်ပြီး လိုက်ခဲ့ပါ့မယ်"

ချစ်သွေးက စက္ကူဘူးကိုပိုက်လျက်ပြောလိုက်ရာ ဦးသိန်းကြွယ် ဦးဆောင်ပြီးခင်ပြုံးရီနှင့် ဦးသူတော်တို့မှာ တိုက်အောက်သို့ ဆင်းသွားကြသည်တွင် ချစ်သွေးမှာ တယ်လီဖုန်းကိုကောက်ကိုင်လိုက်ကာ စီအိုင်ဒီရုံး၏နံပါတ်ကို လှည့်လိုက်တော့၏။

သူက ကုက္ကိုင်းဘက်မှ မသက်ဘွယ် အိမ်တစ်အိမ်သို့ သွားမည်ဖြစ်ရာ စီအိုင်ဒီမှကားများ ကုက္ကိုင်းလမ်းဆုံမှ မသာစောင့်ပြီး သူ့ကားလာသည့်အခါ သူ့ကားကိုနောက်ယောင်ခံပြီး လိုက်ခဲ့ရန် စီအိုင်ဒီရုံးမှစုံထောက်အဖွဲ့အား ဖုန်းဆက်အသိပေးအကြောင်း ကြားလိုက်ခြင်းဖြစ်လေ၏။

ထို့နောက် အိုင်အိုချစ်သွေးသည် စက္ကူဘူးကိုပိုက်ကာ တိုက်အောက်သို့ ဆင်းလာခဲ့ပြီး သူ၏ဟီး(လ်) မင်း(န်) ကားလေးပေါ်တက်လိုက်ရာ ခင်ပြုံးရီပါ သူ့ကားပေါ်လိုက်တက်လေ၏။ ဦးသိန်းကြွယ်နှင့် ဦးသူတော်တို့မှာမူ ဦးသိန်းကြွယ်၏ ဝီလစ္စနိုက်ကားကြီးပေါ်သို့ တက်လိုက်ကြကာ ကားကိုဦးသိန်းကြွယ်ကိုယ်တိုင် မောင်းထွက်ခဲ့သည်နှင့် အိုင်အိုချစ်သွေး၏ ကားကနောက်မှလိုက်ပါခဲ့ရလေ၏။ ကားအသွားအလာရှုပ်ထွေးသော မြို့၏လမ်းများကို အချိန်အတန်ကြာကျော်ဖြတ်ခဲ့ပြီးနောက်. .

သူတို့၏ကားများသည် ရွှေဂုံတိုင်ဘက်မှ ဗတ်ကာကုက္ကိုင်းလမ်းဆုံဘက် မောင်းလာသည်တွင် ကုက္ကိုင်းလမ်းဆုံ၌ မယောင်မလည်စောင့်စားလျက်ရှိသည့် စီအိုင်ဒီမှ ကားနှစ်စီးကိုတွေ့ရလေ၏။

ဦးသိန်းကြွယ်၏ ကားသည် ကုက္ကိုင်းပတ်ကလိန်းလမ်းအတိုင်း မောင်းလာရာမှ ကျယ်ဝန်းသောခြံကြီးထဲ မောင်းဝင်သွားရာ အိုင်အိုချစ်သွေး၏ ဟီး(လ်) မင်း(န်) ကားနက်လေးမှာလည်း နောက်မှ ထက်ကြပ်မကွာလိုက်သွားတော့၏။

ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လျက်ရှိသည့် ခြံကြီး၏အလည်ရှိနှစ်ထပ်ပျဉ်ထောင် အုတ်ပတ်ကားတက်အိမ်ကြီး၏ဆင်ဝင်အောက်၌ ကားနှစ်စီးထိုးရပ်လိုက်ပြီးနောက် ဦးသိန်း







www.burmeseclassic.com

www.burmeseclassic.com



ကြွယ်သည့် ဝီလစ္စနိုက်ကားကြီးပေါ်မှဆင်းကာ အိမ်ရှေ့တံခါး သော့ကိုဖွင့်လေ၏။

"ကဲ လာကြ လာကြ၊ အိမ်ပေါ်ထပ်ကို တစ်ခါတည်း တက်လိုက်ခဲ့ကြပါ"

ဦးသိန်းကြွယ်က ဖော်ရွေသောအပြုံးဖြင့် ဖိတ်ခေါ်ကာ သူကိုယ်တိုင် အိမ်ထဲဝင်သွားရာ အိုင်အိုချစ်သွေးတို့ပါ နောက်မှ လိုက်ပါသွားရတော့၏။

သူတို့လူစုသည် ကျွန်းလှေကားကြီးမှနေ၍ အိမ်ပေါ် ထပ်သို့ တက်ရောက်ခဲ့ကြပြီးနောက် စာကြည့်ခန်းဟု ယူဆ သည့် အခန်းကြီးထဲဝင်ရောက်ခဲ့ကြရတော့သည်။ အခန်းမှာ လေး နှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်းကာ မှန်ပြတင်းများနှင့် တရုတ် ကာမ်များကို ပိတ်ထားပြီး အခန်းအလယ်၌ လေးထောင့်စားပွဲ ကို ပတ်ဝိုင်းကာ ကျွန်းဆက်တီခုံများချထားလေ၏။

"ကဲ ဒီမှာ အားလုံးခဏထိုင်ကြပါဦး၊ စမ်းသပ်မယ့် စက်က ဟိုဘက်အခန်းမှာပါ၊ ခဏကြရင် ကျုပ်စက်ကြီးကို ဒီအခန်းဘက် တွန်းရွှေ့လာပါ့မယ်"

ဦးသိန်းကြွယ်က ခပ်မြုံးပြုံးအမူအရာဖြင့် ပြောကာ ချည် သည်များကို ထိုင်စေပြီး သူကိုယ်တိုင်လည်း အိုင်အိုချစ်သွေးနှင့်





မျက်နှာချင်းဆိုင်ခုံ၌ ဝင်ထိုင်လေ၏။ ဦးသုတော်က အိုင်အို ချစ်သွေး၏ လက်ယာဘက်တွင်ထိုင်ပြီး ခင်ပြုံးရီက စားပွဲလက် ယာဘက်ထိပ်မှခုံတွင် ထိုင်နေလေ၏။

"ကဲ ... မောင်ရင်လေးတို့ရဲ့ ဂျွန်အိုးလေးကို ထုတ်ပါ ဦးကွယ်"

ဦးသိန်းကြွယ်က သူ၏နှုတ်ခမ်းမွေးကို လက်တစ်ဘက် ဖြင့် သပ်ရင်းပြောလိုက်ရာ အိုင်အိုချစ်သွေးက ရင်၌ပိုက်လာ သည့် စက္ကူကတ်ထူဘူးကိုဖွင့်ကာ ဘူးထဲမှဂျွန်အိုးလေးကို ထုတ် ယူလျက် စားပွဲပေါ်တင်လိုက်လေ၏။

ယင်းအချိန်မှာပင် ဦးသိန်းကြွယ်က စားပွဲ၏တစ်နေရာ မှ လျှို့ဝှက်ခလုတ်ကို နှိပ်လိုက်ရာ လေးထောင့်စားပွဲ၏မျက်နှာ ပြင်ပေါ်မှ အနံ ၆ ပေ၊ အလျား ၂ ပေခန့်ရှိသော ပျဉ်ချပ်နေ ရာသည် အောက်သို့နှစ်လက်မခန့် နိမ့်ကျသွားပြီး ဘေးသို့လျှော ထိုးတံခါးပုံစံဖြင့် ကပ်သွားစဉ် ယင်းပျဉ်ချပ်၏နေရာတွင် အောက် ဘက်မှပျဉ်ချပ်တစ်ခုအစားထိုး မြင့်တက်လာတော့၏။ ယင်း အစားထိုးပျဉ်ချပ်ပေါ်၌ အိုးလေးလေးလုံးပါလာရာ အိုင်အိုချစ် သွေး ဦးသုတော်နှင့် ခင်ပြုံးရီတို့မှာ မိမိတို့၏ မျက်စိရှေ့၌ဖြစ် ပျက်နေသမျှကို အံ့အားသင့်စွာငေးကြောင်ကြည့်နေမိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းမှာပင် စားပွဲပြင်သည်။ တစ်ညီတည်းဖြစ်သွား ပြီး မှုလာတ စားပွဲပေါ်၌ဂျူနိရုပ်ပါသည့် အိုးတစ်လုံးသာရှိရာ ယခုမူ အိုးငါးလုံးဖြစ်သွားပြီဖြစ်ပါ၏။

ယင်းအခိုက်မှာပင် ဦးသိန်းကြွယ်သည် အိုးလေးငါးလုံး ကို အရောရောအထွေးထွေး ပြုလုပ်လိုက်ရာ အိုင်အိုချစ်သွေး တို့ ယူလာသည့်ဂျူနိအိုးမှာ မည်သည့်အိုးမှန်းရွေးမရအောင် ဖြစ်သွားတော့၏။

“ဟင် ဦးသိန်းကြွယ် ဒါဘာလုပ်တာလဲ”

အိုင်အိုချစ်သွေးက ခပ်ဆတ်ဆတ်မေးလိုက်စဉ်မှာပင် ဦးသိန်းကြွယ်၏ လက်ယာဘက်လက်သည် စားပွဲအောက် မှ မြောက်တက်လာရာ သူ့လက်ထဲတွင် ပစ္စတိုတစ်လက်ပါလာ တော့၏။

“အို …ဟင်”

အားလုံးအံ့အားသင့်သွားသည်။ ဦးသိန်းကြွယ်က သူ၏ ဗိုးပဝါအုပ်ပေါင်းကို ချွတ်လိုက်ကာ နှုတ်ခမ်းမွေးကြီးကိုလည်း ဆွဲဖြုတ်လိုက်လျက် ရွှေကိုင်းမျက်မှန်လေးကိုပါ မျက်နှာပြင်ပေါ်မှ ဖယ်ရှားလိုက်တော့၏။ ထိုအခါ ဦးသိန်းကြွယ်၏အသက် ခြောက် ဆယ်ခန့်ရှိ ရုပ်သွင်မှ အသက်သုံးဆယ်ခန့်ရှိ နုပျိုချောမောသော်လည်း





ဘည်ကြည်ခက်မာသည့် လူရွယ်တစ်ဦး၏ရုပ်သွင်သို့ ပြောင်း သွားကြောင်း ချစ်သွေးတို့တွေ့ရလေတော့၏။

“ဟား ဟား ဟား …ကျုပ်ရဲ့နာမည်က ဦးသိန်းကြွယ် မဟုတ်ဘူး …မင်းခ …မင်းခ …သိရဲ့လား ကျုပ်ရဲ့လက် ထဲမှာ နဂါးအိုးလေးရှိနေပြီ မောင်ရင်တို့လက်ထဲမှာ ရောက်နေတဲ့ ဂျူနိအိုးကိုလိုချင်လို့ အခုလိုမာယာဆင်ပြီး ရယူရတာပဲ၊ ခုတော့ ကျုပ်ရဲ့ လိုဘပြည့်ပြီ …ဟား ဟား ဟား”

ခင်ပြုံးရီမှာ ဖြစ်ပေါ်လာသည့် အခြေအနေကြောင့် စိုး ရိမ်တုန်လှုပ်သွားသော်လည်း ဦးသူတော်ကမူ တစ်စုံတစ်ရာ တုန်လှုပ်ခြင်းမရှိဘဲ မင်းခကိုတည်ငြိမ်စွာ စိုက်ကြည့်နေလေ ၏။ အိုင်အိုချစ်သွေးက သူ၏ရင်ဘတ်တည့်တည့်ကို ချိန်ထား သည့်ပစ္စတိုအား ထီမထင်ဟန်ဖြင့် တစ်ချက်ကြည့်လိုက်ရင်းမှ

“ဩော် …သူခိုးကြောင်တစ်ရာမိုးမှောင်နဲ့ ဒေါ်စိမ်းညို့ တို့ကို သတ်ခဲ့တဲ့ လူသတ်သလားဟာ ခင်ဗျားပဲပေါ့ …ဟုတ် လား ကိုမင်းခ”

ဟု နှုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်း တွန့်ကာပြုံး ကာ မေးလိုက်လေ၏။

“ဟုတ်တယ်၊ မင်းက ဒါတွေတောင် သိနေပါလားကွ၊



www.burmeseclassic.com

www.burmeseclassic.com



င်း အဘယ်သူလဲ''

မင်းခက ချစ်သွေး၏မျက်နှာကို စူးစူးရဲရဲစိုက်ကြ
ကာမေးလိုက်လေ၏။

''ကျုပ်ဟာ အင်းစိန်စီအိုင်ဒီက အိုင်အိုချစ်သွေးပဲ''

''ဘာ ... ဩ ... လက်စသတ်တော့ မင်းမေ
စုံထောက်တစ်ယောက်ပါလား''

''ဟုတ်တယ်၊ မိုးမောင်နဲ့ ဒေါ်စိမ်းညို့အသတ်ခံရမှု
ကို အမှုကိုင်အဖြစ် ကိုင်တွယ်ပြီး လူသတ်သမားတရားခံကို
ဖွေထောက်လှမ်းနေတဲ့ အိုင်အိုချစ်သွေးပဲ၊ ကျုပ်ရဲ့လက်ထဲ ဂ
အိုးလေးရောက်ရှိလာချိန်မှာ အဲဒီအိုးနဲ့ထောင်ပြီး နဂါးအိုး
လူသတ်သွားတဲ့ တရားခံကိုဖမ်းဖို့ စီစဉ်တဲ့အနေနဲ့ သတင်း
မှာ ကြော်ငြာထည့်ခဲ့တာပဲ၊ ထင်ထားတဲ့အတိုင်း ခင်ဗျားရော
လာခဲ့တာပဲကိုး''

''ဟား ဟား ဟား ... ရောက်လာတော့ဘာဖြစ်
ဒါပေမဲ့ ငါက မင်းရဲ့ရှေ့မှောက်ကို တရားခံဘဝနဲ့ အဖမ်း
ရောက်လာမဟုတ်ဘူး ... သိရဲ့လား စုံထောက်စုတ်ရဲ့၊ မင်း
လက်ထဲက ဂျွန်အိုးကိုရအောင်ယူပြီး ငါလက်စားချေဖို့ ကျန်
သေးတဲ့ ဟောဒီမော်လီအောင့်ကို လက်စားချေ သွေးကြွေးဆ





ာခဲ့တာ ... သိရဲ့လား''

မင်းခက ပစ္စတိုပြောင်းဝကို ခင်ပြုံးရီဘက်သို့ ရမ်းကာ
င်းမာအေးစက်သော လေသံဖြင့်ပြောလိုက်ရာ ခင်ပြုံးရီမှာ
က်လုံးလေးဝိုင်းသွားရတော့သည်။

''နေပါဦး ကိုမင်းခ ခင်ဗျား သူခိုးမိုးမောင်ကို ဘာဖြစ်
ို့သတ်ခဲ့ရတာလဲ။ ပြီးတော့ မော်လီအောင့်ကို ဘာဖြစ်လို့
သတ်ချင်ရတာလဲ''

အိုင်အိုချစ်သွေးက ကျွန်းဆက်တီခုံ၏ နောက်မှီကိုမှီ
ီက်ရင်း သွေးအေးသောလေသံဖြင့် မေးလိုက်လေ၏။ မင်းခ
နှုတ်ခမ်းကို မဲ့ကာပြုံးလိုက်ပြီး ...

''အေးပေါ့လေ မင်းသိချင်ရင်တော့ ပြောပြရသေးတာ
ဲ့ တကယ်တော့ ငါ့လက်ထဲရောက်နေတဲ့ နဂါးအိုးရဲ့မူလပိုင်
င်ဟာ ဦးမင်းခေါင်ဆိုတဲ့ လူကြီးပဲကွ၊ အဲဒီဦးမင်းခေါင်ဟာ
ိတိသျှအစိုးရကို တော်လှန်ပုန်ကန်နေတဲ့ သူပုန်တပ်ဖွဲ့ကပဲ၊
ာ်ညမှာတော့ ဦးမင်းခေါင်ဟာ သူ့ရဲ့တပည့် ဆိတ်သိုးဆိုသူနဲ့
ရဲ့တိုးအဖြစ်သူ ဝတ်လုံတော်ရရှေ့နေကြီး ဦးမြတ်ခိုင်ရဲ့
ှလေးက အိမ်ကိုရောက်လာပြီး ငွေငါးထောင်နဲ့အတူ နဂါးအိုး
ားကို ပေးအပ်ခဲ့တယ်၊ သူတို့ကိုဗြိတိသျှ စစ်ပုလိပ်ရွေဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး မကြာခင် ဖမ်းဆီးသွားတော့မယ်လို့ ပြောတယ် ...

အကယ်လို့ သူတို့ကို ဖမ်းမိသွားရင် အဲဒီငွေငါးထော
တို့ ရှေ့နေစရိတ်အမှုလိုက်ခအဖြစ်ယူပြီး သူတို့ရဲ့အမှုကို လို
ပေးပါလို့ မှာတယ်၊ ပြီးတော့ နဂါးပုံရုပ်လုံးကြွပါတဲ့ အိုးလေး
လုံခြုံအောင် သိမ်းထားပေးပါလို့မှာတယ်၊ အဲဒီအိုးလေးနဲ့ ထ
ထေရာထည်းတူတဲ့ ဂဠုန်ရုပ်ပါတဲ့ အိုးလေးလည်းရှိသေး
အဲဒီဂဠုန်အိုးလေးကတော့ သူရဲ့သူငယ်ချင်း ဦးလူကျော်ဆို
လူရဲ့လက်ထဲမှာ ရှိတယ်၊ အဲဒီဦးလူကျော်လည်း သူ့လိုပဲ တေ
လွှန်ရေးသမားမို့လို့ ဗြိတိသျှစစ်ပုလိပ်တွေရဲ့ လိုက်ဖမ်းနေ
ခံနေရကာနဲ့ ဘယ်ဒေသကိုရှောင်ပုန်းနေမှန်း မသိဘူးလို့ပြေ
တယ်၊ အဲဒါနဲ့ ငါ့ရဲ့အဘိုးဦးမြတ်နိုင်ဟာ ငွေငါးထောင်နဲ့ န
အိုးလေးကို လက်ခံထားလိုက်ရတယ် ...။

ဦးမင်းခေါင်နဲ့ ဆိတ်သိုးတို့ဟာ အဲဒီနောက် မန္တလေး
မြို့ကနေထွက်ပြေးဖို့ ကြိုးစားရာမှ သူတို့ကိုခြေရာခံမိနေပြီ
တဲ့ ဗြိတိသျှစစ်ပုလိပ်တွေရဲ့ ဖမ်းဆီးခြင်းခံလိုက်ရတယ် ...

သူတို့ကို ရုံးတင်ပြီး အမှုစစ်ဆေးတော့ ငါ့ရဲ့အဘိုး
ဦးမြတ်နိုင်ကပဲ ရှေ့နေအဖြစ် သူတို့ဘက်ကလိုက်ပါဆောင်ရွ
ခဲ့တယ်၊ ဒါပေမဲ့ အမှုရှုံးပြီး သူတို့ကိုမျက်နှာဖြူခရိုင်တရား





ကြီးက တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်တယ်၊ အဲဒီ
နောက် ဦးမင်းခေါင်ရော, ဆိတ်သိုးပါ အက်ဒမန်ကျွန်းကို အပို့
ခံလိုက်ရတယ်၊ အဲဒီကတည်းက သူတို့ရဲ့သတင်းဟာ လုံးဝ
ပျောက်သွားတော့တယ် ...။

အဲဒီတော့ ငါ့ရဲ့အဘိုး ဦးမြတ်နိုင်က အဲဒီနဂါးအိုးလေး
ကို သူရဲ့ မန္တလေးက နဂါးစုံအိမ်ကြီးရဲ့ ဘုရားခန်းမှာဆက်ပြီး
သိမ်းဆည်းထားခဲ့တယ်၊ အဲဒီမန္တလေးက အိမ်မှာ အဘိုးဦးမြတ်
နိုင်ရယ်၊ ငါ့ရဲ့ အမေဒေါ်နန်းကျော့ရယ်၊ ငါ့ရဲ့အဒေါ်အပျိုကြီး
ဒေါ်ပန်းမေရယ် သုံးဦးတည်းနေကြတယ်၊ ငါ့ရဲ့အဖွားဟာ ဆုံး
သွားပြီးဖြစ်သလို ငါ့ရဲ့အဖေဟာလည်း သစ်တောဝန်ထောက်
အဝန်နဲ့ ငှက်ဖျားမိပြီး ဆုံးပါးခဲ့ရတယ်၊ ငါ့ရဲ့ အဘိုးဟာငါ့ကို
ဘိလပ်ပို့ပြီး ပညာသင်စေခဲ့တယ်၊ ငါဟာ ဘိလပ်မှာပညာသင်
ရာက လန်ဒန်တက္ကသိုလ်ကနေ ဘွဲ့ရပြီးတဲ့တိုင် ပြန်မလာဘဲ
လန်ဒန်မှာပဲ အလုပ်တစ်ခုဝင်လုပ်ပြီး ပျော်နေခဲ့တယ် ...။

အဲဒီအချိန်မှာ သူခိုးတစ်ယောက်ဟာ မန္တလေးက နဂါး
အိမ်ထဲ ဖောက်ထွင်းဝင်ရောက်ပြီး နဂါးအိုးကိုခိုးဖို့ ကြိုးစားရာ
မှာ ငါ့အဘိုးနဲ့ ပက်ပင်းတိုးရာမှာ အဘိုးရဲ့ရင်ဝကို ဒူးနဲ့ခုန်တိုက်
လို့ အသက်ကြီးပြီဖြစ်တဲ့ ငါ့အဘိုးဟာ အဲဒီသူခိုးရဲ့ လက်ချက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဲ သေတွဲဝင်ခဲ့ရတယ် ...။

ဒါ့ရဲ့အမေနဲ့အဒေါ်ဟာ သူခိုးကိုတွေ့ပေမယ့် မိန်းမတွေ ဝီဝီ အကြောက်လွန်နေလို့ ရုပ်ကိုသေသေချာချာ မမှတ်မိလိုက် ကြဘူး။ ရုပ်က စုတ်ချွန်းချွန်းလို့ပဲ မှတ်မိလိုက်ကြတယ်၊ သူတို့ အထူးသဖြင့် သတိထားလိုက်မိတာက အဲဒီသူခိုးဟာ အဘိုးဖြ သူကိုခုန်ပြီး ဒူးနဲ့တိုက်စဉ်က ဝတ်ထားတဲ့ ရှမ်းဘောင်းဘီအပွဟာ အနားလန်သွားပြီး ဒူးခေါင်းအောက် ဒူးဆစ်ကျအထိ ရေးထိုးထား တဲ့ ထိုးကွင်းမင်ကြောင် ကြောင်ရုပ်လေးတွေကို တွေ့ခဲ့ကြ တယ် ...။

အဘိုးဆုံးတဲ့အကြောင်း ကြေးနန်းရပေမယ့် အဲဒီအချိန် တုန်းက ဝင်ရိုးတန်းနိုင်ငံတွေနဲ့ မဟာမိတ်နိုင်ငံတွေအကြား စစ်မှုရေးရာတွေ ရှုပ်ထွေးနေလို့ ရေကြောင်းသွားလာမှုအခက် အခဲရှိတာနဲ့ ငါဟာ မြန်မာပြည်ကိုပြန်မလာဖြစ်ခဲ့ဘူး ...။

နောက်ပိုင်း သဘော်အလှည့်ကြုံတဲ့အခါကျမှ ငါဟာ ဘိလပ်ကနေ ပြန်လာခဲ့တယ်၊ မန္တလေးရောက်တော့ အဘိုးဆုံး ရခြင်း အကြောင်းနဲ့ အဘိုးဖြစ်သူထိန်းသိမ်းထားခဲ့တဲ့ နဂါးအိုး လေး သူခိုးရဲ့နောက်ပါသွားတဲ့အကြောင်း အမေနဲ့ အဒေါ်ဆီက သိခဲ့ရတယ် ...။

ခု နှစ် စဉ် ကြယ် တာ ပေ



ငါလည်း ရန်ကုန်ဆင်းလာပြီး ဒီအိမ်ကြီးကိုဝယ်လို့ ...ိုးကိုသတ်သွားတဲ့ သူခိုးကို သွေးကြွေးဆပ်လက်စားချေဖို့ ...ိုက်လောကထဲ ချဉ်းကပ်ထောက်လှမ်းရှာဖွေခဲ့ရာက ပေါင် ...ခက်စလုံးမှာ ဒူးဆစ်ကျအထိ ကြောင်ရုပ်ဆေးကွင်းမင်ကြောင် ...ထားတဲ့ ကြောင်တစ်ရာမိုးမှောင်ဆိုတဲ့ သူခိုးရဲ့သတင်းကို ...မ်းရမိလာတယ် ...။

ဒါကြောင့် ငါဟာ ကြောင်တစ်ရာမိုးမှောင်ဆီကို တရုတ် ...ိုးအိုဟန်ဆောင် ရုပ်ဖျက်သွားခဲ့တယ်၊ သူခိုးသတင်းပေး ...သွာလမ်း (ယခု လသာလမ်း) က ချိုင်းထောက်ချန်ကူးက ...ာင်းပေးနိုင်းသယောင်လိမ်ညာပြီး ဟောဒီအိမ်ကို လာခိုးဖို့ ...မှာင်ကို သတင်းပေးတဲ့စာ ပေးခဲ့တယ် ...။

ကြောင်တစ်ရာမိုးမှောင်ဟာ အဟုတ်မှတ်ပြီး ဒီအိမ် ...ဝင်အလာမှာ ငါကဖမ်းလိုက်တယ်၊ ငါကခြိမ်းခြောက်ပြီး စစ် ...တော့မှ ကြောင်တစ်ရာမိုးမှောင်ဟာ သူ့ကိုနဂါးအိုးလေးခိုးယူ ...ခိုင်းရဲ့ လက်ယာဘက်နာဝအောက်တည့်တည့်မှာ မှဲ့ရှိ ... အသက် ၃၀ လောက်ရှိတဲ့ မိန်းမနဲ့ အတော်လေးလှတဲ့ ...သက် ၂၀ လောက်အရွယ် မိန်းမပျိုတို့က ငွေ ၅၀၀၀ ပေး ...နိုင်းတယ်လို့ ထုတ်ဖော်ပြောကြတယ်၊ အဲဒီမှာ ငါကဘိလပ်

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



က သင်လာတဲ့ပညာတွေထဲက တစ်ခုဖြစ်တဲ့ ပန်းချီပညာ
အသုံးပြုပြီး အဲဒီမိန်းမနှစ်ယောက်ရဲ့ ရုပ်ဆင်းသဏ္ဌာန်ကို
ချပြောခိုင်းတယ်၊ မိုးမှောင်ပြောပြတဲ့ အတိုင်းပုံဆွဲပြတော့
မှောင်က ငါဆွဲပြတဲ့ပုံတွေထဲကအတိုင်းပဲ လို့ပြောတယ် ...

အဲဒီနောက် ငါဟာကြောင်တစ်ရာမိုးမှောင်ကို သူ
ရေသောက်ခိုင်းရာမှာ အဲဒီရေထဲ အဆိပ်တစ်မျိုးကိုထည့်
လိုက်တယ်၊ အဲဒီအဆိပ်ဟာ နာရီဝက်အတွင်းနှလုံးကို ထိခို
ပျက်စီးစေတဲ့ အာနိသင်ရှိတယ် ...။

နောက် သူခိုးကြောင်တစ်ရာမိုးမှောင်ကို ငွေနဲ့အထ
အစားအသစ် နှစ်စုံ၊ သုံးစုံပေးပြီး ပြန်လွှတ်ပေးလိုက်တယ် ...

မိုးမှောင်က အဟုတ်မှတ်ပြီး ဝမ်းသာအားရနဲ့ အိ
ထဲကထွက်ပြီး ငါညွှန်ပြတဲ့အတိုင်း ကုက္ကိုင်းလမ်းဆုံဘက် အချ
မှာ ငါကဗဟန်းဂါတ်ကို ဖုန်းဆက်ပြီး သူခိုးတစ်ယောက်ခိုးရာ
ပစ္စည်းတွေနဲ့အတူ ကုက္ကိုင်းလမ်းဆုံဘက်လာနေတယ်
သတင်းပို့လိုက်တယ်၊ သူခိုးမိုးမှောင် ကုက္ကိုင်းလမ်းဆုံနားရော
ခါနီးမှာပဲ ပုလိပ်အဖွဲ့နဲ့ တိုးရာက သူ့နှလုံးဟာဖောက်လာ
လဲကျသေဆုံးခဲ့ရတယ်၊ ငါ့ရဲ့ ရည်ရွယ်ချက်ကတော့ သူခိုး
မှောင်ဟာ ပုလိပ်အဖွဲ့နဲ့ပက်ပင်းတိုးလို့ ချောက်ချားတုန်လှု





ရာက နှလုံးထိခိုက်သေဆုံးရတဲ့အဖြစ်မျိုးဖြစ်အောင် ဖန်တီး
လိုက်တာပဲ။ ဆိုလိုတာက သူခိုးမိုးမှောင်ဟာ အသတ်ခံရတာ
မဟုတ်ဘူး၊ သူ့ဘာသာတုန်လှုပ်ခြောက်လန့်ရာက နှလုံးထိခိုက်
သေဆုံးရတာလို့ ပုလိပ်ဘက်က ယူဆအောင်လုပ်ခဲ့တာပဲ။

အဲဒီနောက် ငါဟာ မိုးမှောင်ကိုခိုင်းစေတဲ့ မိန်းမနှစ်
ယောက်ရဲ့သတင်းကို စုံစမ်းတော့တယ် ...။

အဲဒီမိန်းမနှစ်ယောက်ကို စုံစမ်းထောက်လှမ်းရှာဖွေ
ရာက တစ်လလောက်အကြာမှာ လက်ယာဘက်နှာခေါင်းဝမှာ
မှဲ့ရှိတဲ့မိန်းမကို ကြည့်မြင်တိုင်ဘက်မှာ စတင်တွေ့ရှိခဲ့တယ်၊
သူ့ရဲ့သတင်းကို လျှို့ဝှက်ထောက်လှမ်းကြည့်တော့ သူ့ရဲ့အမည်
ဟာ အရင်ကမကျော့ကျော့မေဖြစ်ပြီး အထက်မြန်မာပြည်ဘက်
မှာ နေခဲ့ကြောင်း၊ နောက်ပိုင်းမှ ရန်ကုန်ပြောင်းလာပြီး နာမည်
ကိုလည်း မစိမ်းညို့လို့ ပြောင်းခဲ့ကြောင်း နတ်စင်လမ်းမှာ မိန်းမ
ကြီးတစ်ဦးနဲ့အတူနေပြီး ကြည့်မြင်တိုင်ဈေးထဲမှာ ရွှေဆိုင်ဖွင့်
ထားကြောင်း သိခဲ့ရတယ် ...။

ငါဟာ ငါ့ရဲ့အဘိုးအတွက် သူခိုးမိုးမှောင်နဲ့ မိုးမှောင်
ကို ငွေပေးခိုင်းခဲ့သူ မကျော့ကျော့မေ (ခေါ်) မစိမ်းညိုတို့နှစ်
ယောက်ကို သွေးကြွေးဆပ်လက်စားချေဖို့ ဆုံးဖြတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း မစိမ်းညို့ကိုသတ်နိုင်ဖို့ မဟာဗျူဟာ ရေးဆွဲခဲ့တယ်
ဦးဆုံး တာမွေဘက်က မိန်းမပျက်တစ်ယောက်ကို ငွေပေး
မစိမ်းညို့ကို တဖြည်းဖြည်းရင်းနှီးအောင်ကြိုးစားအယုံသွင်း
ဖို့ကိုဗေဒင်ဆရာ နေလစကြာအဖြစ် သူ့ရဲ့အိမ်ထဲအရောက်
ပေးစေခဲ့တယ် ...။

အဲဒီမှာ ငါက မစိမ်းညို့ရဲ့မိန်းမဖော် ကောင်မလေး
ကို 'မ' ထုတ်လိုက်ပြီး မစိမ်းညို့ကိုသတ်လို့ နဂါးအိုးလေးကို
ခဲ့တာပါပဲ ...။

အဲဒီလို မစိမ်းညို့ကိုသတ်ပြီးတဲ့ နောက်သွေးကြေ
ဆပ်ဖို့ နောက်မိန်းမချောတစ်ဦးကျန်သေးတယ်၊ သူ့ရဲ့သတင်း
စုံစမ်းနေတုန်းမှာပဲ ဂျွန်အိုးရောင်းဖို့ရှိသည်ဆိုတဲ့ ကြော်ငြာ
သတင်းစာတွေမှာ ဖတ်ခဲ့ရတယ် ...။

ဒါနဲ့ ငါလည်း စိတ်ဝင်စားပြီး သတင်းစာပါ လိပ်
အတိုင်း မနေ့ညနေက ရုပ်ဖျက်ပြီးလာလေ့လာကြည့်
တိုက်ခန်းဝရံတာမှာ ရပ်နေတဲ့ဟောဒီမော်လီအောင့်ကို တွေ့
ရတာပါပဲ။ ဒါကြောင့် ဂျွန်အိုးကိုလည်း ရယူရင်း ဟောဒီ
လီအောင့်ကိုလည်း သွေးကြွေးဆပ်ရင်း တစ်ချက်ခုတ် နှစ်
ပြတ်အစီအစဉ်နဲ့ မင်းတို့ဆီကို ဦးသိန်းကြွယ်ဆိုတဲ့ လူကုံ





ကြီးလူကောင်းအသွင်ဟန်ဆောင်လာခဲ့တာပဲကွ .. ရှင်းပြီလား
..ဟား ဟား ဟား"

မင်းခသည် ယင်းသို့ပြောနေရင်းမှ သူ၏လက်ဝဲဘက်
ကက စားပွဲဘေးမှ ခလုတ်တစ်ခုကို မသိမသာနှိပ်လိုက်လေ

အိုင်အိုချစ်သွေး၊ ဦးသူတော်နှင့် ခင်ပြုံးရီတို့မှာ မင်းခ၏
နောက်နာကိုတစ်လှည့် သူ့လက်ထဲမှပေါက်တော့မည့် မြွေဟောက်
ယ် ဟန်တပြင်ပြင်ဖြစ်နေသော ပစ္စတိုသေနတ်ကို တစ်လှည့်
ထိတ်ထားကြည့်နေကြရစဉ်မှာပင် အခန်း၏ထောင့်လေးထောင့်
လျှို့ဝှက်ပြွန်ပေါက်လေးပေါက်မှ မီးခိုးလုံးမည်းမည်းများ
ထိုးထိုးလိုက်ထွက်လာသည်ကို သတိမမူမိလိုက်ကြချေ။

"ဟား ဟား ဟား ဟား"

မင်းခသည် တဟားဟားအော်ရယ်ရင်း အင်္ကျီအတွင်း
ထိတ်ထဲမှနေကာ မျက်မှန်အပြာဖျော့ဖျော့ကို ထုတ်ကာမျက်နှာ
ယ် တပ်လိုက်ပြီးနောက် စားပွဲပေါ်ရှိ ဂျွန်အိုးငါးအိုးအနက်
အိုးကိုပိုင်နိုင်စွာ ရွေးယူလိုက်လျက် ..

ခင်ပြုံးရီ၏ လက်ကောက်ဝတ်တစ်ဘက်ကို ဆွဲ၍
ကိုင်ရင်း ထရပ်လိုက်လေ၏။

www.burmeseclassic.com



"အို"

ယင်းအချိန်ဝယ် တစ်ခန်းလုံးမှာ မီးခိုးလုံးများဖြင့် မည်း မှောင်သွားရာ အိုင်အိုချစ်သွေးတို့မှာ ရုတ်တရက်ညဦးအမှောင် ကြီးကျသလိုဖြစ်သွားပြီး ဘာကိုမျှမမြင်ရသလိုဖြစ်သွားတော့၏

မင်းခမှာမူ ဘီလပ်မှဝယ်လာသည့် ညဦးအမှောင်ထု ကိုတွင်းဖောက်ကာ မြင်နိုင်သောညဦးကြည့်မျက်မှန် ဟပ်ထား သဖြင့် အရာရာကို ကောင်းစွာမြင်ရရာ ခင်ပြုံးရီ၏လက်ထ ဘက်ကိုဆွဲပြီး အခန်းထဲမှပြေးထွက်သွားတော့၏။

"အို လွှတ် လွှတ်"

ခင်ပြုံးရီမှာ ပါးစပ်မှဗလုံးဗထွေးအော်နေသော်လည် မှောင်မှောင်မည်းမည်း ဘာကိုမျှမမြင်ရဘဲ မင်းခဆွဲခေါ်ရာနော အယိုင်ယိုင်အလဲလဲဖြင့် ပါသွားတော့၏။

အိုင်အိုချစ်သွေးမှာ ခင်ပြုံးရီ၏ အော်သံလေးကြာ သဖြင့် လွန်စွာစိုးရိမ်သွားသော်လည်း သူကိုယ်တိုင်ဘာကို သဲကွဲစွာမမြင်ရဘဲ တစ်ခန်းလုံးမီးခိုးလုံးများဖြင့် မည်းမှောင် ရာ ခင်ပြုံးရီကိုမည်သို့ ကူညီကာကွယ်ပေးနိုင်ခြင်းမရှိချေ။

"ပြတင်းတံခါးဖွင့် ပြတင်းတံခါးဖွင့်"

အိုင်အိုချစ်သွေးသည် ပါးစပ်မှအော်ရင်း ပြတင်းပေါ





ရှိရာ နံရံဘက်သို့မှန်းဆကာ လျင်မြန်စွာချဉ်းကပ်သွားပြီး ပြတင်း တံခါးပေါက်တစ်ခု၏ ချက်တို့ကို လက်ဖြင့်စမ်းဖြုတ်လိုက်လေ ၏။

ပြတင်းပေါက်ပွင့်သွားမှ လေနှင့်အလင်းရောင်တို့ ရုတ်တရ စွာဝင်လာရာ ပြတင်းမှဝင်လာသောလေကြောင့် အခန်းတွင်းရှိ မီးခိုးငွေ့တို့ ကျဲပါးသွားသလို အလုံပိတ်အခန်းထဲမှ မီးခိုးငွေ့ မည်းမည်းတို့မှာ ပြတင်းဝမှထွက်သွားကြရာ အခန်းထဲတွင် အရာရာကို သဲကွဲစွာမြင်ရတော့၏။

"ဟာ ခင်ပြုံးရီရော မင်းခပါ မရှိတော့ပါလား"

စားပွဲပေါ်တွင်လည်း ဂဠုန်အိုးငါးလုံးရှိရာမှ လေးလုံး သာရှိတော့ရာ အိုးတစ်လုံးပျောက်ဆုံးလျက်ရှိတော့၏။

ယင်းနောက် အိုင်အိုချစ်သွေးနှင့် ဦးသူတော်တို့သည် အခန်းထဲမှ ပြေးထွက်လာကြ၏။

"ခင်ပြုံးရီကို မင်းခဖမ်းခေါ်သွားပြီး ဂဠုန်အိုးလည်း ယူသွားပြီ"

"ဂဠုန်အိုးက အရေးမကြီးပါဘူး၊ ငါ့မြေးမလေးတော့ နှကွပဲ"

"ဗျာ ... ဘယ်သူလဲမြေးမလေးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မောင်ချစ်သွေး ခင်ပြုံးရီဟာ အဘိုးရဲ့မြေးမလေး ပဲကွယ့် သူ့ကို မော်လီအောင်အဖြစ်မင်း အယောင်ဆောင်နိုင်ထားတာ အဘိုးသိပြီးသားပါကွယ့်"

အိုင်အိုချစ်သွေးသည် လွန်စွာအံ့ဩသွားရာမှ ဦးသူတော်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီးလျှင်

"ဒါဆို အဘိုးက အိမ်အပြင်ထွက်ပြီး ဒီအိမ်ရဲ့ဝန်းကျင်မှာ စောင့်နေတဲ့ ကျွန်တော်တို့ စီအိုင်ဒီက ပုလိပ်စုံထောက်အဖွဲ့ကို သွားသတင်းပို့ပေးပါ၊ ဒီအိမ်ရဲ့ပတ်ဝန်းကျင်ကို ဝိုင်းဆို့ထားပါလို့ပြောပေးပါ။ ကျွန်တော်မင်းခတို့နောက် လိုက်သွားမယ်"

ဟု ပြောပြီးသည်နှင့် အိုင်အိုချစ်သွေးသည် ကုတ်အင်္ကျီအောက်ချိုင်းစလွယ်အိတ်ထဲမှ ပစ္စတိုကိုဆွဲထုတ်ကာ စကြံလမ်းအတိုင်းပြေးထွက်သွားရာ ဦးသူတော်လည်း လှေကားမှပြေးဆင်းသွားတော့၏။

"ဟာ ဟိုမှာပဲ"

စကြံလမ်းထောင့်ချိုး၌ ကုတ်အင်္ကျီ၊ သက္ကလတ်ဘောင်းဘီတို့ကို ဝတ်ဆင်ကာရပ်နေသည့် မင်းခကိုတွေ့လိုက်ရာ အိုင်အိုချစ်သွေးမှာ သေနတ်ဖြင့် ထိုးချိန်ရင်းပြေးသွားတော့၏။

"ဟေ့လူ . . . ဘယ်မှာလဲခင်ပြုံးရီ၊ ခင်ဗျား ခင်ပြုံးရီကို





ဘယ်မှာသွားထားလိုက်သလဲ"

ချစ်သွေးက ဟိန်းဟောက်မေးလိုက်သော်လည်း သူ့ကို ပစ္စတိုသေနတ်ဖြင့် ချိန်ကာ ခပ်တည်တည်ရပ်နေသည့် မင်းခက စကားတစ်ခွန်းမျှပြန်မဆိုချေ။

"ဟေ့လူ . . . ခင်ဗျားရဲ့ လက်နက်ချလိုက်စမ်း . . . ပြောတာမရဘူးလား"

အိုင်အိုချစ်သွေးက ဟိန်းဟောက်ရင်း အနားသို့တစ်လှမ်းချင်းသတိထားချဉ်းကပ်သွားသည့်တိုင် မင်းခက တုတ်တုတ်မျှမလှုပ်ချေ။

မင်းခ၏အနီးသို့ရောက်သွားမှ အိုင်အိုချစ်သွေးမှာ လွန်စွာအံ့အားသင့်သွားရတော့၏။

"ဟာ . . . ရုပ်တုကြီးပါလား"

အိုင်အိုချစ်သွေးမှာ နောက်ကြောင်းပြန်လှည့်ပြီး ကျယ်ဝန်းသောအိမ်ကြီးအတွင်းမှ များပြားလှသည့် အခန်းများကို တစ်ခန်းပြီးတစ်ခန်းတံခါးတွန်းဖွင့်ကာ ကပျာကသီရှာဖွေရတော့၏။

အခန်းတစ်ခုအတွင်း၌ ခုတင်ပေါ်ဝယ် ကျောခိုင်းလဲလျောင်းနေသော အမျိုးသမီးတစ်ဦးကို တွေ့ရရာ . .

"ဟာ . . . ခင်ပြုံးရီလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ပြုံးရီ"

အိုင်အိုချစ်သွေးက ခပ်တိုးတိုးခေါ်ရင်း အခန်းထဲသို့ သဲတီထားကာ တစ်လှမ်းချင်းဝင်လိုက်တော့၏။ အခန်းထဲ နှစ်လှမ်းခန့်ဝင်ပြီးမှ ဝဲဘက်၌ လူရိပ်တစ်ခုကို သတိပြုမိသဖြင့် ချာခနဲလှည့်ကြည့်လိုက်ရာ သူ့ကိုပစ္စတိုသေနတ်ဖြင့် ချိန်ထား သည့် မင်းခကိုတွေ့ရချေ၏။ သည့်မင်းခကတော့ ဘိုကေဆံပင် မာဖလာရင်ဖုံးအင်္ကျီပန်းနုရောင်၊ ဘန်ကောက်လုံချည်ကြက် သွေးရောင်တို့ကို ဝတ်ထားရာ မင်းခအစစ်ကေန်ဖြစ်သည်ဟု ချစ်သွေးယူဆလိုက်မိ၏။

ထို့ကြောင့် အိုင်အိုချစ်သွေးက ကြမ်းပြင်ပေါ်သို့ ရုတ်ခနဲ တစ်ပတ်ကျွမ်းထိုးလိုက်ပြီး ကြမ်းပြင်ပေါ်လဲကျနေသည့် အနေ အထားမှ မင်းခထံ ပစ္စတိုကိုထိုးချိန်ပြီး သေနတ်မောင်းကို ဖြုတ်ချလိုက်၏။

'ဒိုင်း'

မင်းခ၏ရင်ဝသို့ ပစ္စတိုကျည်ဆံမှန်သွားကာ ရင်ဘတ် ဝယ် ဖြာခနဲဖြစ်သွားပြီး ကျည်၏တွန်းအားကြောင့် မင်းခမှာ နောက်သို့ ပက်လက်လန်လဲကျသွားတော့ရာ သူ၏ဦးခေါင်းမှာ လက်တစ်ဖက်ပါ ပြုတ်ထွက်သွားတော့၏။





"ဘုရားရေ ဒါလည်း ဖယောင်းရုပ်တုကြီးပါလား"

အိုင်အိုချစ်သွေးမှာ မင်းခ၏ဦးနှောက်ဥာဏ်ပြေးပြေး ဖြင့် နှစ်တကျလှည့်ဖြားမှုခံနေရရာ ဒေါသဖြစ်သွားပြီး ကြမ်းပြင် ပေါ်မှ လူးလဲထလိုက်တော့၏။

ထို့နောက် သူသည် တစ်ခန်းပြီးတစ်ခန်း ထပ်ရှာရာ ကျယ်ဝန်းသော အခန်းတစ်ခု၏တံခါးကို တွန်းဖွင့်လိုက်မိသည် တွင်...

အခန်းအတွင်း၌ ရုပ်အင်္ကျီလက်တို၊ သက္ကလတ်ဘောင်း ဘီရှည်နက်တို့ ဝတ်ထားသည့် မင်းခက ခင်ပြုံးရီ၏လည်ပင်း ကို လက်တစ်ဖက်ဖြင့် နောက်မှသိုင်းညှစ်ထားပြီး လက်ထဲမှ ပစ္စတိုဖြင့် အခန်းတံခါးဝ၌ရပ်နေသည့် အိုင်အိုချစ်သွေးကို ချိန် ထားလေ၏။

ယင်းအခန်းကြီးထဲတွင် စာအုပ်ဗီရိုကြီးများနှင့် ပန်းချီ ကားများသာ နံရံတွင်ရှိနေပြီး စားပွဲကုလားထိုင်တို့ မရှိဘဲ မင်းခ နှင့် ခင်ပြုံးရီတို့မှာ အဖြူအနက်ကျားကွက်ပုံကျောက်ပြားများ ခင်းထားသည့် အခန်းကြမ်းပြင်အလယ်တွင် ရပ်လျက်ရှိကြလေ ၏။

ရုတ်တရက်မို့ ချစ်သွေးသည် သူတို့နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တကယ့်လူအစစ်များဟု ထင်လိုက်သေးသည်။ သို့သော် ခင်ပြုံး ရိုက်ရှစ်သွင်မှာ တကယ့်ခင်ပြုံးရီနှင့် အတော်တူသော်လည်း အဝတ်အစားမှာ ဤအိမ်ကြီးသို့လာစဉ် ဝတ်လာသော အဝတ် စားများ မဟုတ်ဘဲကွဲလွဲလျက်ရှိလေ၏။

ထို့ကြောင့် အိုင်အိုချစ်သွေးသည် နှုတ်ခမ်းတောင့်စွ လေးတစ်ခု တွန့်ရှုံ့ပြုံးလိုက်ပြီး အခန်းထဲသို့အေးဆေးစွာလှ ဝင်လိုက်စဉ်. . .

မင်းခ၏ပစ္စတိုခလုတ်ပေါ် တင်ထားသောလက်မ လက်ညှိုးလေးလှုပ်ခနဲဖြစ်သွားသည်ကို လှစ်ခနဲတွေ့လိုက် သဖြင့် နံဘေးသို့ ဖျတ်ခနဲ ပစ်လှဲရှောင်လိုက်ရလေ၏။

'ဒိုင်း'

မင်းခ၏ ပစ္စတိုပြောင်းဝမှ လိမ္မော်ရောင်မီးပွင့်လေ လက်ခနဲပွင့်သွားပြီး ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံက အခ ကြီးထဲဝယ် ပဲ့တင်ထပ်မြည်ဟည်းသွားလေ၏။

ယမ်းငွေ့တို့ ဝေနေဆဲမှာပင် ချစ်သွေးသည်လဲလျော ရာမှ အားယူထလိုက်သည့်တိုင် မင်းခရော ခင်ပြုံးရီပါမှုလ တည်နေသည့်အနေအထားမှ ရွေးစေ့မျှပင် မရွေ့မလှုပ် ကြ တကား။





"ဟာ . . . ဒါတွေဟာလည်း ဖယောင်းရုပ်တုတွေပဲ၊ ဒါပေမဲ့ သူ့လက်ထဲက ပစ္စတိုက တကယ်ပစ်တာပါလား"

အိုင်အိုချစ်သွေးသည် ကြမ်းခင်းလေးထောင့်ကျောက် ပြားများကို မသင်္ကာဖြစ်ပြီး သူစောစောကနင်းခဲ့သည့် အနက် ရောင်ကျောက်ပြားကို ဝဲဘက်သို့ ခန္ဓာကိုယ်ယိမ်းထားလျက်မှ ညာခြေဖျားဖြင့် နင်းကြည့်လိုက်ရာ . . .

'ဒိုင်း'

မင်းခ၏ ဖယောင်းရုပ်တုကိုင်စွဲထားသော ပစ္စတို၏အဝ မှ လိမ္မော်ရောင်မီးပွင့်လေး ပွင့်သွားကာယမ်းပေါက်ကွဲသံထွက် ပေါ်သွားပြန်၏။ အခန်းတံခါးဝ၏ အပြင်ဘက်ရှိ သစ်သားနံရံ ပေါ်၌မူ ကျည်ဆံရာအပေါက်လေးနှစ်ပေါက်ဖြစ်သွားချေပြီတည်း။

"အင်း . . . ဒီကျောက်ပြားတွေမှာ သင်း ခလုတ်ဆင်ပြီး ထားတာကိုး။ အတော်ဉာဏ်သွားတဲ့သူပဲ၊ တစ်ခုတော့ရှိတယ် အခန်းတွေအားလုံးထဲမှာ ဒီအခန်းဟာ အခမ်းနားဆုံး အကျယ် ဝန်းဆုံးပဲ၊ ပြီးတော့ ခင်ပြုံးရီရဲ့ ရုပ်တုကိုပါတွဲဖက်သွန်းလုပ်ထား ပြီး လျှို့ဝှက်ခလုတ်တွေနဲ့ ထောင်ချောက်ဆင်ထားတယ်၊ ဒီလိုကျ နန လုပ်ထားတဲ့အခန်းမျိုးမှာ လျှို့ဝှက်တံခါးပေါက်တွေဘာ တွေရှိတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှုခင်းအတွေ့အကြုံများနေပြီ ဖြစ်သည့် အိုင်အိုချစ်သွေး သည် ယင်းအခန်းကြီးထဲတွင် လှို့ဝှက်တံခါးပေါက်ကို ရှာဖွေနေလေတော့၏။ သို့သော် အခန်းထဲတွင် နံရံကပ်ဗီရို ငါးလုံးနှင့် အမြင့်ငါးပေ၊ အနံသုံးပေခန့်ရှိသည့် ပန်းချီကား ဆယ်ချပ်သာရှိပြီး လှို့ဝှက်ခလုတ် လှို့ဝှက်တံခါးပေါက် အဖြစ် သံသယဖြစ်ဖွယ်ရာလုံးဝမရှာမတွေ့ချေ။ သို့သော် သူ ဆီဆေးပန်းချီကားကြီး ဆယ်ချပ်ကိုသေသေချာချာကြည့် တစ်စုံတစ်ရာအတွေးဝင်သွားတော့၏။

"နေပါဦး ဒီပန်းချီကားတွေက ဗုဒ္ဓဝင်ဇာတ်ကြီးဆယ် ဘွဲ့ကို အစဉ်အလိုက် တစ်ဇာတ်ချင်းသရုပ်ဖော်ထားတဲ့ ပန်းချီ ကားကြီးတွေပါလား။ ဒီအခန်းဟာ ဘုရားခန်းမဟုတ်ဘဲ ဘာ လို့ ဗုဒ္ဓဝင်ဇာတ်ကြီးဆယ်ဘွဲ့သရုပ်ဖော်ပုံတွေကို ချိတ်ဆွဲ ရပါလိမ့်။ ဒါဟာ ထူးခြားမှုပဲ"

ချစ်သွေးသည် စဉ်းစားဆင်ခြင်ရင်းမှ ဇာတ်ကြီးဆယ် သရုပ်ဖော် ပန်းချီကားချပ်တို့ကို တစ်ချပ်ချင်းကြည့်သွားမိ ၏။

"အင်း ဒီဘက်ဆုံးက တေမိယဇာတ်တော် သရုပ် ပုံ ပြီးတော့ ဟိုဘက်ပန်းချီကားက ဇနကဇာတ်၊ နောက် သု





သာမဇာတ်၊ နေမိယဇာတ်၊ မဟော်သဓဇာတ်၊ အဲ အဲ ဒီပန်းချီ ကားကတော့ ဘူရိဒတ္တဇာတ်တော် သရုပ်ဖော်ပုံပါလား"

နံရံပေါ်မှ ဘူရိဒတ္တဇာတ်တော် သရုပ်ဖော်ပုံပန်းချီကား ပေါ်မှ ပုဏ္ဏားအား ဘူရိဒတ် နဂါးမင်းက ပတ်ခွေထားပုံနှင့် ပန်းချီကား၏ အထက်ထောင့်တွင် ဂဠုန်ပုံတို့ကို တွေ့ရလေ၏။ ယင်း နဂါးမင်းပုံနှင့် ဂဠုန်ပုံတို့မှာ အခြားသောရုပ်ပုံတို့ထက် သည်း အတန်ငယ်ဖောင်းကြွနေရာ အိုင်အိုချစ်သွေးမှာ မသင်္ကာ ဖြစ်လာပြီး နဂါးမင်း၏ ဖောင်းကြွနေသော ဦးခေါင်းကိုလက်ညှိုး ထိပ်ဖြင့် ဖိနှိပ်ကြည့်လိုက်ရာ နဂါးခေါင်းမှာအထဲသို့ နိမ့်ဝင်သွား ကြောင်း အံ့သြဖွယ်တွေ့ရတော့၏။

"ဟာ ဟုတ်ပြီ။ ဂဠုန်ရဲ့ခေါင်းကိုပါ နှိပ်ကြည့်ရမယ်"

အိုင်အိုချစ်သွေးက ဂဠုန်ခေါင်းကို လက်ညှိုးထိပ်ဖြင့် နှိပ်လိုက်သည်နှင့် ဂဠုန်ခေါင်းပါအတွင်းသို့ နိမ့်ဝင်သွားပြီးလျှင် တဂိဂိမြည်သံပေါ်လာတော့၏။ ယင်းသို့ တဂိဂိမြည်သံနှင့်အတူ ပန်းချီကားကြီးမှာ နံရံအတွင်းသို့ ခြောက်လက်မခန့် နောက် ဆုတ်ဝင်သွားပြီးနောက် တံခါးချပ်ကဲ့သို့လည်းကာ ဘေးသို့ကပ် သွားရာ အတွင်း၌လှိုဏ်ခေါင်းပေါ်လာပြီး ယင်းလှိုဏ်ခေါင်း၏ နံရံတွင်လည်း မီးလုံးတစ်လုံး ထွန်းလင်းလျက်ရှိချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီလိုဏ်ပေါက်လျှို့ဝှက်လမ်းကနေ မင်းခဟာ ခင်ပြုံးရီကို ခေါ်သွားတာသေချာတယ်၊ ကတိုက်ကရိုက်ဝင်ရလို့ နံရံတံခါးကိုတောင် ပြန်မပိတ်သွားတာဖြစ်မယ်"

အိုင်အိုချစ်သွေးမှာ လက်ထဲ၌ပစ္စတိုကိုအသင့်ဆုပ်ကိုင်ရင်း သတိကြီးစွာဖြင့် လျှို့ဝှက်လိုဏ်လမ်းထဲသို့ ဝင်လာခဲ့တော့၏။

လိုဏ်လမ်းမှာအောက်သို့ လှေကားထစ်များနှင့် နိမ့်ဆင်းသွားရာ အောက်မှာမူ မှောင်လျက်ရှိသဖြင့် အိုင်အိုချစ်သွေးမှာ သူ၏ကိုယ်နှင့် မကွာဆောင်ယူလေ့ရှိသော ဖောင်တိန်အရွယ် လက်နှိပ်ဓာတ်မီးလေးဖြင့် လှေကားထစ်များကို ထိုးကြည့်လျက် သတိထား ဆင်းလာခဲ့လေ၏။

လှေကားထစ်ပေါင်းများစွာ ဆင်းလာပြီးနောက်မှာတော့ ပြေလျောလျောလိုဏ်လမ်းကို တွေ့ရရာ ခြေသံလုံလုံဖြင့် ဆက်လက်လျှောက်လှမ်းခဲ့သည်။ နှစ်မိနစ်နီးပါးခန့် လျှောက်လာအပြီးဝယ် ရှေ့မှ မီးရောင်နှင့်တကွ မင်းခ၏စကားသံ မာဆတ်ဆတ်ကို စတင်ကြားရပါတော့သတည်း။

□□□



မြေအောက်ခန်းတိုက်ပွဲ

ဆယ့်ငါးပေပတ်လည်ခန့်သာရှိသော မြေအောက်ခန်းထဲတွင် မီးလုံးတစ်လုံးထွန်းပြီး အခန်း၏နံရံများကို နောက်ကြက်နှင့် ကြမ်းပြင်တို့ကို အင်္ဂတေချောချောဖြင့် မံထားလေ၏။

အခန်း၏ အလယ်၌ ခင်ပြုံးရီအားကုလားထိုင်တစ်လုံးတွင် ထိုင်နိုင်းထားကာ ကုလားထိုင်၏ နောက်မှီနှင့်တွဲလျက် သက်ပြန်ကြိုးတုပ်ထားလေ၏။

"ဒီမှာ မင်းမှန်မှန်ပြောနော်၊ အစကတော့ မင်းကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညှိုးတို့ သတ်သလိုသတ်ပစ်ဖို့ ရည်ရွယ်ခဲ့တယ်၊ ဒါပေမဲ့ မင်းက သိပ်ကိုလှနေတော့ ငါမသတ်ရက်သေးဘူး၊ ငါမေးတာ တို့ မှန်မှန်မဖြေဘဲ ဝေ့လည်ချောင်ပတ်လုပ်နေလို့ကတော့ ဟော ဒီဓားနဲ့ထိုးသတ်မှာနော်၊ ပြောစမ်း ဒီဂျွန်အိုးကို မင်းဘယ်က ရခဲ့တာလဲ၊ ဒီဂျွန်အိုးကရော အစစ်လား၊ အတုလား''

မင်းခက တင်းတင်းမာမာကြီးပြောကာ ဓားမြှောင်တထည် ဝင့်နှင့် ရှိနေသော်လည်း ခင်ပြုံးရီသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချထားဟန်ဖြင့် မင်းခ၏ မျက်နှာကို စူးစူးရဲရဲစိုက် ကြည့်လျက်မှ

''ကျွန်မဘာမှမဖြေနိုင်ဘူး၊ ရှင် ကျွန်မကို သတ်ချင် သတ်ပစ်လိုက်'' ဟု ခပ်ပြတ်ပြတ် ပြန်ပြောလိုက်လေ၏။

''ဒီမှာ မင်းဘာဖြစ်လို့ခေါင်းမာနေရတာလဲ''

''ဟုတ်တယ်၊ ခေါင်းမာတယ်၊ အစ်ကိုချစ်သွေးက ကျွန်မ ကတိပေးထားပြီးသား။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး လုံးဝ မပြောနိုင်ဘူး၊ အထူးသဖြင့် ရှင်ဟာ လူသတ်သမားမှန်းသိ လို့ ပိုလို့တောင်မပြောသေးတယ်၊ သတ်ချင်သတ်ပစ်လိုက်''

''ဒီမှာ ဗမာလီအောင်း သိပ်လည်းခေါင်းမမာနဲ့ ငါ့ လက်ကသွေးစွန်းပြီးသားနော်၊ နောက်ထပ် လူဘယ်နှစ်ယောက်





ဖြစ်ဖြစ် ထပ်သတ်ဖို့ဝန်မလေးဘူးအေး၊ နင့်ရဲ့ အိုင်အိုချစ်သွေး ဆိုတဲ့ စုံထောက်စုတ်က နင့်ကိုကယ်တင်နိုင်လိမ့်မယ်လည်း မထင်နဲ့ အဲဒီကောင်ဟာ အခုလောက်ဆို ငါ့ရဲ့ဖယောင်းရုပ်တု တွေနဲ့ လှည့်စားထားချက်မိပြီး ရှုးနေလောက်ပြီ ဟားဟားဟား''

''ဘာ ရှင့် ဘာဖယောင်းရုပ်တုလဲ''

''ငါဘိလပ်မှာတုန်းက မဒမ်တူးဆော့ဒ်ရဲ့ ဖယောင်း ပြတိုက်မှာ လူအစစ်နဲ့လုံးဝခွဲမရအောင်တူတဲ့ ဖယောင်းရုပ်တု တွေကို သွားလေ့လာခဲ့တယ်၊ အဲဒီဖယောင်းရုပ်တု လုပ်နည်း ကိုလည်း ပန်းချီပညာနဲ့အတူ နှစ်နှစ်လောက်သင်ယူခဲ့တယ်၊ အဲဒီအတတ်ပညာနဲ့ ဖယောင်းရုပ်တုတွေ ပြုလုပ်ပြီး ငါ့ရဲ့ရန်သူ တွေကိုလှည့်စားနိုင်ခဲ့တယ်၊ ဟား ဟား ဟား''

(မှတ်ချက်...မဒမ်တူးဆော့(ဒ်)၏ ဖယောင်းပြ တိုက်မှာ လန်ဒန်မြို့ မယ်ရီ(လ်)ဘုန်းလမ်းပေါ်ရှိ ရောမ သုံးထပ်တိုက်ကြီးတွင် လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာခန့်က စတင်၍ ယနေ့အထိ ဖွင့်လှစ်ထားသော အံ့ဖွယ်ပြတိုက် တစ်ခုဖြစ်ပါသည်။

ယင်းကမ္ဘာကျော်ဖယောင်းရုပ်တုပြတိုက်ကို ဖွင့် လှစ်ခဲ့သူ မေရီတူးဆော့(ဒ်) သည် ၁၈၅၀ ခုနှစ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သွားခဲ့ပြီဖြစ်သော်လည်း သူ့မြေး၏မြေး (တွက် ဖြစ်သူ) ဘားနဒ်တူးဆော့(ဒ်)က ဆက်လက်တာဝန်ယူဖွင့် လှစ်ထားရာ မင်းခမှာ ယင်းဘားနဒ်တူးဆော့(ဒ်)ထံမှ ဖယောင်းရုပ်တုပြုလုပ်ခြင်းပညာရပ်၊ ဆေးခြယ်ခြင်းပညာ ရပ်တို့ကို နှစ်နှစ်လုံးလုံး သင်ကြားခဲ့သူဖြစ်၏။

မဒမ်တူးဆော့(ဒ်)၏ ခမ်းနားကြီးကျယ်လှသော ပြ တိုက်ဝင်ပေါက်မှ ဝင်သွားသူအား တံခါးဝအနီးတွင် ရပ်နေ သည့် ရွှေရောင်ဆံပင့်နှင့် မိန်းမချောလေးတစ်ဦးက ပြ တိုက်လမ်းညွှန်စာအုပ်လေးကို လှမ်းကမ်းပေးနေပါလိမ့် မည်။

ဝင်လာသူက သူမ၏လက်ထဲမှ စာအုပ်ကို လှမ်းယူ မည်ပြုလိုက်ပြီးမှ ထိုမိန်းကလေးမှာ လူအစစ်မဟုတ်ဘဲ ဖယောင်းရုပ်တုဖြစ်နေကြောင်း တအံ့တဩသိလိုက်ရမည် ဖြစ်ပါ၏။

ထို့နောက် ခန်းမဝင်ပေါက်မှ ဆက်ဝင်သွားလျှင် ထိုင်ခုံတစ်လုံးပေါ်တွင် ထိုင်ငိုက်နေသည့် အမျိုးသားတစ် ဦးကိုတွေ့ရမည်ဖြစ်ပြီး ထိုသူ၏ရှေ့တွင်ပြတိုက်လမ်းညွှန် စာအုပ်လေး တစ်အုပ်ကျနေသည်ကိုတွေ့ရရာ ဝင်လာသူက





စာအုပ်ကို ကောက်ကာ ထိုလူ၏ပေါင်ပေါ်တင်ပေးလိုက်ပြီးမှ ထိုလူသည်လည်း ဖယောင်းရုပ်တုပင်ဖြစ်ကြောင်း တအံ့ တဩသိသွားရပေလိမ့်မည်ဖြစ်၏။

ယင်းသို့လျှင် အနီးကပ်ကြည့်ရသည့်တိုင် လူလား၊ ရုပ်တုလားဟု ခွဲခြားရန်ခက်လောက်အောင် သက်ရှိလူသား နှင့် လွန်စွာတူသည့် လက်ရာမြောက်သွန်းလုပ်နိုင်သော ဒမ်တူးဆော့(ဒ်) ဖယောင်းပြတိုက်မှ ဖယောင်းရုပ်တုတို့မှာ နာမည်ကျော်လှပေ၏။

ဗြိတိသျှနန်းရင်းဝန် ဝင်စတန်ချာချီ(လ်)၊ အင်္ဂလိပ် ဘုရင်မကြီး ဗိတိုရိယာ၊ အမေရိကန် သမ္မတကြီး အိုင်စင် ဟောင်ဝါ၊ ပြင်သစ်စစ်ဘုရင် နပိုလီယံမှစ၍ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ၏ ဖယောင်းရုပ်တုများမှာ ကြည့်ရှုလေ့လာ သူတိုင်း အံ့ဩလက်ဖျားခါလောက်အောင် ဖြင်ဗမှထကာသို့ အစစ်အမှန်ပုဂ္ဂိုလ်ကြီးများနှင့် တစ်ထေရာတည်းတူလှချေ [illegible]

**အရေးသူ**

ဘားနဒ်တူးဆော့(ဒ်)ထံမှ ပညာရယူခဲ့သော မင်းခမှာ ၏အတတ်ပညာဖြင့် သူ့ရန်သူများကိုလှည့်ဖြားနိုင်လျှင် လွန်



www.burmeseclassic.com

www.burmeseclassic.com



စွာသဘောကျတတ်သူဖြစ်ချေ၏။

ယခုလည်း သဘောကျစွာ တဟားဟားရယ်လျက်ရှိ ချေသည်။

ယင်းအချိန်မှာပင် အိုင်အိုချစ်သွေးသည် လျှို့ဝှက်လိုဏ် လမ်း၏ အမှောင်ရိပ်ထဲမှ မြေအောက်ခန်းအလင်းထဲသို့ တိုးထွက် လိုက်လေ၏။

"ခင်ဗျားရဲ့ လှည့်စားနိုင်မှုတွေနဲ့ ရက်စက်နိုင်မှုတွေ ဟာ ကုန်ဆုံးခဲ့ပါပြီ ကိုမင်းခ"

လိုဏ်ဝအမှောင်ရိပ်ထဲမှ ရုတ်ခနဲထွက်လာသော အိုင် အိုချစ်သွေးကို တွေ့လိုက်ရသည်တွင် မင်းခမှာ မယုံနိုင်အောင် ဖြစ်သွားပြီး ကြက်သေသေသွားတော့၏။

ချစ်သွေးက မင်းခ၏ဦးခေါင်းကို လက်ယာဘက်လက် ထဲရှိ ပစ္စတိုဖြင့် ချိန်ထားရင်းရှေ့သို့တိုးလာရာမှ ခင်ပြုံးရီ နောက်ဘက်သို့တစ်လှမ်းချင်း ချဉ်းကပ်သွားကာ လက်ပြန်ကြိုး တုပ်ထားသည့် ကြိုးကိုလက်ဝဲလက်ဖြင့် ဖြည်ပေးလိုက်၏။

ခင်ပြုံးရီအနှောင်အဖွဲ့မှ လွတ်မြောက်သွားသည်နှင့် ခင် ပြုံးရီကို သူ၏နောက်ဘက် အခန်းနံရံအနီးသို့ တွန်းပို့လိုက်ပြီး ကုလားထိုင်ကိုပါ ခြေထောက်ဖြင့် နံဘေးသို့ခတ်ထုတ်လိုက်၏





ယခုဆိုလျှင် မီးလုံး၏မီးရောင်အောက်မှ ဆယ့်ငါးပေ ပတ်လည်ခန့်ရှိသည့် မြေအောက်ခန်းထဲ၌ မင်းခနှင့်အိုင်အိုချစ် သွေးတို့မှာ မျက်နှာချင်းဆိုင်ဆုံမိနေချေပြီတည်း။

"ကဲ ကိုမင်းခ . . . ခင်ဗျားအေးအေးဆေးဆေး လက် နှက်ချပြီး အဖမ်းခံပါ"

"ဟား ဟား ဟား . . . ဟော့ကောင် မင်းသာသတ္တိရှိရှိ ယောကျ်ားချင်းယှဉ်ချင်တယ်, ယှဉ်ရဲတယ်ဆိုရင် မင်းရဲ့သေနတ် ကို သိမ်းလိုက်"

မင်းခ၏ စိန်ခေါ်စကားကြောင့် အိုင်အိုချစ်သွေးသည် တ်ခမ်းထောင့်စွန်းလေးတွန့်ရုံ ပြုံးလိုက်ပြီး သူ့လက်ထဲမှ ၃၂ ဒ် လျှူဂါပစ္စတိုကို ပခုံးသိုင်းအိတ်ထဲသို့ ထိုးထည့်သိမ်းလိုက် ာ မင်းခကိုလက်ချည်းသက်သက်ဖြင့် ရင်ဆိုင်လိုက်လေ၏။

မင်းခက ကောက်ကျစ်စွာပြုံးလိုက်ရင်း လက်ထဲမှဓား မြှောင်ဖြင့် လှစ်ခနဲလှမ်းထွက်လိုက်တော့၏။

'ဝှစ်'

ချစ်သွေးက ဓားမြှောင်၏ ဓားသွားရာလမ်းကြောင်းမှ ွတ်ရုံလေးညာခြေနောက်ဆုတ်ကာ ရှောင်လိုက်လေ၏။

ယင်းနောက် မင်းသည်ချစ်သွေးအား ဓားမြှောင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သဲကြီးမဲကြီး တစ်ဟုန်ထိုးတိုက်ခိုက်တော့ရာ ချစ်သွေးမှာပါးနပ်ဖွာလှည့်ပတ်ရှောင်ရှားနေရာမှ တစ်ချိန်တွင် မင်းခက ပိုင်ပြီအထင်ဖြင့် ချစ်သွေး၏ဝမ်းဗိုက်ကို ဓားဦးနှင့်လှစ်ခနဲထိုးလိုက်စဉ် ချစ်သွေးသည် ဝင်လာသော ဓားချက်ကိုမရှောင်ဘဲ ရှေ့သို့ညာခြေတစ်လှမ်းတိုးလိုက်လျက် ဝဲဘက်လက်ဖျံရိုးဖြင့် ဓားမြှောင်ကိုင်လက်၏ လက်ကောက်ဝတ်ကို ခန္ဓာကိုယ်၏အောက်ဝဲဘက်သို့ လျှပ်တစ်ပြက်ရိုက်ထုတ်လိုက်လေ၏။

'ဖြောင်း'

ဟူသောအသံနှင့်အတူ မင်းခ၏ဓားမြှောင်ကိုင်လက်ရမ်းထွက်သွားပြီး ဓားပါလွှတ်ကျသွားစဉ် ချစ်သွေး၏ ညာဖြောင့်လက်သီးက မင်းခ၏မေးရိုးဆီဖောင်းခနဲဝင်သွားရာ မင်းခမှာအင်္ဂတေကြမ်းပြင်ပေါ် ဝုန်းခနဲ နောက်ပြန်ပစ်လဲကျသွားကာသတိလစ်သွားပါတော့သတည်း။

□□□



အခန်း ၃

✳ ငွေနှင်းအိုးကို ရယူခြင်း

✳ ဓွတ်ဆာဖော်သူများ

✳ လျှို့ဝှက်ရတနာသိုက်ကို ရှာဖွေခြင်း

✳ ချစ်နှံနှုတ်ခင်း

✳ လောကဓာယာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃



## ဝဠုန်အိုးတို ရယူခြင်း

ဖော်ပြပါအဖြစ်အပျက်များဖြစ်ပြီး တစ်ပတ်ခန့်အကြာ တစ်ခုသော နံနက်တွင် မကွေးခရိုင်၊ ပွင့်ဖြူဒိစကြိတ်အတွင်း ရှိ ဆင်ပေါက်ကန်ရွာမှ သချိုင်းအတွင်းသို့ လူသုံးဦးဝင်ရောက် လာလေ၏။

ထိုသူတို့မှာ ဦးသူတော်၊ အိုင်အိုချစ်သွေးနှင့် ခင်ပြုံး တို့ပင်ဖြစ်ပါ၏။ ရွာနှင့် အတန်အလှမ်းဝေးသောတောစပ် တိတ်ဆိတ်လျက်ရှိသည့် သချိုင်းဟောင်းထဲ ဝင်ရောက်လာကြ



သာ တစ်ခုသောအုတ်ဂူဟောင်းရှေ့တွင် ရပ်လိုက်ကြလေ၏။

အုတ်ဂူ၏ခေါင်းရင်းပိုင်းရှိ ကျောက်ပြားဖြူဖြူပေါ်မှ ရေ ညှိတို့နှင့် သစ်ရွက်ခြောက်ခွေး အမှိုက်တို့ကို ဦးသူတော်က ဖယ် ရှားလိုက်ရာ ယင်းကျောက်ပြား ဖြူညစ်ညစ်ပေါ်မှ ကမ္ပည်းစာ သားတို့ ထင်ရှားစွာပေါ်လာတော့၏။

ဦးလူကျော်

အသက် (၇၈)နှစ်

(၁၂၉၀)ခုနှစ်၊ ကဆုန်လဆုတ်

(၃)ရက်နေ့တွင် ကွယ်လွန်သည်။

"ကဲ ... ဒီဂူပဲ၊ မြေးလေးရဲ့ဘိုးဘိုး ဦးလူကျော်ရဲ့ဂူ ချုပ်တို့စဖြိုစို့"

ဦးသူတော်က ဂူကို သံတူရွင်းဖြင့်စတင်ဖြိုရာ အိုင်အိုချစ် သွေးကပါ အသင့်ယူလာသည့်သံတူရွင်းဖြင့် ဂူမှအုတ်ချပ်တို့ကို တစ်ချပ်ချင်း စတင်ဖဲ့ထုတ်တော့၏။

သူတို့သည် ဦးလူကျော်၏အုတ်ဂူကို တစ်နာရီနီးပါးခန့် ဖြိုခွင်းလျက်ရှိရာ နောက်ဆုံးတွင် ဂူမှာပွင့်သွားတော့၏။ ညှီစို့စို့ နံ့ထွက်နေသည့်ဂူဟောင်းထဲ ငုံ့ကြည့်လိုက်ကြရာ..

ဂူ၏အတွင်းတွင် သစ်သားခေါင်းတလားတစ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရကာ ယင်းခေါင်းတလားကို သံတူရွင်းဖြင့် ကော်ဖွင့်လိုက်သည်တွင် အခေါင်းထဲ၌ အမှိုက်သရိုက်များ ဖုံများနှင့်အတူ လူ့အရိုးစုတစ်ခုကိုတွေ့ရပြီး အရိုးစု၏နံဘေး၌ လွန်စွာဖောင်းနွမ်းဖေပရေနေသည့် စဥ္စုရည်သုတ်အိုးတစ်လုံးကို တွေ့ရလေ၏။

"ဒီအရိုးစုဟာ ကျုပ်ရဲ့အစ်ကို ဦးလူကျော်ရဲ့အရိုးစုဖြစ်သလို ဟောဒီအိုးလေးဟာ ဂဠုန်အိုးအစစ်ပါပဲဗျား"

ဦးသူတော်က ခေါင်းတလားထဲမှ ဂဠုန်အိုးလေးကို နှိုက်ယူလိုက်စဥ် ခင်ပြုံးရီမှာ ဘိုးအေဖြစ်သူ၏အရိုးစုကို ငေးငိုင်ကြည့်ရင်း စိတ်ထိခိုက်လျက်ရှိလေ၏။

အိုင်အိုချစ်သွေးသည် ဦးသူတော်၏လက်ထဲမှ ဂဠုန်အိုးလေးကို လှမ်းယူလိုက်ကာ အတန်ကြာလှေ့လာကြည့်ရှုနေလိုက်လေ၏။

ထို့နောက် သူတို့သည် အသင့်ယူဆောင်လာသည့် ဘိလပ်မြေ၊ သဲတို့နှင့် ဦးလူကျော်၏အုတ်ဂူကို အကောင်းပကတိအတိုင်းဖြစ်အောင် ပြန်လည်တည်ဆောက်ပေးလိုက်ကြလေတော့၏။

□□□





# ဂှက်ဆာဆော်သူများ

ဆင်ပေါက်ကန်ရွာတောင်ပိုင်းတွင်နေထိုင်သော ဦးမြာ၏ ကွယ်လွန်သူမိဘများမှာ ဦးလူကျော်၊ ဦးသူတော်တို့ညီအစ်ကိုနှင့် ရင်းနှီးရင်းစွဲရှိသဖြင့် ဦးသူတော်တို့လူစုမှာ ဦးမြာ၏ ခြေတံရှည်အိမ်တွင်ပင် တည်းခိုကြလေ၏။

ဦးမြာမှာ ယာသမား၊ ကိုင်းသမားဖြစ်ပြီး ယခုလိုဆောင်းဦးပေါက်ကာလ၌ ဧရာဝတီမြစ်ကြီး၏ ဝဲဘက်၊ ယာဘက်ကမ်းခြေတို့တွင် နုန်းတင်မြေနုသောင်ပြင်များ ထွန်းလာပြီဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



သားသမီးမရှိသော ဦးမြော်တို့လင်မယားသည် ယင်းသောင်ပြင်၌ ကိုင်းစိုက်ရန် သောင်ထဲမှာပင် ယာယီတဲထိုးနေကြသဖြင့် ရွာမှအိမ်မှာနေမည့်သူမရှိ ဖြစ်နေရာ တံခါးရွက်တို့ကိုပိတ်လျက် ဖျော့ကြိုးနှင့် ချည်နှောင်ထားရလေ၏။

ယခု ဦးသူတော်တို့လူစု ရွာရောက်လာတော့ ဦးမြော်၏အိမ်တွင် လွတ်လပ်စွာတည်းခိုနေထိုင်၍ရလေရာ အတော်အဆင်ပြေလျက်ရှိတော့၏။

ဦးသူတော်တို့လူစုသည် ဦးလူကျော်၏ဂူကိုဖောက်ပြီး ရယူလာနိုင်ခဲ့ကြသည့် ဂဠုန်ရုပ်ပုံပါ အိုးလေးကို ဘုရားစင်အောက်ရှိ ကဲလားတံခါးရှေ့၌ ဝိုင်းဖွဲ့စစ်ဆေးကြည့်ရှုနေကြလေ၏။

အိုင်အိုချစ်သွေးက နဂါးအိုးလေး၏ နှုတ်ခမ်းသားအတွင်းအောက်မှာ ရေးထိုးထားသည့် အက္ခရာတို့ကို စာရွက်လွတ်တစ်ရွက်ပေါ်တွင် တန်းစီရေးချလိုက်ရာ အောက်ဖော်ပြပါအတိုင်း တွေ့ရှိရလေ၏။

(ဆိပ်နဲ့လူဖြူပေါင်းပြီး မင်းစိုက်တဲ့ ဘူးသီးဟာကြားသော်ပင် ပျဉ်ချပ်တစ်စနဲ့ရော လောလောဆယ် ဟာသပြောစေလို့မယ်၊ တီကောင်လေးရဲ့ တောင်ဘက် မြောက်ဘက်အရပ် ကန်





ငါးကိုမှ ဖာလေးထဲ လုံအောင်ထည့် နောက်ပြီး ဒီကိုလာခဲ့ အမောင်လည်း တောင်ဆိုတာလေးသိလို့ ဆယ်မှာနေ)

အိုင်အိုချစ်သွေးက စာသားများကို ခဲတံဖြင့် ထောက်ပြပြီးလျှင် ...

"ဒါဟာ ဂုဏ်စာပုံစံနဲ့ ရေးထားတာဖြစ်မယ်၊ ဖော်ရတော့ မခက်လှဘူးထင်တာပဲ၊ ခက်တာက နဂါးအိုးနဲ့ ဂဠုန်အိုးနှစ်အိုးဆုံမှသာ အဓိပ္ပါယ်အပြည့်အစုံရမှာဆိုတော့ အဲဒီအိုးနှစ်လုံး မဆုံနိုင်မချင်း ဒီဂုဏ်စာရဲ့ အဓိပ္ပါယ်အပြည့်အစုံကို ဖော်နိုင်မှာမဟုတ်ဘူး၊ ကဲ ... လောလောဆယ် ဒီစာရဲ့အဓိပ္ပါယ်ရှာကြမယ်၊ စာလုံးတွေရဲ့ တစ်လုံးကျော်၊ နှစ်လုံးကျော်၊ သုံးလုံးကျော် အမျိုးမျိုးဖတ်ကြည့်မယ်"

ဟုပြောကာ စာရွက်ပေါ် အမျိုးမျိုးချရေးကြည့်နေရာမှ အတန်ကြာသည့်တွင် ...

"ကဲ ... ကျွန်တော် အဓိပ္ပါယ်ဖော်လို့ရပြီ၊ အဓိပ္ပါယ်ဖော်ပြမယ်၊ ထိပ်ဆုံးစာလုံးကစပြီး နှစ်လုံးကျော် နှစ်လုံးကျော် ဝိုင်းပြမယ်"

ဟုပြောကာ စာရွက်ပေါ်၌ သေသပ်စွာ အသစ်ရေးထားသည့် စာတန်းထဲမှ စာလုံးတို့ကို နှစ်လုံးကျော် ခဲတံဖြင့်ဝိုင်းပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ရာ ဦးသူတော်နှင့် ခက်ပြုံးရီတို့က စိတ်ဝင်စားစွာ ဝိုင်းငုံ့ဖတ်ကြည့်ကြလေ၏။

( ဆိပ် နဲ့လူ ဖြူ ပေါင်းပြီး ( မင်း ) စိုက်တဲ့ ( ဘူး ) သီးဟာ ကြား သစ်ပင် ( ပျဉ် ) ချပ်တစ်( စ နဲ့ရော ( လော ) လောဆယ် ( ဟာ သပြော ( စေ ) လိမ့်မယ် ( တီ ) ကောင်လေး ( ရဲ့ ) တောင်ဘက် ( မြောက် ) ဘက် အ ( ရပ် ) အသား ( တစ် ) ကိုမှ ( ဖာ ) လေးထဲ ( ထုံ အောင်ထည့် ( နောက် ) ပြီး ဒီ ( ကို ) လာခဲ့ ( အ ) မောင်လည်း ( တောင် ) ဆိုတာ ( လေး ) သိလို့ ( ဆယ် ) မှာနေ)

''ဟုတ်ပြီလား။ ကဲ ဝိုင်းထားတဲ့စကားလုံးတွေကို တန်းစီပြီး ချရေးပြမယ်''

''ဆိပ်ဖြူမင်းဘူးကြား ပျဉ်စလောဟာစေတီရဲ့ မြောက် ရပ်တစ်ဖာလုံ နောက်ကို အတောင်လေးဆယ်''

ဟု စာရွက်လွတ်ပေါ်တွင် ရေးပြလိုက်ရာ အဓိပ္ပာယ်ရှိ သော စာတန်းတစ်ခုဖြစ်လာတော့၏။ ဦးသူတော်က စာတန်းကို သေချာစွာဖတ်ကြည့်ပြီးနောက် ...

"အင်း ... ဒီစာတန်းအတိုင်းဆို မင်းဘူးမြို့နဲ့ ဆိပ်ဖြူ မြို့အကြားက ပဉ္စလောဟာဆိုတဲ့စေတီကို အရင်ရှာဖွေရမယ့် သဘောပဲကွယ့်၊ ဒါထက် ဂျွန်အိုးလေးပေါ်က ဂုက်စာကိုဆ





ဆက်ဖော်ပါဦး မောင်ချစ်သွေး''

ဟုပြောလိုက်ရာ ချစ်သွေးကဂျွန်အိုး၏ နှုတ်ခမ်းသား အတွန့်အောက်တွင် အိုးကိုပတ်ပြီး လှန်စွာသေးငယ်သည့် အက္ခရာများဖြင့် ရေးထွင်းထားသော စာတန်းကိုစာရွက်တစ် ရွက်ပေါ်၌ ချရေးလိုက်လျက် စကားလုံးနှစ်လုံးကျော်ကို ဝိုင်း လိုက်လေ၏။

"( အ ) ခုမှ ( ရွှေ ) ကိုပင့် ( မြောက် ) ပြီး တော ( အ ) ထဲဝင် ( တောင် ) အထဲ ( သုံး ) နာရီ ( ဆယ် ) ကိုပတ် ( အ ) နောက်အ ( ရွှေ ဆိုမှ ( ငါး ) ဖာလုံ ( တောင် ) သွားမှ ( ကုန်း ) မြင့်က ( ပေါ် ) လာမှာ ( တ သစ်ပင် ( ကျောက် ) တုံး ငါး ( တုံး ) နဲ့သစ် ( သုံး ) ပင် ဝါး ( လုံး ) တို့ရဲ့ ကြား ) မှာပဲ ( တူး ) စေသော(ဝ်)"

"ကဲ ဝိုင်းထားတဲ့ စကားလုံးတွေကို တန်းစီပြီးချရေး ပြမယ်"

"အရှေ့မြောက်အတောင် သုံးဆယ်အရှေ့ငါးတောင် ကုန်းပေါ်က ကျောက်တုံးသုံးလုံးကြားတူး"

ဦးသူတော်က စာတန်းကိုဖတ်ပြီး ..

"ရွှေ့ ဟုတ်ပြီ၊ ဒီဂျွန်အိုးပေါ်က စာတန်းရဲ့အဓိပ္ပာယ် ကိုလည်း ဖော်လို့ရပြီ၊ အဲဒီတော့ နဂါးအိုးနဲ့ဂျွန်အိုးပေါ်က



www.burmeseclassic.com

www.burmeseclassic.com



စာတန်းနှစ်ခုကို ဆက်ပြီးရေးကြည့်စမ်းကွာ. မောင်ချစ်သွေး


ဟု တိုက်တွန်းလိုက်ပြန်ရာ ချစ်သွေးက စာရွက်ပေါ်တွ အောက်ဖော်ပြပါအတိုင်း စာတန်းနှစ်ခုကို ဆက်ရေးလိုက်လေ သော်။

"ဆိပ်ဖြူမင်းဘူးကြား ဖျဉ်စလောဟာစေတီရဲ့မြော ရပ် တစ်ဖာလုံ နောက်ကိုအတောင်လေးဆယ်၊ အရှေ့မြော အတောင်သုံးဆယ် အရှေ့ငါးတောင်ကုန်းပေါ်က ကျောက် သုံးလုံးကြားတူး"

"အေး ခုမှအဓိပ္ပာယ်အပြည့် အစုံပေါ်တော့တယ် ကွ ကေန္တ ဒါဟာ မျက်နှာဖြူ တော်လှန်ရေးခေတ်ဦးတုန်းက ဆောင်းရရှိထားတဲ့ ရတနာရွှေငွေပစ္စည်းတွေကို ငါ့ရဲ့အစ် ဦးလူကျော်နဲ့ သူ့ရဲ့သူငယ်ချင်း ဦးမင်းခေါင်တို့ စိတ်တူသဘော တူမြှုပ်နှံပြီး အဲဒီရတနာတွေမြှုပ်နှံထားရာ ပြတဲ့အညွှန်းစာ ဝှက်စာသဘောနဲ့ ဒီအိုးလေးနှစ်လုံးပေါ်မှာ ရေးထွင်းပြီး ထ ယောက်တစ်အိုး ယူထားတာဖြစ်မယ်၊ ကဲ ငါတို့အဲဒီသိုက်ဓ အရ ရတနာရွှေငွေတွေ သွားယူကြစို့"

□□□





## လျှို့ဝှက်ရတနာသိုက်ကို ရှာဖွေခြင်း

ဦးသူတော် အိုင်အိုချစ်သွေးနှင့် ခင်ပြုံးရီတို့သည် နဂါး ..နှင့် ဂဠုန်အိုးတို့မှ ဝှက်စာကိုဖော်၍ရသွားပြီဖြစ်သဖြင့် ယင်း ..ပါအတိုင်း လှေသမ္ဗန်တစ်စင်းငှားကာ လှေထိုးသားတို့ကို ..ာဝတီမြစ်အနောက်ဘက်ကမ်းမှ ဦးစွာ မင်းဘူးသို့ စုန်သွား ..ကလေ၏။

မင်းဘူးရောက်ပြီးမှ အထက်သို့ပြန်ဆန်တက်ခဲ့ရာ ..တို့သည် ကမ်းနားတစ်လျှောက် စေတီပုထိုးတို့၏ ဘွဲ့အမည်

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုမေးမြန်း စေ့ငုလာခဲ့ကြလေ၏။

"ပဥ္စလောဟာ စေတီဆိုတာကြားတော့ ကြားဖူး တယ်ဗျ၊ ဒီအောက်ဘက်မှာတော့ မရှိလောက်ဘူး၊ စလင်းနဲ့ ဆင်ဖြူကျွန်းဘက်လောက်မှာ ရှိမယ်ထင်တယ်"

သို့ဖြင့်ချစ်သွေးတို့သည် မန်းချောင်း၊ မုန်းချောင်းအစ တို့ကို ဖြတ်သန်းကာ လှေသမ္ဗန်ကိုလှော်ခတ်စေခဲ့လေတော့၏။ သူတို့သည် ပင်းချောင်း၊ ချောင်းဝကိုကျော်ဖြတ်ခဲ့ပြီး နောက်မှ မှ ကမ်းသို့ကပ်ပြီး လှေကိုစောင့်နေစေကာ ကမ်းခြေအနီးရှိ ရွာများတွင် တက်ရောက်စုံစမ်းကြလေ၏။

"ပဥ္စလောဟာစေတီဆိုတာ ဒီရွာနီးချုပ်စပ်မှာ ရှိသလား ဗျ"

ဒေသခံရွာသူရွာသားတို့မှာလည်း ပဥ္စလောဟာစေတီ ၏ ဘွဲ့အမည်ကို ဤကျေးရွာတို့ဝန်းကျင်၌ မကြားဖူးကြောင်း စကားပြန်ကြားကြလေ၏။

ဤသို့ဖြင့် အိုင်အိုချစ်သွေးတို့သည် လှေသမ္ဗန်ကြီး တစ်စင်းနှင့် တစ်ပတ်,နှစ်ပတ်ခန့် ဧရာဝတီမြစ်ကြီးကို အဆန် အဆန်လှော်ခတ်စေကာ စုံစမ်းထောက်လှမ်းကြရာ ...

တစ်နေ့တွင် ...





ပင်းချောင်းဝနှင့် မျက်စောင်းထိုးအနောက်ဘက်ကမ်းရှိ တော်စောက်လှသော ကမ်းပါးယံပေါ်တက်လာမိကြသည်။ ကမ်းခြေနှင့် ကိုက်တစ်ရာခန့်အကွာတွင် ထန်းပင် သစ်ပင် အုပ်အုပ်အောက်ဝယ် တဲငယ်တစ်လုံးကို တွေ့ရလေ၏။

"အင်း ... တဲဘေးက ဝါးလုံးတန်းမှာ သင်္ကန်းညိုညို လှမ်းထည့်လှမ်းထားပါလား၊ ဘုန်းကြီးကျောင်းပဲလား မသိဘူး"

သူတို့သည် တဲအနီးသို့ချဉ်းကပ်သွားရာ တဲထဲမှထွက် လာသည့် ဒေါက်ချာဆောင်းထားသော ရသေ့အိုတစ်ပါးကို တွေ့ ရလေ၏။

သူတို့သည် ရသေ့ကြီးကို ဂါရဝပြုလိုက်ကြပြီး အိုင်အို ချစ်သွေးက မေးလျှောက်လိုက်လေ၏။

"ဘရသေ့ ခင်ဗျာ ... ဒီမြစ်ကမ်းနားဝန်းကျင်မှာ ပဥ္စ လောဟာစေတီဆိုတာ ကြားဖူးပါသလားခင်ဗျ"

ရသေ့ကြီးသည် အတန်ကြာတွေဝေစဉ်းစားနေပြီးနောက် ဝင်လှမ်းလှမ်းရှိ မြစ်ကမ်းပါးယံဆီ လက်ညှိုးညွှန်ပြလိုက်တော့ ၏။ ရသေ့ကြီးညွှန်ပြသည့် အရှေ့မြောက်အရပ် ကမ်းပါးယံအနီး တောင်ကုန်းမြင့်တစ်ခုရှိကာ ယင်းကုန်းမြင့်နံဘေးဝယ် ထန်း ပင်နှစ်ပင်ပေါက်နေပြီး ချုံနွယ်တောကြီးတစ်ခုဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ချုံတွေတောထဖုံးနေတဲ့ ကုန်းမြင့်လေးဟာ ပဋ္ဌလောဟာစေတီဟောင်း တည်ရှိတဲ့ကုန်းလေးပဲကွယ်၊ လွန်ခဲ့တဲ့ နှစ်အတော်ကြာက လျှင်လှုပ်ရာမှ စေတီရဲ့ခေါင်းလောင်းတော်ကစပြီး ပြိုကျခဲ့ရာက ခုတော့ ဘုရားအိုဘုရားပျက်အဖြစ် တောဖုံးခြင်းခံနေရတာပေါ့ကွယ်"

ရသေ့ကြီး၏ စကားအရ ပဋ္ဌလောဟာစေတီကို တွေ့ရှိပြီဖြစ်၍ အိုင်အိုချစ်သွေးတို့မှာ လွန်စွာဝမ်းသာသွားကြတော့၏။

"အပင်ပန်းခံရှာဖွေရကျိုးတော့ နပ်ပြီ"

သူတို့သည် ပဋ္ဌလောဟာစေတီရှိရာ ကုန်းကမူလေးဆီသို့ ဦးတည်လျှောက်သွားရာ ရသေ့ကြီးပါ လိုက်ပါလာပေ၏။

"ဒကာတို့က ဒီစေတီကို ရှာဖွေနေကြပုံရတယ်၊ ဘယ်လိုအကြောင်းများရှိလို့လဲကွယ်"

"ဒီလိုပါ ဘရသေ့ခင်ဗျာ၊ ဟောဒီက အဘိုးလေးရဲ့ အစ်ကိုဖြစ်သူက ရတနာရွှေငွေပစ္စည်းတွေကို ပဋ္ဌလောဟာစေတီရဲ့ အနီးမှာ ရှေးနှစ်အတော်ကြာက လျှို့ဝှက်မြှုပ်နှံခဲ့လို့ အခုတူးဖော်ဖို့လာကြတာပါခင်ဗျာ"

---

ခု နှစ် စဉ် ကြယ် တ ပေ



"ဩော် ... မင်းတို့က သိုက်လာတူးကြသူတွေကိုး။ အေး ... အဲဒီလို ရတနာသိုက်ဆိုတာမျိုးက ထိုက်မှလည်း ရတတ်တာမျိုးပါကွယ်"

ရသေ့ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ကာ မှတ်ချက်ချရင်း လက်ထဲမှပုတီးကို တဂျောက်ဂျောက် စိပ်နေလေ၏။

အိုင်အိုချစ်သွေးတို့ကား သူတို့လက်ထဲမှာရှိသည့် စာသွန်းအတိုင်း ပဋ္ဌလောဟာစေတီဟောင်းလေးကို အခြေပြုပြီး တောင်တိုင်းတာတွက်ချက်ကြတော့၏။

"ဟုတ်ပြီ ဒီစေတီရဲ့ မြောက်အရပ်တစ်ဖာလုံဆိုတော့ တစ်ဖာလုံမှာ ကိုက်ပေါင်း ၂၂၀ ရှိတယ်၊ ဒီတော့ အဲဒီအတိုင်း မှန်းပြီးသွားကြတာပေါ့"

ချစ်သွေးတို့သည် ချုံနွယ်ပိတ်ပေါင်းများဖုံးလွှမ်းလျက်ရှိသည့် ပဋ္ဌလောဟာစေတီဟောင်း၏ မြောက်ဘက်တည့်တည့်သို့ မှန်းခြေဖြင့် လှမ်းလျှောက်ခဲ့ကြရာ ရသေ့ကြီးမှာ သူတို့ကို စေတီကုန်းမြင့်နံဘေးမှ ငေးမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

ချစ်သွေးတို့သည် ၂၂၀ ကိုက် အကွာအဝေးကို မှန်းလျှောက်ခဲ့ကြပြီးနောက် ...

---

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ...စေတီကနေ ကိုက် ၂၂၀ လောက်တော့ ရောက်ပြီ အနောက်ကို အဝေါ်ဘင်လေးဆယ်ဆိုတော့ အတော် လေးဆယ်မှာ ကိုက် ၂၀ ရှိတာမို့ ဒီကနေ အနောက်ဘက်ကို ကိုက် ၂၀ လှမ်းလျှောက်ရမယ်"

သို့ဖြင့် သူတို့သည် ရောက်ရှိရာအရပ်မှ အနောက်ဘက်စူးသို့ ကိုက် ၂၀ ခန့်လျှောက်လှမ်းခဲ့ကြပြန်လေ၏။

"ကဲ ...ဒီကနေ အရှေ့မြောက်ဘက် အတောင်သုံးဆယ်ဆိုတော့ အရှေ့မြောက်ဘက်ကို ဆယ့်ငါးကိုက်လျှောက်ရမယ်"

သူတို့သည် ရောက်ရာအရပ်မှ အရှေ့မြောက်ဘက်သို့ လျှောက်လာခဲ့ကြရာ ဆယ်ကိုက်ခန့်အရောက်မှာပင် မြင့်မားလှသည့် ကမ်းပါးယံအစွန်းသို့ ရောက်ရှိသွားပါတော့၏။

"ဟာ ...ဒီနေရာမှာ ကမ်းပါးယံကြီးပဲ ရှိပါတော့လား"

"ဟုတ်ပါရဲ့ကွာ ...သူ့စာအရဆို ရှေ့ကို နောက်ထပ်ငါးကိုက်အပြင် ငါးတောင်ဆက်လျှောက်ရင် တောင်ကုန်းတစ်ခုဆီရောက်မယ်လို့ ဆိုထားပါလားကွ မောင်ချစ်သွေးရ"

"ဟုတ်တယ် အဘိုးလေးရဲ့ ကုန်းမြင့်ပေါ်ကကျောက်





တုံးသုံးလုံးကြားတူးဆိုတော့ ဒီနားဝန်းကျင်မှာ ကုန်းမြင့်လည်း မတွေ့ရ ကျောက်တုံးသုံးလုံးလည်း မတွေ့ရပါလား"

ခင်ပြုံးရီက မှတ်ချက်ချရင်း လေဝယ်လွင့်ပါးလျက်ရှိသော ဆံနွယ်မျှင်တို့ကို စုစည်းကာပိုးပဝါလေးဖြင့် ချည်နှောင်လိုက်လေ၏။

သူတို့သုံးဦးသည် အရှေ့ဘက်မြစ်ပြင်ဆီမှ လေတဟူးဟူးတိုက်ခတ်နေသော ကမ်းပါးယံမြင့်ကြီးပေါ်တွင် ရပ်လျက်မှ ယောင်ချာချာဖြစ်နေတော့၏။

အနီးဝန်းကျင်ဝယ် မည်သည့်ကုန်းကမူကိုမျှ မမြင်ရသဖြင့် အဘော်စိတ်ပျက်ကာ အံ့အားသင့်လျက်လည်း ရှိကြတော့၏။

"ကျွန်တော်တို့ ဝှက်စာကိုဖော်တာလည်း မမှားပါဘူး၊ ခန့်မှန်းတိုင်းတာခဲ့ကြတာလည်း မမှားပါဘူး၊ ဘယ်နေရာမှာ ဘယ်လိုလွဲနေသလဲမသိဘူး"

နောက်ဆုံးဝယ် သူတို့သည် သိုက်စာထဲမှ ကျောက်တုံးသုံးလုံးရှိရာ ကုန်းကမူကိုမတွေ့ရသဖြင့် ပဋ္ဌလောဟာစေတီဟောင်းလေးရှိရာ ကုန်းကမူဆီသို့ စိတ်ပျက်လက်ပျက်ဖြင့် ပြန်လျှောက်ခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စေတီဟောင်းလေးရှိရာ ကုန်းနံဘေးမှ ထန်းပင်အောက်ဝယ် ထိုင်လျက်သီတင်းသုံးနေသော ရသေ့ကြီး၏အနီးသို့ အရောက်တွင် ချစ်သွေးတို့သုံးဦးသား ခြေပစ်လက်ပစ်ထိုင်လိုက်ကြရာ ရသေ့ကြီးက သူတို့ကိုအကဲခတ်လိုက်ပြီးနောက် ...

"ဘယ်နှယ့်လဲ သိုက်ဆရာတို့ ရတနာသိုက်ကိုတွေ့ခဲ့ရဲ့လားကွယ့်"

ဟု အကဲစမ်းမေးလိုက်ရာ ချစ်သွေးကခေါင်းယမ်းလိုက်ပြီး

"မတွေ့ပါဘူး ဘရသေ့ရာ၊ အင်း ... သိုက်စာထဲက အတိုင်းဆိုရင် ဟောဟိုနေရာလောက်မှာ ကုန်းမြင့်တစ်ခုရှိရမယ် ဘရသေ့ရဲ့၊ ရတနာတွေက အဲဒီကုန်းမြင့်ပေါ်မှာ မြှုပ်နှံဝှက်ထားခဲ့တာတဲ့"

ဟု အတော်ခပ်လှမ်းလှမ်းမှ လှမ်းမြင်နေရသော ကမ်းပါးယံဆီလက်ညှိုးညွှန်ပြလိုက်ရာ ရသေ့ကြီးမှာ တံလှပ်နှင့် မြက်ခင်းဖုန်းဆိုး မြေအပြင်ကိုကျော်ဖြတ်လျက် ကမ်းပါးယံအစွန်းသို့ လှမ်းမျှော်ကြည့်လိုက်ပြီးနောက် ...

"အိမ်း ... ဒကာလေးပြောတာ ဟုတ်တယ်ကွယ့်၊ အဲဒီနေရာမှာ လွန်ခဲ့တဲ့နှစ်အတော်ကြာက ကုန်းကမူမြင့်တွေ ရှိခဲ့တာပေါ့၊ အဲဒီကုန်းတွေထဲက ကုန်းတစ်ကုန်းပေါ်မှာဆိုရင် ကျောက်တုံးကြီးသုံးလုံး ဖိုခနောက်ဆိုင်တည်ရှိနေခဲ့တယ်ကွယ့်၊ အဲဒီကျောက်တုံးသုံးလုံးအနက် အကြီးဆုံး ကျောက်တုံးရဲ့အပေါ်မှာထိုင်ပြီး ကျူပ်တရားကျင့်ခဲ့တာ နှစ်အတော်ကြာတယ်ကွယ့်"

ဟုပြောလိုက်ရာ ချစ်သွေးတို့မှာ ခေါင်းမတ်ခနဲထောင်သွားကြပြီး

"ဗျာ ... ဒါဆို အဲဒီကျောက်တုံးသုံးလုံးရှိတဲ့ ကုန်းမြင့်တကယ်ရှိတယ်ပေါ့ ... ဟုတ်လား ဘရသေ့"

ဟု ဒရောသောပါးမေးလိုက်သည်တွင် ရသေ့ကြီးသည် ရီဝေသောမျက်ဝန်းများဖြင့် ကမ်းပါးယံဆီငေးကြည့်နေရင်းမှ ဆက်လက်၍ စကားတစ်လုံးချင်း မိန့်ကြားလိုက်တော့၏။

"အိမ်း ... တစ်ချိန်တုန်းကတော့ အဲဒီနေရာလောက်မှာ ကုန်းကမူတစ်ခုရှိခဲ့ပြီး အဲဒီကုန်းကမူရဲ့အပေါ်မှာလည်း ကျောက်တုံးကြီးသုံးတုံးရှိခဲ့တာပေါ့ကွယ်၊ သူ့ရဲ့နံဘေးမှာ ချုံတောတွေနဲ့အတူ အခြားကုန်းတွေကမူမြင့်တွေလည်း ရှိခဲ့တာပါပဲ၊ ဆိုရရင်တော့ တောအုပ်လေးတစ်အုပ်လို ဖြစ်နေခဲ့တာပေါ့၊ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ရေဝတီမြစ်ကြီးရဲ့ ရေ အကြီးအကျယ်တိုက်စားမှုကြောင့် ကမ်းပါးတွေပြိုကျမှာ အဲဒီ







www.burmeseclassic.com

www.burmeseclassic.com



တောအုပ်လေးလိုဖြစ်နေတဲ့ ကုန်းကမူတွေအားလုံး ကမ်းခြေ အထဲ ပါသွားခဲ့တယ်ကွယ့်"

"ဗျာ"

□□□



ခဲလေသမျှ သဲရေကျကာ ပွင့်ဖြူဘက်သို့ လှေသမ္ဗန်ကြီးကို စုန်လျက်ပြန်လာရသည့် အပြန်ခရီးတွင် လှေဦးမှာထိုင်ရင်း ဦးသူတော်ကမှတ်ချက်ပြုလေ၏။

"အင်း ... ရသေ့ကြီးပြောတဲ့ ရွာအတိုင်းပါပဲကွာ၊ ဓာတ်နာသိုက်တို့ ဘာတို့ဆိုတာ ထိုက်မှရတယ်ဆိုတာမှန်တယ်တော့"

□□□

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



## ချစ်နန်နတ်ခင်း

ဖော်ပြပါ အဖြစ်အပျက်များဖြစ်ပျက်ပြီး တစ်လ...
အကြာတွင် ...

ရန်ကုန်မြို့ ဘောက်ထော်ဘက်ရှိ လှပသစ်လွင်သော
တိုက်ပုလေး၏ အတန်ငယ်ကျယ်ဝန်းသည့် မြေရှေ့ပိုင်း၌ ခင်ပြုံး
ရီနှင့် ချစ်သွေးတို့မှာ နှင်းဆီပန်းခင်းအကြားမှ ကျောက်ဖြူထိုင်
ခုံလေးပေါ်တွင် ယှဉ်တွဲထိုင်လျက်ရှိလေ၏။

တိုက်ပုလေးမှာ ခင်ပြုံးရီနေထိုင်ရန်အတွက် ချစ်သွေး





ကဝယ်ပေးထားခြင်းဖြစ်ပြီး ခင်ပြုံးရီကို အိမ်ထောင်ထိန်းဘဏ္ဍာ
စိုး မိန်းမကြီးတစ်ဦး၊ ထမင်းချက်အမျိုးသမီးတစ်ဦး၊ ဒရဝမ်
ကုလားအဘိုးအိုတစ်ဦးနှင့်အတူထားရှိရန် စီစဉ်ထားပြီးဖြစ်လေ
၏။

နံနက်ဦးလေပြည်လေးသည် ကြခတ်စည်းရိုးတန်းမှ တစ်
ဆင့် ခြံဝင်းထဲပြေးဝင်လာပြီးလျှင် နှင်းဆီပန်းလှလှလေးတို့ကို
ပွေ့ဖက်လေ၏။

ထိုမှတစ်ဖန် ဆောင်းလေပြည်လေးသည် နှင်းဆီများ
အကြားရှိ လှလင်ပျိုနှင့်လုံမပျိုတို့ကို ကျီစယ်ရစ်သိုင်းကာ နှင်းဆီ
ရနံ့တို့ကို ခွေချပေးသွားလေ၏။

လတ်ဆတ်မွှေးပျံ့သော နံနက်ဦး၏ရနံ့ကို တရှိုက်မက်
မက်ရှူရှိုက်ရင်း ခင်ပြုံးရီသည် တိုက်ပုလေး၏ပေါ်တီကိုအောက်ရှိ
ချစ်သွေး၏ဟော်(လ်)မင်း(န်) ကားလေးကို ငေးကြည့် လျက်မှ
ရွှင်တပွင့်မေးလိုက်လေ၏။

"အစ်ကိုချစ်သွေးက ဂျွန်အိုး နဂါးအိုးရတနာသိုက်
ကို တူးဖော်မရရှိခဲ့ဘဲနဲ့ ဘယ်ကပိုက်ဆံတွေနဲ့ ခင်ပြုံးရီကို ဒီ
တိုက်လေးဝယ်ပေးနိုင်တာလဲဟင်"

အိုင်အိုချစ်သွေးမှာ သိုးမွေးဆွယ်တာ အပျော့ထည်လေးကို



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှ ထပ်ဝတ်ထားပြီး ဘရိုကိတ်ပွင့်ရိုက်ထဘီအပြာနုရောင် အထက်အောက် ဆင်တူနှင့် လှချင်တိုင်းလှနေသည့် ခင်ပြုံးရီ၏ မျက်နှာဖူးဖူးလေးကို အတန်ကြာပြုံးလျက်ငေးရီကြည့်နေရာမှ ...

"ခင်ပြုံးရီရယ် အစ်ကို့မှာ အစ်ကို့ရဲ့ပညာတွေနဲ့ မိုး သားစွာ ရှာဖွေစုဆောင်းထားတဲ့ငွေတွေ အတော်အသင့်ရှိပါ တယ်၊ ဂဠုန်နဂါးရတနာသိုက်ကိုဖော်ယူရရှိနိုင်မှ မဟုတ်ပါဘူး တကယ်လို့ အဲဒီရတနာသိုက်ကို ဖော်ယူရရှိရင်လည်း ကိုယ်ကျိုး အတွက် မသုံးပါဘူး၊ ဘာသာသာသနာရဲ့ အကျိုး, တိုင်းပြည် ရဲ့အကျိုးအတွက် အဘိုးလေး, ခင်ပြုံးရီတို့နဲ့တိုင်ပင်ပြီး အသုံး ပြုမှာပါ"

ဟုပြောလိုက်ရင်းမှ ကြိုးသိုင်းဖိနပ်အပြာနုရောင်လေး စီးထားသည့် ခင်ပြုံးရီ၏ ခြေဖမိုးမို့မို့နုနုလေးကို ငေးကြည့်လိုက် ကာ ...

"အစ်ကိုက ဂဠုန်နဂါးရတနာသိုက်ကို တူးဖော်မရရှိ ခဲ့ပေမယ့် အချစ်သိုက်ကိုတော့ တူးဖော်ရရှိခဲ့တယ်ကွယ့် ... သိလား၊ အဲဒီအချစ်သိုက်ထဲက အချစ်ဥစ္စာစောင့်မလေးဟာ ဂဠုန်နဂါး ရတနာသိုက်ထဲက ရတနာရွှေငွေပစ္စည်းတွေထက်





အများကြီးကို အဖိုးထိုက်တန်တယ် ခင်ပြုံးရီရဲ့"

ဟု ခပ်တိုးတိုးပြောကာ ခင်ပြုံးရီ၏ မျက်နှာလေးကို မော့ကြည့်လိုက်လေ၏။ ကြော့ရှင်းသော ဆံကေသာပိတုန်းရောင် ကို ဦးခေါင်းနောက်ဝယ် ကြော့ရှင်းစွာထုံးကာ ပိုက်အနက်လေး အုပ်ထားသည့် ခင်ပြုံးရီ၏အလှမျက်နှာလေးတွင် နှုတ်ခမ်းပြေပြေ လေးတစ်ဘက်တစ်ချက်၌ ဆံမိတ်ခွေတို့လှပစွာ ကျနေပုံက နက်ဦး နှင်းဆွတ်နေခြည်အောက်ဝယ် လှပသောကဗျာတစ် အိဖွဲ့ဆိုလောက်ပေသည်။

ခင်ပြုံးရီက ဖွံ့ထွားလှပသည့် ကြော့ရှင်းသောကိုယ်လေး ကို အတန်ငယ်လိမ်လျက် ချစ်သွေး၏ မျက်နှာချောချောကို ချက် တောင်ကော့ကြီးများ ပင့်ကာကြည့်လိုက်ရင်းမှ ဖဝေဖဝါ မေးလိုက်ရှာလေ၏။

"ဟင် ... ဘယ်မှာလဲ အချစ်သိုက် ... ဘယ်မှာလဲ အချစ်ဥစ္စာစောင့်မလေး"

ချစ်သွေးက သူ၏ထုံးစံအတိုင်း နှုတ်ခမ်းထောင့်စွန်းလေး တစ်ဖက်တွန့်ရုံ ပြုံးလိုက်ပြီး ရွှန်းလဲ့သောမျက်ဝန်းတို့နှင့် ခင်ပြုံး ရီ၏ မျက်ဝန်းပြာပြာတို့ကိုစိုက်ကြည့်ကာ လက်ယာဘက် လက် ညှိုးထိပ်ဖျားလေးဖြင့် ပုလဲပုတီးဖြူဖြူလေးဆွဲထားသည့် ခင်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏ ရင်ညွန့်ဖွေးဖွေးကို ညွန်ပြလိုက်လျက်..

"အချစ်သိုက်ကိုစောင့်တဲ့ အချစ်ဥစ္စာစောင့်မလေး အချစ်နတ်သမီးလေးက ဒီမှာလေ"

ဟု တိုးတိုးလေးပြောလိုက်ရာ ခင်ပြုံးရီ၏ဖြူဝင်းနုမွတ်သော မျက်နှာလှလှလေးပေါ်တွင် ရှက်သွေးနုနုလေးရှပ်ပြေးသွားကာ မျက်လွှာလေး ဖျတ်ခနဲ ငုံ့လိုက်တော့သည်။

"အို ... အစ်ကိုကလည်း အဲဒီလိုမနောက်ပါနဲ့ရှင်"

"ဟင် အစ်ကိုနောက်တာ မဟုတ်ပါဘူး ညီမရယ် အစ်ကိုက ညီမအပေါ်မှာ ကျေးဇူးရှိလို့ ကိုယ့်လက်ခုပ်ထဲကယန်းပွင့်လေးမို့ ညီမရဲ့ကံကြမ္မာကို အစ်ကို့အတွေးအတွက် စိတ်ကြိုက်စေစား ချစ်ရေးဆိုတယ်လို့ မထင်ပါနဲ့ကွယ်"

"တကယ်တော့ အစ်ကိုဟာ ညီမနဲ့အတူ ရောဝေးမြစ်ကြီးထဲမှာ လှေသမ္ဗန်ကြီးတစ်စင်းနဲ့ စုန်ဆန်သွားနေစဉ်တည်းက ညီမကို မသိမသာခိုးကြည့်ရင်း ရင်ခုန်မြတ်နိုးခဲ့ရပါကွယ်၊ အဲဒီတုန်းကသာ အစ်ကိုရဲ့အချစ်ကိုဖွင့်ပြောခဲ့ရင် အစ်ကိုဟာ ညီမနဲ့သက်ဆိုင်ပတ်သက်နေတဲ့ ရတနာသိုက်ကိုမျှော်မြင်ပြီး ချစ်ခွင့်ပန်တယ်လို့ ညီမကယူဆသွားမှာစိုးတာနဲ့ အစ်ကို့ရင်ထဲက အချစ်ကိုမျိုသိပ်ခဲ့ရသူပါ၊ ဒီလောက်ရှင်းပြရင် အစ်ကို့ရဲ့အချစ်ကို ညီမနားလည်နိုင်လောက်ပါပြီနော်၊ အစ်ကိုဟာ ညီမကိုလက်ထပ်ဖို့အထိ ရည်စူးပြီးချစ်ခွင့်ပန်ရခြင်းဖြစ်ပါတယ်ကွယ်"

ဟု ဖွဖွညင်သာပြောကာ လက်ယာဘက်လက်ညှိုးလေးဖြင့် ခင်ပြုံးရီ၏ မေးလုံးလုံးလေးကို ပင့်တင်လိုက်ရာ ဆောင်းနှင်းပွင့်လေးလို လှသောခင်ပြုံးရီ၏ မျက်နှာလေးမှာ ဝင့်မော့လာလျက် သူမ၏ မျက်တောင်ကော့ကော့ကြီးတို့ကို ခပ်ဖြည်းဖြည်းခပ်လိုက်သည်၌ မျက်ရည်ရစ်ဝိုင်းနေသည့် မျက်ဝန်းသဲ့ပြာပြာတို့မှ မျက်ရည်ဥလေးတို့ စိမ့်ထွက်လာကာ ပါးပြင်မို့မို့တို့ပေါ်သို့ တလိမ့်ချင်းလိမ့်ဆင်းကျသွားပါတော့သည်။

"ဟင် ... ညီမ ဘာဖြစ်လို့ ငိုရတာလဲကွယ်၊ အို ... အစ်ကို မှားသွားပြီထင်ပါရဲ့၊ ညီမကို အားကိုးရာမဲ့သူဆိုပြီး အနိုင်ကျင့်သိမ်းပိုက်ဖို့ ကြိုးစားတယ်လို့ ထင်သွားပြီနဲ့တူတယ်၊ ညီမ ဝမ်းနည်းသွားပြီ၊ အစ်ကို့အပေါ် မုန်းသွားပြီထင်တယ်"

ပျာယာခတ်သွားသော ချစ်သွေး၏မျက်နှာချောချောကို ခင်ပြုံးရီက မျက်ဝန်းလဲ့လဲ့ကြီးများဖြင့် ငေးစိုက်ကြည့်ရင်း..

"အို ... ညီမမျက်ရည်ကျတာ ဝမ်းနည်းအားငယ်လို့ မဟုတ်ပါဘူး၊ အစ်ကိုရယ် ညီမလေ ဝမ်းနည်းအားငယ်နေရာက အားတက်သွားလို့ ဝမ်းသာလို့ပါအစ်ကို"







www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ချစ်သွေးသည် ခင်ပြုံးရီ၏ ပခုံးဝိုင်းဝိုင်းလေးနှစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်ဖြင့်ဆုပ်ကိုင်လိုက်ရင်း . . .

"တင် ညီမရယ် တကယ် တကယ်ပြောတာလားဟင်"

ဟု ဝမ်းသာလုံးဆို့သံကြီးဖြင့် မေးလိုက်လေ၏။

ခင်ပြုံးရီ၏ ပါးပြင်နုနုပေါ်မှ မျက်ရည်ဥလေးများကို ချစ် သွေးက သူ၏လက်ယာလက်ချောင်းထိပ်ဖျားလေးများနှင့် ဖွဖွ ညင်သာသုတ်ပေးနေစဉ်မှာပင် ခင်ပြုံးရီက မျက်ရည်ရစ်ဝိုင်းနေသော မျက်ဝန်းပြာပြာကြီးများဖြင့် ချစ်သွေးကို အားကိုးချစ်မြတ်နိုးစွာစိုက်ကြည့်လိုက်ရင်း ပြုံးမြမြဖြင့် -

"တကယ်ပြောတာပေါ့ အစ်ကိုရယ်၊ အစ်ကိုဟာ ညီမကို အမြဲတမ်း ကာကွယ်စောင့်ရှောက်သူပါ။ ပြီးတော့ အစ်ကိုက သစ္စာရှိပြီး မြင့်မြတ်တယ်၊ လက်ရုံးရည်အရ ယောကျ်ားကောင်းပီသသလို နှလုံးရည်အရလည်း ဖြူစင်တည်ကြည်မြင့်မြတ်တယ်၊ တိုက်ခန်းလေးတစ်ခန်းထဲမှာ ညီမနေခဲ့ရတုန်းက အစ်ကိုဟာ ညီမကိုလက်ဖျားနဲ့တောင်မတို့ဘဲ နှမလေးအရင်းလို စောင့်ရှောက်ခဲ့တယ်၊ အစ်ကိုရဲ့ မြင့်မြတ်တဲ့စိတ်ဓာတ်ကို အဲဒီကတည်းက ညီမက လေးစားရတာပါရှင်၊ အဲဒီလို ယောကျ်ားမြတ် ယောကျ်ားကောင်းတစ်ဦးရဲ့ တစ်ဘဝလုံးစောင့်ရှောက်ချစ်မြတ်နိုး

---

ခု နှစ် စဉ် ကြယ် တာ ပေ



သွားတာ ခံယူရမယ်ဆိုရင် ညီမလောက် ကံကောင်းသူ ဒီကမ္ဘာမှာ ရှိမယ်မထင်ပါဘူးရှင်"

ဟု တတွတ်တွတ် ချစ်စွာဟယ်ပြောလိုက်ရာ ချစ်သွေးမှာ ရင်ခုန်ဝမ်းသာသွားကာ ခင်ပြုံးရီ၏ကိုယ်လုံးကြော့ကြော့ရှင်းရှင်းလေးကို အားပါးတရကြီးထွေးဖက်လိုက်ပါတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com



## လောကဓာယ

ဖော်ပြခဲ့ပြီးသော ကာလ၏နောက်နှစ်လခန့်အကြာ
ဆောင်းနှောင်းရာသီ၏ နံနက်ခင်းတစ်ခု၌

အိုင်အိုချစ်သွေး၏ ဟီး(လ်) မင်း(န်) ကားနက်လေး သည် ဗားဂရာချောက်အနီးရှိ ရေနံ့ဝအောင်နံ့ရဲတို့ကို သုတ် ထားသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ရှေ့သို့ ထိုးဆိုက်လာပြီး နက်ပြာရောင် သက္ကလတ်အနောက်တိုင်းဝတ်စုံ၊ နက္ကတိုင်ဖြူ ပြာစင်းတောက်လက်နေသော ရှူးဖိနပ်အနက်တို့ကို ဥရော





ဒိုက်သားတစ်ဦးလို စတိုင်လ်ကောင်းကောင်း ဝတ်စားထား သည့် ချစ်သွေးနှင့် စိန်ဘရားသားတိုက်ထွက် ပိုးပျော့အင်္ကျီ၊ ထဘီအဝါနုအပေါ်အောက် ဆင်တူဝတ်ကာ နောက်တွဲဆံထုံး လေးထုံးထားပြီး ဖဝါအဝါဖျော့လေးကို ဖနံ့ထက်တွင်ခြုံလျက် ထိမွှော်နရောင် ကြိုးသိုင်းဖိနပ်လေးစီးထားသည့် ခင်ပြုံးရီတို့ သည် ကားပေါ်မှ ဆင်းလာကြပြီးနောက် အိမ်ထဲသို့ဝင်လာကြ လေ၏။

အိမ်ကြီး၏ ညှော့ခန်းအတွင်းမှ ကျွန်းဆက်တီခုံတို့၏ နံဘေးရှိ ဝါးပတ္တလားပက်လက်ကုလားထိုင်ကြီးပေါ်တွင် ထိုင်ကာ ခန်းဟေး(လ်) ဆေးတံကြီးကို ဖိမ်ခံဖွာရှိုက်နေသည့် ကဗ္ဗရစာရေး ဆရာအဂ္ဂမှာ အိမ်ထဲသို့ရှိုးနှင့်မိုးနှင့် ကျော့ကျော့လေး လှမ်း ဝင်လာကြသော ချစ်သွေးတို့ချစ်သူစုံတွဲကို မျက်ခုံးပင့်ကြည့်လိုက် ရင်းမှ . . .

"ဟ . . . ငါ့ကောင်ကြီး ချစ်သွေးမပေါ်လာဖာတ်ကား ချိတ် တာကြာပါပကောလား"

ဟုပြုံးကာ နှုတ်ဆက်စကားဆိုလိုက်ရာ ချစ်သွေးသည် ခင်ပြုံးရီနှင့်အတူ ကျွန်းဆက်တီခုံတွင် ထိုင်လိုက်ရင်းမှ သူ့အစ် ကိုလိုခင်မင်သော စာရေးဆရာအဂ္ဂကို ပြုံးကြည့်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကိုအဂ္ဂရဲ့၊ ကျွန်တော်လည်း အလုပ်သိပ်များနေလို့ ပြီးတော့"

ဟုဆိုကာ ခင်ပြုံးရီကို ပြုံးစနဲ့နဲ့ဖြင့် လှည့်ကြည့်လိုက်ရာ စာရေးဆရာအဂ္ဂမှာ ဆေးတံကြီးခဲထားလျက်မှ မျက်ခုံးတစ်ဖက်ပင့်သွားပြီး

"ဘာလဲ ချစ်သွေးရဲ့ ဒီကမင်းရဲ့ မဒီအချောအလှလေးနဲ့ လက်ထပ်ပွဲဆင်နွှဲဖို့ အလုပ်ရှုပ်နေလို့ဆိုပါတော့ ဟုတ်လား"

ဟုမေးလိုက်ရာ ချစ်သွေးမှာ သူ၏ကုတ်အင်္ကျီအောက်အိတ်ထဲမှ တစ်စွန်းတစ်စထွက်ပေါ်နေသည့် ဖိတ်စာကိုဆွဲထုတ်လိုက်ရင်း

"ဟား ဟား . . . အစ်ကိုအဂ္ဂတို့ကတော့ ဂမ္ဘီရလျှို့ဝှက်သဲဖို့ဝတ္ထုတွေရေးနေတဲ့ စာရေးဆရာလို့ မပြောရဘူး၊ စုံထောက်တစ်ပိုင်းဖြစ်နေပြီး စုံထောက်မျက်စိလည်းရှိပဲ့"

ဟု ရယ်ကျဲကျဲပြောကာ ဖိတ်စာအား စာရေးဆရာအဂ္ဂ၏ လက်သို့ကမ်းပေးလိုက်လေ၏။

"ဟုတ်တယ် အစ်ကိုအဂ္ဂရေ၊ ဒီက ကျွန်တော့်ချစ်သူလေး ခင်ပြုံးရီနဲ့ လက်ထပ်ဖို့ ကိစ္စလုံးပန်းနေရတာလည်းပါတာပေါ့၊ ဟဲဟဲ . . . အစ်ကို ကျွန်တော်တို့ရဲ့ မင်္ဂလာပွဲ လာဖြစ်အောင်လာရမယ်နော်"

"လာရမှာပေါ့ကွာ မင်္ဂလာဆောင်ခံပွဲက စထရင်းဟိုတယ်မှာ ခမ်းခမ်းနားနားကျင်းပမှာပါလား။ ဒါထက် ဒီလောက်လှတဲ့ ချစ်သူရည်းစားလေးကို ငါ့ကောင်ကြီး ဘယ်လိုရလာတာလဲ၊ လင်းစမ်းပါဦးကွ"

ဟု ဆေးတံကြီးခဲကာ ခပ်ပြုံးပြုံးအမူအရာနှင့်မေးလိုက်ရာ ချစ်သွေးမှာ သူနှင့်ခင်ပြုံးရီဆုံစည်းရပုံအကြောင်းနှင့်တကွ သူတို့ချစ်သူနှစ်ဦး ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် ဂျွန်အိုး နဂါးအိုး ဇာတ်လမ်းကြီးတစ်ခုလုံးအား လုံးစေ့ပတ်စေ့ပြောပြလိုက်လေတော့၏။

စာရေးဆရာ အဂ္ဂသည် ဆေးတံကြီးကိုခပ်မှုန်မှုန်ရှိုက်ဖွာရင်းမှချစ်သွေးပြောပြသည့် ဇာတ်လမ်းကို သေချာစူးစိုက်စွာ နားစွင့်ထောင်ပြီးနောက် အားပါးတရ ပြုံးလိုက်လျက် . .

"အတော်ထူးခြားပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ အဖြစ်အပျက်ပါလားကွ၊ ဝတ္ထုရေးရရင် ကောင်းသိမ့်မယ်"

ဟု မှတ်ချက်ချလိုက်ရာ ချစ်သွေးကပြုံးလိုက်ပြီး . . .

"အစ်ကိုအဂ္ဂရေးချင်ရင် ရေးပေါ့ဗျာ၊ ဇာတ်သိမ်းခန်းမှာတော့ လူဆိုးကို လက်ရဖမ်းမိပြီး တရားဥပဒေရဲ့ရှေ့မှောက်မှာ







www.burmeseclassic.com

www.burmeseclassic.com



ခင်သားနဲ့မင်းသမီးညားစေသတည်းလို့ ဖြစ်ရမယ်နော် ဟဲဟဲဟဲ"

ဟု ရယ်သွမ်းသွေးပြောလိုက်ပြီးနောက် သူတို့ချစ်သူနှစ်ဦးသည် စာရေးဆရာအဂ္ဂကို နှုတ်ဆက်ကာ ပြန်သွားကြလေတော့၏။

□□□



ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ် စာရေးဆရာအဂ္ဂလည်း ဂဠုန်အိုး နဂါးအိုးလေးတို့နှင့် ပတ်သက်သည့် ဇာတ်လမ်းကို လွန်စွာကိုက်ဝင်စားသဖြင့် ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုတစ်ပုဒ်အဖြစ် အချိန်ယူရေးသားလေတော့၏။

နောက်နှစ်လခန့်အကြာ၌ ...

သူ၏ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုများကို လစဉ်ဆက်တိုက် ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည့် ရန်ကုန်မြို့ ၃၁ လမ်း

www.burmeseclassic.com

www.burmeseclassic.com



စာပေတိုက်ကြီးက ယင်း 'ငှက်မှာဂဠုန် မြေမှာနဂါး' လုံးချင်းဝတ္ထု ကြီးကို ထုတ်ဝေဖြန့်ချိလိုက်လေ၏။

စာရေးဆရာအဂ္ဂမှာ သူရေးသားသည့် 'ငှက်မှာဂဠုန် မြေမှာနဂါး' ဝတ္ထုကြီးထွက်သွားသည့်အခါတွင် သူရေးသား သည့် ဝတ္ထုကို သူပြန်ဖတ်ရင်း စိတ်ဝယ် ဘဝင်မကျဖြစ်လျက် လေ၏။

"အင်း . . . ဒီဝတ္ထုကို ဇာတ်ကြောင်းစိတ်ဝင်စားလို့သာ ရေးလိုက်ရတာ၊ ဝတ္ထုမှာ ဟာကွက်နှစ်ခုရှိနေပါလား။ ဂဠုန်အိုး နဂါးအိုးတို့ရဲ့ ရတနာသိုက်ဟာ ဘယ်လိုဖြစ်တည်လာတာလဲ ဘယ်လိုရတနာပစ္စည်း ဥစ္စာတွေကို မျိုးချစ်တော်လှန်ရေးသမား ကြီးနှစ်ဦးဖြစ်တဲ့ ဦးလူကျော်နဲ့ ဦးမင်းခေါင်တို့ ဘယ်ကရခဲ့ ဘာဖြစ်လို့ လျှို့ဝှက်မြှုပ်နှံခဲ့ကြတာလဲ . . .။

ပြီးတော့ မော်လီအောင်ကရော ဒီဇာတ်လမ်းမှာ ဘယ် လိုဝင်ရောက်ပတ်သက်ပြီး မစိမ်းညို့နဲ့တွဲမိသွားတာလဲ၊ အဲ မော်လီအောင်ကရော ဘယ်ရောက်သွားသလဲ၊ အဲဒီဟာကွက် တွေကို မဖြည့်ဆည်းနိုင်ဘဲ ငါ ဒီဝတ္ထုကိုရေးမိတာပါလား"

ယင်းသို့ တွေးမိပြီးလျှင် . . .

စာရေးဆရာအဂ္ဂမှာ သူရေးသားသည့် ဝတ္ထုစာအုပ်





အပေါ်တွင် သူ့ဘာသာ ဘဝင်မကျဖြစ်လျက် စိတ်မကောင်းဖြစ် နေလေတော့၏။

□□□

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရစာရေးဆရာ အဂ္ဂရေးသားသော 'ငှက်မှာဂျွန် မြွေမှာနဂါး' လုံးချင်းဝတ္ထုထွက်ရှိပြီး တစ်လခန့်အကြာတွင် စာရေးဆရာအဂ္ဂထံသို့ စာတိုက်မှ စာတစ်စောင်ရောက်ရှိလာလေ၏။

စာရေးဆရာအဂ္ဂလည်း စာအိတ်ကိုဖောက်ကာ စာကို ဖတ်လိုက်သည်တွင် စာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်နေတော့သတည်း။





သို့

ဆရာအဂ္ဂရှင့်

ကျွန်မဟာ မီးရထားနဲ့ ကသာဘက်ကိုသွားဖို့ စစ်ကိုင်းဘူတာကနေ ရထားပေါ်တက်ခါနီး ဘူတာဘေးကထမင်းဆိုင်မှာ ထမင်းဝင်စားတုန်း အဲဒီထမင်းဆိုင်က ဆိုင်ရှင်ကောင်မလေးတစ်ယောက်က ဆရာအဂ္ဂရေးတဲ့ 'ငှက်မှာဂျွန် မြွေမှာနဂါး'ဆိုတဲ့ လုံးချင်းဝတ္ထုဖြစ်နေတာကို အမှတ်မထင် တွေ့လိုက်မိရာက အဲဒီစာအုပ်ရဲ့ မျက်နှာဖုံးပုံကို ကျွန်မ အင်မတန်စိတ်ဝင်စားသွားခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ...

အဲဒီစာအုပ်ရဲ့ မျက်နှာဖုံး ပန်းချီပုံထဲက အိုးလေးနှစ်အိုးရဲ့ပုံဟာ ကျွန်မရဲ့အာရုံကို ဖမ်းစားလိုက်လို့ပါပဲ။ အဲဒီမျက်နှာဖုံးက ဂျွန်ရုပ်ပါတဲ့ အိုးလေးနဲ့ နဂါးရုပ်ပါတဲ့ အိုးလေးတွေဟာ ကျွန်မရဲ့ ဘဝနဲ့ လုံးဝပတ်သက်နေလေတော့ ကျွန်မဟာ စိတ်မဝင်စားဘဲ နေမလားရှင်။

ကျွန်မ ဒီလောက်ရေးပြနေမှတော့ ကျွန်မဟာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဆရာအဂ္ဂ မှန်းလို့ရပြီပေါ့နော်။

ဟုတ်ပါတယ် ဆရာအဂ္ဂ။ ကျွန်မဟာ ဆရာအဂ္ဂရဲ့ဝတ္ထု ထဲက မော်လီအောင်ပါပဲ။

ကျွန်မဟာ ဆရာအဂ္ဂရဲ့ 'ငှက်မှာဂျွန်၊ မြေမှာနဂါး' ဝတ္ထုစာအုပ်ကို စိတ်ဝင်စားသွားလို့ ဘူတာနားကစာအုပ်ဆိုင်မှာပဲ အဲဒီဝတ္ထုစာအုပ်ကို ဝယ်လိုက်မိတယ်။

ပြီးတော့ စစ်ကိုင်းကနေ နဘားဘူတာဆီ ဦးတည်ခုတ်မောင်းသွားတဲ့ ရထားကြီးပေါ်မှာ စီးနင်းလိုက်ပါရင်း ဆရာရဲ့ ဝတ္ထုကိုဖတ်ကြည့်လိုက်မှ ကျွန်မ,ထင်တဲ့အတိုင်း ကျွန်မတို့နဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ ဇာတ်ကြောင်းဆိုတာ တွေ့ရပါတော့တယ်။

ကျွန်မဟာ ရှည်လျားလှတဲ့ မီးရထားခရီးမှာ ဆရာရဲ့ ဝတ္ထုကို အစမှအဆုံးအထိဖတ်ပြီးတဲ့နောက် အဲဒီဇာတ်ကြောင်း ထဲမှာ ကျွန်မပါဝင်ပတ်သက်ရတဲ့အကြောင်းကို ပြောပြချင်စိတ် ဖြစ်ပေါ်လာလို့ နဘားဘူတာအရောက်မှာ ဒီစာရေးပြီး ဆရာ့ ဆီကို ပို့လိုက်ရတာပါရှင်။

ကျွန်မသိထားသမျှနဲ့ ကျွန်မပါဝင်ပတ်သက်သမျှအ ကြောင်းကတော့ ဒီလိုပါဆရာ ...။





နယ်ချဲ့မျက်နှာဖြူ ဗြိတိသျှတို့ရဲ့ ကျူးကျော်မှုကြောင့် တတိယအကြိမ် အင်္ဂလိပ်–မြန်မာစစ်ပွဲ ဖြစ်ပွားပြီးတဲ့နောက် (၁၈၈၅)ခု၊ နိုဝင်ဘာလ (၂၉)ရက်မှာ ကျွန်မတို့ရဲ့ အရှင်နှစ်ပါး ဖြစ်တဲ့ သီပေါမင်းနဲ့စုဖုရားလတ်တို့ကို အင်္ဂလိပ်တို့က ဖမ်းဆီး ခေါ်ဆောင်သွားကြတယ်လေ၊

အဲဒီလို ထီးကျိုးစည်ပေါက်ခဲ့ရပေမယ့် မျက်နှာဖြူနယ် ချဲ့တွေရဲ့လက်အောက်မှာ ကျွန်သပေါက်အဖြစ်မခံလိုတဲ့ မြန်မာ့ တော်လှန်ရေးခေါင်းဆောင်များဟာ မြန်မာပြည်အနှံ့ ကိုယ့်အုပ် စုနဲ့ကိုယ် အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ကြရာမှာ မကွေး ဘက်က ရွှေကျီးညိုမင်းသားလည်း တော်လှန်ရေးခေါင်းဆောင် တစ်ဦးအဖြစ် ပါဝင်ခဲ့တယ်ဆရာ။

အဲဒီရွှေကျီးညိုမင်းသားရဲ့ လက်ရုံးတပည့်နှစ်ဦးကတော့ ဦးလူကျော်နဲ့ ဦးမင်းခေါင်တို့ပဲဖြစ်ပါတယ်။ ရွှေကျီးညိုမင်းသား ဟာ မကွေးဒေသကိုအခြေခံပြီး ဗြိတိသျှစစ်တပ်တွေကို ချုပ်ချွတ် ချုံခိုတိုက်ခိုက်တဲ့အခါ နယ်သူနယ်သား မျိုးချစ်စိတ်ရှိသူတွေထဲက ကြေးရှည်တက်တွေဟာ အားပေးတဲ့အနေနဲ့ တော်လှန်ရေးစရိတ် အတွက် ရံပုံငွေအဖြစ်အသုံးပြုဖို့ ရွှေငွေလက်ဝတ်လက်စား အထည်ပစ္စည်းမျိုးစုံ ရွှေကျီးညိုမင်းသားကို လာရောက်ပေးကမ်း



www.burmeseclassic.com

www.burmeseclassic.com

ထောက်ပံ့ကြတာမှာ များလွန်းလို့ ရွှေကျီးညိုမင်းသားက မနည်းတားယူရတယ်တဲ့။

အဲဒီလို နယ်သူနယ်သားတွေ အားပေးချီးမြှင့်တဲ့ ရွှေငွေရတနာတွေကို တော်လှန်ရေးစရိတ်အဖြစ် အသုံးပြုပြီး နယ်ချဲ့တပ်တွေကို အံတုတော်လှန်ရာမှာ အင်အားလက်နက်ချင်းမမျှလို့ တော်လှန်ရေးတပ်တွေ နောက်ဆုတ်ရတဲ့အခါ အဲဒီရုံပုံငွေ ရွှေငွေတွေကို ရွှေကျီးညိုမင်းသားက ဦးလူကျော်နဲ့ ဦးမင်းခေါင်တို့ရဲ့ လက်ထဲ လွှဲအပ်သိမ်းဆည်းစေခဲ့တယ်တဲ့ ဆရာ။

အဲဒီနောက် နယ်ချဲ့တပ်တွေနဲ့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး တော်လှန်ရေးတပ်တွေရှုံးနိမ့်လို့ ကစဥ့်ကလျား ခြေဦးတည့်ရာဆုတ်ခွာပြေးကြရတဲ့အခါ ဦးလူကျော်နဲ့ ဦးမင်းခေါင်တို့ သူငယ်ချင်းနှစ်ဦးဟာ ရတနာသေတ္တာကြီးကို ဝါးလုံးလျှိုထမ်းပြီး နယ်ချဲ့တပ်တွေနဲ့လွတ်အောင် ပြေးမိပြေးရာ ပြေးခဲ့ကြတော့တယ်။

ဒီလိုနဲ့ သူတို့ဟာ စွတ်ရွတ်ပြေးကြရာက ရောဝတီမြစ်ကမ်းနဖူးနားရောက်သွားတော့ စေတီတစ်ဆူကို တွေ့ရတယ်။ အမှန်တော့ သူတို့နှစ်ယောက်ဟာ ဘယ်မြို့ဘယ်ရွာရဲ့ အနီးအနားကိုရောက်နေသလဲဆိုတာတောင် မသိကြဘူး။





မျက်နှာဖြူစစ်တပ်ကလည်း သူတို့တော်လှန်ရေးသမားတွေကို ပိုက်စိပ်တိုက်ရှာဖွေနေတော့ ရတနာသေတ္တာကြီးနဲ့ ဆက်လက်ပြေးလွှားဖို့ခက်တာနဲ့ အဲဒီရတနာသေတ္တာကြီးကို တစ်နေရာရာမှာ မြှုပ်နှံပစ်ခဲ့ဖို့ နှစ်ယောက်သား တိုင်ပင်ခဲ့ကြတော့တယ်။

အဲဒါနဲ့ သူတို့သူငယ်ချင်းနှစ်ဦးဟာ ရတနာသေတ္တာကြီးကို စေတီရဲ့အနီးပတ်ဝန်းကျင်မှာပဲ သေသေချာချာ တိုင်းတာမှတ်သားပြီး မြှုပ်နှံလိုက်ကြတယ်။

အိုးလုပ်တဲ့အတတ်ကိုကျွမ်းကျင်တဲ့ ဦးမင်းခေါင်က မြစ်ကမ်းစပ်ကရွှံ့နဲ့ အိုးလေးနှစ်လုံးပြုလုပ်ပြီး ရတနာသေတ္တာထားရာအရပ်ကို ညွှန်ပြနိုင်တဲ့ လျှို့ဝှက်စာသင်္ကေတတွေ အိုးလေးနှစ်အိုးမှာရေးထွင်းပြီး နဂါးရုပ်ပါတဲ့အိုးကို ဦးမင်းခေါင်ကယူတယ်၊ ဂဠုန်ရုပ်ပါတဲ့အိုးကို ဦးလူကျော်ယူတယ်၊ အဲဒီလို နဂါးရုပ်ဂဠုန်ရုပ်တွေ ဘာဖြစ်လို့ အိုးတွေမှာ ထွင်းထုပြုလုပ်ရသလဲဆိုတော့ တော်လှန်ရေးလုပ်ရာမှာ နာမည်ဝှက်တွေခံယူကြတုန်းက ဦးမင်းခေါင်ရဲ့နာမည်ဝှက်က ဗိုလ်နဂါးဖြစ်ပြီး ဦးလူကျော်ရဲ့နာမည်ဝှက်ကတော့ ဗိုလ်ဂဠုန်ပဲဖြစ်တယ်၊ ဒါကြောင့် သူတို့ရဲ့နာမည်ဝှက်တွေနဲ့ လိုက်ဖက်တဲ့ရုပ်ပုံတွေ ထုဆစ်ခဲ့ကြတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် သူတို့နှစ်ယောက်ဟာ အိုးလေးတွေ တစ်ယောက်တစ်လုံးစီယူပြီး ခရီးဆက်ထွက်လာခဲ့ကြရာက တစ်နေမှာတော့ ခေါ်ရခါးတပ်နဲ့ ပက်ပင်းတိုးပြီး ခြေဦးတည့်ရာပြေးကြရတဲ့အခါ သူငယ်ချင်းနှစ်ဦးဟာ လူချင်းကွဲသွားတော့တယ်၊

ဦးမင်းခေါင်ဟာ နယ်ချဲ့တပ်တွေရဲ့ရန်က လွတ်မြောက်အောင် မရပ်မနားတမ်းပြေးရင်းက ရွာတစ်ရွာအရောက်မှာ သူ့ရဲ့တော်လှန်ရေးတပ်က တပည့်ရင်းတစ်ဦးဖြစ်တဲ့ ဆိတ်သိုးဆိုသူနဲ့ ဆုံပါရော။ ဆိတ်သိုးလည်း သူ့ဆရာဦးမင်းခေါင်ကို ဘေးလွတ်ရာခေါ်သွားရာက သူတို့နှစ်ဦးဟာ မန္တလေးဘက် ရောက်သွားခဲ့ကြတယ်၊

နယ်ချဲ့တပ်တွေကတော့ သူတို့ရဲ့သတင်းကိုရပြီးဖြစ်လို့ မန္တလေးတစ်မြို့လုံးကိုပိတ်ဆို့ပြီး ရှာဖွေတော့တယ်၊ အဲဒါနဲ့ ဦးမင်းခေါင်နဲ့ ဆိတ်သိုးတို့ဟာ မျိုးချစ်စိတ်ရှိတဲ့ မန္တလေးဘုရားကြီးအောက်ကျင်းအရပ်က ဝတ်လုံတော်ရရွှေနေကြီး ဦးမြတ်နိုင်ဆီဝင်ခဲ့ကြတယ်၊ ဦးမင်းခေါင်က ငွေ (၅၀၀၀)နဲ့ နဂါးအိုးလေးကို ရွှေနေကြီးဦးမြတ်နိုင်ရဲ့လက်ထဲ အပ်တယ်၊ အဲဒီလိုပေးအပ်ပြီး ပြန်အထွက်မှာပဲ ဗြိတိသျှစစ်ပုလိပ်တွေရဲ့ ဖမ်းဆီးတာခံရပြီး တရားစွဲခံရရာက ဆရာတပည့်နှစ်ယောက်စလုံး တစ်သက်တစ်





ကျွန်း ပြစ်ဒဏ်ကျခံသွားရတော့တယ်၊

တစ်ကျွန်းအပို့ခံရတဲ့ ဦးမင်းခေါင်နဲ့ ဆိတ်သိုးတို့ဟာ အခြားအကျဉ်းသားအချို့နဲ့အတူ အက်ဒမန်ကျွန်းကနေ လှေနဲ့ထွက်ပြေးဖို့ကြိုးစားရာက ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းမိပြီး လှေနစ်တဲ့အခါ ဦးမင်းခေါင်ဟာ ရေနစ်သေဆုံးခဲ့ရှာတယ်၊ ဆိတ်သိုးကတော့ ဆလုံတံငါငါးဖမ်းလှေတစ်စင်းက တယ်တင်သွားလို့ မြိတ်မြို့ကိုရောက်သွားခဲ့တယ်၊

အဲဒီဦးဆိတ်သိုးဆိုတာ ကျွန်မရဲ့အဖေပါပဲဆရာ။

ဆရာ အံ့သြသွားသလား။ ဒါကြောင့်လည်း ကျွန်မတော့ ဒီဇာတ်လမ်းထဲမှာ ပါဝင်လာရတာပါပဲ။

အဖေဦးဆိတ်သိုးဟာ ကျွန်မတို့သားအမိ မှီခိုပြီးနေနေရတဲ့ တောင်တွင်းကြီးက ကျွန်မရဲ့အဒေါ်အိမ်ကို ရောက်ရှိလာတော့ ငှက်ဖျားမိလာခဲ့တယ်၊ အဖေ့ရဲ့ငှက်ဖျားရောဂါဟာ တစ်နေ့တခြားဆိုးဝါးလာရာက နောက်ဆုံး အိပ်ရာထဲ ဘုံးဘုံးလဲခဲ့ရတယ်၊ အဖေဟာ သူ့ရဲ့နောက်ဆုံးအချိန်ရောက်ခါနီးမှာ သူ့ရဲ့ဆရာ ဦးမင်းခေါင် သူ့ကိုပြောခဲ့တဲ့ ရတနာသေတ္တာမြှုပ်နှံတဲ့အကြောင်းနဲ့ နဂါးအိုးဟာ မန္တလေးက ရွှေနေကြီးဦးမြတ်နိုင်ရဲ့ နဂါးစံအိမ်မှာရှိကြောင်း တစ်ဦးတည်းသော သမီးဖြစ်တဲ့

www.burmeseclassic.com



ကျွန်မကို ပြောပြခဲ့တယ်၊ အဖေ အဲဒီလိုပြောပြတာကို ကြားသွား သွားတော့ ကျွန်မရဲ့အစ်မဝမ်းကွဲ မမလေး မကျော့ကျော့မေ ပါပဲ။ အဖေဆုံးပြီး နှစ်လအကြာမှာ အမေလည်းဆုံးခဲ့ရတယ်၊ အဲဒီအခါမှာ အစ်မလေး မကျော့ကျော့မေဟာ မန္တလေးနဂါးစံ အိမ်က နဂါးအိုးကိုယူဖို့ ကျွန်မကိုပြောလာတယ်၊ ဦးမင်းခေါင် အပ်နှံထားတဲ့ နဂါးအိုးကို ကျွန်မတို့ ဘယ်လိုမှသွားတောင်းယူ လို့မရနိုင်တဲ့အတွက် ကျွန်မတို့ဟာ မန္တလေးကိုတက်ခဲ့ပြီးနောက် သူခိုးတစ်ဦးနဲ့ဆက်သွယ်မိရာက အဲဒီကြောင်တစ်ရာမိုးမှောင် ဆိုတဲ့သူခိုးကို ငွေ (၅၀၀၀)ပေးလို့ နဂါးအိုးသွားခိုးခိုင်းခဲ့ကြတယ်၊

အဲဒီနောက် ကျွန်မဟာ မတ္တရာဘက်က အဝေးပြေးကား မောင်းသမားတစ်ဦးနဲ့ အိမ်ထောင်ကျလို့ မမလေးနဲ့ လမ်းခွဲခဲ့ ရတယ်၊ ဂျွန်အိုးကို နေရာဒေသအနှံ့စုံစမ်းရှာဖွေဖို့ တာဝန်ယူခဲ့ ရတယ်၊ နဂါးအိုးကိုတော့ မမလေးက သိမ်းထားခဲ့တယ်၊ နောက်တစ်နှစ်လောက်အကြာမှာ မမလေးရဲ့အမေဆုံးပါးသွား တာနဲ့ ... က တောင်တွင်းကြီးကအိမ်နဲ့ လယ်တွေကို ရောင်းပြီး ရန်ကုန်က...်းကာ ကြည့်မြင်တိုင် နတ်စင်လမ်းမှာ အိမ်ဝယ်နေခဲ့တယ်၊ သူ့ရဲ့နာမည်ကိုလည်း မစိမ်းညို့လို့ ပြောင်း ခဲ့တယ်၊





ကျွန်မဟာ မမလေး ကြည့်မြင်တိုင် နတ်စင်လမ်းကို ပြောင်းပြီးနောက်ပိုင်း မမလေးဆီ နှစ်ခါလောက်ရောက်ဖြစ်သေး တယ်၊ အဲဒီနောက် မတ္တရာက ကျွန်မရဲ့ယောက်ျား အကြီး အကျယ် နေထိုင်မကောင်းဖြစ်တာနဲ့ သူ့ကို ဆေးရုံတင်ပြုစုကုသ ပေးနေရတာနဲ့ မမလေးဆီ မရောက်ဖြစ်သလို မမလေးအသတ် ခံရတာကိုလည်း နောက်မှပဲ သိခဲ့ရတော့တယ်၊

ကျွန်မလည်း အဲဒီအမှုအခင်းတွေရဲ့အကြားမှာ ဝင်မပါ ချင်တာနဲ့ ရန်ကုန်ကိုဆင်းမလာခဲ့တော့ဘူး။ အဲဒီနောက် ကျွန်မရဲ့ယောက်ျားလည်း ပြီးခဲ့တဲ့လကပဲ ဆုံးသွားတယ်၊

ခုတော့ ကျွန်မဟာ လောဘ၊ ဒေါသ၊ မောဟတွေဖုံး လွှမ်းနေတဲ့ လူ့လောကကိုစိတ်ကုန်ခဲ့ပြီဖြစ်လို့ ကျွန်မရဲ့အဒေါ် ခါးကွဲ သီလရှင်ဝတ်ပြီး သာသနာပြုနေတဲ့ မှန်ကင်းတောင်တန်း သစ်နေရာက ‘ပဥ္စလောဟာ’ဘွဲ့အမည်ရှိတဲ့ စေတီအနီးက ကျောင်းသခ်မ်းဆီ ဦးတည်သွားနေခဲ့ပါပြီဆရာ။

အဲဒီကျောင်းသခ်မ်းဆီရောက်ရင် ဆံကေသာနဲ့အတူ လူ့ လောကရဲ့ အညစ်အကြေးတွေကိုပယ်သတ်လို့ အဒေါ်လိုပဲ သီလ ရှင်ဝတ်ကာ အသက်ထက်ဆုံး သီလဆောက်တည် သာသနာပြု လို့ နေပါတော့မယ်ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြောချင်တာ အဲဒါပါပဲလေ ...။

မော်လီအောင်

မော်လီအောင်၏စာကို ဆုံးအောင်ဖတ်ပြီးနောက် စာရေ ဆရာအဂ္ဂသည် သက်ပြင်းရှည်ကြီး ချလိုက်လေ၏။

"အင်း ... လူ့လောကရဲ့ဖြစ်ရပ်တွေဟာ တယ်လည် ဆန်းပြားလှပါကလား။ ဘာပဲဖြစ်ဖြစ် မော်လီအောင်ရဲ့စာဟာ ငါ့ရဲ့ 'ငှက်မှာဂျွန်၊ မြွေမှာနဂါး' ဝတ္ထုကြီးရဲ့ ဟာကွက်နှစ်ကွက် ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီပဲ၊ တကယ်တော့ ငါတို့လောက လူသားတွေဟာ ကံကြမ္မာရဲ့စေစားရာအတိုင်း ဖြစ်တည်နေကြ ရတာပါလား၊ သဗ္ဗေသတ္တာ ကမ္မဿကာပဲလေ"

ဟု ညည်းတွားလိုက်ပြီးနောက် ဂန္ထဝင်ရစာရေးဆရာ အဂ္ဂသည် သူ၏ဒ္ဒန်းဟေး(လ်)ဆေးတံကြီးကို တမှုန်းမှုန်းရှိုက် ဖွာလျက်ရှိပါတော့သတည်း။

ဆက်၍ကြိုးစားနေမည်

---

စိတြာ့အဂ္ဂ

# စိတြာ့အဂ္ဂ

၏

## ရေးသားထုတ်ဝေပြီးသော လုံးချင်းဝတ္ထုများ

၁။ ကိုးမြို့ကိုးတံခါး ( စိတြာ့အဂ္ဂ ကလောင်အမည်ဖြင့် )
၂။ သေမင်းပုရပိုက်ဖြူ ( ။ )
၃။ မရဏာရှင်းတမ်း ( ။ )
၄။ မွှေဘုံနန်းရှင် ( ။ )
၅။ ဝငယ်သုံးလုံးမောင်သံပုံး ( စိတြာ့အဂ္ဂ ကလောင်အမည်ဖြင့် )
၆။ မိကျောင်းစေတမန် ( ။ )
၇။ ခုဒ္ဒနဒီကျိန်စာ ( ။ )
၈။ စွယ်နက်ရှင် ( ။ )
၉။ မီးနုပ်(ခ်)ပုလဲ ( ။ )
၁၀။ ပင်လယ်မြွေဟောက် ( ။ )
၁၁။ အင်းဘီလူး ( ။ )
၁၂။ သစင်မြိုင်မောင်နှမ ( ။ )
၁၃။ အရိုင်းမေတ္တာ

## ယခုလ

၁၄။ ငှက်ဝင်္ဂျွန်မြွေနဂါး

www.burmeseclassic.com